ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 25 July 2021 ၁၀၄၄၅

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော Sinopharm ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်သန်းအနက်မှ တတိယအသုတ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

## ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုများမှ ကာကွယ်နိုင်ရန် ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံရမည်

**နေပြည်တော် ဇူလိုင် ၂၄**

ကမ္ဘာ့တစ်ဝန်းတွင် ဖြစ်ပွားလျက်ရှိသော ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားမှုလှိုင်းများကို ထိန်းချုပ်နိုင်ရန် အရေးကြီးဆုံးထွက်ပေါက်သည် ကာကွယ်ဆေးဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက ဇူလိုင် ၂၂ ရက်က ပြုလုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်တွင် ပြောကြားခဲ့သည်။

"ကာကွယ်ဆေးကို ထိုးလိုက်ရင် ရရှိတဲ့ အာနိသင်ကို အများနားလည်အောင်ပြောရရင် ဗိုင်းရပ်စ်နဲ့ပတ်သက်တဲ့ ဆူးချွန်မှာပါတဲ့ အသားဓာတ်ပရိုတိန်းကို ခန္ဓာကိုယ်ထဲ ထိုးထည့်ပေးလိုက်တယ်။ တချို့ဆေးတွေက ဗိုင်းရပ်စ်ရဲ့ ဆူးချွန်လေးတွေပဲ ခန္ဓာကိုယ်က

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော Sinopharm ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်သန်းမှ တတိယအသုတ် ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

တရုတ်နိုင်ငံအစိုးရမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်သန်းအနက် တတိယအသုတ် Sinopharm ကာကွယ်ဆေး ၇၃၆၀၀၀ နှင့် ဆေးထိုးအပ် ၈၄၈၀၀၀ တို့ တင်ဆောင်လာသော Air China လေယာဉ်သည် ယနေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

အဆိုပါလေကြောင်းဖြင့် ရောက်ရှိလာသည့် ကိုဗစ်- ၁၉ ကာကွယ်ဆေးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လက်ခံရယူခဲ့သည်။

ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူဦးရေ၊ ရောဂါဖြစ်ပွားမှုအပေါ်မူတည်၍ ပြည်သူ့ဆေးရုံများနှင့် ကာကွယ်ဆေးထိုးစုရပ်များတွင် National Development Plan အရ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အထူးကဏ္ဍအချပ်ပို ၈ မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်း အထူးကဏ္ဍ အချပ်ပို ၄ မျက်နှာနှင့် လေ့လာစရာ အင်္ဂလိပ်စာ အထူးကဏ္ဍ အချပ်ပို ၄ မျက်နှာ စုစုပေါင်း အချပ်ပို ၈ မျက်နှာ ဖော်ပြပါရှိပါသည်။

ကြေးမုံ ယနေ့ ဖတ်စရာ

**လေးစားဂုဏ်ယူမိသော ပရဟိတ** စာမျက်နှာ » ၁၀

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန် လာမည့် တစ်ပတ်တွင် အိန္ဒိယနိုင်ငံသို့ သွားရောက်မည်** စာမျက်နှာ » ၁၂

**အခုအချိန်မှာ မိမိကိုယ်တိုင်ဆင်ခြင်ဖို့ အဓိကအကြောင်းရင်းဖြစ်ပါတယ်။ သွားလာ၊ နေထိုင်တာအကုန်လုံး ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ နေထိုင်ဆောင်ရွက်သွားမယ်ဆိုရင် ဒီရောဂါကြီးက ကာကွယ်နိုင်မှာ ဖြစ်ပါတယ်** စာမျက်နှာ » ၁၁

# ကြေးမုံ

## ပျက်စီးခြင်းအကြောင်းတရားကို သတိမူရှုမြင်

လက်ရှိအချိန်အခါတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာပေါ်ရှိပြည်သူများ စိုးရိမ်သောကရောက်နေကြသည်။ ချမ်းသာကြွယ်ဝ ဖွံ့ဖြိုးသောနိုင်ငံများအဖို့ ကပ်ရောဂါကို ရင်ဆိုင်နိုင်စွမ်းရှိကြသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၊ မဖွံ့ဖြိုးသောနိုင်ငံများတွင် ကပ်ရောဂါကို အလူးအလဲရင်ဆိုင်တွေ့ကြုံရုန်းကန်နေရသည်။ ထိုနိုင်ငံများတွင် မြန်မာနိုင်ငံလည်းပါဝင်ပြီး ကပ်ရောဂါဆိုးကို ပြည်သူများရော အစိုးရကပါ ရုန်းကန်လှုပ်ရှားရင်ဆိုင်နေကြသည်။

မြန်မာနိုင်ငံတွင် အခြေခံလူတန်းစားအများဆုံးရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြောင့် ရောဂါဘေးအန္တရာယ်အမျိုးမျိုးကို ရုန်းကန်ရင်ဆိုင်နေကြရပြီး နောက်ဆက်တွဲ လူမှုရေး၊ စီးပွားရေးပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေရသည်။ ယနေ့မျက်မှောက်ကာလ မြန်မာနိုင်ငံ၏အခက်အခဲများသည် အခြားနိုင်ငံများထက် ပိုမိုလွန်ကဲပေလိမ့်မည်။ ကိုဗစ်-၁၉ ကပ်ရောဂါဘေးဆိုးနှင့် နောက်ဆက်တွဲအခက်အခဲမျိုးစုံ ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် မလွှဲမရှောင်သာဘဲ ရင်ဆိုင်ကြုံတွေ့ရသည့် နိုင်ငံရေးအပြောင်းအလဲကြောင့် ပေါ်ပေါက်လာသည့်ပဋိပက္ခများနှင့်လည်း ကြုံတွေ့နေရသည်။

ပြည်သူများမှာ တစ်ပူပေါ်တစ်ပူဆင့်၍ စိုးရိမ်သောကများရောက်နေကြသည်။ ထိုအချိန်တွင် ကြုံတွေ့နေရသော ဘေးအန္တရာယ်အမျိုးမျိုးတို့ကို ယောနိသောမနသိကာရစိတ်ထားဖြင့် ဆင်ခြင်ပွားများပြီး အကောင်းဆုံး ဖြတ်သန်းကျော်လွှားကြပါမှ ပြည်သူများဘဝ ငြိမ်းအေးချမ်းသာ ဘေးဘယာဝေးကွာမည်ဖြစ်သည်။ ဖြစ်ပေါ်လာရသောအကျိုးတရားများသည် နောက်ခံအကြောင်းတရားများကြောင့် ရင်ဆိုင်ကြုံတွေ့နေရခြင်းဖြစ်ပြီး ဖြစ်ပျက်ခဲ့သောအကြောင်းတရားများကို ကောင်းသောစိတ်ထားဖြင့် ဖြတ်သန်းလွန်မြောက်နိုင်အောင် အားထုတ်ရမည်ဖြစ်သည်။ ဖြစ်ပေါ်လာသောဆိုးကျိုးတရား၊ အဆိုးတရားဖြင့်ပင် ဆက်လက်ရင်ဆိုင်နေပါက အဆိုးသံသရာတွင် တဝဲလည်လည်ဖြင့် ခေါင်းမဖော်ဝံ့နိုင်အောင် ဖြစ်ကြရပေလိမ့်မည်။

ယမန်နေ့က အင်းစိန်အကျဉ်းထောင်အတွင်း ဆန္ဒပြမှုကို အကြောင်းပြု၍ ပြည်ပအခြေစိုက် မြန်မာလူမျိုးများလုပ်ကိုင်နေသည့် ဘီဘီစီသတင်းဌာနက အသံလှိုင်းများကို ချက်ချင်းထုတ်လွှင့်ခဲ့သည်။ ထိုသို့ဖြစ်ပေါ်ခဲ့သောအခြေအနေကို လေလှိုင်းပေါ်မှ NUG၊ AAPP တို့က မဟုတ်မမှန်ဝါဒဖြန့်လုပ်ကြံမှုများ ထုတ်လွှင့်လာကြသည်။ တစ်ဆက်တည်းတွင် အစွန်းရောက်များနှင့် ဖျက်လိုဖျက်ဆီးလုပ်လိုသူများက လူမှုကွန်ရက်စာမျက်နှာများပေါ်မှတစ်ဆင့် သွေးထိုးလှုံ့ဆော်မှုများ၊ ဆူပူမှုပိုမိုဖြစ်ပွားအောင် အချိန်းအချက်ပေးလုပ်ဆောင်မှုများ ပြုလုပ်လာကြသည်။

လူမှုကွန်ရက်ပေါ်တွင် ဖျက်လိုဖျက်ဆီးဖြစ်စေလိုသော တစ်စုံတစ်ယောက်က အချိန်းအချက်ပေးလိုက်သည်နှင့် အသိမှန်အမြင်မှန်များ ဖုံးကွယ်ပြီး နိုင်ငံရေးအမှောင်လွှမ်းမိုးနေသည့် ပြည်သူအချို့က ထိုလူတစ်ယောက် အချက်ပေးလိုက်သည့်အတိုင်း လုပ်ဆောင်ကြသည်ကိုတွေ့ရသည်။ အမှန်အမှားမခွဲခြားဘဲ၊ လက်ရှိမိမိတို့ပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဒုက္ခအခက်အခဲများကို သတိမထားဘဲ ပျက်စီးရာပျက်စီးကြောင်းလမ်းကြောင်းပေါ်သို့ လိုက်ပါလာကြသည်။ ယနေ့ကမ္ဘာပေါ်၌ အဓမ္မဝါဒလွှမ်းမိုးလာသောအခါတွင် ဓမ္မဝါဒအားနည်းလာသည်ကို ပြသလိုက်ခြင်းပင်ဖြစ်သည်။ မိမိတို့သည် ကောင်းသောအကျင့်တရား၊ ကိုယ်ကျင့်သီလများပျက်ပြားလာသောကြောင့် လောကဓံအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။ သဘာဝတရားကြီးသည် သူ၏နိယာမတရားအတိုင်း လုပ်ဆောင်တော့မည်ဖြစ်၍ ဘဝသံသရာတွင် ကြောက်မက်ဖွယ်ရာများ ကြုံတွေ့နေရသည်။

ပုထုဇဉ်လူသားတို့သည်သံသရာတစ်လျှောက်တွင်ဖြစ်ပေါ်လာသောအကြောင်းတရားတို့ကို အကြောင်းပြု၍ လောဘ၊ ဒေါသ၊ မောဟတရားများ ပေါ်ပေါက်လာခဲ့သည်။ လောဘ၊ ဒေါသ၊ မောဟတရားများသည် လူတိုင်းတွင် အနည်းနှင့်အများရှိကြသည်။ ယင်းသည် ကောင်းသည့်လက္ခဏာတော့မဟုတ်ပေ။ လူအများ အကုသိုလ်အားကြီးလာလျှင် အမှားကိုအမှန်ထင်ပြီး ပြောင်းပြန်မြင်လာတတ်ကြသည်။ ယင်းသည် ပျက်စီးခြင်းအကြောင်းတရားဖြစ်သည်။ ဘုရားရှင်၏အဆုံးအမသည် မိမိကိုယ်သာကိုးကွယ်ရာ၊ မိမိကိုယ်သာအားထားရာဖြစ်သည်။ ထိုသို့ကိုးကွယ်အားထားနိုင်ရန်အတွက် မိမိတို့ပြုလုပ်သော အမှုသည်မှန်၏၊ မမှန်၏ မိမိတို့ကိုယ်တိုင် ခွဲခြမ်းစိတ်ဖြာ စိစစ်ကြည့်မှသာရမည်ဖြစ်သည်။

အကြောင်းတစ်ခုခုကို အကြောင်းပြု၍ လူတစ်ယောက်၊ တစ်စုတစ်ဖွဲ့မှ တစ်တိုင်းပြည်လုံး ပျက်စီးရာပျက်စီးကြောင်း အားထုတ်ကြံစည်နေကြသူများသည် အကုသိုလ်အမှုများကို ပြုလုပ်နေကြသူများဖြစ်သည်။ ထိုသူတို့ အကုသိုလ်ပြုနိုင်အောင် အထောက်အပံ့ကောင်းများရှိနေ၍ တစိုက်မတ်မတ်ပြုနေကြသည်။ ထိုသူတို့သည် တိုင်းပြည်ပျက်စီးစေလိုသောရည်ရွယ်ချက်ဖြင့် ပြည်သူများအား အကုသိုလ်တွင်းသို့ ဆွဲချနေသူများဖြစ်သည်။ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်မှုများ၊ ဟုတ်မှန်သော်လည်း ပုံကြီးချဲ့ကာ ပိုမိုဆိုးရွားလာအောင် ဖန်တီးနေသူများသည် တိုင်းပြည်မပျက်စီးမချင်း၊ တိုင်းပြည်မပြိုကွဲမချင်း အစဉ်အဆက်လုပ်ကိုင်လာကြသူများဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် လက်ရှိကြုံတွေ့နေရသော ဒုက္ခအခက်အခဲများကို မိမိတို့၏ကောင်းသော မနသိကာရစိတ်ထားဖြင့် ကျော်လွှားကြရမည်ဖြစ်ရာ မိမိတို့ကို ဒုက္ခတွင်းထဲသို့ ဆွဲချနေသော ပျက်စီးခြင်းအကြောင်းတရားများကို သတိမူ ရှုမြင်ဆင်ခြင်ကြရမည်ဖြစ်ပါကြောင်း။ ။

## အသိပေးကြေညာခြင်း

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိရောက်စွာ ကာကွယ် ထိန်းချုပ်၊ ကုသနိုင်သည့်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ကုန်လှောင်ရုံ)နှင့် ဆိပ်ကမ်းများ၌ ရောက်ရှိနေသော်လည်း လာရောက်ထုတ်ယူခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် အဆိုပါဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများအား လွယ်ကူချောမွေ့စွာ ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသဖြင့် အမြန်လာရောက်ထုတ်ယူနိုင်ရေး အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## အသိပေးကြေညာချက်

**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်**

၁။ အများပြည်သူ ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသော ၂၆.၇.၂၀၂၁ ရက်မှ ၁.၈.၂၀၂၁ ရက်အထိ ရုံးပိတ်ရက်များတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၂။ အဆိုပါရက်များတွင်လည်း ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန် သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန် သွင်းကုန်ရုံး(ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်၊ သွင်းကုန် လိုင်စင်လျှောက်ထားမှုများကို ရုံးချိန်အတွင်း ပုံမှန်အတိုင်းခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ် ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၆၈ ခုမှ အိမ်သုံးအောက်ဆီဂျင်စက် ၂၉၀၉ ခု၊ Oximeter ၉၅၀၃ ခု၊ Oxygen Regulator ၁၅၁၀၊ Test Kit ၅၁၇၂၅ ခု၊ Humidifier Airvo2 ၁၁ ခု၊ Mincy-500 Tablet ၉၇၄၄ ခု၊ Flow Meter ၂၅ ခု၊ Actemra Solution Infusion ၁၀၀၊ Blow Bottle Mould ၁၇ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ ကိုဗစ်-၁၉ ကာကွယ် ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၂၇ မျိုး ၅၇၂၅၈ ကီလိုဂရမ်၊ နယ်စပ် (မူဆယ် ၊ ချင်းရွှေဟော်၊ ကော့သောင်း၊ မြဝတီ၊ တာချီလိတ်) တွင် ကုမ္ပဏီ ၃၀ မှ Surgical Mask /Face Mask ၁၈၀၁၃ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၅၄၀၁.၃ $m^3$၊ အိမ်သုံးအောက်ဆီဂျင်စက် ၉၆ ခု၊ Oxygen Regulator ၇၅၀၊ Oxygen Cylinder ၅၅၃၂ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | - | ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဒေါ်အေးအေးသင်း |

# ပြည်သူလူထုကို ကျေးဇူးတင်

**လက်ရှိအချိန်တွင် ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ သုတေသနပြုထားသည်များကို လေ့လာမှုများနှင့် Mobility Patterns အရ လူစုလူဝေးပြုလုပ်မှု၊ လူအများစုရုံးနေမှုများ လျော့နည်းလာသည်ကို လက်တွေ့ တွေ့မြင်ရပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုမှာ မြင့်တက်လာသည်ကို တွေ့ရှိရကာ သတ်မှတ်ထားသည့် စည်းကမ်းများကို အလေးထား လိုက်နာလျက်ရှိသည့်အတွက် ပြည်သူလူထုကို ကျေးဇူးတင်ရှိပါကြောင်း၊ ထုတ်ပြန်ထားရှိသည့် သွားလာနေထိုင်မှု အခြေခံစည်းကမ်းများကို တစ်ဦးချင်း တာဝန်သိစွာဖြင့် လိုက်နာဆောင်ရွက်ပြီး အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက ဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၈-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ကိုဗစ်ရောဂါ ကာကွယ်ဖို့ ကာကွယ်ဆေး ထိုးကြပါစို့

၁။ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုလှိုင်းတွေ အဆင့်လိုက်၊ အဆင့်လိုက် ဖြစ်နေရာမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ကမ္ဘာတစ်ဝန်းလုံးမှာ ထိန်းချုပ်နိုင်ဖို့ အရေးကြီးဆုံးသော့ချက်နဲ့ တစ်ခုတည်းသော ထွက်ပေါက်လို့လည်း ပြောလို့ရတာက ကာကွယ်ဆေးဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအတော်များများမှာ ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို အားစိုက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။

၂။ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအနေနဲ့ ခန္ဓာကိုယ်ထဲရှိတဲ့ ခုခံအားစနစ်ကို တုံ့ပြန်မှုအားကောင်းအောင် ဆောင်ရွက်ပေးပါတယ်။ ဗိုင်းရပ်စ်တွေက ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ်တွေထဲကိုဝင်ပြီး ပွားများလာရင် ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ် ပြန်လည်တုံ့ပြန်ပါတယ်။ ဒီလိုတုံ့ပြန်တဲ့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်မှာ **ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရင် ရောဂါပိုးကို ပြန်လည်တုံ့ပြန်ထိန်းချုပ်ချေဖျက်နိုင်မှုက ကာကွယ်ဆေးအပေါ်မှာ မူတည်ပြီး ရောဂါကူးစက်မှုကို ၈၀ ရာခိုင်နှုန်းအထက် အကာအကွယ်ပေးနိုင်ပါတယ်။ ရောဂါဝေဒနာ ပြင်းပြင်းထန်ထန် ခံစားရမှုကို ၉၅ ရာခိုင်နှုန်းအထက်အထိ ကာကွယ်ပေးနိုင်ပါတယ်။**

၃။ ဒါကြောင့် ကာကွယ်ဆေးက အဓိကဖြစ်ပါတယ်၊ ကာကွယ်ရေးနည်းလမ်းတွေထဲမှာ ပါးစပ်၊ နှာခေါင်းစည်းတပ်ပါ၊ လက်ဆေးပါ၊ ခပ်ခွာခွာနေပါ၊ ဒါတွေက တတ်နိုင်သမျှ ကိုယ့်ခန္ဓာကိုယ်ထဲကို ရောဂါပိုး မဝင်နိုင်အောင်လုပ်တာပါ။ ဒီကြားထဲကမှထပ်ပြီး ပိုးကဝင်လာရင် ကာကွယ်ဆေးထိုးထားတဲ့အခါ ခန္ဓာကိုယ်ထဲမှာ အသင့်ရှိနေတဲ့ ပဋိပစ္စည်းတွေက ဝင်လာတဲ့ဗိုင်းရပ်စ်ကိုဖမ်းပြီး တားဆီးလိုက်တဲ့အတွက် ရောဂါရဲ့နောက်ဆက်တွဲဖြစ်တဲ့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်တွေ ပရမ်းပတာဖြစ်ပြီး ရောဂါကြောင့် သေဆုံးမှုနှုန်းကျသွားပါတယ်။ ဒါက ကာကွယ်ရေးမှာ ကောင်းတဲ့အချက်ဖြစ်ပါတယ်။

၄။ နောက်တစ်ခုက မိသားစုထဲမှာ ဘယ်လိုကောင်းကျိုးတွေရမလဲဆိုရင် ဗိုင်းရပ်စ်က နှာခေါင်း၊ ပါးစပ်က ဝင်လာတဲ့အခါ ပဋိပစ္စည်းတွေ ချေဖျက်လိုက်တဲ့အတွက် မတော်တဆပိုးဝင်သွားရင်တောင်မှ ဗိုင်းရပ်စ်က သူ့ခန္ဓာကိုယ်ထဲမှာ မရေတွက်နိုင်အောင် အကောင်တွေ အများကြီးပွားလို့ မရတော့ဘူး။ သူ့နှာခေါင်း၊ ပါးစပ်ကနေထွက်တာ လျော့သွားမယ်။ လျော့သွားရင် သူ့မိသားစု၊ သူနဲ့ထိတွေ့တဲ့သူတွေ ကူးစက်နိုင်ဖို့အတွက် တော်တော်အခွင့်အလမ်းနည်းသွားပါတယ်။ ဒါကြောင့် ကာကွယ်ဆေးတွေသည် ရောဂါကူးစက်မှုကို လျော့ကျစေပါတယ်။ ရောဂါပြင်းပြင်းထန်ထန်ဖြစ်ပွားမှုကိုလည်း အတော့်ကိုလျော့ကျသွားစေတယ်။ အလွန်ကောင်းကျိုးရှိတဲ့ကိစ္စပါ။

၅။ ဒါကြောင့် ကမ္ဘာ့နိုင်ငံကြီးတွေအနေနဲ့ ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းမှ ရရှိလာတဲ့ အကျိုးကျေးဇူးတွေကို သိရှိတဲ့အတွက် သူတို့နိုင်ငံအတွင်းမှာ အရေးတကြီး ထိုးနှံပေးခြင်းဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးခြင်းရဲ့ ကောင်းကျိုးနောက်တစ်ခုအနေနဲ့ မကြာခင်က အင်္ဂလန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ယူရို ၂၀၂၀ ဘောလုံးပြိုင်ပွဲကို တက်ရောက်အားပေးကြတဲ့ ပရိသတ်တွေအနေနဲ့ မည်သည့်အကာအကွယ်မှ ဝတ်ဆင်စရာမလိုဘဲ ဘောလုံးကွင်းထဲမှာ လွတ်လပ်ပေါ့ပါးစွာနဲ့ ပါဝင်အားပေးနိုင်ကြတာကို တွေ့ရပါတယ်။

၆။ ဒီအတွက်မကြာမီ နိုင်ငံတစ်ဝန်းမှာ ထိုးနှံပေးမည့်ကာကွယ်ဆေးထိုးအစီအစဉ်တွေမှာ မိမိနဲ့ မိမိ မိသားစုအတွက် ရရှိလာမယ့်အခွင့်အရေးကို လက်လွတ်မခံဘဲ ပါဝင်ထိုးနှံပေးကြဖို့ လိုအပ်ပါတယ်။ မိမိတို့နေထိုင်ရာဒေသ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်တစ်ခုလုံး ကာကွယ်ဆေးထိုးနှံပြီးပါက မိမိတို့ရဲ့ နေ့စဉ်ဆောင်ရွက်ဖွယ်ကိစ္စတွေကို ကိုဗစ်ဘေးကဝေးပြီး စိတ်ချယုံကြည်စွာနဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

၇။ ကိုဗစ်ကူးစက်နိုင်မှုကင်းစင်သော ရပ်ရွာအဖြစ် ရှင်သန်နိုင်ဖို့အတွက် အားလုံးက ဦးစားပေးအစီအစဉ်အလိုက် ကာကွယ်ဆေးထိုးလုပ်ငန်းတွေမှာ ပါဝင်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

## ပြည်သူလူထုအတွက် လိုအပ်လျက်ရှိသော ဆေးဝါးများ ဈေးကွက်အတွင်း မပြတ်လပ်စေရေးနှင့် ဆေးဝါးများ တင်သွင်းရာတွင် လွယ်ကူချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၂၄**

ပြည်သူလူထုအတွက် လိုအပ်လျက်ရှိသော ဆေးဝါးများ ဈေးကွက်အတွင်း မပြတ်လပ်စေရေးနှင့် ဆေးဝါးများတင်သွင်းရာတွင် လွယ်ကူချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ Online Meeting စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်း၊ ဒုတိယဝန်ကြီး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးချုပ် ရန်နောင်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းတင်သွင်းသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်ပြီး ယခင်နှစ်ကလည်း တစ်နှစ်လုံး ရင်ဆိုင်ခဲ့ရပြီး ယခုနှစ်မှာလည်း တတိယလှိုင်းအနေဖြင့် ပိုမိုပြင်းထန်သည့် ရင်ဆိုင်မှုနှင့် ကြုံတွေ့နေရပြီး အထူးပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုအတွက် လိုအပ်လျက်ရှိသော ဆေးဝါးများ ဈေးကွက်အတွင်း မပြတ်လပ်စေရေးနှင့် ဆေးဝါးများတင်သွင်းရာတွင် လွယ်ကူချောမွေ့စေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုရင်ဆိုင်နေရသည့် ကိုဗစ်–၁၉ ကာလအတွင်း လိုအပ်သည့် ဆေးဝါးများအပြင် ပြည်သူလူထုအတွက် ပုံမှန်အားဖြင့် သုံးစွဲရန်လိုအပ်နေသည့် ဗီတာမင်ဆေးများ၊ ရာသီအလိုက်ဖြစ်ပေါ်တတ်သော အအေးမိ၊ တုပ်ကွေး၊ ဖျားနာ၊ ချောင်းဆိုး၊ ဝမ်းပျက်ဝမ်းလျှော ရောဂါများအတွက် လိုအပ်သည့် ဆေးဝါးများ၊ ရေရှည်သုံးစွဲရသည့် နှလုံး၊ ကျောက်ကပ်၊ သွေးတိုး၊ ဆီးချို စသည့်ရောဂါများအတွက် ဆေးဝါးများပြတ်လပ်မှုမရှိစေရေး စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက်နှင့် ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပင်လယ်ရေကြောင်း ဆိပ်ကမ်းများနှင့် လေဆိပ်များသို့ ရောက်ရှိပြီးဖြစ်သည့် အရေးကြီးလိုအပ်လျက်ရှိသည့် ဆေးဝါးများ ကုမ္ပဏီများမှ အမြန်ဆုံးထုတ်ယူနိုင်ရေးနှင့် ထုတ်ယူပြီးဖြစ်သည့် ဆေးဝါးများကို ဈေးကွက်အတွင်းသို့ အမြန်ဆုံးရောက်ရှိစေရေး၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးသို့ ဖြန့်ခွဲရောင်းချပေးနိုင်ရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်နှင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးချုပ် ရန်နောင်စိုးတို့က သက်ဆိုင်ရာနိုင်ငံများတွင် သတ်မှတ်ချက်နှင့်ကိုက်ညီပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်ရရှိထားသည့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ၊ ဗီတာမင် C၊ ဗီတာမင် D၊ Zinc နှင့်ပတ်သက်သည့် ဆေးဝါးများ တင်သွင်းရာတွင် One Time Permit ဖြင့် တင်သွင်းခွင့်ပြုနိုင်ရေး၊ အရေးကြီးလိုအပ်နေသည့် ဆေးဝါးများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ စင်းလုံးငှားလေယာဉ်များဖြင့် သယ်ယူတင်သွင်းနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်း တင်သွင်းရောင်းချလျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ တင်သွင်းရန်အတွက် အွန်လိုင်းဖြင့် လိုင်စင်လျှောက်ထားမှုများကို အများပြည်သူရုံးပိတ်ရက်များတွင်လည်း သွင်းကုန်လိုင်စင်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိဘပြည်သူများထံသို့ တိုက်တွန်းနှိုးဆော်ချက်

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ယခုလတ်တလော Coronavirus Disease 2019 ( COVID – 19 ) ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုနှုန်းမှာ တိုးတက်မြင့်မားလျက်ရှိပါသည်။
- မြန်မာသက္ကရာဇ် ၁၃၈၃ ခု ၊ ဝါဆိုလဆန်း ၅ ရက်၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများက လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019 (COVID – 19) ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရတနသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူပေးခဲ့ပါသည်။
- ထို့အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ( ပထမအဖွဲ့ခွဲ ) ကလည်း လတ်တလော ဖြစ်ပွားနေသော Coronavirus Disease 2019 (COVID) – 19) ကမ္ဘာ့ကပ်ရောဂါအန္တရာယ်မှ ကင်းဝေးစေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အသီးသီးတွင် Coronavirus Disease 2019 (COVID – 19) ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရတနသုတ်၊ မေတ္တသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များက မြို့နယ်သံဃနာယကအဖွဲ့များသို့ ညွှန်ကြားဆောင်ရွက်ရန် အဆင့်ဆင့်အကြောင်းကြားလျှောက်ထားပြီး ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင်ရှိသော မိဘပြည်သူများအနေဖြင့် လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019 (COVID – 19) ကမ္ဘာ့ကပ်ရောဂါအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ရတနသုတ်ပရိတ်တရားတော်ကို မိမိနေအိမ်တွင် နေ့စဉ် ရွတ်ဖတ်ပူဇော်နိုင်ကြပါရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## ရန်ကုန်မြို့ပေါ်၌ ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ရောဂါ ရှာဖွေရေး / ကုသရေးဌာနများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

ရန်ကုန်မြို့ပေါ်၌ ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ရောဂါ ရှာဖွေရေး/ကုသရေးဌာနများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး (Zoom Meeting)ကို ယနေ့နံနက် ၁၀ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန COVID-19 Command Center ၌ ကျင်းပသည်။

**အမြန်ဆုံးထိုးနှံပေးနိုင်အောင်**

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လက်ရှိဖြစ်ပွားမှုအခြေအနေအရ ကူးစက်မှုနှုန်းမြန်ဆန်ပြီး များပြားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် နေအိမ်၌ အိမ်တွင်းကုသမှုခံယူရင်းဖြင့် သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများကို ကူးစက်နိုင်ခြေမြင့်မားကာ late referral ဖြင့် သေဆုံးမှုများလည်း ရှိသည်ကိုတွေ့ရှိရပါကြောင်း၊ ဆေးကုသရေးလုပ်ငန်းများ နိုင်နင်းစွာဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုနှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အမြန်ဆုံးထိုးနှံပေးနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးအတွက် ဆောင်ရွက်နေကြသော ကျန်းမာရေးဝန်ထမ်းများအတွက် လစဉ်ထောက်ပံ့ကြေးအဖြစ် ငွေကျပ် ၅၀၀၀၀ ကိုလည်း ၂၀၂၁ ခုနှစ် ဇူလိုင်လမှစတင်ကာ ထောက်ပံ့ပေးမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) သစ်လွင်ဝန်ထမ်းသုံးထောင်ခန့်ကို ခန့်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အောက်ဆီဂျင်များရရှိနိုင်ရေး စနစ်တကျစီမံခန့်ခွဲရန်နှင့် လိုအပ်ချက်ကို အနီးစပ်ဆုံး တွက်ချက်ရန်လိုအပ်ပါကြောင်း၊ တစ်နေ့လျှင် အောက်ဆီဂျင် Cylinder အလုံး ၂၀၀ ရရှိမည့် Oxygen Plant ကို ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)သို့ ထောက်ပံ့ပေးပြီးပါက ပြင်းထန်လူနာများ ပိုမိုလက်ခံကုသနိုင်ရေး အဆင်ပြေမည်ဖြစ်ပါကြောင်း။




**စီစဉ်ဆောင်ရွက်ထား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ရုရှားနိုင်ငံခရီးစဉ်တွင် ရရှိခဲ့သည့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးသည့် RTPCR စက်နှစ်လုံးကိုလည်း မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တပ်ဆင်၍ အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ အောက်ဆီဂျင်ပိုက်လိုင်းများ၏ လုံခြုံရေး၊ လူနာတင်ယာဉ်များ၏ကြံ့ခိုင်ရေးကိုလည်း အမြဲစစ်ဆေးသွားရမည်ဖြစ်ပါကြောင်း၊ လူနာတင်ယာဉ်များကိုလည်း ထပ်မံထောက်ပံ့ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း။

ရန်ကုန်မြို့ပေါ်၌ ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ရောဂါ ရှာဖွေရေးဌာန Test Centers များကို သန်လျင်၊ မင်္ဂလာဒုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)တို့၌ ဖွင့်လှစ်မည်ဖြစ်ပြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ယူကာ သန်လျင်၊ မင်္ဂလာဒုံမြို့နယ်များ၌ တပ်မတော်မှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ Community-based COVID-19 Testing and Care ဌာနများ တိုးချဲ့သည့်အတွက် ဆေးရုံများအနေဖြင့်လည်း အရေးပေါ်လူနာများ ပိုမိုလက်ခံနိုင်ရေး လိုအပ်လာနိုင်ပါကြောင်း၊ လူနာများ များပြားလာသဖြင့် ပုဂ္ဂလိကဆေးရုံများ အားလုံး၌ လူနာများလက်ခံနိုင်ရေးအတွက်လည်း ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးခြောက်သန်းသည်လည်း ယခုရက်ပိုင်းအတွင်း အသုတ်လိုက်ခွဲ၍ ရောက်ရှိနေပြီဖြစ်သောကြောင့် ပြည်သူလူထုကို ကာကွယ်ဆေး အမြန်ဆုံးထိုးနှံပေးနိုင်ရန်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**တင်ပြ**

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းနှင့် တက်ရောက်လာကြသည့် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများ၊ ကိုဗစ်-၁၉ ကုသရေးဌာနများမှ တာဝန်ခံ ဆေးရုံအုပ်/ဆေးရုံအုပ်ကြီးများက ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ အာနိသင်သည် အကျိုးရှိထိရောက်သည့်အတွက် ထိုးနှံသင့်

**နေပြည်တော် ဇူလိုင် ၂၄**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် ကာကွယ်ဆေးထိုးနှံရေးသည် အရေးပါသည့် လုပ်ငန်းစဉ်ဖြစ်သလို ကာကွယ်ဆေး၏ အာနိသင်သည် အကျိုးရှိထိရောက်သည့်အတွက် ထိုးနှံသင့်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

**အရေးပါတဲ့ လုပ်ငန်းစဉ်ဖြစ်**

“ကာကွယ်ဆေးတွေ ထိုးနှံထားတဲ့အခါ လူတိုင်းလူတိုင်းရဲ့ ခန္ဓာကိုယ်ထဲမှာ ပဋိပစ္စည်းပါဝင်တဲ့ ကာကွယ်တဲ့ခာတ်တွေ များလာတယ်။ ရောဂါပိုးက အဲဒီလူအုပ်စုထဲကို ဝင်ရောက်ဖို့မလွယ်ဘူး။ မျိုးပြောင်းပြီး ဝင်ရောက်လာခဲ့ရင်တောင် ထပ်ပြီးမျိုးပွားဖို့ မလွယ်ဘူး။ အခုလိုမျိုး ‘ဒယ်လ်တာ’ ဝင်လာလည်း သိပ်ပြီးစိတ်မပူရတဲ့ အနေအထားဖြစ်တာကို တွေ့နိုင်ပါတယ်။ ကာကွယ်ဆေးထိုးနှံရေးက အရေးပါတဲ့ လုပ်ငန်းစဉ်ဖြစ်တယ်။ အားလုံးကလည်း ပူးပေါင်းပါဝင်ပေးဖို့လိုပါတယ်” ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက ပြောသည်။

ရောဂါထိန်းချုပ်ရေးအပိုင်းတွင် ကာကွယ်ဆေးထိုးထားသည့်အတွက် ၎င်းထံမှ ရောဂါပိုးထွက်သည့် အရေအတွက်နည်းသွားပြီး ကူးစက်မှုနှုန်းလည်း လျော့နည်းသွားမည်ဖြစ်သည်။ ထို့ပြင် ရောဂါကုသသည့်အပိုင်းတွင် ကာကွယ်ဆေးထိုးထားသူများအနေဖြင့် ရောဂါပြင်းထန်စွာခံစားရမှုနှင့် အသက်ဆုံးရှုံးနိုင်မှုတို့မှ ကာကွယ်နိုင်မည်ဖြစ်သည်။

**လျှော့ချပေးနိုင်မည်**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားပါက ဗိုင်းရပ်စ်ဝင်ရောက်လာပါကလည်း ရောဂါပြင်းထန်စွာခံစားရမှုမရှိသည့်အတွက် ယခုဖြစ်ပေါ်လျက်ရှိသည့် အောက်ဆီဂျင်လိုအပ်မှု၊ ဆေးရုံခုတင်လိုအပ်မှုနှင့် ကျန်းမာရေးဝန်ထမ်းများ၏ အလုပ်ဝန်ပိမှုများကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

“အခုနှစ်မှာ ဦးတည်တဲ့အုပ်စုရဲ့ ထက်ဝက်လောက်ကို ထိုးနှံမယ်။ လာမယ့်နှစ် နှစ်ဝက်လောက်မှာ ရည်ရွယ်ထားတဲ့ဦးတည်အုပ်စု အားလုံးနီးပါးလောက်ကို ထိုးနှံနိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံက ကာကွယ်ဆေးလွှမ်းခြုံမှုအားကောင်းတဲ့နိုင်ငံ ဖြစ်လာမယ်။ လူအုပ်စုထဲမှာ တစ်ယောက်ကနေ တစ်ယောက်ကူးဖို့ မလွယ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းမှာ ခုခံအားရှိနေပြီဖြစ်ပါတယ်။ ဒါဆိုရင် နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေ အကုန်လုံးပြန်ပြီး ဖွံ့ဖြိုးလာမယ်။ ကျွန်တော်တို့နိုင်ငံက ကိုဗစ်-၁၉ ရောဂါကို ကျော်လွှန်နိုင်ပြီး ပြန်လည်ဖွံ့ဖြိုးတိုးတက်တဲ့ လမ်းကြောင်းပေါ်အထိ သွားနိုင်မှာဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်သုံးသပ်ပြောကြားသည်။

**ထက်လျှံ**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ရန်ကုန်မြို့တော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၉ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ ယာဉ်ရပ်နားရေးကွင်း၌ ကိုဗစ်-၁၉ ရောဂါ သံသယလူနာများထားရှိရန် အဆောင်သစ် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ရှိသူက အဆောင်သစ်ဆောက်လုပ်နေမှုကို ရှင်းလင်းတင်ပြပြီး မြို့တော်ဝန်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့်မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မအူကုန်း ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာသို့ရောက်ရှိပြီး ဆေးကုသမှုခံယူနေသော လူနာများကို စောင့်ကြည့်ရေးစင်တာမှတစ်ဆင့် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြန်လည်ပေးအပ်ခဲ့**

ထို့နောက် ကိုဗစ်-၁၉ ရောဂါကုသရေးတွင် အသုံးပြုရန် အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ဌာနစုမှူး(အင်ဂျင်နီယာ) ဦးညဏ်လင်း၊ ဇနီး မိဥဏ်ရွှတ် မိသားစုက ငွေကျပ် ၁၂၅၀၀၀၀ တန်ဖိုးရှိ Rapid Diagnostic Test (RDT) Kit ၁၂၅ ခု လှူဒါန်းမှုကို မြို့တော်ဝန်ဦးဗိုလ်ဌေးက လည်းကောင်း၊ လှိုင်မြို့နယ် စကားဝါလမ်းနေ ကိုမင်းဟိန်းဌေး၊ ဒေါက်တာချယ်ရီဗိုလ်ဌေး၊ ကိုဝင်းမောင်သန်း မောင်နှမတစ်စုက လှူဒါန်းငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးညွန့်ဖေက လည်းကောင်း လက်ခံရယူပြီး စေတနာရှင်ပြည်သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## အခုလိုတွေဖြစ်နေတဲ့အချိန်မှာ ပြည်သူလူထုတွေအနေနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ကြေညာထားတဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များကို အတိအကျ လိုက်နာနေထိုင်ပါလို့ပဲ ပြောချင်ပါတယ်။

**ဒေါက်တာ စိုးမြင့်အောင်**

**မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုအခြေအနေနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာစိုးမြင့်အောင်နှင့် တွေ့ဆုံမေးမြန်းထားပါသည်။**



**မေး။ ။ကြို့ပင်ကောက်မြို့ရဲ့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေလေးကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ကြို့ပင်ကောက်မြို့ရဲ့ ကိုဗစ်ဖြစ်ပွားမှုက အခုတတိယလှိုင်းမှာ ကျွန်တော်တို့ ဇွန်လ ၂၆ ရက်နေ့မှာ ပိုးတွေ့လူနာတစ်ယောက်စတွေ့တယ်။ အခုအချိန်ထိဆိုရင် ခုတ်ခွဲ အတည်ပြုလူနာ ၄၆၁ ဦးရှိပါပြီ။ အဲဒီအထဲကမှ ၁၆၂ ဦးကတော့ ကျန်းမာစွာနဲ့ ဆေးရုံမှပြန်ဆင်းခွင့်ရရှိပြီး ၂၇ ဦးကတော့ သေဆုံးသွားပါတယ်။

**မေး။ ။ဆေးရုံက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို သိချင်ပါတယ်။**

ဖြေ။ ။ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေတာက ကျွန်တော်တို့ မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးကော်မတီရဲ့ဦးဆောင်မှုနဲ့ ဌာနဆိုင်ရာတွေအားလုံး ပူးပေါင်းပြီး နှာခေါင်းစည်း ဝတ်ဆင်ရေးလှုပ်ရှားမှုတွေ လုပ်တယ်။ ကျန်းမာရေး အသိပညာပေးခြင်းတွေကို လော်စပီကာတွေ၊ အသံချဲ့စက်တွေနဲ့ မြို့ပေါ်ရပ်ကွက်တွေ၊ ကျေးရွာတွေမှာ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ ဆောင်ရန်၊ ရှောင်ရန်တွေကို လိုက်ပြီး ကျယ်ကျယ်ပြန့်ပြန့် နှိုးဆော်နေတာတွေ ရှိပါတယ်။

နောက်ပြီးတော့ Stay at Home သတ်မှတ်ထားတဲ့မြို့တွေက ပြန်လာတဲ့သူတွေ၊ ပိုးတွေ့လူနာနဲ့ ထိစပ်တဲ့သူတွေကို Quarantine Center မှာထားပြီး သတ်မှတ်ချက်အတိုင်း စစ်ဆေးတယ်။ ပိုးတွေ့တယ်ဆိုရင် ဆေးရုံတွေကို လွှဲပြောင်းကုသပေးပါတယ်။ နောက်ပြီး မြို့အဝင်ဂိတ်တွေမှာလည်း လိုအပ်တဲ့ စစ်ဆေးမှုတွေလုပ်တယ်။ သံသယလူနာကို RDT Test kit နဲ့ စစ်တယ်။ စစ်ပြီးလို့ ပိုးတွေ့ရင် ဆေးရုံတွေကို လွှဲပြောင်းကုသခြင်းတွေ ဆောင်ရွက်နေပါတယ်။

**မေး။ ။ကြို့ပင်ကောက်မြို့မှာကိုဗစ်-၁၉ အတည်ပြုလူနာတွေကို ထားရှိကုသပေးနေတဲ့ နေရာတွေရဲ့ အခြေအနေတွေကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ကြို့ပင်ကောက်မြို့မှာကိုဗစ်-၁၉ အတည်ပြုလူနာထားဖို့အတွက် မြို့နယ်ပြည်သူ့ဆေးရုံသံဃာဆောင်မှာ ကိုးဦး၊ တိုင်းရင်းဆေးရုံမှာ ၄၄ ဦးနဲ့ အလယ်ကုန်း တိုက်နယ်ဆေးရုံမှာ ၂၉ ဦး လောလောဆယ် ထားရှိကုသပေးနေပါတယ်။ ဆက်လက်ပြီး အတည်ပြုလူနာတွေထားရှိကုသပေးဖို့နေရာတွေလည်း ဆက်လက်စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

**မေး။ ။ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောကြားပေးပါ ခင်ဗျာ။**

ဖြေ။ ။အခုအချိန်မှာ ကိုဗစ်-၁၉ ရောဂါက နေရာတော်တော်များများ၊ လူတော်တော်များများမှာ ကူးစက်နေပြီလို့ ယူဆရပါတယ်။ မစစ်သေးလို့သာ မတွေ့ရသေးတာတွေလည်း ဖြစ်နိုင်တယ်။ အခုလိုတွေ ဖြစ်နေတဲ့အချိန်မှာ ပြည်သူလူထုတွေအနေနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ကြေညာထားတဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များကို အတိအကျလိုက်နာနေထိုင်ပါလို့ပဲ ပြောချင်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

**ဇေယျာထွန်း**
**ကြို့ပင်ကောက်(ပြန်/ဆက်)**

☆ **ရှေ့ဖုံးမှ**

ထွက်စေအောင် လုပ်တာရှိတယ်။ တချို့ကလည်း ဗိုင်းရပ်စ်ကို အားပျော့အောင်၊ ဗိုင်းရပ်စ်က ခန္ဓာကိုယ်ထဲမှာ လုံးဝမပွားနိုင်အောင်လုပ်ပြီး ကိုယ်ခံအားစနစ်ကို ယဉ်ပါးစေအောင်လုပ်တာရှိတယ်။

“ဒီလို ခန္ဓာကိုယ်ထဲမှာ ဗိုင်းရပ်စ်ရဲ့ဆူးချွန်တွေပဲ ထွက်လာတယ်။ ဒါမှမဟုတ်ဗိုင်းရပ်စ်က မပွားတော့ပေမယ့် သူ့ရဲ့အာနိသင် ပုံပန်းသဏ္ဌာန်ခတ်တွေရှိတော့ ဒါတွေကို ခန္ဓာကိုယ်ခုခံအားစနစ်က သိရှိလေ့ကျင့်ပြီး တဖြည်းဖြည်းနဲ့ ဒါကိုတိုက်ခိုက်လာတယ်။ တိတိကျကျတိုက်ခိုက်နိုင်တဲ့ ပဋိပစ္စည်းတွေ ထွက်လာတယ်။ ခုခံအားဆဲလ်တွေကလည်း ဗိုင်းရပ်စ်ကို မှတ်မိသွားပါတယ်”ဟု ဆိုသည်။

ကာကွယ်ဆေးကို နှစ်ကြိမ်ထိုးရမည်ဖြစ်ကာ ပထမတစ်ကြိမ်ထိုးပြီး ရက်သတ္တသုံးပတ် သို့မဟုတ် လေးပတ်ခြားပြီးပါက နောက်တစ်ကြိမ် ထိုးကြရခြင်းဖြစ်သည်။ နှစ်ပတ်ခန့်ကြာသည့်အခါ ဗိုင်းရပ်စ်ဝင်လာပါက နှိမ်နင်းမည့် ကိုယ်ခံအားစနစ်များ ခန္ဓာကိုယ်ထဲတွင် ရှိနေပြီဖြစ်ကြောင်း သိရသည်။

“ဗိုင်းရပ်စ်ဝင်လာရင် အဆင်သင့်ရှိနေတဲ့ ပဋိပစ္စည်းတွေက ဗိုင်းရပ်စ်ကို အုပ်လိုက်တယ်။ အဓိက ဆူးချွန်ကိုအုပ်တာပေါ့၊ ဗိုင်းရပ်စ် ခန္ဓာကိုယ်ထဲမှာရှိတဲ့ ဆဲလ်ကိုဝင်မယ်ဆိုရင် ဆူးချွန်တွေက အရင်ဆုံးလာတယ်။ ဆူးချွန်မှာရှိတဲ့ Spike Protein က ခန္ဓာကိုယ်ထဲမှာ မျက်စိ၊ နှာခေါင်း၊ ပါးစပ်မှာရှိတဲ့ ACE2 receptor မှာလာပေါင်းပြီး လူ့ရဲ့ဆဲလ်ထဲကို ဝင်ပါတယ်။ ဒီအခါ အသင့်ရှိနေတဲ့ ပဋိပစ္စည်းတွေက ဆူးချွန်ကို အုပ်လိုက်တဲ့အခါ ဗိုင်းရပ်စ်က ခန္ဓာကိုယ်ထဲမှာရှိတဲ့ ဆဲလ်ထဲကို ဝင်လို့မရတော့ဘူး။ ဝင်လို့မရတော့ ဗိုင်းရပ်စ်က ဘယ်လိုမှ ဒုက္ခပေးလို့မရတော့ဘူး ပျက်စီးသွားပါတယ်”ဟု ကာကွယ်ဆေး၏ အကျိုးအာနိသင်နဲ့ပတ်သက်၍ ပြောကြားသည်။

ကာကွယ်ဆေးထိုးထားသည့်အခါ ခန္ဓာကိုယ်ထဲရှိ ပဋိပစ္စည်းများက ဝင်လာသည့် ဗိုင်းရပ်စ်ကိုပွားများ၍မရအောင် တိုက်ဖျက်လိုက်သည့်အတွက် ရောဂါပြင်းပြင်းထန်ထန် ဖြစ်ပွားမှုနှင့် သေဆုံးမှုများမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ကာကွယ်ဆေး၏ ကောင်းကျိုးသည် လက်တွေ့အကျိုးရှိ ထိရောက်သည့်အတွက် ထိုးနှံသင့်ကြောင်းကိုလည်း ဆက်လက်သုံးသပ်ပြောကြားသည်။

**ထက်လျှံ**

## သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်မည့် အောက်ဆီဂျင်အရည် တန် ၂၀ သယ်ဆောင်လာသည့်ယာဉ် မြဝတီနယ်စပ်မှ ထွက်ခွာ

**မြဝတီ ဇူလိုင် ၂၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် အောက်ဆီဂျင်အပါအဝင် ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုဆေးနှင့်ဆေးပစ္စည်းများ တင်သွင်းမှုကို မြဝတီနယ်စပ်မှတစ်ဆင့် တင်သွင်းခွင့်ပြုပေးလျက်ရှိရာ သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်မည့် အောက်ဆီဂျင်အရည်တန် ၂၀ သယ်ဆောင်လာသည့် ယာဉ်သည် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က မြဝတီ ကုန်သွယ်ရေးဇုန်မှ ထွက်ခွာသွားကြောင်း သိရသည်။

ထိုသို့ ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အဓိကလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည် တင်သွင်းလာမှုများအား ကုန်သွယ်ရေးဦးစီးဌာန မြဝတီကုန်သွယ်ရေးဇုန်မှ ပြည်သူများလက်ဝယ် အမြန်ရောက်ရှိစေရေးအတွက် အချိန်ကြန့်ကြာမှုမရှိစေရေး၊ လွယ်ကူလျင်မြန်စွာဖြင့် လိုအပ်သည့်နေရာများသို့ ပို့ဆောင်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် နှာခေါင်းစည်းများ၊ အောက်ဆီဂျင်ဆလင်ဒါအိုးများ၊ Oxygen Concentrator များကိုလည်း လွယ်ကူလျင်မြန်စွာဖြင့် တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။ **ထိန်လင်းအောင်**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကိုထိန်းသိမ်းပေး**

# တတ်အားသမျှ ပါဝင်ကုသိုလ်ဒါနပြုခြင်းဖြင့် တိဟိတ်ပုဂ္ဂိုလ်များဖြစ်ကြပါစေ

**ဒေါက်တာမြတ်မိုး**

လူသားတို့လောဘကြောင့်ဖြစ်ရသည့် ဒုဗ္ဘိက္ခန္တရကပ်၊ မောဟကြောင့်ဖြစ်ရသည့် ရောဂန္တရကပ်၊ ဒေါသကြောင့်ဖြစ်ရသည့် သတ္တန္တရကပ်။ ဤကပ်ကြီးသုံးပါးအနက် ကူးစက်ရောဂါကပ်ဘေးကြောင့်ဖြစ်ရသော ရောဂန္တရကပ်ဘေးဆိုးကြီးကြောင့် ကမ္ဘာ့လူသားအားလုံး ထိခိုက်ပျက်စီးမှုများစွာဖြင့် လက်တွေ့ရင်ဆိုင်ဖြေရှင်းနေကြရသည်။

ထို့ကြောင့်လည်း ဤသို့ ကပ်ဘေးကြီးများ ရင်ဆိုင်နေရချိန်တွင် ဝေနေယျသတ္တဝါအပေါင်းတို့အနေဖြင့် ဒါနအပါအဝင် ကုသိုလ်ရေးများကိုမမေ့မလျော့ဘဲ အာရုံစိုက် ကုသိုလ်ပြုစေချင်ပါသည်။ လှူတတ်လျှင် မြတ်သည့်အတွက် အလှူဒါနပြုတိုင်းလည်း အပြစ်အနာအဆာကင်းသော ဒါနကုသိုလ်မျိုးသာ ဖြစ်စေချင်ပါသည်။ ဆင်းရဲမှုများကြားက အလှူရေစက်လက်နှင့်မကွာဆိုသလို ဒါနကုသိုလ်ပြုသူများနှင့် မည်သို့သော ကုသိုလ်အမျိုးမျိုးကိုမဆို ဝမ်းမြောက်ကြည်နူးစွာဖြင့် တန်ဖိုးထားဂုဏ်ယူရမည် ဖြစ်ပါသည်။

## အလွှာအားလုံး၏ တတ်အားသမျှ ဒါနမျိုးစုံကို သာဓုခေါ်ဆိုအပ်ပါသည်

ဆုံးမထိုက် နာယူခံထိုက်သော ဗုဒ္ဓဘာသာဝင် အများစုဖြစ်သည့် မြန်မာလူမျိုးတို့အနေဖြင့် ဘယ်ခေတ်ဘယ်အခါမဆို အလှူဒါနအရာတွင် ရက်ရက်ရောရော လှူဒါန်းဖြစ်ကြသည်။ မြန်မာလူမျိုးများသည် ဆင်းရဲသော်လည်း ပရဟိတတွင် ချမ်းသာကြသည်။ လိုအပ်သောအချိန်တွင် လိုအပ်သလို မိမိပိုင်ဆိုင်မှုကိုစွန့်လွှတ်ရန် ဝန်မလေးဘဲ၊ ဒုက္ခရောက်သူကို ပစ်ပယ်ခြင်း၊ လျစ်လျူရှုခြင်း၊ တွန့်တိုခြင်းအလျှင်းမရှိဘဲ ကူညီစောင့်ရှောက်ကြသည်။

ယခုကပ်ဘေးကြီးတွင်လည်း မိမိတတ်အားသမျှ ကျရာကဏ္ဍမှ ပါဝင်ထမ်းရွက်နေကြပြီး ငွေကြေးတတ်နိုင်သူက ငွေကြေး၊ နေရာထိုင်ခင်းတတ်နိုင်သူက နေရာထိုင်ခင်း၊ လုပ်အားတတ်နိုင်သူက လုပ်အား စသည်ဖြင့် ကပ်ဘေးကြီးကို ရင်ဆိုင်မှုဝေ ပါဝင်ကူညီနေကြသည်ကို တွေ့ရသည်။ အားလုံးရင်ဆိုင်နေရသည့် ဒုက္ခဘေးဆိုးကြီးမှ လွတ်မြောက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် အစားအသောက်အပါအဝင် ဆေးဝါးကိရိယာ အထောက်အကူပြုပစ္စည်းများ၊ နှာခေါင်းစည်းမှအစ အသက်ကယ်အောက်ဆီဂျင်အထိ တန်ဖိုးနည်းသည်၊ များသည်မဟူ လှူဒါန်းမှုဒါနအစုစုကို အားတက်သရော တွေ့မြင်နေကြရသည်။

အချို့က မိမိပိုင်ဆိုင်သော တန်ဖိုးကြီးဥစ္စာပစ္စည်းများကိုပင်ရောင်းချပြီး လှူဒါန်းကြသည်ဟု ကြားသိရသည်။ ရဟန်းသံဃာတော်များကလည်း အန္တရာယ်ကင်းဘေးရှင်းရေးအတွက် ပရိတ်ပဋ္ဌာန်းတရားတော်များဖြင့် အသံမစဲရွတ်ဖတ်သရဇ္ဈာယ်တားဆီးကာကွယ်ပေးကြသည်။ ဆရာတော်သံဃာတော်များအပါအဝင် လူထုလူတန်းစားအလွှာအားလုံး၏ လှူဒါန်းဒါနပြုနေမှုများကို တွေ့မြင်ကြားသိရသည့်အခါ ထိုကုသိုလ်ရှင်များ၏ စေတနာနှင့် သဒ္ဓါတရားကို တန်ဖိုးထားဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုအထူးခေါ်ဆိုမိပါသည်။

## ကောင်းမှုကံများကို ဖြစ်စေသော ဤဒါနသည် အဖိုးတန်မွန်မြတ်လှပါသည်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အနေဖြင့် နောင်ဘဝနောင်သံသရာ နိဗ္ဗာန်မရမီစပ်ကြား ဗုဒ္ဓဘာသာဝင် ပြန်ဖြစ်ရသည်ပင် အထူးမြတ်လှပါပြီ။ သဒ္ဓါ၊ သီလ၊ ပညာ စသည့်အင်္ဂါရပ်များအပေါ်တွင် အခြေခံသော မြင့်မြတ်လှသော ဒါနကုသိုလ်နှင့်ပင် မိမိတောင့်တသော ဘုံဘဝ၊ မတောင့်တသော်လည်း ရသည့်ဂုဏ်အင် ပြည့်စုံရပါသည်။



ဒါနသည် ကောင်းကျိုးတို့၏တည်ရာ ပြုသင့်ပြုထိုက်သော ပုညကြိယာဝတ္ထု- ၁၀ ပါးတွင် တစ်ပါးအပါအဝင်ဖြစ်၍ မိမိလှူဒါန်းလိုက်ခြင်း၊ စွန့်လွှတ်လိုက်ခြင်းကို ဖြစ်စေသော စေတနာအရင်းခံသည့် ထိုဒါနတစ်ခုသည် အလွန်မွန်မြတ်တင့်တယ်လှပါသည်။

မလှူခင်ကပင် လှူဖို့ရာ အားထုတ်နေရသည့် ရှေ့စေတနာ၊ လှူစဉ်လှူခိုက် ဖြစ်ဆဲစေတနာ၊ မိမိလှူဒါန်းလိုက်သည်ကို အဖန်တလဲလဲ အောက်မေ့ကြည်နူးဝမ်းမြောက်နေသည့် နောက်စေတနာအားဖြင့် "ပုဗ္ဗ မုဉ္စ အပရ" ဟူသည့် စေတနာသုံးဖြာခြံရံနေသည့် အလှူဒါနတစ်ခု၏ ကုသိုလ်အစွမ်းသည် အလွန်ကြီးမားလှပါပေသည်။ ပေးလှူသူကလည်း မိမိကပေးလှူလိုက်သည့် စေတနာကြောင့်ဖြစ်သည့် "ပတ္တိဒါန" ကုသိုလ်ကောင်းမှုအဖို့ကို ပေးလှူသူက ရရှိသွားသည့်အပြင် အလှူရှင်က ပေးလှူလိုက်သည့် ထိုကောင်းမှုကို မိမိကိုယ်တိုင်ကလည်း ဝန်တိုခြင်းကင်းကင်းဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာဟု ခေါ်ဆိုခွင့်ရလိုက်သည့် စေတနာကြောင့် မိမိအတွက်လည်း "ပတ္တာနု မောဒနာ" ဟု ဆိုသည့် ကုသိုလ်တစ်ခုကို ရလိုက်ပါသည်။

ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ တည်းဟူသော အဓိပတိလေးပါးကလည်း ထိုကုသိုလ်ကို လေးနက်စွာဖြင့် ကျေးဇူးပြုပေးနေသည့်အတွက် မိမိပြုသော ထိုဒါနတစ်ခုနှင့်အတူယှဉ်တွဲ၍ မိမိကိုယ်တိုင်ရရှိလိုက်သည့် ကောင်းမှုကံများသည် အဖိုးတန်လှသော အကျိုးကျေးဇူးများပင် ဖြစ်ပါတော့သည်။

## စေတနာသဒ္ဓါတရားနှင့် ဉာဏ်ပညာရှေ့ဆောင်သော ကာလဒါနသည် သူတော်ကောင်းတို့၏ ပါရမီဖြစ်သည်

ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးအပေါ် ယုံကြည်မှု သဒ္ဓါတရား၊ မိမိ၏ ကိုယ်ကာယ၊ စိတ်ကာယကို ဖြူစင်သန့်ရှင်းအောင် ဆောက်တည်ထားသောသီလနှင့် မိမိ၏ရုပ်နာမ်သင်္ခါရတရားများကို မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း တည်းဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးတင်၍ သတိကပ်ရှုမှတ်ပွားများ ဆင်ခြင်နေသော ဝိပဿနာဉာဏ်ပညာ စသည်... ဤအင်္ဂါရပ်များ ရှေ့ဆောင်နေသော ဒါနတရားသည် အထူးမွန်မြတ်လှပါသည်။

လောဘတဏှာကို မငြိတွယ်ဘဲ စွန့်လွှတ်ခြင်းဟူသည့် လက္ခဏာရပ်ပါဝင်သောကြောင့် သူတော်ကောင်းတို့၏ ပါရမီတစ်ပါးဟုလည်း ဆိုထိုက်ပါသည်။ ထိုသို့ ကောင်းမြတ်သောစေတနာနှင့် ထက်သန်သော သဒ္ဓါတရားများ ရှင်သန်ယိုဖိတ်နေသည့်အတွက် ထိုသူများကို ကြည့်လိုက်လျှင် "ဘယ်နေရာမှာ ဘာလိုနေလဲ၊ ဘယ်သူ့ကို ဘယ်အချိန်မှာ ဘာလှူရမလဲ"ကိုသာ အစဉ်တွေးနေတတ်ပြီး သူ့စိတ်မှာ လိုအပ်လျှင် လိုအပ်သည့် ဘယ်နေရာမှာမဆို လှူဖို့ရန်ကိုပဲ စဉ်းစားနေတတ်သည်။

အချိန်ကာလအလိုက် မကျန်းမာသူနှင့် ဆင်းရဲဒုက္ခသောကရောက်နေသူများအပေါ် သင့်တော်သလို အထောက်အပံ့ပေးကာ ကာလဒါနကိုလည်း အကျိုးရှိစွာ ပြုတတ်သူဖြစ်သည်။ ပံ့ပိုးပေးကမ်း ကူညီလိုသော ကုသိုလ်စိတ်နှင့်အတူ ဒုက္ခရောက်ပြီး အကူအညီလိုအပ်နေသူများအပေါ် ပေးချင်ကမ်းချင်စိတ်ရှိနေတတ်သည်မှာ ဖြူစင်လှပသော ချစ်ခြင်းမေတ္တာနှင့် ကရုဏာတရားများပင်ဖြစ်သည် မဟုတ်ပါလား။

## အလောဘ၊ အဒေါသ၊ အမောဟကင်းသောကြောင့် တိဟိတ်ပုဂ္ဂိုလ်ဖြစ်ထိုက်သည်

ကုသိုလ်တရားသည် ကုသိုလ်တရားများအား အထူးကျေးဇူးပြုပါသည်။ အလှူဒါနနှင့် ပတ်သက်၍ ထူးခြားလေးစားထိုက်သော လူပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များစွာ တွေ့ဖူးကြပါလိမ့်မည်။ သူတို့သည် သူတို့ပိုင်ဆိုင်သော စည်းစိမ်ချမ်းသာများကို အလွယ်တကူ စွန့်လွှတ်နိုင်ကြသည်။ ဘာကြောင့်ပါလဲ။ သူပိုင်ဆိုင်သော စည်းစိမ်ချမ်းသာများကို တွယ်တာတပ်မက်မှု ကင်းနေသောကြောင့်ဖြစ်သည်။ အကုသိုလ်နှင့်ယှဉ်သော လောဘတဏှာ ကင်းနေသောကြောင့်ဖြစ်သည်။ တွယ်တာနှောင်ဖွဲ့ခြင်းကင်းမှုက ထိုသူ၏ စိတ်တွင် ကုသိုလ်စေတနာ သဒ္ဓါတရားများကို ပို၍ပို၍ တိုးပွားနေစေသည်။

အဖန်တလဲလဲ ကုသိုလ်စိတ်ရင့်သန်နေသည်ကို တွေ့ရသည်။ တစ်ပါးသူ၏ တိုက်တွန်းနှိုးဆော်မှု မပါဘဲ မိမိကိုယ်တိုင် မိမိအသိဖြင့် ထက်ထက်သန်သန် လှူဒါန်းသော စေတနာတရား၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးတန်နှင့်တကွ ကံ ကံ၏အကျိုးကို ယုံကြည်သောသဒ္ဓါတရားများ ရှေ့ဆောင်ပြီး ရွှင်လန်းဝမ်းမြောက်မှု သောမနဿဖြင့် လှူဒါန်းအပ်သော ဒါနမှန်သမျှသည် ကုသိုလ်အထူးကြီးမားလှပါသည်။

ကိလေသာကုန်ရာ မြတ်နိဗ္ဗာန်မှတစ်ပါး အခြားအကျိုးမမျှော်ကိုးဘဲ လှူဒါန်းပေးကမ်းလိုသော အလောဘနှင့်အတူ ဒုက္ခရောက်နေသူများအပေါ် မေတ္တာ၊ ကရုဏာ ကြီးမားသောစိတ်ကြောင့်လည်း အဒေါသနှင့် ယှဉ်နေသောကုသိုလ်ဖြစ်သွားသည်။ ဉာဏ်နှင့်လည်းယှဉ်သော ဒါနဖြစ်သောကြောင့် နောင်ဘဝနောင်သံသရာ၌ ချမ်းသာသော သုဂတိဘုံဘဝဝယ် လူနတ်အကြိမ်ကြိမ် ဖြစ်ရသည်။ လောဘ၊ ဒေါသ၊ မောဟတရား သုံးပါးကင်းစွာဖြင့် ပြန်လည် ပဋိသန္ဓေနေရသောကြောင့် နောင်ဘဝတွင် ပညာဉာဏ်ကြီးမားသော တိဟိတ်ပုဂ္ဂိုလ်ဖြစ်နိုင်သည့် အကျိုးကျေးဇူးများစွာကိုလည်း ပိုင်ဆိုင်ရပေသည်။

**ကိလေသာကုန်ရာ မြတ်နိဗ္ဗာန်မှတစ်ပါး အခြားအကျိုးမမျှော်ကိုးဘဲ လှူဒါန်းပေးကမ်းလိုသော အလောဘနှင့်အတူ ဒုက္ခရောက်နေသူများအပေါ် မေတ္တာ၊ ကရုဏာ ကြီးမားသောစိတ်ကြောင့်လည်း အဒေါသနှင့်ယှဉ်နေသော ကုသိုလ်ဖြစ်သွားသည်။ ဉာဏ်နှင့်လည်း ယှဉ်သော ဒါနဖြစ်သောကြောင့် နောင်ဘဝနောင်သံသရာ၌ ချမ်းသာသောသုဂတိဘုံဘဝဝယ် လူနတ်အကြိမ်ကြိမ် ဖြစ်ရသည်။ လောဘ၊ ဒေါသ၊ မောဟတရားသုံးပါးကင်းစွာဖြင့် ပြန်လည်ပဋိသန္ဓေနေရသောကြောင့် နောင်ဘဝတွင် ပညာဉာဏ်ကြီးမားသော တိဟိတ်ပုဂ္ဂိုလ်ဖြစ်နိုင်သည့် အကျိုးကျေးဇူးများစွာကိုလည်း ပိုင်ဆိုင်ရ။**

## လှူသည့်အခိုက် လောဘကင်းအောင် သတိချပ်ပါ

အထူးဂရုပြုရမည့် အချက်များကိုတော့ သတိထားရှောင်ကြဉ်စေချင်ပါသည်။ စစ်မှန်သော ကုသိုလ်စိတ်ကို အကုသိုလ်စိတ်တချို့က အရောင်ဆိုးတတ်သည်။ အချို့က လာဘ်လာဘလိုချင်၍၊ အချို့က ကျော်စောသတင်း ဂုဏ်ကြီးထင်ပေါ်လို၍၊ လှူဒါန်းမှုမှန်သမျှ အကုသိုလ်စိတ်ရှေ့ဆောင်၍ လုပ်သည်ဟုပင် မှတ်ယူထိုက်သည်။

လောဘကိုအလိုလိုက်၍ လောဘရှေ့ထားက ကုသိုလ်မဖြစ်သည့်အပြင် ဒေါသဟူသည့် အကုသိုလ်ဆိုးပါ လိုက်ပါလာတတ်သည်။ မိုက်မဲတွေဝေမှု မောဟများပင် ဖြစ်ပေါ်လာသည်ဆိုလျှင် ဉာဏ်ပညာကင်းမဲ့ရာ ရောက်ပါသည်။ အသိဉာဏ်ကင်းမဲ့လျှင် အမှားအမှန် ခွဲခြားနိုင်စွမ်းလည်းမရှိတော့ဘဲ ကြံစည်တွေးတောမှုများလည်း တလွဲဖြစ်ကာ နှလုံးသွင်းမှုလည်းမှားပြီး ယုံမှားသံသယလည်း ကြီးလာတော့သည်။ **စာမျက်နှာ ၇ သို့** ❂

# ရခိုင်ပြည်နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၂၄**

ရခိုင်ပြည်နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၈/၂၀၂၁)ကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် လူမှုရေးအသင်းအဖွဲ့ရှစ်ဖွဲ့ကို တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၂၀ စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး၊ အရေးပေါ်တုံ့ပြန်ရေးကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး၊ အရေးပေါ်တုံ့ပြန်ရေးကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲမြင့်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ထို့နောက် တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ၊ နှီးနွှယ်အသင်းအဖွဲ့များ ပူးပေါင်းပါဝင်ကူညီနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က အမှာစကားများပြောကြားကြပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ်အတွင်းရှိ ကျန်းမာရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် တွေ့ဆုံ

**ဘားအံ ဇူလိုင် ၂၄**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ကျန်းမာရေးဆိုင်ရာ အသင်းအဖွဲ့များတွေ့ဆုံသည့် အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂) ၌ ပြုလုပ်သည်။

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးက ကရင်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ဆေးရုံများ၊ စင်တာများတွင် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေပြီး လူသားအရင်းအမြစ်များ လိုအပ်လျက်ရှိကြောင်း၊ လိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သော်လည်း လူသားအရင်းအမြစ်ကိုဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆရာဝန်အသင်း၊ သူနာပြု/ သားဖွားအသင်းနှင့် ကျန်းမာရေးမှူးအသင်းတို့မှ အသင်းဝင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ကုသရေးလုပ်ငန်းများတွင် ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးမှူးများ၏ အင်အားကို လိုအပ်လျက်ရှိသည့်အတွက် ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးကြရန် ပြောကြားသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❂ စာမျက်နှာ ၆ မှ

ဒါနပြုသည့်အခိုက် လိုချင်တပ်မက်သည့်စိတ် မဖြစ်မိစေရန် သတိထားသင့်ပါသည်။ သတိလေးကပ်၍ လောဘစိတ်လေးကင်းစင်အောင် နေသင့်ပါသည်။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ ဖြစ်သွားတတ်သည်ကို သတိချပ်ရမည်။ အမှုမဲ့အမှတ်မဲ့ ပေါ်လာတတ်သည့်ဒေါသကို ချိုးနှိမ်ထားရမည့်အပြင် ပညာတည်းဟူသော အမောဟတရားကိုသာ မိမိစိတ်ဝယ် မယိမ်းမယိုင် ထားရှိအပ်ပါသည်။

**သူများကုသိုလ်က ကိုယ့်အကုသိုလ်ဖြစ်တတ်သည်။ နှလုံးသွင်းမှန်ပါလေ။**

လှူဒါန်းသူက စွန့်လွှတ်စိတ်ဖြင့် မေတ္တာတရားကြီးမားစွာဖြင့် လှူဒါန်းလိုက်သည့် အလှူတစ်ခု၊ ကုသိုလ်တစ်ခုအပေါ် မိမိတို့ကလည်း ဝမ်းမြောက်စွာဖြင့် သာဓုအနုမောဒနာ ခေါ်ဆိုထိုက်ပါသည်။ သူများကုသိုလ်က မိမိကိုယ်မိမိအကုသိုလ်ဖြစ်သွားနိုင်သည်ကို အထူးသတိပြု ဆင်ခြင်ရပါမည်။

တစ်ပါးသူလှူဒါန်းမှုအပေါ် မနာလိုဝန်တိုမှုဟူသော “ဣဿာ မစ္ဆရိယ” မပွားအပ်ပါ။ မနာလိုဝန်တိုမှု စေတသိက်များသည် ဒေါသမူလအခြေခံသောကြောင့် အမုန်းနှင့် အာဃာတဟူသည့် အကုသိုလ်တရားဆိုးများကိုသာ တိုးပွားစေအောင် ပြုပေးတတ်ပါသည်။ တစ်ပါးသူလှူဒါန်းမှုအပေါ် မနာလိုဝန်တိုမှုဖြစ်ခြင်းသည် အဆိပ်ပင်ရေလောင်းသကဲ့သို့ ဖြစ်ချေသည်။ မိမိ၏စိတ်ထားယုတ်ညံ့မှုကို ပြသရာလည်း ရောက်သွားသည်ကို သတိပြုစေချင်သည်။

တစ်ခါတလေမှာ သူတစ်ပါး ပေးလှူနေသည့် အလှူသည် အကျိုးမရှိဘူးဟု ဖောက်ဖောက်ပြန်ပြန်မြင်နေခြင်းလည်း ရှိတတ်သည်။ “မိစ္ဆာဒိဋ္ဌိ” ဖြစ်နေသော အကုသိုလ်မနောကံတစ်ခုပင်ဖြစ်၍ ကြောက်စရာကောင်းပြီး အပါယ်သို့ လားစေပါသည်။ ထိုသို့ ဖောက်ဖောက်ပြန်ပြန် မြင်နေခြင်းသည် မိမိကိုယ်တိုင်ရော အလှူခံပုဂ္ဂိုလ်နှင့် အလှူခံပစ္စည်းအပေါ်မှာပါ “ငါ့ဟာ ငါ့ပစ္စည်း ငါ” ဟူ၍ စွဲနေခြင်း၊ “မမြဲ အနိစ္စ၊ အစိုးမရ အနတ္တ” ဟု မမှတ်နိုင်ခြင်းကြောင့်ပင် ဖြစ်ရသည်ကို နှလုံးသွင်း ဆင်ခြင်သင့်ပါသည်။

**မဂ်ဖိုလ် နိဗ္ဗာန်အကြောင်းတရားများဖြစ်ပါစေ**

ယခုလိုကာလမျိုးသည် စေတနာဖြင့်ပေးလှူလိုက်သော ဒါန၊ အကုသိုလ်မဖြစ်မိစေရန် ထိန်းသိမ်းရသော သီလနှင့် မိမိကုသိုလ်များကို အစဉ်တိုးပွားစေမည့် ဘာဝနာကုသိုလ်များကို ပို၍အားထုတ်သင့်သည့်ကာလဖြစ်သည်။ ဒါနရှင်များနှင့်အတူ ၎င်းတို့၏ ဒါနကောင်းမှုများကို တွေ့မြင်ရခြင်းကပင် သောကဆင်းရဲမှုများကြားမှ ကြည်နူးဝမ်းသာ စိတ်ချမ်းသာစရာများစွာကို ရရှိစေသည့်အတွက် ကျေးဇူးလည်းတင် “သာဓု သာဓု သာဓု” ဟူ၍လည်း အကြိမ်ကြိမ် ခေါ်မိပါသည်။

အကောင်းဆုံးတွေကို အများအတွက် လုပ်ခဲ့ကြသည့် ကုသိုလ်ရှင်အပေါင်းသည် ယခုပစ္စုပ္ပန်ဘဝမှာရော နောင်ဘဝများတွင်ပါ ပျော်ရွှင်ကြည်နူးမှုများနှင့်ထပ်တူ ကောင်းကျိုးချမ်းသာများကို ခံစားရမည်ဖြစ်သည့်အပြင် နိဗ္ဗာန်မရမီစပ်ကြား အပါယ်ဘုံဘဝများနှင့်လည်း အလှမ်းဝေးသွားမည်မှာ သေချာနေသည့်အတွက် ဒါနဟူသော ရိက္ခာထုပ်နှင့်အတူ မဂ်ဖိုလ်နိဗ္ဗာန်၏အကြောင်းတရားများဖြစ်ပါစေကြောင်း၊ မိမိတို့နှလုံးသားဝယ် ဗြဟ္မစိုရ်တရားများနှင့်အတူ ယှဉ်တွဲနေသည့် ကုသိုလ်ဒါနစိတ်များ အစဉ်တိုးပွားဝေစည်နိုင်ကြပါစေကြောင်း အားလုံးကိုစေတနာသဒ္ဒါတရားထက်သန်စွာဖြင့် ဆန္ဒပြုလိုက်ရပါသည်။ ။

# ဗီရီယွန်အမှုန်ပိုးမွှားလေးနှင့် ယှဉ်တွဲနေထိုင်ခြင်း

သူရိန်ဘော်

ကမ္ဘာကြီးကို ဒုက္ခတွေအပြုလိုက်ပေးနေတဲ့ ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ် – ၁၉) ကြောင့် ကမ္ဘာ့လူဦးရေ ၁၈၉ သန်းလောက် ကူးစက်ခံနေရပါတယ်။ နေ့စဉ်စာရင်းဇယားတွေအရ လေးသန်းကျော် သေဆုံးခဲ့ကြရပါတယ်။

အသေးငယ်ဆုံးအမှုန်တွေကို တိုင်းတာရာမှာ နာနိုမီတာနဲ့ တိုင်းတာကြပါတယ်။ တစ်မီတာရဲ့ သန်းတစ်ထောင်ပုံတစ်ပုံကို တစ်နာနိုမီတာလို့ ခေါ်ပါတယ်။ ကိုဗစ် – ၁၉ ရဲ့အရွယ်က ၉၀ နာနိုမီတာရှိပါတယ်။ သူ့ကို ဗီရီယွန်အရွယ်အစားလို့ သတ်မှတ်ပါတယ်။ အဲဒီဗီရီယွန်အမှုန်ပိုးမွှားလေးတွေက လူ့ကိုယ်အတွင်းမှာရှိတဲ့ အဆုတ်ထဲက ဆဲလ်ရဲ့ပမာဏအားဖြင့် တစ်သန်းပုံတစ်ပုံပဲရှိတာပါ။ ဒါပေမဲ့ အဆုတ်တစ်ခုလုံးကို ပွားများချုပ်ကိုင်ပြီး နှိပ်စက်မှုကတော့ အံ့မခန်းပါပဲ။ ဝူဟန်မြို့က စလိုက်တဲ့ ကိုရိုနာဗိုင်းရပ်စ်ကနေ မျိုးရိုးဗီဇတွေ ထပ်ပြောင်းပြီး ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းစသည်ဖြင့် လူတွေကို အစုလိုက်အပြုံလိုက် ကူးစက်စေတော့တာပဲ မဟုတ်ပါလား။

တစ်ကမ္ဘာလုံးနဲ့ အိမ်နီးချင်းနိုင်ငံတွေမှာပါ ကိုဗစ်ဒဏ်ကို ခံစားနေကြရသလို မိမိတို့နိုင်ငံမှာလည်း ပြည်သူတွေ မနည်းကြွံ့ကြွံ့ခံ ခုခံနေကြရပါတယ်။ ရောဂါပိုးတိုက်ခိုက်မှုတွေကြောင့် အနံ့မရတော့တဲ့လူနာ၊ အဖျားငွေ့ငွေ့နဲ့ ကိုယ်လက်မအီမသာဖြစ်တဲ့လူနာကနေ ပြင်းထန်တဲ့အဆုတ်ရောင်ဝေဒနာကိုခံစားရပြီး အသက်တစ်ခါရှူဖို့အရေးခက်ခက်ခဲခဲနဲ့ ဖြတ်သန်းနေကြရတဲ့လူနာတွေလည်း အများကြီးမြင်တွေ့ရပါတယ်။ CDM လှုပ်ရှားမှုတွေနဲ့ တိုင်းပြည်ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍမှာ ဆရာဝန်အင်အားက နည်းပါးရတဲ့အထဲ ဆေးရုံတွေမှာ ကိုဗစ်လူနာတွေ များပြားနေတာကြောင့် နိုင်ငံတော်က ရသမျှနည်းလမ်းတွေ အသုံးပြုပြီး ကိုဗစ်ကုသရေးစင်တာတွေကို ကြိုးစားဖွင့်လှစ်နေတာ၊ အောက်ဆီဂျင်ဘူးတွေ ရနိုင်သလောက် ဖြည့်တင်းနေတာတွေကိုလည်း မြင်တွေ့ရပါတယ်။

နိုင်ငံပိုင်မီဒီယာတွေမှာ ကိုဗစ်နဲ့ပတ်သက်ပြီး ကာကွယ်နိုင်မယ့်နည်းလမ်းတွေ၊ သတိပေးချက်တွေ၊ ထုတ်ပြန်ချက်တွေနဲ့ ကိုဗစ်တွေ့ရှိမှုစာရင်းဇယားတွေကို နေ့စဉ်နဲ့အမျှ ထုတ်ပြန်သတိပေးနေတာကို မြင်တွေ့ရပါတယ်။

**နိုင်ငံတကာကစာရင်းဇယားတွေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်တဲ့အချက်အလက်တွေအရ ကာကွယ်ဆေးထိုးမှုဖြန့်ကြက်အောင်မြင်တဲ့နိုင်ငံအများစုမှာ သေဆုံးမှုနှုန်းနည်းပြီး ကာကွယ်ဆေးထိုးမှုအားနည်းတဲ့နိုင်ငံတွေက အသေအဆုံးပိုမိုများပြားနေတာကိုလည်း မြင်တွေ့ရပါတယ်။ ပညာရှင်တွေရဲ့ သတိပေးချက်တွေအရ ကာကွယ်ဆေးထိုးနှံထားသူတွေက ဆေးမထိုးသူတွေထက်ပိုပြီး ရောဂါကိုခံနိုင်ရည်ရှိတယ်ဆိုတာကတော့ အသေအချာပဲဖြစ်ပါတယ်။**

**အိုင်ဗိုလေးရှင်းနဲ့ကျော်ဖြတ်မယ်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေ ကိုဗစ်တတိယလှိုင်းအတွက် ကာကွယ်တားဆီးဖို့ ကြေညာချက်တွေ ထုတ်ပြန်ထားပါတယ်။ အဲဒီအရာတွေကို တိတိကျကျလိုက်နာဖို့က အထူးအရေးကြီးပါတယ်။ ကပ်ရောဂါတွေဟာ တောမီးလောင်ကျွမ်းတာနဲ့ အလားတူပါတယ်။ အချိန်အမြန်ဆုံးမီးငြိမ်းသတ်နိုင်မှ အပျက်အစီး၊ အလေအလွင့် နည်းပါးမှာဖြစ်ပြီး မီးကိုထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် သတ်မှတ်သတိပေးထားတဲ့ ကြေညာချက်၊ လမ်းညွှန်ချက်တွေကို လိုက်နာကြဖို့ သင့်ပါတယ်။ အဲဒီအထဲမှာ သီးခြားခွဲထားခြင်းကတော့ အခုလိုကိုဗစ်ပိုးရှိသူ များပြားတဲ့ကာလမှာ အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။

**ကိုဗစ်ကူးစက်ခံရသူတွေအနက် ၁၅ ရာခိုင်နှုန်းလောက်ကသာ ဆေးရုံမှာ စောင့်ရှောက်ကုသဖို့လိုအပ်ပြီး အဲဒီထဲကမှ ငါးရာခိုင်နှုန်းလောက်ကသာ အထူးကြပ်မတ်ခန်းတွေမှာ လိုအပ်တာတွေဖြည့်ဆည်းကုသပေးဖို့ လိုအပ်တာဖြစ်ပါတယ်။ ကျန်တဲ့ ကိုယ်ခံအားကောင်းမွန်ပြီး ရောဂါအခံမရှိသူတွေအတွက်က အာဟာရပြည့်အောင် စားသုံးပြီး ကိုယ်ခံစွမ်းအားမြှင့်တင်ရုံနဲ့ ကိုဗစ်ကို အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်ပါတယ်။ အဲဒီနေရာမှာ မိမိကိုယ်တိုင်၊ မိသားစုဝင်တွေမှာ ကိုဗစ်သံသယရှိစရာ ချောင်းဆိုးမယ်၊ ဖျားနာမယ်၊ ကိုယ်လက်မအီမသာကိုက်ခဲမယ်၊ လည်ချောင်းနာမယ်၊ ပင်ပန်းနွမ်းနယ်မယ်၊ နှာချေပြီး ခေါင်းကိုက်မယ်၊ မျက်စိတွေနီမြန်းပြီး တုပ်ကွေးဆန်တဲ့ ဝေဒနာမျိုးတွေ ခံစားရမယ်ဆိုရင် လူတွေနဲ့ ထိစပ်မှုမရှိအောင် နေထိုင်ပြီး ရောဂါထိန်းချုပ်ကြဖို့ လိုအပ်တာကို သတိပြုစေလိုပါတယ်။**

> **ကိုဗစ်ကူးစက်ခံရသူတွေအနက် ၁၅ ရာခိုင်နှုန်းလောက်ကသာ ဆေးရုံမှာ စောင့်ရှောက်ကုသဖို့လိုအပ်ပြီး အဲဒီထဲကမှ ငါးရာခိုင်နှုန်းလောက်ကသာ အထူးကြပ်မတ်ခန်းတွေမှာ လိုအပ်တာတွေဖြည့်ဆည်းကုသပေးဖို့ လိုအပ်တာဖြစ်ပါတယ်။ ကျန်တဲ့ကိုယ်ခံအားကောင်းမွန်ပြီး ရောဂါအခံမရှိသူတွေအတွက်က အာဟာရပြည့်အောင်စားသုံးပြီး ကိုယ်ခံစွမ်းအားမြှင့်တင်ရုံနဲ့ ကိုဗစ်ကို အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်ပါတယ်။ အဲဒီနေရာမှာ မိမိကိုယ်တိုင်၊ မိသားစုဝင်တွေမှာ ကိုဗစ်သံသယရှိစရာ ချောင်းဆိုးမယ်၊ ဖျားနာမယ်၊ ကိုယ်လက်မအီမသာကိုက်ခဲမယ်၊ လည်ချောင်းနာမယ်၊ ပင်ပန်းနွမ်းနယ်မယ်၊ နှာချေပြီး ခေါင်းကိုက်မယ်၊ မျက်စိတွေ နီမြန်းပြီး တုပ်ကွေးဆန်တဲ့ဝေဒနာမျိုးတွေ ခံစားရမယ်ဆိုရင် လူတွေနဲ့ထိစပ်မှုမရှိအောင် နေထိုင်ပြီး ရောဂါထိန်းချုပ်ကြဖို့ လိုအပ်တာကို သတိပြုစေလို။**

မိသားစုဝင်ချင်း၊ အိမ်နီးနားချင်းနဲ့ မိမိလုပ်ဖော်ကိုင်ဖက်တွေဆီကို ရောဂါမဖြန့်ဝေမိစေဖို့အတွက် သီးခြားနေထိုင်တဲ့အမူအကျင့် Isolation ကို မဖြစ်မနေကျင့်သုံးရမှာ ဖြစ်ပါတယ်။ နေထိုင်စဉ်မှာလည်း တစ်ဦးတည်းနေထိုင်ရတဲ့အတွက် ရောဂါအပေါ် ကြောက်စိတ်ပေါ်ပေါက်တာ၊ အဆက်အသွယ်ပြတ်တောက်တဲ့အတွက် ပျင်းရိငြီးငွေ့တာ၊ စိတ်ညစ်ညူးတာနဲ့ စိတ်ပိုင်းဆိုင်ရာသက်ရောက်မှု (Cabin Fever) ရရှိတတ်တာကိုလည်း သတိပြုဖို့လိုပါတယ်။ ဒါကို Quarantine Claustophobia လို့ခေါ်ပါတယ်။ အဲဒီလိုမဖြစ်စေဖို့အတွက် ဘာသာရေးလုပ်ဆောင်တာဖြစ်ဖြစ်၊ ဝါသနာပါတဲ့လက်မှုပညာတစ်ခုခုကိုဖြစ်ဖြစ်၊ တရားထိုင်၊ စာဖတ်၊ စာရေးတာဖြစ်ဖြစ်နဲ့ ပေါ့ပေါ့ပါးပါး ကိုယ်လက်လှုပ်ရှားတာမျိုးတွေနဲ့ အာရုံလွှဲပြောင်းပြီး မိမိစိတ်ကို အေးချမ်းအောင်နေထိုင်ခြင်းကနေ သွေးတွင်းအောက်ဆီဂျင်ပြည့်ဝစေရုံသာမက ရောဂါဝေဒနာကိုလည်း အထိုက်အလျောက် လျော့ပါးသက်သာစေမှာ ဖြစ်ပါတယ်။

**မှန်ကန်တဲ့ကုသမှုခံယူ**

၂၀၁၉ ကောလ်စင်တာလိုမျိုး အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုကို အွန်လိုင်း ဒါမှမဟုတ် ဖုန်းကနေတစ်ဆင့် ရယူနိုင်တာကို သိရှိပြီး အချိန်မီဆက်သွယ်အကူအညီတောင်းခံကြဖို့လည်း လိုအပ်ပါတယ်။ မိမိသဘောနဲ့မိမိ ဆေးသောက်တာကနေ ဆိုးကျိုးတွေရရှိစေတတ်သလို ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ဓာတ်တွေကို ပိုလျှံတဲ့အထိ သောက်သုံးမိရာကနေလည်း ဆေးကြောင့်လေးတတ်တာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ အွန်လိုင်းကနေ ပေါ်ထွက်လာတဲ့ ဆေးနည်းမျိုးစုံဟာ တကယ်တမ်းရောဂါခံစားရတဲ့အချိန်မှာ အသုံးတည့်ဖို့ ခက်ခဲတာကိုလည်း သတိပြုပြီး ကျန်းမာရေးနည်းစနစ်အမှန်တွေကို လေ့လာကြည့်ရှုကြဖို့ လိုအပ်ပါတယ်။

ဥပမာအားဖြင့် ဗီတာမင်ဒီအတွက် ဖြည့်စွက်ဆေးတွေကို များများသောက်သုံးမိရင်၊ ဇင့်ဓာတ်အတွက် မလိုအပ်ဘဲ ဆေးဝါးတွေသောက်သုံးမိရင် ဆေးဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်တာ၊ ဝမ်းပျက်ဝမ်းလျှောဖြစ်တာမျိုးလည်း ကြုံတွေ့ရသလို ဗီတာမင်စီဓာတ် ပိုလျှံတဲ့အခါ ကျောက်ကပ်လုပ်ဆောင်ချက်တွေကို ထိခိုက်စေနိုင်တာမျိုးကိုလည်း သတိပြုဖို့လိုအပ်ပါတယ်။ အောက်ဆီဂျင်လိုအပ်တဲ့ပမာဏထက် ပိုမိုတဲ့အတွက် အဆိပ်သင့်တာနဲ့ သန့်ရှင်းတဲ့အောက်ဆီဂျင်မဟုတ်ဘဲ ထည့်လာတဲ့အိုးတွေ မသန့်ရှင်းတာ၊ အသုံးပြုတဲ့ ဆက်စပ်ပစ္စည်းသန့်ရှင်းမှုမရှိတာတွေကြောင့်လည်း အန္တရာယ်ရှိနိုင်ပါတယ်။ ဒါကြောင့် ကျွမ်းကျင်တဲ့ဆရာဝန်တွေထံကို ဆက်သွယ်အကူအညီတောင်းတာ၊ အဝေးရောက်ဆေးကုသမှု အကြံဉာဏ်ယူတာမျိုးတွေကို မပြတ်လုပ်ဆောင်သင့်ပါတယ်။

**ပြည်သူ့ကျန်းမာရေးစနစ်ကို တိတိကျကျပူးပေါင်းပါဝင်ပါ**

ထို့အတူ မှန်ကန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုကိုရရှိစေဖို့ ကျန်းမာရေးဌာနတွေရဲ့ လမ်းညွှန်ချက်တွေကို တိတိကျကျလိုက်နာဖို့ လိုအပ်ပါတယ်။ မည်သူမဆို ကိုဗစ်လက္ခဏာတွေ ပေါ်ပေါက်လာပြီ၊ ဒါမှမဟုတ် ဝေဒနာရှင်နဲ့ နီးနီးကပ်ကပ်ထိစပ်မှုရှိထားပြီဆိုတာနဲ့ မိမိနေထိုင်တဲ့ ဒေသန္တရကျန်းမာရေးဌာနတွေဆီကို အကြောင်းကြားဖို့ လိုအပ်ပါတယ်။ ဒါမှလည်း ကျန်းမာရေးဘက်က ဆောင်ရွက်သင့်တာတွေကို ကြိုတင်ပြင်ဆင်ဖို့ လွယ်ကူမှာဖြစ်ပါတယ်။ အခုရက်ပိုင်းအတွင်း ဆေးရုံတွေဆီ အရေးပေါ်အခြေအနေကျမှ ပြေးကြတဲ့အခါ အချိန်လွန်သွားတာ၊ လူနာအရေအတွက်များပြားမှုကြောင့် အသက်မမီတာမျိုးကိုလည်း မကြာခဏတွေ့ရှိနေကြရပါတယ်။ ဒါတွေဟာ လူနာနဲ့ လူနာရှင်ဘက်က ကြိုတင်ပြင်ဆင်မှုအားနည်းခဲ့ရခြင်းရဲ့ အကျိုးဆက်တစ်ခုလည်း ဖြစ်ပါတယ်။

ရောဂါသံသယရှိတာနဲ့ သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဌာနတွေကို မဖြစ်မနေဆက်သွယ်ထားရမှာဖြစ်ပါတယ်။ အဲဒီကနေ ဓာတ်ခွဲစမ်းသပ်မှုတွေကို ကျန်းမာရေးက ဆက်သွယ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ မိမိကိုယ်တိုင်ခံစားရတဲ့အတွေ့အကြုံအရကတော့ ကျန်းမာရေးဌာနကို သတင်းပို့ပြီးတာနဲ့ တစ်ရက်အတွင်း လူနာတင်ကားစေလွှတ်ပြီး ရောဂါဓာတ်ခွဲစမ်းသပ်ခွင့်ရရှိပါတယ်။ အဖြေသိရှိရပြီး ရောဂါပိုးတွေ့ရှိရင် စင်တာတွေထံ စေလွှတ်ပါတယ်။ ထိတွေ့ဆက်စပ်သူတွေကတော့ ကွာရန်တင်းစင်တာတွေမှာ နေထိုင်သူရှိသလို မိမိနေအိမ်မှာပဲ အသွားအလာကန့်သတ်စောင့်ကြည့်ရတာမျိုးရှိပါတယ်။ အရေးပေါ်ပြင်းထန်ကိုဗစ်လက္ခဏာခံစားနေရသူတွေကတော့ နီးစပ်ရာကျန်းမာရေးဌာနတွေက လက်ခံကုသပေးပါတယ်။ ဒါကြောင့် အချိန်မလွန်ခင် ကုသရေးနည်းလမ်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ရမယ့်ကိစ္စတွေကို ပြင်ဆင်လေ့လာထားသင့်ပါတယ်။

**မိမိကိုယ်မိမိ သံသယရှိလာပြီဆိုတာနဲ့ တစ်ဦးချင်းတစ်ယောက်ချင်းက တာဝန်သိသိနဲ့ သတိထားနေထိုင်ဖို့ လိုအပ်သလို ရောဂါနဲ့ထိစပ်မှုရှိသူတွေနဲ့ အတူယှဉ်တွဲ တစ်အိမ်တည်းနေကြရသူတွေအဖို့ မျက်စိ၊ ပါးစပ်နဲ့နှာခေါင်းအတွင်း ရောဂါမဝင်ရောက်စေရေး အထူးဂရုပြုကြရမှာ ဖြစ်ပါတယ်။ အခုနောက်ပိုင်း လူမှုကွန်ရက်မှာ သေဆုံးသူမိသားစုဝင်တွေ၊ ရောဂါပြင်းထန်တဲ့မိသားစုဝင်တွေကို ပြုစုလုပ်ကိုင်ပေးနေရသူတွေအများစုက ရောဂါကူးစက်ခံနေရပြီး အဲဒါကို ကျန်းမာရေးအသိအမြင်နဲ့ ထိန်းချုပ်မှုအားနည်းနေတာကိုလည်း မြင်တွေ့ရပါတယ်။ မိမိကိုယ်တွင်းထဲက ကိုဗစ်ပိုးသည် မည်သူ့ထံမျှ ထပ်မံမရောက်ရှိစေရဆိုတဲ့ စိတ်ဓာတ်ခွန်အားမျိုး ထည့်သွင်းခြင်းကနေ လူမှုအသိုက်အဝန်းကို တစ်တပ်တစ်အား ကယ်တင်ပေးဖို့လိုအပ်ပါတယ်။**

စာမျက်နှာ ၉ သို့ ❄

> **ကာကွယ်ဆေးထိုးနှံထားသူတွေကလည်း ကိုဗစ်ရဲ့ကူးစက်မှုကို ရှောင်လွှဲလို့မရပါဘူး။ သို့သော် ရာခိုင်နှုန်းအတော်များများ ပိုးရဲ့တိုက်ခိုက်မှုကို ကျော်လွှားဖြတ်သန်းနိုင်ကြပါတယ်။ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းတွေ နိုင်ငံတော်က စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ချိန်မှာ ကာကွယ်ဆေးမထိုးဖို့ အဖျက်လုပ်ရပ်လုပ်ကြသူအပေါင်းတို့လည်း လက်ရှိကြုံတွေ့နေရတဲ့ ကိုဗစ်တတိယလှိုင်းကို မြင်ယောင်ရင်း ရှေ့ဆက်မယ့်ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းဆောင်ရွက်သွားကြလိမ့်မယ်လို့ မျှော်လင့်ရင်း . . .**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများအား ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ရုံးပိတ်ရက်များတွင် တင်သွင်းခွင့်ပြုပေးမည်ဖြစ်





**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံတော်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသည့် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ရုံးပိတ်ရက်များတွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးမည်ဖြစ်ပြီး အဆိုပါရက်များတွင် ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်) တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုများကိုလည်း ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဇူလိုင် ၂၄ ရက်စွဲဖြင့် အသိပေးကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**အဆက်မပြတ်တင်သွင်းခွင့်ပြုလျက်ရှိ**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပင်လယ်ရေကြောင်းဆိပ်ကမ်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ ချင်းရွှေဟော်၊ ကော့သောင်းတို့မှ အဆက်မပြတ်တင်သွင်းခွင့်ပြုလျက်ရှိသည်။

ဇူလိုင် ၂၄ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၂၇၁၉ လုံး အပါအဝင် မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ ချင်းရွှေဟော်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser ယာဉ်တစ်စီးဖြင့်) တန် ၂၀ ၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) တန် ၁၂၀ ၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၂၈၁၅ ခု၊ နှာခေါင်းစည်း(Mask) ၁၈ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၂၅ ခုမှ ယာဉ်စီးရေ ၃၈ စီးဖြင့် တင်သွင်းလာခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် နိုင်ငံတော်မှ ရောဂါထိန်းချုပ်မှုအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် ဇူလိုင် ၁၂ ရက်မှ ဇူလိုင် ၂၄ ရက်အထိ မော်တော်ယာဉ် ၃၈၈ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser ယာဉ်ဖြင့်) ၄၇၅ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၃၈၉ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၆၃ တန်၊ အိမ်သုံး အောက်ဆီဂျင်စက် ၂၈၀၉၂ ခု၊ Test Kit ၁၉၈၅၇၅ ခု၊ နှာခေါင်းစည်း(Mask) ၆၃၅ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

**စီစဉ်ဆောင်ရွက်ပေးထား**

ကိုဗစ် – ၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person)များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

❄ စာမျက်နှာ ၈ မှ

**အကုသိုလ်နည်းနိုင်သမျှနည်းအောင်**

ပူလောင်မှုဒေါသနဲ့ကြုံလာတဲ့အခါ နှလုံးခုန်နှုန်းတွေမြန်လာတာ၊ ကယ်လိုရီတွေ လောင်ကျွမ်းပြီး ဦးနှောက်နဲ့နှလုံးတို့ မြန်မြန်သွက်သွက်အလုပ်လုပ်ကြရပါတယ်။ စိတ်မြန်လက်မြန်နဲ့ လှုပ်ရှားမှုများပြားသူတွေဟာလည်း လောင်စာအဖြစ် သွေးတွင်းအောက်ဆီဂျင် အကျမြန်စေတဲ့အတွက် ကိုဗစ်နဲ့ကြုံနေရသူအပေါင်းက စိတ်တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်ပွားများတတ်အောင် လေ့ကျင့်ထားကြဖို့လိုအပ်ပါတယ်။ သို့မှသာ မှန်ကန်တဲ့ဆုံးဖြတ်ချက်တွေ ချမှတ်ရာ၊ ဆေးကုသမှုခံယူရာတွေမှာ ပိုမိုလွယ်ကူနိုင်သလို အောက်ဆီဂျင်ကို ခန္ဓာကိုယ်က လိုအပ်ချက်ကိုလည်း အထိုက်အလျောက်လျော့ပါးစေမှာ ဖြစ်ပါတယ်။ သွေးတွင်းအောက်ဆီဂျင်လိုအပ်ချက်တွေကို ကျန်းမာရေးတာဝန်ရှိသူတွေရဲ့ ပညာပေးနည်းလမ်းတွေအတိုင်း လိုက်နာထိန်းညှိကြရင်း ကြံ့ကြံ့ခံကျော်ဖြတ်နိုင်ကြဖို့ ကြိုးစားရမှာဖြစ်ပါတယ်။

**ကာကွယ်ဆေး ထိုးနှံထားသူတွေကလည်း ကိုဗစ်ရဲ့ကူးစက်မှုကို ရှောင်လွှဲလို့မရပါဘူး။ သို့သော် ရာခိုင်နှုန်းအတော်များများ ပိုးရဲ့တိုက်ခိုက်မှုကို ကျော်လွှားဖြတ်သန်းနိုင်ကြပါတယ်။ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းတွေ နိုင်ငံတော်က စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ချိန်မှာ ကာကွယ်ဆေးမထိုးဖို့ အဖျက်လုပ်ရပ်လုပ်ကြသူအပေါင်းတို့လည်း လက်ရှိကြုံတွေ့နေရတဲ့ ကိုဗစ်တတိယလှိုင်းကို မြင်ယောင်ရင်း ရှေ့ဆက်မယ့်ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းဆောင်ရွက်သွားကြလိမ့်မယ်လို့ မျှော်လင့်ရင်း ကိုဗစ်-၁၉ ကို ကြံ့ကြံ့ခံနိုင်ရည်ရှိအောင် ကြိုးစားဖြတ်ကျော်ကြဖို့ မျှော်လင့်မိပါကြောင်း။ ။**

# အိန္ဒိယနိုင်ငံ၏ Khalsa Aid India ဆစ်ခ်လူမှုအဖွဲ့အစည်းက လှူဒါန်းသည့် Oxygen Concentrator အလုံး ၅၀ ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လွှဲပြောင်းလက်ခံ

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အစီအမံများတွင် အသုံးပြုနိုင်ရန် ရည်ရွယ်လျက် Oxygen Concentrator အလုံး ၅၀ ကို အိန္ဒိယနိုင်ငံမှ Khalsa Aid India ဆစ်ခ်လူမှုအဖွဲ့အစည်းက ဇူလိုင် ၂၀ ရက်တွင် အိန္ဒိယနိုင်ငံရှိမြန်မာသံရုံးသို့ လာရောက်လှူဒါန်းခဲ့ပြီး မြန်မာသံအမတ်ကြီးက လက်ခံခဲ့သည်။

အဆိုပါ Oxygen Concentrators အလုံး ၅၀ ကို ယနေ့တွင် နယူးဒေလီမြို့ မြန်မာသံရုံးမှ မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက လွှဲပြောင်းလက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေး

**ကျိုက်ထို ဇူလိုင် ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သဘာဝ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သောကျေးရွာများ ပေါ်ထွက်လာစေရန်နှင့် ကျေးရွာလူနေမှုဘဝများ အဆင့်မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ ကျိုက်ထိုမြို့နယ်တွင် အစိမ်းရောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေး ဆောင်ရွက်ရန် လျာထားသည့် ကျေးရွာရှစ်ရွာ အနက် ကွင်းကလေးကျေးရွာ၊ တောင်ကလေးကျေးရွာ၊ အင်းဝကျေးရွာနှင့် ကမ်းနီကျေးရွာတို့တွင် အစိမ်းရောင် ကျေးလက်ဖွံ့ဖြိုးရေးအသိပညာပေးသင်တန်းနှင့် ကျေးရွာအဆင့် ခေါင်းဆောင်မှု သင်တန်းကို ဇူလိုင်လ တတိယပတ်တွင် အဆိုပါကျေးရွာများ၌ ကျင်းပခဲ့သည်။

သင်တန်းတွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကဏ္ဍအလိုက် ဆွေးနွေးပို့ချခဲ့ပြီး အသိပညာပေးသင်တန်းသို့ သင်တန်းသား ၂၀၊ သင်တန်းသူ ၁၀ ဦး စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကာ တက်ရောက်သည့် သင်တန်းသားများကိုယ်စား ကျေးရွာ ခေါင်းဆောင်များသို့ ကျေးရွာအဆင့် ခေါင်းဆောင်မှု သင်တန်းနည်းပြ လက်စွဲနှင့်မှတ်စုများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကြေးမုံ

■

# လေးစားဂုဏ်ယူမိသော ပရဟိတ

**သိန်းထွန်း (IR)**

### မေတ္တာတရားအခြေခံ

ကိုဗစ် – ၁၉ ကြောင့် အများပြည်သူတွေအကြားမှာ ကပ်ရောဂါကူးစက်မှု တိုက်ရိုက်ခံစားနေကြရတဲ့သူတွေ၊ သွယ်ဝိုက်ပြီး ခံစားရသူတွေများလာတဲ့ အချိန်မှာ အထူးဂုဏ်ယူလေးစားမိနေတာကတော့ ပရဟိတတွေပါပဲ။

ပရဟိတဆိုတဲ့နေရာမှာ တစ်ဦးချင်း တစ်ပိုင်တစ်နိုင်ဆောင်ရွက်ပေးနေတဲ့သူတွေ၊ အဖွဲ့အစည်းနဲ့ဆောင်ရွက်ပေးနေတဲ့သူတွေ စသဖြင့် ပုံစံအမျိုးမျိုးနဲ့ တွေ့ရပါတယ်။ ကိုဗစ် – ၁၉ ကူးစက်မှုကြောင့် စားသောက်ရေးကအစ ကာကွယ်ရေး၊ ကုသရေးတွေအပြင် နာရေးအဆုံး လိုက်ပါကူညီဆောင်ရွက်ပေးနေကြတဲ့ ပရဟိတစိတ်ထားတွေ၊ ပရဟိတကူညီဆောင်ရွက်ပေးနေကြတာတွေဟာ ကိုဗစ်–၁၉ ကြောင့်ဖြစ်လာတဲ့ အကျပ်အတည်း ရင်ဆိုင်ဖြေရှင်းရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပေးလျက်ရှိပါတယ်။

> **ပရဟိတတွေဟာ ကပ်ရောဂါဆိုးကာလမှာ ကြုံတွေ့နေကြရတဲ့ အခက်အခဲအကျပ်အတည်း အမျိုးမျိုးအဖုံဖုံကြားမှာ ကိုယ်ကျိုးမငဲ့ဘဲ ကူညီဆောင်ရွက်ပေးနိုင်တာဟာ ပေးဆပ်ခြင်းသက်သက်သာဖြစ်လို့ အကျိုးမျှော်ကိုးခြင်းမရှိတဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီဖြစ်လို့ ဝိုင်းဝန်းအားပေးကြရမယ့် လူထုအကျိုးပြုလုပ်ငန်းတွေဖြစ်။**

ဒီလိုအကျပ်အတည်းကာလမှာ ပရဟိတလုပ်ပေးဖို့ဆိုတာ တော်ရုံတန်ရုံစိတ်ထားနဲ့တော့ မလွယ်ကူပါဘူး။ ပရဟိတစိတ် ရှိပြန်တော့လည်း စိတ်သွားတိုင်းကိုယ်ပါဖို့ လိုပြန်ပါတယ်။ ပရဟိတကို အဖွဲ့အစည်းတွေနဲ့ လုပ်မယ်ဆိုရင်လည်း ဟန်ချက်ညီညီဖြစ်ဖို့၊ စိတ်တူကိုယ်တူဖြစ်ဖို့၊ အများနဲ့ လိုက်လျောညီထွေ ပြောဆိုဆက်ဆံ လုပ်ကိုင်တတ်ဖို့၊ အနစ်နာခံစိတ်၊ သည်းခံစိတ်စတဲ့ အခြေခံစိတ် သဘောထားတွေက လိုအပ်ပြန်ပါသေးတယ်။ ပရဟိတစိတ်ဟာ ရယူလိုခြင်းထက် ပေးဆပ်လိုခြင်းဆိုတဲ့ မေတ္တာတရားအခြေခံဖြစ်တာမို့ တော်ရုံတန်ရုံစိတ်နဲ့လုပ်ဖို့ဆိုတာ မလွယ်ကူနိုင်ပါဘူး။

### ပရဟိတ

ပရဟိတကို သူတစ်ပါးအကျိုးဆောင်ရွက်ခြင်းလို့ ယေဘုယျနားလည်ထားပါတယ်။ ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသကတော့ "ဟိတ"ဆိုတဲ့ စကားလုံးကို အကျိုးစီးပွားကို ဖြစ်ထွန်းစေတတ်တဲ့ အကြောင်းတရားလို့ ဟောပါတယ်။ အကျိုးကို ပွားစီးစေတတ်တဲ့ အကြောင်းတရားဖြစ်စေတတ်တဲ့ အကြောင်းတရားကို "ဟိတ"ဟုခေါ်ကြောင်း၊ အဲဒီအကြောင်းက ဘာတုံးဆိုရင် အခြေအနေကောင်းတွေပေါ့လို့ အတ္တဟိတနဲ့ ပရဟိတတရားမှာ ဟောထားပါတယ်။ အဲဒီတော့ ပရဟိတဆိုတာက သူတစ်ပါးကောင်းကျိုးကိုဖြစ်စေတဲ့ အကြောင်းတရားတွေကို ဆောင်ရွက်ပေးခြင်းလို့ နားလည်လက်ခံမိပါတယ်။ သူတစ်ပါးအကျိုးဆိုရာမှာ လူတစ်ဦးကို အရက်ဝယ်ပေးတာဟာ သူတစ်ပါးရဲ့ ကောင်းကျိုးကိုလုပ်ဆောင်ခြင်းမဟုတ်လို့ ပရဟိတလို့ မဆိုနိုင်ပါဘူး။ အဲဒါက မကောင်းမှုကိုအားပေးခြင်းပဲဖြစ်ပါတယ်။

**ပရဟိတလို့ဆိုရာမှာ အမှန်တကယ် သူတစ်ပါးကောင်းကျိုးလိုလားလို့ မေတ္တာ၊ စေတနာသက်သက်နဲ့ နှောင်ကြိုးမဲ့ စိတ်ရောကိုယ်ရောကူညီလုပ်ကိုင်ပေးနေသူတွေရှိသလို ပရဟိတအမည်ခံများလည်း ရှိနေတတ်တာ သတိပြုစရာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ကျိုးမငဲ့ဘဲ ကိုဗစ်–၁၉ ကာလမှမဟုတ်ပါဘူး၊ အများပြည်သူအခက်အခဲဖြစ်ချိန်တိုင်းမှာ ကူညီစောင့်ရှောက်နေတဲ့ ပရဟိတဆောင်ရွက်သူများကိုတော့ အထူးပဲ လေးစားဂုဏ်ယူစရာကောင်းသလို ကောင်းမွန်တဲ့လူမှုဝန်းကျင်တည်ဆောက်ရာမှာ လိုအပ်တဲ့စိတ်သဘောထားနဲ့ အလေ့အကျင့်ကောင်းတွေလည်း ဖြစ်ပါတယ်။**

### ဒီမိုကရေစီအလေ့အကျင့်ကောင်း

ပရဟိတလုပ်ငန်းဟာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုနည်းလမ်းတစ်မျိုး ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုဟာ ဒီမိုကရေစီဝန်းကျင် တည်ဆောက်ရာမှာ အရေးပါတဲ့ ဒီမိုကရေစီတန်ဖိုးတစ်ရပ်ပါ။ နိုင်ငံတစ်နိုင်ငံရဲ့ အုပ်ချုပ်ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ကဏ္ဍတွေမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ပြည်သူလူထုနဲ့သက်ဆိုင်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ ပိုမိုထိရောက်စေပြီး အစိုးရ၊ ပြည်သူနဲ့ အစိုးရအဖွဲ့အစည်းတွေအကြား ကောင်းမွန်တဲ့ဆက်ဆံရေးကို တည်ဆောက်နိုင်ပါတယ်။ ဒါကြောင့် ဒီမိုကရက်တစ်အုပ်ချုပ်ရေးတစ်ရပ်ဖြစ်ဖို့အတွက် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုကို အရေးပါတဲ့အစိတ်အပိုင်းတစ်ရပ်အဖြစ်၊ တွန်းအားဖြစ်စေတဲ့ ပုံစံတစ်ရပ်အဖြစ် သတ်မှတ်နိုင်ပါတယ်။ ဒ့ါအပြင် ပြည်သူလူထုပူးပေါင်းပါဝင်လာခြင်းကြောင့် ပြည်သူဗဟိုပြု ဒါမှမဟုတ် လူသားဗဟိုပြုစံနှုန်း အပြောင်းအလဲဆီ ဦးတည်နိုင်ပါတယ်။

ပြည်သူလူထုအကြား ပရဟိတလုပ်ဆောင်သူတွေ များပြားလာခြင်းကြောင့် လက်ငင်းအနေနဲ့ အကျပ်အတည်းဖြစ်နေတဲ့သူတွေကို ထိထိရောက်ရောက်ကူညီစောင့်ရှောက်နိုင်သလို နောက်ဆက်တွဲအနေနဲ့ ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေ ပြုစုပျိုးထောင်ရာလည်း ရောက်ပါတယ်။

### ကိုဗစ်–၁၉ နှင့် ပရဟိတများ

ပရဟိတလုပ်ငန်းတွေဆိုတာ မြန်မာနိုင်ငံမှာသာမကပါဘူး၊ ကမ္ဘာနဲ့အဝှမ်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံဆောင်ရွက်ပေးနေတာပါ။ ပရဟိတဆောင်ရွက်ပေးသူတွေထဲမှာ မာသာထရီဆာဟာ ကမ္ဘာမှာထင်ရှားတဲ့ မေတ္တာရှင်ပရဟိတလုပ်ဆောင်သူပဲ ဖြစ်ပါတယ်။ မာသာထရီဆာဟာ သူ့ရဲ့ ဘဝတစ်ခုလုံးကို မိဘမဲ့ကလေးသူငယ်တွေ၊ အနာကြီးရောဂါသည်တွေ၊ သူဖုန်းစားတွေ၊ အဆိုးရွားဆုံးရောဂါသင့်နေသူတွေ၊ အဆင်းရဲဆုံးသူတွေနဲ့ မေတ္တာမဲ့နေသူတွေကို ကူညီစောင့်ရှောက်တဲ့ ပရဟိတလုပ်ငန်းတွေမှာ မြှုပ်နှံဆောင်ရွက်ခဲ့လို့ ငြိမ်းချမ်းရေးနိုဘယ်ဆု အပါအဝင် အခြားဆုပေါင်းများစွာနဲ့ ဂုဏ်ပြုခံရသူဖြစ်ပါတယ်။

ဒီလိုပဲ မိမိတို့ပတ်ဝန်းကျင်မှာ ကိုဗစ် –၁၉ ကြောင့်ဖြစ်လာတဲ့ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေးအခက်အခဲတွေကို ပရဟိတအသင်းတွေ၊ တစ်ပိုင်တစ်နိုင် ပရဟိတကူညီသူတွေက ကူညီစောင့်ရှောက်နေကြတာကို မြင်တွေ့ရတိုင်း အကြိမ်ကြိမ် သာဓုခေါ်မိပါတယ်။ သက်ကြီးရွယ်အိုတွေ၊ နာမကျန်းသူတွေ၊ ငွေကြေးခက်ခဲနေသူတွေ အပါအဝင် မိမိပတ်ဝန်းကျင်မှာ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို ဒီပရဟိတအဖွဲ့တွေက လူမှုရေးအသိစိတ်၊ တာဝန်ယူလိုစိတ်၊ ကူညီလိုစိတ်တွေနဲ့ လုပ်ဆောင်ပေးလို့ အခက်အခဲတွေ ပြေလည်သွားကြတာကိုလည်း တွေ့မြင်တိုင်း ကြည်နူးမိတာအမှန်ပါပဲ။

**ပရဟိတတွေဟာ ကပ်ရောဂါဆိုးကာလမှာ ကြုံတွေ့နေကြရတဲ့ အခက်အခဲအကျပ်အတည်း အမျိုးမျိုးအဖုံဖုံကြားမှာ ကိုယ်ကျိုးမငဲ့ဘဲ ကူညီဆောင်ရွက်ပေးနိုင်တာဟာ ပေးဆပ်ခြင်းသက်သက်သာဖြစ်လို့ အကျိုးမျှော်ကိုးခြင်းမရှိတဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီဖြစ်လို့ ဝိုင်းဝန်းအားပေးကြရမယ့် လူထုအကျိုးပြုလုပ်ငန်းတွေဖြစ်ပါတယ်။**

### ဝိသမလောဘသားများ

ကိုဗစ် – ၁၉ ကြောင့် လူတိုင်းနီးပါးအခက်အခဲအကျပ်အတည်းတွေနဲ့ နေ့စဉ်ရင်ဆိုင်ဖြေရှင်းနေရစဉ်မှာ နှောင်ကြိုးမဲ့ကူညီစောင့်ရှောက်နေကြတဲ့ ပရဟိတသမားတွေ၊ အသင်းအဖွဲ့တွေ ရှိနေကြသလို လူတွေရဲ့အခက်အခဲအကျပ်အတည်းကို အခွင့်ကောင်းယူအမြတ်ထုတ်နေကြတဲ့ ဝိသမလောဘသမားတွေကိုလည်း နေရာအနှံ့မှာ တွေ့နေရပါတယ်။

**အကျပ်အတည်းကာလမှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံစားကုန်တွေ၊ ကိုဗစ်–၁၉ ကာကွယ်ရေးပစ္စည်းတွေ၊ ဆေးဝါးတွေမှာ ရောင်းလိုအားနဲ့ဝယ်လိုအားမျှလို့ ဈေးနှုန်းတက်နိုင်ပေမယ့် ဖြစ်သင့်တာထက်ပိုတဲ့ မတန်တဆဈေးနှုန်းတွေနဲ့ ရောင်းချနေကြတာ၊ အမြတ်ကြီးစားနေကြတာ၊ ပစ္စည်းလိမ်လည်ရောင်းချနေကြတာ၊ မတန်တဆငွေယူပြီး ဝန်ဆောင်မှုပေးနေကြတာတွေဟာ အတ္တကိုယ်ကျိုးစီးပွားသမားတွေရဲ့ စိတ်ဓာတ်နဲ့လုပ်ရပ်တွေဖြစ်လို့ လက်ခံဖို့ခက်ခဲပါတယ်။**

လူတိုင်းဟာ ဘဝရပ်တည်ရေး၊ တိုးတက်ရေး၊ ချမ်းသာကြွယ်ဝရေးအတွက် စီးပွားရှာကြတာ သဘာဝပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ စီးပွားရှာတဲ့နေရာမှာ အများတကာ ဒုက္ခသုက္ခရောက်နေတာကို အခွင့်ကောင်းယူပြီး မတော်လောဘနဲ့ စီးပွားရှာနေကြတာတွေ တွေ့မြင်နေရတာဟာ ပရဟိတနဲ့ ဆန့်ကျင်ဘက်လားရာတွေပဲ ဖြစ်ပါတယ်။ ဒီလိုလုပ်ရပ်တွေဟာ ကိုယ်ကျိုးအတ္တတစ်ခုတည်းအတွက် အခြားသူတွေရဲ့ အခက်အခဲအကျပ်အတည်းတွေကို ပိုပြီးဒုက္ခရောက်အောင် လုပ်နေသလိုပဲ ဖြစ်ပါတယ်။ ဝိသမလောဘသမားတွေဟာ တစ်နပ်စားဉာဏ်နဲ့ တစ်ဘို့တည်းသမားတွေ ဖြစ်ကြလို့ လူ့ပတ်ဝန်းကျင်ကို ပျက်စီးစေပါတယ်။

### ဘုရားဟော အတ္တဟိတ၊ ပရဟိတ

ပရဟိတနဲ့ပတ်သက်လို့ မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ် (၁၀) ၅–အသုရဝဂ် ၈–အတ္တဟိတသုတ်မှာ အောက်ပါပုဂ္ဂိုလ်လေးမျိုး ထင်ရှားရှိကြောင်း ဟောတော်မူခဲ့ပါတယ်။

၁။ မိမိအကျိုးစီးပွားအလို့ငှာကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှာ မကျင့်သော ပုဂ္ဂိုလ်၊
၂။ သူတစ်ပါး အကျိုးစီးပွားအလို့ငှာ ကျင့်၍ မိမိအကျိုးစီးပွားအလို့ငှာ မကျင့်သော ပုဂ္ဂိုလ်၊
၃။ မိမိအကျိုးစီးပွားအလို့ငှာလည်း မကျင့်၊ သူတစ်ပါးအကျိုးစီးပွားအလို့ငှာလည်း မကျင့်သော ပုဂ္ဂိုလ်၊
၄။ မိမိအကျိုးစီးပွားအလို့ငှာလည်း ကျင့်၊ သူတစ်ပါးအကျိုးစီးပွားအလို့ငှာလည်း ကျင့်သော ပုဂ္ဂိုလ်တို့ဖြစ်ကြောင်း ဟောတော်မူထားပါတယ်။

ဒီနေရာမှာ မိမိ အကျိုးစီးပွားဆောင်ရွက်ခြင်း အတ္တဟိတဆိုရာမှာ ဝိသမလောဘနဲ့ စီးပွားရှာခြင်းကို မဆိုလိုပါဘူး။ မိမိကိုယ်ကို ကောင်းမွန်အောင် ဆောက်တည်ခြင်း ဥပမာ– မိမိကိုယ်ကို ငါးပါးသီလလုံခြုံအောင် ဆောက်တည်ခြင်းဟာ အတ္တဟိတဖြစ်ပြီး သူတစ်ပါးကိုလည်း ငါးပါးသီလလုံအောင် တိုက်တွန်းနှိုးဆော်တာ၊ ကူညီတာကို ပရဟိတလို့ ပါမောက္ခချုပ်ဆရာတော်ကြီးက ဟောပါတယ်။

**မိမိအကျိုးစီးပွားအလို့ငှာလည်းကျင့်၊ သူတစ်ပါး အကျိုးစီးပွားအလို့ငှာလည်းကျင့်သော ပုဂ္ဂိုလ်ကတော့ ထောပတ်ကြည်လို အကောင်းဆုံးလို့ ဟောထားပါတယ်။ မိမိအကျိုးစီးပွားအလို့ငှာလည်း မကျင့်၊ သူတစ်ပါး အကျိုးစီးပွားအလို့ငှာလည်း မကျင့်သောပုဂ္ဂိုလ် အတ္တဟိတ၊ ပရဟိတမရှိတဲ့သူဟာ သူကောင်ဖုတ် ထင်းမီးစနဲ့တူကြောင်း ဆဝိလာတသုတ်မှာ ဟောထားပါတယ်။ ဆန်ကုန်မြေလေးလို့ ဆိုပါတယ်။ အဲဒီ ဆန်ကုန်မြေလေးထက်ဆိုးတာက ဝိသမလောဘသားတွေပဲ ဖြစ်ပါတယ်။**

### စုပေါင်းရင်ဆိုင်ကျော်လွှား

မိမိတို့ လူမှုအသိုက်အဝန်းမှာ ပရဟိတစိတ်ထားရှိသူတွေ၊ ပရဟိတလုပ်ငန်း ဆောင်ရွက်ပေးသူတွေ များပြားလာခြင်းဟာ ကြည်နူးစရာပါပဲ။ ပေးဆပ်ခြင်းသက်သက်နဲ့ သူတို့တစ်တွေ ကူညီလုပ်ကိုင်ပေးနေတဲ့အလုပ်တွေကို လူတိုင်းလုပ်နိုင်ဖို့ မလွယ်ကူပါဘူး။ တချို့က ကိုယ်ကိုယ်တိုင် မလုပ်နိုင်ပေမယ့် ပရဟိတလုပ်နေတဲ့သူတွေကို တစ်ဖက်တစ်လမ်းက ထောက်ပံ့ကူညီပေးနေကြတာကလည်း ပရဟိတလုပ်နေသူတွေအတွက် စိတ်အားတက်စရာအပြင် များစွာအထောက်အကူဖြစ်စေမှာပါ။ ဒ့ါအပြင် ပရဟိတလုပ်နေကြတဲ့သူတွေ၊ ပရဟိတလုပ်ငန်းတွေကို မိမိတို့ကိုယ်တိုင် မကူညီနိုင်တောင်မှ အနှောင့်အယှက်မဖြစ်စေဖို့ကလည်း သတိပြုဆင်ခြင်စရာပဲ ဖြစ်ပါတယ်။

အထူးသဖြင့် အခုလို ကိုဗစ် –၁၉ ဖြစ်ပွားနေချိန်မှာ ကိုယ့်ရဲ့လူမှုပတ်ဝန်းကျင်မှာ ပရဟိတစိတ်ထားတွေ၊ ပရဟိတလုပ်ငန်းတွေကို အားပေးကြမယ်၊ များပြားလာမယ်ဆိုရင် ဘယ်လိုအခက်အခဲမျိုးကိုမဆို ရင်ဆိုင်ကျော်လွှားဖြတ်ကျော်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

**ကိုးကား**

၁။ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၊ အတ္တဟိတနှင့် ပရဟိတ
၂။ အင်္ဂုတ္တရနိကာယ် (၁၀) ၅–အသုရဝဂ်

> **မိမိအကျိုးစီးပွားအလို့ငှာလည်း ကျင့်၊ သူတစ်ပါး အကျိုးစီးပွားအလို့ငှာလည်း ကျင့်သောပုဂ္ဂိုလ်ကတော့ ထောပတ်ကြည်လို အကောင်းဆုံးလို့ ဟောထားပါတယ်။ မိမိအကျိုးစီးပွားအလို့ငှာလည်း မကျင့်၊ သူတစ်ပါးအကျိုးစီးပွားအလို့ငှာလည်း မကျင့်သောပုဂ္ဂိုလ် အတ္တဟိတ၊ ပရဟိတ မရှိတဲ့သူဟာ သူကောင်ဖုတ် ထင်းမီးစနဲ့တူကြောင်း ဆဝိလာတသုတ်မှာ ဟောထားပါတယ်။ ဆန်ကုန်မြေလေးလို့ ဆိုပါတယ်။ အဲဒီ ဆန်ကုန်မြေလေးထက်ဆိုးတာက ဝိသမလောဘသားတွေပဲဖြစ်။**

# အခုအချိန်မှာ မိမိကိုယ်တိုင်ဆင်ခြင်ဖို့ အဓိကအကြောင်းရင်းဖြစ်ပါတယ်။ သွားလာ၊ နေထိုင်တာအကုန်လုံး ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ နေထိုင်ဆောင်ရွက်သွားမယ်ဆိုရင် ဒီရောဂါကြီးက ကာကွယ်နိုင်မှာ ဖြစ်ပါတယ်

**ဒေါက်တာဝင်းမော်ဦး**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေကို သိရှိနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်နယ်ကုသရေးနှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမော်ဦးနှင့် ဇူလိုင် ၁၂ ရက်က တွေ့ဆုံမေးမြန်းထားပါသည်။

**တွေ့ဆုံမေးမြန်း - ရွှေရွှေမြင့်၊ အေးအေးစိုး**
**ဓာတ်ပုံ - မောင်မောင်သန်း (ပြန်/ဆက်)**

**မေး။** တောင်ကြီးမြို့နယ်မှာ လက်ရှိ ကိုဗစ်-၁၉ ကာကွယ်ကုသရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ အခြေအနေ သိချင်ပါတယ်။

**ဖြေ။** ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ကာကွယ်ရေးနဲ့ ကုသရေး နှစ်ပိုင်းခွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ကာကွယ်ရေးကိစ္စတွေဆောင်ရွက်နေသလို ကုသရေးနဲ့ပတ်သက်ပြီး လစ်ဟင်းမှုမရှိအောင် ဆောင်ရွက်ပေးနေပါတယ်။ Stay at Home မြို့နယ်တွေက ပြန်လာသူတွေရှိပြီး နယ်မြေဖြတ်ကျော်ခရီးသွားသူတွေလည်း ရှိတဲ့အတွက် ခရီးသွားပြည်သူတွေကို ကလောမြို့နယ် ရေယာဂိတ်၊ တောင်ကြီးမြို့နယ် တောင်လေးလုံးခေါင်တိုင်(လမ်းခွဲ)ဂိတ်၊ ရွာငံမြို့နယ်အပါ ဂိတ်သုံးဂိတ် ဖွင့်လှစ်ထားပါတယ်။ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး စစ်ဆေးမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ လာသူတွေအားလုံးကို အပူချိန်တိုင်းပါတယ်။ ပြီးရင် အောက်ဆီဂျင်အခြေအနေ ဘယ်လောက်ရှိသလဲ တိုင်းပါတယ်။ အောက်ဆီဂျင်ကျသူ၊ ဖျားနာသူရှိရင် အဲဒီမှာတစ်ခါတည်း RDT လို့ခေါ်တဲ့အမြန်စစ်ဆေးတဲ့ကိရိယာနဲ့ စစ်ဆေးပြီးတော့ Positive ဖြစ်ရင် Quarantine Center ကို ပို့ပါတယ်။ Negative ဆိုရင်တော့ ရှေ့ဆက်ပြီး ခရီးသွားဖို့ ခွင့်ပြုပါတယ်။ စီးဝင်လာတဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး လူတွေကို စစ်ဆေးတဲ့ စစ်ဆေးရေးဂိတ်တာဝန်ရှိသူများက ဆောင်ရွက်နေပါတယ်။

**မေး။** တောင်ကြီးမြို့နယ်မှာ Quarantine Center နဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာကို သိရှိလိုပါတယ်။

**ဖြေ။** Quarantine Center နဲ့ပတ်သက်လို့ မြို့နယ်အလိုက် အများကြီးထားရှိပါတယ်။ တောင်ကြီးမြို့နယ်မှာ Quarantine Center နှစ်ခုရှိတယ်။ တစ်ခုက မိုးကုတ်ဝိပဿနာကျောင်းမှာ လူ ၁၀၀ နဲ့ ၁၅၀ ထားနိုင်တယ်လို့ သိရပါတယ်။ နောက်တစ်ခုက အမှတ်(၁) တည်းခိုရေးစခန်း ရွှေညောင်မြို့မှာ Quarantine Center ထားရှိပြီး ဆောင်ရွက်နေပါတယ်။ Contact လိုက်တဲ့အခါ ဌာနဆိုင်ရာအဖွဲ့အစည်းတွေနဲ့ပေါင်းစပ်ပြီး Positive နဲ့ ထိတွေ့သူများ၊ Contact များ၊ Stay at Home မြို့နယ်တွေက လာတဲ့သူတွေကို စစ်ဆေးမှု ပြုလုပ်တယ်၊ ရှာဖွေဖော်ထုတ်မှုတွေ ပြုလုပ်နေပါတယ်။ ဒါတော့ Public ပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေပါ။

### Swab Center ထားရှိ

အခုဆိုရင် ပြီးခဲ့တဲ့ အပတ် ၅-၇-၂၀၂၁ ရက်နေ့ကစပြီး Call Center စဖွင့်ပါတယ်။ Call Center ကို ရှမ်းပြည်နယ်အစိုးရရုံး (ဟောင်း) ဝင်းထဲမှာ ဖွင့်လှစ်ထားရှိပါတယ်။ Call Center နဲ့အတူတူ ဘေးမှာ ကိုဗစ် – ၁၉ စစ်ဆေးနိုင်တဲ့ Swab Center ထားရှိပါတယ်။ အဲဒီကနေ Swab ယူလို့ Positive ဖြစ်တယ်ဆိုရင် တစ်ခါတည်း မန္တလေးကို ပို့စစ်နိုင်အောင် စီစဉ်ထားရှိပါတယ်။ အခုဆိုရင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့နဲ့ပူးပေါင်းပြီး Quarantine Center တွေ ထပ်ဖွင့်နိုင်အောင်ကြိုးစားနေပါတယ်။ ဖြစ်လာတဲ့အခြေအနေအရ Quarantine Center လုံလောက်မှု လောလောဆယ်မရှိသေးတဲ့အခါ ထပ်ပြီး လုံလောက်မှုရှိအောင် ကြိုးစားနေပါတယ်။ နောက်တစ်ခုက Treatment ပိုင်းဆိုင်ရာပါ။

အဓိကကတော့ ကိုဗစ်ပိုးရှိရင် ဘယ်သွားကြမလဲလို့ ရင်ဆိုင်နေရတဲ့ ပြဿနာပါ။ အဲဒီပြဿနာက တောင်ကြီးမြို့မှာမဖြစ်အောင် ကြိုတင်စီမံဆောင်ရွက်နေပါတယ်။ ပထမဦးဆုံး လူနာရဲ့အခြေအနေကို ခွဲခြားမယ်။ ခွဲခြားပြီး တကယ်ကုသဖို့လိုအပ်မယ့်သူတွေကို စဝ်စံထွန်းဆေးရုံကိုပို့ပြီး ကုသနိုင်အောင် ကြိုးစားနေပါတယ်။



ဒေါက်တာဝင်းမော်ဦး
ညွှန်ကြားရေးမှူး၊ ကုသရေးဦးစီးဌာန

တကယ်တမ်း ရောဂါလက္ခဏာလည်းမပြ၊ အနံ့ပျောက်ရုံလေးပဲဖြစ်၊ ကျန်းမာရေးနဲ့ပတ်သက်ပြီး ကျန်တဲ့ပြဿနာလည်း ဘာမှမဖြစ်၊ သူ့မှာရောဂါအခံတွေလည်းမရှိ၊ ဒါဆိုလို့ရှိရင် တစ်နေရာမှာ ထားနိုင်အောင် ကြိုးစားနေပါတယ်။

### ကြိုးစားသွားမှာဖြစ်

ပထမဆုံးအနေနဲ့ အမျိုးသမီးနဲ့ ကလေးအထူးကုဆေးရုံကြီး သားဖွားဆောင်နှစ်ထပ်မှာ လူနာ ၇၂ ဦးထားနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ အခုဆိုရင် ၇၂ ဦး ထားနိုင်ပြီဖြစ်ပါတယ်။ အဲဒီစင်တာလည်း ပြည့်သွားပြီထား၊ ဒါပေမယ့် လူနာက ဆက်ပြီးထွက်နေဦးမှာပဲ။ ဒါကြောင့် ကျွန်တော်တို့ ထပ်ပြီး တိုးချဲ့နိုင်အောင် ကွန်ပျူတာတက္ကသိုလ် စင်တာကို ဒီတစ်ပတ်အတွင်း ဖွင့်နိုင်အောင် ကြိုးစားနေပါတယ်။ ဒီတစ်ပတ်အတွင်း ဖွင့်နိုင်လို့ရှိရင် အနံ့ပျောက်သူ၊ ရောဂါအခံမရှိသေးသူများကို အဲဒီနေရာမှာထားနိုင်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်။

**မေး။** အခုဆက်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမယ့် အခြေအနေ သိလိုပါတယ်။

**ဖြေ။** ကိုဗစ် – ၁၉ ကာကွယ်ဆေးက ကျွန်တော်တို့ အစီအစဉ်အရ ထိုးတာမဟုတ်ပါဘူး။ အစိုးရအဖွဲ့ရဲ့ သတ်မှတ်ချက်ဖြင့် ထိုးရတာဖြစ်ပါတယ်။ စပေးတဲ့ကာကွယ်ဆေးတွေကို ကျွန်တော်တို့ အပြည့်အဝ ထိုးပေးပြီးပါပြီ။ ကျန်းမာရေးဝန်ထမ်း၊ ကျောင်းဆရာမ၊ အစိုးရရုံးဝန်ထမ်းတွေ တော်တော်များများ ထိုးပြီးပါပြီ။ ကျန်တဲ့ ပြည်သူတွေကို ထိုးနိုင်အောင်လို့ စင်တာများဖွင့်လှစ်ပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။** Stay at Home ဒေသကလာရင် ဘယ်မှာထားဖို့ စီစဉ်ထားပါသလဲ။

**ဖြေ။** အဲဒါက ဂိတ်တွေက ဖြတ်ရပါတယ်။ Stay at Home လို့ သတ်မှတ်ထားတဲ့နေရာကလာတဲ့ ပြည်သူများကို Quarantine Center ကိုပို့ပြီး သုံးရက်နေ တစ်ခါစစ်၊ ခုနစ်ရက်နေ တစ်ခါစစ်လို့မှ Negative ဆိုရင် ပေးပြန်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စစ်ဆေးမှုအတိုင်းအတာမှာ RDT နဲ့ တစ်ရက်ကို လူဦးရေ ၅၀၀ နဲ့ ၁၀၀၀ ကြားမှာရှိပါတယ်။ RDT နဲ့ စစ်ဆေးမှုကို မန္တလေးကိုပို့ပြီး အရင်က တစ်ပတ်ကို လူဦးရေ ၆၀၀ နဲ့ အခု တစ်ပတ်ကို လူဦးရေ ၂၀၀ သာ ပေးပို့နိုင်ပါတယ်။

**မေး။** အခု တောင်ကြီးမြို့မှာ ကိုဗစ်ပိုးရှိသူ လူနာတွေအတွက် အောက်ဆီဂျင်ကို ဘယ်လိုဆောင်ရွက်ထားသလဲဆိုတာ သိလိုပါတယ်။

**ဖြေ။** စဝ်စံထွန်းဆေးရုံမှာ အောက်ဆီဂျင်ထုတ်တဲ့စက် တစ်ရက်ကို လီတာ ၄၀ ဂျေဆိုဒ်အိုးကြီးတွေ တစ်ရက်ကို ရှစ်လုံး ထုတ်နိုင်တယ်။ အောက်ဆီဂျင်အသုံးပြုမှု တစ်ရက်ကို ၁၆ အိုးလောက် လိုအပ်ပါတယ်။ ကိုဗစ်-၁၉ ဖြစ်ပွားသူ လူ ၁၀၀ မှာ ၂၀ က အောက်ဆီဂျင်ရှူဖို့ လိုမှာ ဖြစ်ပါတယ်။ ရောဂါသည်းရင် လူတစ်ယောက် နှစ်အိုးနှုန်း လိုအပ်ပါတယ်။ ဆေးရုံအုပ်ကြီးကလည်း အလှူခံပြီးလုပ်နေပါတယ်။ အခုအချိန်ထိ တောင်ကြီးမြို့နယ်မှာ အောက်ဆီဂျင်နဲ့ပတ်သက်ပြီး လုံလောက်မှုရှိပါသေးတယ်။ နယ်မြို့များကိုလည်း ခွဲဝေပေးနိုင်ပါတယ်။

**မေး။** ဖြည့်စွက်ပြီး ပြောလိုတာရှိရင် ပြောကြားပေးပါ ဆရာ။

**ဖြေ။** ကျွန်တော့်အနေနဲ့ ပြောချင်တာက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်များအားလုံး ပြည်သူလူထုကိုယ်တိုင် သိရှိလိုက်နာမယ်ဆိုရင် ထိန်းချုပ်နိုင်မှာပါ။ မဟုတ်ရင် ဒီရောဂါက ဆက်ပြန့်သွားမှာပါ။ ကျွန်တော်ထင်သလောက်တော့ ဆိုင်တွေပိတ်ခိုင်းတာ တစ်ပတ်ရှိပြီ။ ပိတ်တဲ့ဆိုင်တွေရှိသလို မပိတ်တဲ့ဆိုင်တွေလည်း ရှိပါတယ်။ ပါဆယ်ရောင်းတဲ့ဆိုင်ရှိသလို ဆိုင်ထိုင်စားတဲ့ဆိုင်တွေလည်းရှိပါတယ်။ အားလုံးစည်းကမ်းလိုက်နာမှု မရှိသေးဘူး။ နောက်တစ်ခုက ဈေးတွေပါ။ ဈေးရောင်းသူများက Mask တပ်တဲ့သူများ၊ မတပ်တဲ့သူများ ရှိပါတယ်။ ဈေးဝယ်သူလည်းအတူတူပါပဲ။ တပ်ချင်တပ်တယ်၊ မတပ်ချင် မတပ်ဘူး။ လက်ဆေးရည်မရှိ၊ ရောင်းချင်သလို ရောင်းတယ်။ ဝယ်တဲ့သူကလည်း ဝယ်ချင်သလို ဝယ်သွားတယ်။ တစ်ယောက်နဲ့တစ်ယောက် ကူးစက်တာ သိပ်မြန်ပါတယ်။

### တစ်ယောက်ချင်း လိုက်နာရ

နောက်တစ်ခုက Delivery တွေဆိုလို့ရှိရင် သူတို့ဘာသာသူတို့ ဆိုင်က ပါဆယ်သွားဝယ်တယ်။ သွားဝယ်ပြီး လိုက်ပို့တယ်။ သူတို့ကိုယ်တိုင် Mask မတပ်ဘူး။ လူတွေအများကြီးနဲ့ ထိတွေ့နေရသူတွေဖြစ်တယ်။ အဲဒီသူတွေကလည်း လိုက်နာမှုမရှိဘူး။ အမှန်ဆိုရင် လူတွေက တစည်းတလုံးတည်း လိုက်နာပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ အမိန့်ညွှန်ကြားချက်၊ စည်းကမ်းများလိုက်နာမယ်ဆိုရင် အောင်မြင်နိုင်ပါတယ်။ အဓိကက လူတစ်ဦးချင်း၊ တစ်ယောက်ချင်း လိုက်နာရမယ့် အနေအထားဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ တတ်နိုင်သလောက်ကြိုးစားနေပါတယ်။ အောက်ဆီဂျင်တွေလည်း မပြတ်အောင်အများကြီးကြိုးစားနေပါတယ်။ အကူအညီတွေလည်း ရအောင်ကြိုးစားနေပါတယ်။ အခုချိန်မှာ အကူအညီဆိုတာ အတော်ရှားပါတယ်။ လူတိုင်းက ကိုဗစ် ဒုတိယလှိုင်းကတည်းက အတော်ဒုက္ခရောက်နေကြတာပါ။ စီးပွားရေးလည်း အားလုံးကျပ်တည်းနေချိန် အကူညီရဖို့ အတော်ခဲယဉ်းပါတယ်။ အခုအချိန်မှာ မိမိကိုယ်တိုင် ဆင်ခြင်ဖို့ အဓိကအကြောင်းရင်းဖြစ်ပါတယ်။ သွားလာ၊ နေထိုင်တာ အကုန်လုံးပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ နေထိုင်ဆောင်ရွက်သွားမယ်ဆိုရင် ဒီရောဂါကြီးက ကာကွယ်နိုင်မှာဖြစ်ပါတယ်။

# စစ်ကိုင်းမြို့၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်ရန် ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၂၄**

စစ်ကိုင်းမြို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရန် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက စိန်ကုန်းတိုက်နယ် လေးကျွန်းမြေအုဋ္ဌကျောင်းတိုက် ပဓာနနာယကဆရာတော်ဦးဆောင်၍ ကျောင်းတိုက်အတွင်း ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရန်အတွက် စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ မြို့မိမြို့ဖများ၊ ပရဟိတအဖွဲ့များ၊ ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အမြန်ဆုံးတည်ဆောက်သွားမည်ဖြစ်ကြောင်း စက်ရုံအတွက် ပါဝါမီတာရရှိရေးအတွက်လည်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က အဆင်ပြေအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြေနေရာအခက်အခဲမရှိရအောင်လည်း လေးကျွန်းမြေအုဋ္ဌကျောင်းတိုက်ဆရာတော်က ကျောင်းဝင်းအတွင်း ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

# တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ စတင်ကျင်းပ

**တိုကျို ဇူလိုင် ၂၄**
ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ရွှေ့ဆိုင်းထားသည့် တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကို ယမန်နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ စတင်ကျင်းပသည်။

**ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိ**

အားကစားပြိုင်ပွဲများကို ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ကျင်းပလျက်ရှိပြီး နိုင်ငံပေါင်း ၂၀၀ မှ အားကစားသမား ၁၁၀၀၀ ကျော်က အားကစားပြိုင်ပွဲအမျိုးအစား ၃၃ ခုကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက်ညနေပိုင်းတွင် ကျင်းပကြောင်း သိရသည်။ ဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်သည့်အနေဖြင့် တက်ရောက်သူအားကစားသမားများနှင့် ကိုယ်စားလှယ်များကိုလည်း အရေအတွက် အကန့်အသတ်ဖြင့်သာ တက်ရောက်ခွင့်ပြုသည်။

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည့် အားကစားသမားများက နှာခေါင်းစည်းများ ဝတ်ဆင်ထားကာ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာမှနေပြီး ချီတက်လမ်းလျှောက်ကြသည်။ ကျား၊ မ တန်းတူညီမျှမှုရှိကြောင်း ပြသသည့်အနေဖြင့် ပြိုင်ပွဲဝင် အားကစားအသင်းအားလုံးမှ အမျိုးသားအားကစားသမားတစ်ဦးစီနှင့်အမျိုးသမီးအားကစားသမားတစ်ဦးစီက ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံတော်ကိုယ်စားပြုအလံကို ကိုင်ဆောင်ကြသည်။

အားကစားပြိုင်ပွဲများကို ဩဂုတ် ၈ ရက်အထိ ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန် လာမည့်တစ်ပတ်တွင် အိန္ဒိယနိုင်ငံသို့ သွားရောက်မည်

**ဝါရှင်တန် ဇူလိုင် ၂၄**
အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် လာမည့်တစ်ပတ်တွင် အိန္ဒိယနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အစိုးရအဖွဲ့က ကြေညာခဲ့သည်ကို ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။



**တွေ့ဆုံမည်**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် ဇူလိုင် ၂၈ ရက်တွင် အိန္ဒိယနိုင်ငံ၏ မြို့တော်နယူးဒေလီ၌ အိန္ဒိယဝန်ကြီးချုပ် မိုဒီ၊ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆူဘရာမာညမ်ဂျေရှန်ကာတို့နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးနှင့် အိန္ဒိယနိုင်ငံတာဝန်ရှိသူများသည် ဂျပန်၊ အမေရိကန်၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့မှ ခေါင်းဆောင်များ၏ ပထမဆုံးအကြိမ် မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးကျင်းပမည့် အစီအစဉ်တစ်ရပ်နှင့် စပ်လျဉ်း၍လည်း ဆွေးနွေးမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

အမေရိကန်အနေဖြင့် ဩဂုတ်လကုန်ပိုင်းတွင် အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များကို နောက်ဆုံးအနေဖြင့် ရုပ်သိမ်းရန် စီစဉ်ထားစဉ် တာလီဘန်စစ်သွေးကြွများက နိုင်ငံတစ်ဝန်းကြီးစိုးလာကာ လုံခြုံရေးယိုယွင်းမှုဖြစ်ပေါ်စေခဲ့ခြင်းကြောင့် အာဖဂန်နစ္စတန်ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အပံ့ပေးရေးနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံအား တောင်းဆိုရန် သမ္မတဂျိုးဘိုင်ဒင်အစိုးရက မျှော်လင့်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၉၀၂ ဦးရှိ

**ကွာလာလမ်ပူ ဇူလိုင် ၂၄**
မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၉၀၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၉၆၃၉၃ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

အဆိုပါ ကူးစက်ခံရသူ ၁၅၉၀၂ ဦးအနက် ၁၅၈၇၆ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၂၆ ဦးသည် ပြည်ပမှပြန်လာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဟစ်ရှမ်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

**သေဆုံးသူစုစုပေါင်း ၇၉၀၂ ဦးရှိလာ**

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၈၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၇၉၀၂ ဦးရှိလာကြောင်း သိရသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံများမှဆင်းခွင့်ရရှိသူ ၉၄၇၁ ဦးထပ်မံတွေ့ရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၈၃၄၈၅၈ ဦးရှိလာကြောင်းနှင့် အဆိုပါအရေအတွက်သည် တစ်နိုင်ငံလုံး ကူးစက်ခံရသူအားလုံး၏ ၈၃ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၅၃၆၃၃ ဦးရှိကြောင်း၊ ၉၅၀ သည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၄၆၈ ဦးသည် အသက်ရှူအထောက် အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် လူဦးရေ ၁၃၀ ကျော် သေဆုံး

**နယူးဒေလီ ဇူလိုင် ၂၄**
အိန္ဒိယနိုင်ငံအနောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့သည့်အတွက် လူဦးရေ ၁၃၀ ကျော် သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

**မြေပြိုမှုအများအပြားလည်း ဖြစ်ပွားခဲ့**

မဟာရက်ရှ်ထရာပြည်နယ် အနောက်ပိုင်းသည် ဇူလိုင် ၂၂ ရက်မှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ခြင်းကြောင့် မြေပြိုမှုအများအပြားလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စီးပွားရေးမြို့တော် မွမ်ဘိုင်းမှ ၁၀၀ ကီလိုမီတာခန့်အကွာအဝေးရှိ ကျေးရွာတစ်ရွာတွင် မိုးသည်းထန်စွာ ရွာသွန်းမှုမှတစ်ဆင့် မြေပြိုမှုများဖြစ်ပွားခဲ့ခြင်းကြောင့် လူနေအိမ်အများအပြားနစ်မြုပ်သွားခဲ့ပြီးနောက် လူဦးရေ ၃၀ ကျော် သေဆုံးခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားသည်။

ပျက်စီးဆုံးရှုံးမှု အများအပြားဖြစ်ပွားခဲ့သည့် မဟာရက်ရှ်ထရာပြည်နယ်၏ ကမ်းရိုးတန်းဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ဒေသဆိုင်ရာမီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ လူဦးရေစုစုပေါင်း ၁၃၆ ဦးသေဆုံးခဲ့ကြောင်းနှင့် အများစုသည်လည်း ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ အခြေခံအဆောက်အအုံဆောက်လုပ်မှုဆိုင်ရာ အားနည်းချက်များကြောင့် အိန္ဒိယနိုင်ငံရှိ ပြည်သူအများအပြားသည် နှစ်စဉ်မုတ်သုံရာသီရောက်တိုင်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုအန္တရာယ်များကို ကြုံတွေ့နေရကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၉ ဒသမ ၆၃ သန်းရှိလာ



**ဆော်ပေါ်လို ဇူလိုင် ၂၄**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၈၇၃၂ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၉၆၃၂၄၄၃ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဘရာဇီးကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၃၂၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၄၈၃၄၀ ရှိလာကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၌ ဇွန်လနောက်ဆုံးပတ်မှ စတင်ကာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်လျက်ရှိကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ဘရာဇီးနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးသူ ၃၆၅၃၃၁၇၀ ရှိကြောင်းနှင့် ယင်းအရေအတွက်သည် ဘရာဇီးနိုင်ငံလူဦးရေ၏ ၁၇ ဒသမ ၂၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

○

# အင်ဒိုနီးရှားနိုင်ငံ၌ ၄၅၄၁၆ ဦး ရောဂါထပ်မံကူးစက်ခံရ

**ဂျကာတာ ဇူလိုင် ၂၄**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၅၄၁၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၁၂၇၈၂၆ ဦး ရှိလာပြီဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၄၁၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၈၂၀၁၃ ဦးရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၃၉၇၆၇ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည် ကောင်းမွန်လာသူပေါင်း ၂၄၇၁၆၇၈ ဦးရှိလာသည်။

နိုင်ငံအတွင်းရှိ ပြည်နယ် ၃၄ ခုသို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့လျက်ရှိပြီး အချို့ဒေသများတွင် ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း ကူးစက်မှုကို ရင်ဆိုင်နေရသော်လည်း အင်ဒိုနီးရှားအစိုးရက ကာကွယ်ဆေး ထိုးနှံမှုလုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

# တာလီဘန်တို့၏ လှုပ်ရှားမှုကိုထိန်းချုပ်ရန် အာဖဂန်နစ္စတန်နိုင်ငံ၌ ညမထွက်ရအမိန့် ထုတ်ပြန်ကြေညာ

**ကဘူးလ် ဇူလိုင် ၂၄**

အာဖဂန်အစိုးရသည် နိုင်ငံအတွင်း ပြည်နယ် ၃၄ ခု ရှိသည့်အနက် ၃၁ ခုတွင် ညမထွက်ရအမိန့်တစ်ရပ် ယနေ့ထုတ်ပြန်ကြေညာလိုက်သည်။

နိုင်ငံအတွင်း ပဋိပက္ခများနှင့် တာလီဘန်အုပ်စုတို့၏ လှုပ်ရှားမှုများကို ထိန်းချုပ်သည့်အနေဖြင့် ကဘူးလ်၊ ပန်ဂျရှီရ်နှင့် နန်ဂါဟာပြည်နယ်တို့မှလွဲ၍ နိုင်ငံတစ်ဝန်းရှိ ပြည်နယ်အားလုံးတွင် ညမထွက်ရအမိန့်ကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ယခုနှစ် မေလအစောပိုင်းမှစ၍ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ဝင်များအား အာဖဂန်နစ္စတန်နိုင်ငံမှ ရုပ်သိမ်းခဲ့ပြီးနောက် တာလီဘန်အုပ်စုသည် နိုင်ငံအတွင်း ၎င်းတို့၏ လှုပ်ရှားမှုကို အရှိန်တိုးမြှင့်လာပြီး နိုင်ငံတစ်ဝန်းရှိ ခရိုင် ၁၇၀ ကျော်ကို စီးနင်းတိုက်ခိုက်လျက်ရှိကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**



# ဖိလစ်ပိုင်နိုင်ငံ၌ ၆၂၁၆ ဦး ရောဂါထပ်မံကူးစက်ခံရ

**မနီလာ ဇူလိုင် ၂၄**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၂၁၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၄၃၂၈၁ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၄၁ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၇၁၃၁ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၆၇၇၈ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၄၆၁၇၄၉ ဦး ရှိလာပြီဖြစ်သည်။

လူဦးရေ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၁၅ သန်းကျော်အား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများပြုလုပ်ပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၀၉၇ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၂၄**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၀၉၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၁၃၃၂၁၅၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၅၄၆ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၂၀၀၁၆ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၄၀၈၉၇၇ ဦးရှိကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ် -၁၉ ရောဂါလူနာ ၃၅၀၈၇ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၃၀၅၀၃၁၆၆ ဦးရှိလာပြီဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၉၄၁၉၆၅၇၃ | ဦး |
| သေဆုံးသူ | ၄၁၆၃၃၀၉ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၇၆၂၆၄၇၅၆ | ဦး |

# သီပေါမြို့နယ်မှ မြဝတီမြို့သို့ သယ်ဆောင်မည့် ငွေကျပ် ၅၂ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ အိုက်စ် ကီလို ၁၀၀၀နှင့် ကတ်တမင်း ကီလို ၅၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်မှ ကရင်ပြည်နယ် မြဝတီမြို့သို့ သယ်ဆောင်မည့် ငွေကျပ် ၅၂ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁၀၀၀ ကီလိုနှင့် ကတ်တမင်း ကီလို ၅၀၀ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် ကျိုက်ထိုမြို့နယ် ရန်ကုန်-မော်လမြိုင် သွားကားလမ်း မရမ်းချောင်ကျေးရွာ မိုင်တိုင်အမှတ် (၉၇) အနီးတွင် စစ်တောင်းတံတားဘက်မှ ကျိုက်ထိုဘက်သို့ ယာဉ်မောင်း မောင်မောင်လေး မောင်းနှင်ပြီး အေးချမ်း လိုက်ပါလာသည့် ၁၂ဘီး ဆီဘောက်ဆာယာဉ်အား ရပ်တန့်ရှာဖွေရာ တန်ဖိုးငွေကျပ် ၅၂ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၁၀၀၀ နှင့် ကတ်တမင်း ကီလို ၅၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၈) ရပ်ကွက် ၆၆ လမ်းနှင့် ၆၇ လမ်းကြား ၁၃၃ လမ်း အမှတ် (နန/၄-၃၈) ရှိနေအိမ်တွင် နိုင်ဝင်းကိုလည်းကောင်း၊ လားရှိုးမြို့ အမှတ် (၄) ရပ်ကွက် ရဲဘော်လမ်း အမှတ်(၆/၆)ရှိနေအိမ်တွင် ဝင်းနိုင်ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်မှ ကရင်ပြည်နယ် မြဝတီမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မောင်မောင်လေး၊ အေးချမ်း၊ နိုင်ဝင်း၊ ဝင်းနိုင်တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ပြည်ပသို့ တရားမဝင်တင်ပို့မည့် ကျွန်းသစ်ခွဲသားချောင်းများ သိမ်းဆည်းရမိ

**ရန်ကုန် ဇူလိုင် ၂၄**

အေးရှားဝေါ(လ်) ကုန်သေတ္တာဆိပ်ကမ်း၌ ဇူလိုင် ၂၀ ရက်က တရုတ်နိုင်ငံသို့ တင်ပို့မည့် Greater Delter Force Co.,Ltd ၊ Green Mung Beans ဟု ကြေညာထားသော ပေ ၂၀ ကုန်သေတ္တာ နှစ်လုံးအား သတင်းအရ အကောက်ခွန်ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ဆိပ်ကမ်းစစ်ဘက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့ဝင်များနှင့်အဖွဲ့ ဖွဲ့၍ စစ်ဆေးခဲ့ရာ တရားမဝင် ကျွန်းသစ်ခွဲသား ဆိုင်ဒ်စုံ ၂၉၅ ချောင်း ၂၃ ဒသမ ၅၆၉၉ တန်အား စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် အဆိုပါ တရားမဝင် ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၂၉၅ ချောင်း၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၉၂၄၇၅၀၊ တရားမဝင် ကျွန်းသစ်ခွဲသားများ ထည့်သွင်းလာသော ကုန်သေတ္တာ အခွံနှစ်လုံး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀နှင့် ကုန်သေတ္တာများ သယ်ဆောင်လာသည့် ယာဉ်နှစ်စီး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၉၂၄၇၅၀ အား အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ တားဆီးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကျဉ်းသား အကျဉ်းသူ ၄၀၀၀ ကျော်ကို သက်ဆိုင်ရာ အကျဉ်းထောင် အသီးသီးမှ ပြန်လည်စေလွှတ်

**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၀ ရက်တွင် (ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်း)အတွက် အမိန့်အမှတ် (၁၄၇/၂၀၂၂)ကို ထုတ်ပြန်ခဲ့ရာ အမိန့်ပါ စာပိုဒ်(၂)တွင်ပါရှိသည့် အကျုံးဝင်သော အမှုအမျိုးအစားများအား (တရားရုံးစစ်ဆေးဆဲအမှုများ စိစစ်ရေးအဖွဲ့) ဖွဲ့စည်း၍ စနစ်တကျ အသေးစိပ်ကြီးကြပ်စစ်ဆေးခဲ့ပါသည်။

ဖော်ပြပါစိစစ်ရေးအဖွဲ့၏ စိစစ်မှုအပေါ် အကျုံးဝင်သူများအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၂ ရက်နှင့် ဇူလိုင် ၂၃ ရက်များတွင် သက်ဆိုင်ရာအကျဉ်းထောင်များ အသီးသီးမှ ပြန်လည်စေလွှတ်ပေးခဲ့ရာ စေလွှတ်ပေးခဲ့သူအရေအတွက်အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အမျိုးသား ၅၃ ဦး၊ အမျိုးသမီး ခြောက်ဦး ပေါင်း ၅၉ ဦး၊ ကချင်ပြည်နယ်မှ အမျိုးသား ၁၂၈ ဦး၊ အမျိုးသမီး ၂၀ ပေါင်း ၁၄၈ ဦး၊ ကယားပြည်နယ်မှ အမျိုးသား ၃၄ ဦး၊ အမျိုးသမီး နှစ်ဦး ပေါင်း ၃၆ ဦး၊ ကရင်ပြည်နယ်မှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး သုံးဦး ပေါင်း ၁၁ ဦး၊ ချင်းပြည်နယ်မှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ ပေါင်း သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အမျိုးသား ၅၀၀၊ အမျိုးသမီး ၅၈ ဦး ပေါင်း ၅၅၈ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ အမျိုးသား ၁၉၁ ဦး၊ အမျိုးသမီး ၂၇ ဦး ပေါင်း ၂၁၈ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ အမျိုးသား ၃၀၈ ဦး၊ အမျိုးသမီး ၃၃ ဦး ပေါင်း ၃၄၁ ဦး၊ မကွေးတိုင်းဒေသကြီးမှ အမျိုးသား ၈၃ ဦး၊ အမျိုးသမီး ငါးဦး ပေါင်း ၈၈ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား ၅၂၈ ဦး၊ အမျိုးသမီး ၅၄ ဦး ပေါင်း ၅၈၂ ဦး၊ မွန်ပြည်နယ်မှ အမျိုးသား ၂၅၂ ဦး၊ အမျိုးသမီး ၂၅ ဦး ပေါင်း ၂၇၇ ဦး၊ ရခိုင်ပြည်နယ်မှ အမျိုးသား ၃၃ ဦး၊ အမျိုးသမီး တစ်ဦး ပေါင်း ၃၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသား ၁၅၀၃ ဦး၊ အမျိုးသမီး ၁၄၈ ဦး ပေါင်း ၁၆၅၁ ဦး၊ ရှမ်းပြည်နယ်မှ အမျိုးသား ၁၁၉ ဦး၊ အမျိုးသမီး ၁၂ ဦး ပေါင်း ၁၃၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ အမျိုးသား ၁၃၇ ဦး၊ အမျိုးသမီး ၂၃ ဦး ပေါင်း ၁၆၀၊ ပြန်လည်စေလွှတ်ပေးခဲ့သူ စုစုပေါင်းအနေဖြင့် အမျိုးသား ၃၈၇၉ ဦး၊ အမျိုးသမီး ၄၁၈ ဦး ပေါင်း ၄၂၉၇ ဦးဖြစ်ပါသည်။

ပြန်လည်စေလွှတ်ပေးခဲ့သူများအား သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူများက တွေ့ဆုံအားပေးမှာကြားခဲ့ပြီး လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များအား သက်ဆိုင်ရာဌာနများမှ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ပြန်လည်စေလွှတ်ပေးခဲ့သူများအား တာဝန်ရှိသူများက တွေ့ဆုံအမှာစကားပြောကြားစဉ်။


မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

MRTV

MRTV Travelogue

MRTV National News

mitv

07:01 News
07:27 Young Lady Musician: Nge Nge Lay
07:43 Robe Business In Ta Ma Ta Kaw
07:57 Dat Taw Gyaik Waterfall
08:01 Discovering Tribes- Gaybar Kayin
08:23 Today Myanmar: Bamboo Products
08:32 Myanmar's Traditions and Culture: Caves of Myanmar
09:01 Clam Farming
09:18 Ecotourism: The Famous Zalon Mountain
09:33 South Okkalapa Pagoda
09:49 A Tea Business Pankwan (Part-2)
10:01 Weekly Review
10:16 The Strokes of Myanmar
11:21 All About Orchids

MRTV

MRTV

MRTV

Sports News

Soccer View/
Weekly Sports Info

MRTV Farmers' Channel

Education Channel

SCAN ME

www.mrtv.gov.mm

twitter.com/mrtvwebportal

t.me/mrtvnews

✻ ကျောဖုံးမှ

တွဲရေယာဉ် (TUG & BARGE) သည် သံဖြူဇရပ်မြို့နယ်၊ ပင‌ကျေးရွာ၏ အနောက်ဘက် (၄)မိုင်ခန့်အကွာရှိ ပင်လယ်ကမ်းစပ်၊ ခန့်မှန်း (အယ်တီ-၆၀၈၅၆၀)၌ ရာသီဥတုဒဏ် ခိုလှုံနေစဉ် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့ ညနေပိုင်းတွင် ရာသီဥတု ပိုမိုဆိုးရွားလာသဖြင့် တွဲဆွဲကြိုး (၂)ချောင်းလုံးပြတ်ကာ တွဲရေယာဉ် BARGE SINGAA BESAR 2801 မှာ မျောပါသောင်တင်မှု ဖြစ်ပွားခဲ့ပါသည်။

၂။ သောင်တင်သွားသည့် တွဲရေယာဉ် BARGE SINGAA BESAR 2801 ၏ လက်ရှိ တည်နေရာသည် သံဖြူဇရပ်မြို့နယ်၊ ပင‌ကျေးရွာ၏ အနောက်တောင်ဘက် (၂ ဒသမ ၅) မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၂.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၁.၈ မိနစ် နေရာဖြစ်ပြီး တွဲဆွဲရေယာဉ် TUG BRANTAS 1301 မှာ ၎င်း၏တောင်ဘက် (၁)မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၂.၁၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၁.၃၇ မိနစ်နေရာတွင် ကျောက်ချ အခြေပြုလျက်ရှိပါသည်။ တွဲဆွဲရေယာဉ်နှင့် တွဲရေယာဉ် ပေါ်တွင် အင်ဒိုနီးရှားရေယာဉ်မှူး အပါအဝင် အင်ဒိုနီးရှားလူမျိုး (၆)ဦးနှင့် မလေးရှားလူမျိုး (၂)ဦး၊ စုစုပေါင်း (၈) ဦးတို့ ပါရှိပါသည်။


၃။ တွဲဆွဲရေယာဉ် TUG BRANTAS 1301 ရေယာဉ်မှူးသည် သောင်တင်လျက်ရှိသည့် တွဲရေယာဉ် BARGE SINGAA BESAR 2801 ကို ဒီရေအတက်ဆုံးဖြစ်သည့် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့ နံနက်စောအချိန်တွင် တွဲဆွဲရေယာဉ် TUG မှ တွဲဆွဲကြိုးများ ပြုပြင်ချည်နှောင်၍ သောင်မှ လွတ်ကင်းစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့အနေဖြင့်လည်း သောင်တင်တွဲရေယာဉ် အမြန်ဆုံး သောင်မှလွတ်ကင်းစေရန်အတွက် သက်ဆိုင်ရာ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်ကိုယ်စားလှယ်များ၊ သင်္ဘော၏ အလံတင်နိုင်ငံ (Flag State) ရေကြောင်းအာဏာပိုင်တို့နှင့် အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန**

■

**TUG BRANTAS 1301မှ တွဲဆွဲလာသည့် BARGE SINGAA BESAR 2801 သောင်တင်တွဲရေယာဉ်၏တည်နေရာ**




**TB BRANTAS 1301 တွဲဆွဲရေယာဉ်**



**ရေယာဉ်ဆိုင်ရာအချက်အလက်များ**

| | | | |
|---|---|---|---|
| ၁။ | ရေယာဉ်အမည် | - | TB BRANTAS 1301 |
| ၂။ | ရေယာဉ်အမျိုးအစား | - | တွဲဆွဲရေယာဉ် |
| ၃။ | IMO No. | - | 9524401 |
| ၄။ | MMSI | - | 533003490 |
| ၅။ | Call Sign | - | 9MDM2 |
| ၆။ | အလျား | - | ၈၀ မီတာ |
| ၇။ | အနံ | - | ၂၂ မီတာ |
| ၈။ | ရေစူး | - | ၂.၉ မီတာ |
| ၉။ | ရေယာဉ်အလံ | - | မလေးရှား |
| ၁၀။ | ခရီးစဉ် | - | မလေးရှား - ရန်ကုန် |
| ၁၁။ | တည်ဆောက်သည့်ခုနှစ် | - | ၂၀၀၈ ခုနှစ်။ |

**SINGA BESAR 2801 PENANG (Barge)ရေယာဉ်**



**ရေယာဉ်ဆိုင်ရာအချက်အလက်များ**

| | | | |
|---|---|---|---|
| ၁။ | ရေယာဉ်အမည် | - | SINGA BESAR 2801 PENANG |
| ၂။ | ရေယာဉ်အမျိုးအစား | - | Barge ရေယာဉ် |
| ၃။ | အလျား | - | ၆၀ မီတာ |
| ၄။ | အနံ | - | ၁၅ မီတာ |
| ၅။ | ရေစူး | - | ၂.၅ မီတာ |
| ၆။ | ခရီးစဉ် | - | မလေးရှား - ရန်ကုန် |
| ၇။ | တည်ဆောက်သည့်ခုနှစ် | - | ၂၀၀၈ ခုနှစ်။ |



# မိုးစပါးစိုက်ပျိုးသက် တစ်လကျော်လာချိန် တောင်သူများ မြေဩဇာဝယ်ယူရမှု အခက်အခဲများရှိ

**ရေတာရှည် ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မိုးစပါးစိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် ယခုအချိန်သည် ပျိုးသက်တစ်လကျော်လာပြီဖြစ်၍ မြေဩဇာကြဲပက်ကြချိန်ဖြစ်သည်။ မြေဩဇာကို မိမိတို့စိုက်ပျိုးမြေနှင့် ကိုက်ညီမည့်အမျိုးအစားများကို ဝယ်ယူကြရာတွင် ဈေးနှုန်းကြီးမြင့်ခြင်း၊ အကြွေးဝယ်ယူ၍မရခြင်း၊ အကြွေးတစ်ဝက် လက်ငင်းတစ်ဝက် ရောင်းချသူများရှိသော်လည်း အတိုးနှုန်းများပြားခြင်းတို့ဖြင့် ကြုံတွေ့နေရသည်။

လက်ရှိမဖြစ်မနေ ဝယ်ယူသုံးစွဲကြသည့် တောင်သူများသည် ငွေကိုရှာကြံပြီး ဝယ်ယူကြရခြင်းဖြစ်ရာ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်အများစုမှာ ပစ္စည်းများပြတ်လပ်လျက်ရှိနေကြောင်း တောင်သူများထံမှ သိရသည်။

**ပြောကြား**

"စပါးစိုက်ကြတာက သုံးလနဲ့ လေးလ သက်တမ်းကို စိုက်ကြတာဆိုတော့ သွင်းအားစု ဓာတ်မြေဩဇာက တစ်လတစ်ကြိမ်ကြဲပက်ရတာ။ သုံးစွဲတဲ့ အမျိုးအစားကတော့ မတူကြဘူး။ အချို့က တစ်ဧကကို တစ်အိတ်လျော့လျော့ပက်ကြတယ်။ အချို့ကျတော့လည်း နှစ်ဧကကိုတစ်အိတ် ပက်ကြတာရှိတယ်။ အခုကျတော့ ဓာတ်မြေဩဇာသုံးစွဲမှုအပိုင်းမှာ အတော့်ကို စဉ်းစားနေရတယ်။ ငွေကြေးအခက်အခဲတွေရှိတယ်။ ကုန်ကျစရိတ်များမယ်။ အချိန်တန်စပါးဈေးကွက်က ဘယ်လိုမှန်းမသိတော့ ချီတုံချတုံတွေ ဖြစ်နေကြတာ။ ခုဆို ပစ္စည်းတွေပြတ်လို့ ဝယ်လို့တောင်မရဘူးဖြစ်နေတယ်" ဟု တောင်သူတစ်ဦးက ပြောသည်။

လက်ရှိနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများပြားလာခြင်းနှင့်အတူ ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ကုမ္ပဏီများက နယ်ဒေသများကို ပို့ဆောင်မှုရပ်တန့်နေခြင်းကြောင့်လည်းကောင်း၊ နယ်အရောင်းဆိုင်ခွဲများကို စပါးပေါ်ချိန်အထိ ငွေကြေးရင်းနှီးမြှုပ်နှံမှုမပေးနိုင်ကြသည့်အခါ ရာသီဝက်ငွေအကျေအပြေပေးချေနိုင်ခြင်းကြောင့်လည်းကောင်း၊ သီးနှံပေါ်ချိန် သွင်းအားစု ဝယ်ယူထားသော တောင်သူများက ငွေကြေးပြန်လည်ပေးဆပ်နိုင်မှု အခက်အခဲများကြောင့် လည်းကောင်း ရောင်းချသည့်စနစ်ပြောင်းလဲလာခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများအရောင်းဆိုင် ဖွင့်ထားသူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၏ ရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်၊ မကွေးတိုင်းဒေသကြီး မြို့နယ် ၂၅ မြို့နယ်၊ ရှမ်းပြည်နယ် မြို့နယ် ၄၉ မြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်တို့၏ မဲစာရင်းများကို တစ်မြို့နယ်ချင်းအလိုက် အသေးစိတ်စိစစ်ခဲ့ပြီး မြို့နယ်အသီးသီးရှိ မဲရုံတစ်ခုချင်းအလိုက် မဲပေးခဲ့မှုအခြေအနေများနှင့် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး/ မဲရုံအဖွဲ့ဝင်များနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ အောက်ပါအတိုင်း ပါဝင်ယှဉ်ပြိုင်/ ဆန္ဒမဲပေးခဲ့ကြပါသည်–

(က) ပဲခူးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်တွင် နိုင်ငံရေးပါတီ ၂၄ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မဲရုံပေါင်း ၄၁၄၄ ရုံတွင် မဲဆန္ဒရှင်စုစုပေါင်း ၃၉၅၁၆၃၇ ဦး ရှိသည့်အနက် ၂၈၃၉၃၇၀ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၇၁.၈၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။

(ခ) မကွေးတိုင်းဒေသကြီး မြို့နယ် ၂၅ မြို့နယ်တွင် နိုင်ငံရေးပါတီ ၁၃ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မဲရုံပေါင်း ၄၅၄၈ ရုံတွင် မဲဆန္ဒရှင်စုစုပေါင်း ၃၃၁၀၁၃၂ ဦး ရှိသည့်အနက် ၂၅၇၇၅၆၀ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၇၇.၈၇ ရာခိုင်နှုန်းရှိခဲ့ပါသည်။

(ဂ) ရှမ်းပြည်နယ် မြို့နယ် ၄၉ မြို့နယ်တွင် နိုင်ငံရေးပါတီ ၃၁ ပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မဲရုံပေါင်း ၃၅၉၁ ရုံ၊ မဲဆန္ဒရှင်စုစုပေါင်း ၃၆၃၄၂၈၃ ဦး ရှိသည့်အနက် ၂၄၂၁၃၄၈ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၆၆.၆၃ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

(ဃ) ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်တွင် နိုင်ငံရေးပါတီ ၂၁ ပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မဲရုံပေါင်း ၅၇၄၈ ရုံတွင် မဲဆန္ဒရှင်စုစုပေါင်း ၄၆၈၁၁၅၂ ဦး ရှိသည့်အနက် ၃၅၄၁၉၃၃ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှု ရာခိုင်နှုန်း ၇၅.၆၆ ရာခိုင်နှုန်းရှိခဲ့ပါသည်။

၃။ ပဲခူးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်၏ ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၉၅၁၆၃၇ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၅၀၅၉၆၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၈၅၈၆၁၁ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၃၇၁၆၂ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၈၂၀၅၈ ဦး၊ တိုင်းဒေသကြီးအတွင်း မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း (Cross Check)အရ မဲစာရင်းထပ်နေသူ ၆၁၀၀၈ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင် ပါဝင်နေသူ ၁၉၈၅ ဦး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်မပြည့်ဘဲ မဲစာရင်း၌ ပါဝင်နေသူ ၈၇၇ ဦးဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

၄။ ပဲခူးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်တွင် မဲရုံပေါင်း ၄၁၄၄ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၄၂၁၈၂၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၈၀၁၈၈၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၁၉၉၃၇၊ မြေပြင်လက်ကျန် ၁၅၃၆၁၃၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၅၁၈၆၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၈၀၆၂ ဖြစ်သည်။

၅။ မကွေးတိုင်းဒေသကြီး မြို့နယ် ၂၅ မြို့နယ်၏ ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၃၁၀၁၃၂ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၀၄၂၆၇၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၇၂၉၇၆ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၃၃၉၅၆ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၉၇၅၀၄ ဦး၊ တိုင်းဒေသကြီးအတွင်း မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း (Cross Check)အရ မဲစာရင်းထပ်နေသူ ၄၅၂၄၂ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင် ပါဝင်နေသူ ၁၅၆၇ ဦး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်မပြည့်ဘဲ မဲစာရင်း၌ ပါဝင်နေသူ ၆၅၀ ဦး ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

၆။ မကွေးတိုင်းဒေသကြီး မြို့နယ် ၂၅ မြို့နယ်တွင် မဲရုံပေါင်း ၄၅၄၈ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၈၂၀၅၆၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၅၅၁၆၈၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၂၆၈၈၈၀၊ မြေပြင်လက်ကျန် ၁၁၉၀၅၃၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၈၆၈၇၂ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၈၅၂၅ ဖြစ်သည်။

၇။ ရှမ်းပြည်နယ် မြို့နယ် ၄၉ မြို့နယ်၏ ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၆၃၄၂၈၃ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၀၅၅၅၉၇ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၆၁၆၅၃၁ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၂၂၆၉၇ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၀၉၂၄၈ ဦး၊ ပြည်နယ်အတွင်း မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း (Cross Check) အရ မဲစာရင်း ထပ်နေသူ ၆၉၀၅၄ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင် ပါဝင်နေသူ ၂၅၉၇ ဦး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်မပြည့်ဘဲ မဲစာရင်း၌ ပါဝင်နေသူ ၁၉၉၆ ဦး ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

၈။ ရှမ်းပြည်နယ် မြို့နယ် ၄၉ မြို့နယ်တွင် မဲရုံပေါင်း ၃၅၉၁ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၀၂၃၁၉၄ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၃၉၉၂၂၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၂၃၉၆၉၊ မြေပြင်လက်ကျန် ၁၅၇၄၉၀၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၉၆၆၆၆ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၄၇၆၀၄ ဖြစ်သည်။

၉။ ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်၏ ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၄၆၈၁၁၅၂ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၄၄၁၆၇၆၆ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၇၀၆၉၈၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၅၄၂၈၅ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၅၆၇၃၀၀ ဦး၊ တိုင်းဒေသကြီးအတွင်း မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း (Cross Check) အရ မဲစာရင်းထပ်နေသူ ၃၉၇၄၂ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင် ပါဝင်နေသူ ၂၇၀၇ ဦး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်မပြည့်ဘဲ မဲစာရင်း၌ ပါဝင်နေသူ ၃၃၃၉ ဦး ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

၁၀။ ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်တွင် မဲရုံပေါင်း ၅၇၄၈ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၂၃၈၂၀၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၄၇၉၈၆၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၇၅၈၃၃၆၊ မြေပြင်လက်ကျန် ၁၆၄၁၃၄၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၈၂၇၁၉ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၅၇၂၄ ဖြစ်သည်။

၁၁။ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ မဲဆန္ဒရှင်စာရင်းများနှင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲ လက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

စာမျက်နှာ ၁၇ သို့ ☆

| စဉ် | တိုင်း/ ပြည်နယ် | ပြည်သူ့လွှတ်တော် | | အမျိုးသားလွှတ်တော် | | တိုင်း/ပြည်နယ် လွှတ်တော် | | တိုင်းရင်းသား လူမျိုး | | မြို့နယ် အရေအတွက် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် မဲဆန္ဒရှင် စာရင်း | လဝက လူဦးရေ စာရင်း | ထုတ်ယူရရှိ ဆန္ဒမဲ လက်မှတ် | အသုံးပြု ဆန္ဒမဲ လက်မှတ် | ကျန်ရမည့် ဆန္ဒမဲ လက်မှတ် | မြေပြင် လက်ကျန် ဆန္ဒမဲ လက်မှတ် | ဆန္ဒမဲလက်မှတ် ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | | | | | | | | | လျော့ဆုံး | အပို |
| ၁ | ပဲခူး | ၂၈ | ၁၂၄ | ၁၂ | ၄၂ | ၅၆ | ၂၆၂ | ၁ | ၇ | ၂၈ | ၄၁၄၄ | ၃၉၅၁၆၃၇ | ၃၅၀၅၉၆၅ | ၄၄၂၁၈၂၀ | ၂၈၀၁၈၈၃ | ၁၆၁၉၉၃၇ | ၁၅၃၆၁၃၂ | ၁၅၁၈၆၇ | ၆၈၀၆၂ |
| ၂ | မကွေး | ၂၅ | ၁၁၀ | ၁၂ | ၄၉ | ၅၀ | ၂၂၂ | ၁ | ၁၀ | ၂၅ | ၄၅၄၈ | ၃၃၁၀၁၃၂ | ၃၀၄၂၆၇၄ | ၃၈၂၀၅၆၁ | ၂၅၅၁၆၈၁ | ၁၂၆၈၈၈၀ | ၁၁၉၀၅၃၃ | ၈၆၈၇၂ | ၈၅၂၅ |
| ၃ | ရှမ်း | ၄၉ | ၂၃၅ | ၁၂ | ၆၈ | ၉၈ | ၄၉၈ | ၇ | ၃၆ | ၄၉ | ၃၅၉၁ | ၃၆၃၄၂၈၃ | ၃၀၅၅၅၉၇ | ၄၀၂၃၁၉၄ | ၂၃၉၉၂၂၅ | ၁၆၂၃၉၆၉ | ၁၅၇၄၉၀၇ | ၉၆၆၆၆ | ၄၇၆၀၄ |
| ၄ | ဧရာဝတီ | ၂၆ | ၁၂၆ | ၁၂ | ၄၄ | ၅၂ | ၂၇၂ | ၂ | ၉ | ၂၆ | ၅၇၄၈ | ၄၆၈၁၁၅၂ | ၄၄၁၆၇၆၆ | ၅၂၃၈၂၀၅ | ၃၄၇၉၈၆၉ | ၁၇၅၈၃၃၆ | ၁၆၄၁၃၄၁ | ၁၈၂၇၁၉ | ၆၅၇၂၄ |

**☆ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိက ဆောင်ရွက်ခဲ့**

**☆ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရ**

**☆ ယင်းသို့ စာရင်းများကောက်ယူရာတွင် ရပ်ကွက်/ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ်ရှိ/မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/မဟုတ်စိစစ်နိုင်ခြင်းမရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရ**

**☆ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအခန်း (၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ"ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရ**

☆ စာမျက်နှာ ၁၆ မှ

၁၂။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၇-၁၁-၂၀၁၇ ရက်စွဲပါ ကြေညာချက် အမှတ် (၃၂/၂၀၁၇) ဖြင့် တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ယင်းနောက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၄-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၃/၂၀၁၇) နှင့် ၆-၁၂-၂၀၁၇ ရက်စွဲပါကြေညာချက် အမှတ်(၃၄/၂၀၁၇)တို့ဖြင့် တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် NLD ပါတီ အမာခံများ ထည့်သွင်း၍ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ကြေညာချက်များကို ထပ်မံထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ကြေညာချက်များတွင် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များမှ ခန့်အပ်လိုသူများအား ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၄-၈-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၇ / ၄၆၄- အထွေထွေ/ အဖရ (၂၀၂၀)ဖြင့် ညွှန်ကြားချက်အရ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ ဦးဆောင်သည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ယင်းအဖွဲ့ကြောင့်ပင် လူဦးရေစာရင်းများ ထပ်ကာ မဲဆန္ဒရှင်စာရင်းများ ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်မှုများဖြစ်ပွားခဲ့ရကြောင်း စိစစ်တွေ့ရှိရသည်။ ယင်းအဖွဲ့၏ ညွှန်ကြားချက်အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လူဦးရေစာရင်းများ ကျန်ရှိသေးကြောင်း ထပ်မံပေးပို့လာသည့်စာရင်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ အနေဖြင့် မဲဆန္ဒရှင်စာရင်းများတွင် ထပ်မံထည့်သွင်းခဲ့ရကြောင်း တွေ့ရှိရသည်။ သက်ဆိုင်ရာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (ရပ်ကွက်/ ကျေးရွာအုပ်စု)တို့မှ အောက်ခြေတွင် သေချာစွာ စိစစ်ခြင်းမရှိဘဲ ထပ်မံပေးပို့လာသည့် လူဦးရေစာရင်းများကြောင့် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ပြီးသူများ ထပ်မံပါဝင်လာသဖြင့် မဲစာရင်းများ ဖောင်းပွခြင်း၊ ထပ်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၄။ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်း အချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိက ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများ ကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ် နေထိုင်ခြင်းရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ်ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်း မရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ အစုလိုက်အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ အခန်း (၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်း မရှိစေရ" ဟု ပြဋ္ဌာန်းထားသော်လည်း** မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်း မရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ **သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်**ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၁၅။ အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈-၁၀-၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁-၁၀-၂၀၂၀ ရက်နေ့တို့တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာ ဆောင်ရွက်ခဲ့သည်။ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၁၆။ မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင် သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့် အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ် တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ် မပါရှိသည့် အမှန်ခြစ် တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သဖြင့် မဲရလဒ်များ မှန်ကန်မှုတမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၇။ မဲစာရင်းများ အရေအတွက်များပြားစွာ မဲရုံတိုင်း၌ မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းသည် မတော်တဆ ဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ထို့ပြင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် NLD ပါတီအနေဖြင့် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြုလုပ်၍ ဝင်ရောက်စွက်ဖက် မလျော်သြဇာ အသုံးပြုကာ မသမာမှုများဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် အခြားနိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအားလုံးကို COVID – 19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/ တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍လည်းကောင်း ကန့်သတ်ထိန်းချုပ်၍ နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်း၊ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက် ဆောင်ရွက်ခဲ့ခြင်းတို့ကို စိစစ်တွေ့ရှိရသည်။

၁၈။ အထက်ပါ စစ်ဆေးတွေ့ရှိချက်များအရ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကျင်းပခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေများနှင့် ညီညွတ်မှု မရှိသည်ကို စိစစ်တွေ့ရှိရသည့်အပြင် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း ပေါ်လွင်ထင်ရှားပါသည်။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်၊ မကွေးတိုင်းဒေသကြီး မြို့နယ် ၂၅ မြို့နယ်၊ ရှမ်းပြည်နယ် မြို့နယ် ၄၉ မြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခဲ့သော ရွေးကောက်ပွဲရလဒ်များကို ဥပဒေနှင့်အညီ ပယ်ဖျက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၏ မြို့နယ်အလိုက်ရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းနှင့် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် စစ်ဆေးတွေ့ရှိချက်များကို ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | ပြည်သူ့လွှတ်တော်ယှဉ်ပြိုင်မှု (ဦးရေ) | အမျိုးသားလွှတ်တော် | | တိုင်းလွှတ်တော် မဲဆန္ဒနယ်(၁/၂) ယှဉ်ပြိုင်မှု(ဦးရေ) | | တိုင်းရင်းသား လူမျိုး ယှဉ်ပြိုင်မှု (ဦးရေ) | မဲရုံပေါင်း | မြို့နယ်ကော်မရှင် မဲဆန္ဒရှင်စာရင်း | လဝက လူဦးရေစာရင်း | ထုတ်ယူရရှိမဲလက်မှတ် | အသုံးပြုမဲလက်မှတ် | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန်မဲလက်မှတ် | ဆန္ဒမဲလက်မှတ်ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲဆန္ဒနယ် | ယှဉ်ပြိုင်မှု(ဦးရေ) | ၁ | ၂ | | | | | | | | | ပျောက်ဆုံး | အပို |
| ၁ | ကျောက်ကြီး | ၅ | ၁ | ၃ | ၆ | ၆ | ကရင် ၇ | ၁၄၆ | ၈၇၈၈၁ | ၅၇၄၆၄ | ၁၀၂၀၀၀ | ၅၉၉၀၅ | ၄၂၀၉၅ | ၃၉၇၉၀ | ၁၁၅၀၅ | ၉၂၀၀ |
| ၂ | ဖြူး | ၆ | | | ၆ | ၅ | | ၂၁၄ | ၂၁၀၆၈၈ | ၁၉၅၇၇၅ | ၂၂၉၁၀၀ | ၁၃၈၅၅၇ | ၉၀၅၄၃ | ၈၄၉၇၁ | ၈၆၀၅ | ၃၀၃၃ |
| ၃ | တောင်ငူ | ၃ | ၂ | ၃ | ၅ | ၆ | | ၁၉၃ | ၁၉၉၉၀၂ | ၁၉၀၃၉၂ | ၂၂၀၇၀၀ | ၁၄၅၀၇၄ | ၇၅၆၂၆ | ၇၄၃၄၁ | ၄၆၀၂ | ၃၃၁၇ |
| ၄ | ရေတာရှည် | ၄ | | | ၇ | ၆ | | ၁၆၉ | ၁၆၇၀၂၀ | ၁၄၃၅၄၃ | ၁၈၇၇၀၀ | ၁၁၈၆၂၁ | ၆၉၀၇၉ | ၆၅၆၈၅ | ၅၅၅၆ | ၂၁၆၂ |
| ၅ | ထန်းတပင် | ၃ | ၃ | ၃ | ၃ | ၅ | | ၉၄ | ၉၆၅၉၂ | ၈၁၇၇၆ | ၁၀၉၇၆၆ | ၆၄၅၅၉ | ၄၅၂၀၇ | ၄၃၁၆၂ | ၂၅၂၀ | ၄၇၅ |
| ၆ | အုတ်တွင်း | ၃ | | | ၄ | ၄ | | ၁၅၃ | ၁၃၂၃၆၈ | ၁၁၄၄၀၄ | ၁၅၄၇၀၈ | ၉၀၁၆၉ | ၆၄၅၃၉ | ၆၀၆၁၅ | ၁၅၄၆၁ | ၁၁၅၃၇ |
| ၇ | ကဝ | ၃ | ၄ | ၄ | ၃ | ၅ | | ၁၆၉ | ၁၅၈၆၅၉ | ၁၅၇၂၈၇ | ၁၇၉၃၂၀ | ၁၁၁၄၁၇ | ၆၇၉၀၃ | ၆၉၉၉၇ | ၃၁၃၉ | ၅၂၃၃ |
| ၈ | သနပ်ပင် | ၄ | | | ၄ | ၃ | | ၉၁ | ၁၂၃၅၇၂ | ၁၀၅၈၁၁ | ၁၃၅၈၀၁ | ၇၅၃၁၉ | ၆၀၄၈၂ | ၅၆၂၈၇ | ၄၄၁၉ | ၂၂၄ |
| ၉ | ကျောက်တံခါး | ၅ | ၅ | ၄ | ၅ | ၅ | | ၂၁၁ | ၂၀၂၄၀၈ | ၁၇၃၅၁၀ | ၂၂၈၉၀၂ | ၁၂၆၀၄၀ | ၁၀၂၈၆၂ | ၉၅၇၈၈ | ၈၅၉၈ | ၁၅၂၄ |
| ၁၀ | ညောင်လေးပင် | ၅ | ၅ | ၄ | ၅ | ၆ | ကရင် ၇ | ၁၅၀ | ၁၆၄၃၇၅ | ၁၄၇၁၆၂ | ၁၈၃၆၄၅ | ၁၀၀၈၃၅ | ၈၂၈၁၀ | ၇၆၃၆၀ | ၆၇၂၂ | ၂၇၂ |
| ၁၁ | ဒိုက်ဦး | ၃ | ၆ | ၃ | ၄ | ၃ | | ၁၇၂ | ၁၆၁၈၁၁ | ၁၄၉၉၅၇ | ၁၈၃၀၁၁ | ၁၀၄၅၉၂ | ၇၈၄၁၉ | ၇၅၃၅၁ | ၃၆၃၁ | ၅၆၃ |
| ၁၂ | ရွှေကျင် | ၅ | | | ၅ | ၅ | | ၇၄ | ၇၇၁၃၇ | ၆၅၄၆၉ | ၈၆၅၀၃ | ၅၄၁၃၃ | ၃၂၃၇၀ | ၃၀၄၅၅ | ၂၁၆၄ | ၂၄၉ |
| ၁၃ | ဝေါ | ၃ | | | ၃ | ၃ | | ၁၁၆ | ၁၅၁၀၅၀ | ၁၃၁၅၃၀ | ၁၆၉၃၀၉ | ၉၁၄၃၅ | ၇၇၈၇၄ | ၇၃၉၃၇ | ၄၄၀၁ | ၄၆၄ |
| ၁၄ | ပဲခူး | ၉ | ၇ | ၅ | ၉ | ၉ | | ၂၀၆ | ၄၁၂၆၃၁ | ၃၄၈၂၄၃ | ၄၄၁၇၃၁ | ၂၈၂၄၅၀ | ၁၅၉၂၈၁ | ၁၄၅၆၁၅ | ၁၄၃၀၁ | ၆၁၅ |
| ၁၅ | ပေါက်ခေါင်း | ၄ | ၈ | ၄ | ၃ | ၅ | | ၂၁၂ | ၉၉၆၂၃ | ၇၄၀၂၈ | ၁၁၇၂၂၉ | ၈၀၆၂၂ | ၃၆၆၀၇ | ၃၃၇၄၃ | ၃၀၁၅ | ၁၅၁ |
| ၁၆ | ပန်းတောင်း | ၅ | | | ၅ | ၅ | | ၁၃၅ | ၁၁၅၆၉၆ | ၁၁၇၄၈၈ | ၁၃၁၈၇၂ | ၉၄၅၈၈ | ၃၇၂၈၄ | ၃၆၃၁၀ | ၁၀၄၄ | ၇၀ |
| ၁၇ | ပြည် | ၆ | | | ၄ | ၅ | | ၂၀၉ | ၁၉၆၇၆၉ | ၁၅၉၄၇၂ | ၂၁၁၅၂၁ | ၁၅၂၅၃၁ | ၅၈၉၉၀ | ၆၄၀၆၈ | ၉၈၇၂ | ၁၄၉၅၀ |
| ၁၈ | ပေါင်းတည် | ၄ | ၉ | ၃ | ၄ | ၄ | | ၁၂၆ | ၁၁၁၇၅၉ | ၈၅၁၆၆ | ၁၂၇၄၆၆ | ၈၆၀၈၈ | ၄၁၃၇၈ | ၃၉၃၀၅ | ၂၂၄၅ | ၁၈၁ |
| ၁၉ | ရွှေတောင် | ၅ | | | ၅ | ၄ | | ၁၁၇ | ၁၀၅၁၂၂ | ၁၀၅၅၃၅ | ၁၁၉၀၁၅ | ၈၂၂၆၆ | ၃၆၇၄၉ | ၃၂၅၆၂ | ၄၁၉၂ | ၅ |
| ၂၀ | သဲကုန်း | ၄ | | | ၄ | ၄ | | ၁၉၆ | ၁၀၈၂၂၈ | ၁၁၈၆၄၄ | ၁၂၇၁၉၉ | ၈၉၅၁၅ | ၃၇၆၈၄ | ၃၆၅၂၉ | ၅၅၉၈ | ၄၄၄၃ |
| ၂၁ | ကြို့ပင်ကောက် | ၆ | ၁၀ | ၃ | ၆ | ၆ | | ၉၄ | ၉၆၉၀၁ | ၈၆၇၁၈ | ၁၀၉၀၈၉ | ၇၄၉၈၉ | ၃၄၁၀၀ | ၃၂၈၈၄ | ၂၂၃၉ | ၁၀၂၃ |
| ၂၂ | ဇီးကုန်း | ၃ | | | ၃ | ၃ | | ၅၅ | ၅၇၄၆၅ | ၄၉၁၄၃ | ၆၃၅၃၀ | ၄၅၄၉၅ | ၁၈၀၃၅ | ၁၇၂၉၆ | ၈၉၅ | ၁၅၆ |
| ၂၃ | နတ်တလင်း | ၄ | | | ၄ | ၄ | | ၁၄၇ | ၁၄၁၁၂၀ | ၁၂၃၅၅၆ | ၁၆၁၇၂၁ | ၁၀၉၇၀၉ | ၅၂၀၁၂ | ၅၀၈၆၇ | ၁၈၀၁ | ၆၅၆ |
| ၂၄ | မိုးညို | ၄ | ၁၁ | ၃ | ၃ | ၃ | | ၁၆၉ | ၁၀၄၈၂၀ | ၈၄၃၀၇ | ၁၂၂၀၃၄ | ၇၈၉၃၂ | ၄၃၁၀၂ | ၃၉၁၁၃ | ၅၅၇၈ | ၁၅၈၉ |
| ၂၅ | မင်းလှ | ၄ | | | ၄ | ၄ | | ၁၁၇ | ၉၉၆၃၁ | ၉၅၂၉၇ | ၁၁၀၈၄၄ | ၇၅၁၉၇ | ၃၅၆၄၇ | ၃၄၈၄၈ | ၂၆၃၉ | ၁၈၄၀ |
| ၂၆ | အုတ်ဖို | ၄ | | | ၄ | ၄ | | ၁၂၆ | ၁၀၄၁၂၇ | ၁၀၆၂၆၅ | ၁၁၇၈၈၆ | ၇၈၁၈၂ | ၃၉၇၀၄ | ၃၉၃၇၄ | ၁၀၉၁ | ၇၆၁ |
| ၂၇ | လက်ပံတန်း | ၄ | ၁၂ | ၄ | ၅ | ၄ | ကရင် ၇ | ၁၇၆ | ၁၃၈၄၆၂ | ၁၂၈၁၃၄ | ၁၅၂၁၅၉ | ၉၇၅၉၉ | ၅၄၅၆၀ | ၅၁၂၈၃ | ၅၀၉၂ | ၁၈၁၅ |
| ၂၈ | သာယာဝတီ | ၆ | | | ၆ | ၇ | | ၁၀၇ | ၁၂၅၈၂၀ | ၁၀၉၈၈၉ | ၁၃၈၀၅၉ | ၉၃၀၆၄ | ၄၄၉၉၅ | ၃၅၅၉၆ | ၁၀၉၃၃ | ၁၅၃၄ |
| | စုစုပေါင်း | ၁၂၄ | | ၄၂ | ၁၂၉ | ၁၃၃ | | ၄၁၄၄ | ၃၉၅၁၆၃၇ | ၃၅၀၅၉၆၅ | ၄၄၂၁၈၂၀ | ၂၈၀၁၈၈၃ | ၁၆၁၉၉၃၇ | ၁၅၃၆၁၃၂ | ၁၅၁၈၆၇ | ၆၈၀၆၂ |

**မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | ပြည်သူ့လွှတ်တော်ယှဉ်ပြိုင်မှု (ဦးရေ) | အမျိုးသားလွှတ်တော် | | တိုင်းလွှတ်တော် မဲဆန္ဒနယ် (၁/၂) ယှဉ်ပြိုင်မှု(ဦးရေ) | | တိုင်းရင်းသားလူမျိုး ယှဉ်ပြိုင်မှု (ဦးရေ) | မဲရုံပေါင်း | မြို့နယ်ကော်မရှင် မဲဆန္ဒရှင်စာရင်း | လဝက လူဦးရေစာရင်း | ထုတ်ယူရရှိမဲလက်မှတ် | အသုံးပြုမဲလက်မှတ် | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန်မဲလက်မှတ် | ဆန္ဒမဲလက်မှတ်ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲဆန္ဒနယ် | ယှဉ်ပြိုင်မှု(ဦးရေ) | ၁ | ၂ | | | | | | | | | ပျောက်ဆုံး | အပို |
| ၁ | ဂန့်ဂေါ | ၇ | ၁ | ၄ | ၆ | ၄ | ချင်း ၁၀ | ၁၈၃ | ၁၀၉၃၁၅ | ၁၀၄၁၁၂ | ၁၂၈၁၃၃ | ၉၁၉၉၇ | ၃၆၂၁၆ | ၃၅၆၇၆ | ၁၀၆၂ | ၅၂၂ |
| ၂ | ထီးလင်း | ၃ | | | ၃ | ၄ | | ၁၀၀ | ၃၉၄၂၆ | ၄၀၀၁၃ | ၄၈၄၃၆ | ၃၅၅၁၅ | ၁၂၉၂၁ | ၁၂၇၅၇ | ၂၅၀ | ၈၆ |
| ၃ | ဆော | ၅ | ၁ | ၄ | ၅ | ၅ | ချင်း ၁၀ | ၁၀၄ | ၅၈၉၉၉ | ၅၆၀၂၇ | ၆၉၉၅၈ | ၄၈၆၀၃ | ၂၁၃၅၅ | ၂၀၆၈၉ | ၆၈၄ | ၁၈ |
| ၄ | ဆိပ်ဖြူ | ၄ | ၂ | ၅ | ၄ | ၄ | | ၁၀၃ | ၈၆၅၉၅ | ၈၄၀၇၈ | ၉၉၈၀၅ | ၆၉၅၈၄ | ၃၀၂၂၁ | ၃၁၀၆၁ | ၁၂၀၅ | ၂၀၄၅ |
| ၅ | ပခုက္ကူ | ၆ | | | ၆ | ၆ | | ၃၅၀ | ၂၄၆၄၈၂ | ၂၄၀၅၆၀ | ၂၈၅၁၈၆ | ၁၈၉၂၀၁ | ၉၅၉၈၅ | ၈၆၂၂၁ | ၁၀၁၆၅ | ၄၀၁ |
| ၆ | ပေါက် | ၃ | ၃ | ၄ | ၄ | ၃ | | ၂၁၃ | ၁၄၈၃၁၁ | ၁၃၆၇၈၁ | ၁၇၂၂၄၆ | ၁၁၄၂၁၀ | ၅၈၀၃၆ | ၅၄၈၂၄ | ၃၅၆၇ | ၃၅၅ |
| ၇ | မြိုင် | ၄ | | | ၄ | ၃ | | ၂၄၉ | ၂၁၁၈၀၄ | ၁၉၄၆၈၃ | ၂၄၀၅၃၂ | ၁၆၂၄၅၃ | ၇၈၀၇၉ | ၇၂၉၄၁ | ၈၄၁၃ | ၃၂၇၅ |

စာမျက်နှာ ၁၉ သို့ ☆

☆ စာမျက်နှာ ၁၈ မှ

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၈ | ရေစကြို | ၆ | ၄ | ၅ | ၅ | ၅ | | ၂၃၄ | ၁၉၃၂၃၆ | ၁၈၃၂၉၇ | ၂၂၀၉၅၇ | ၁၄၉၈၂၉ | ၇၁၁၂၈ | ၆၄၀၂၇ | ၇၁၄၄ | ၄၃ |
| ၉ | ချောက် | ၃ | ၅ | ၄ | ၅ | ၄ | | ၂၅၈ | ၁၆၄၁၄၅ | ၁၇၅၉၉၄ | ၁၉၀၆၂၆ | ၁၂၄၉၉၀ | ၆၅၆၃၆ | ၆၄၆၃၅ | ၁၀၀၁ | ၀ |
| ၁၀ | ရေနံချောင်း | ၃ | | | ၄ | ၄ | | ၁၅၉ | ၁၂၆၈၆၅ | ၁၀၂၃၇၂ | ၁၄၆၄၂၁ | ၈၉၁၂၃ | ၅၇၂၉၈ | ၅၃၅၇၄ | ၃၇၂၄ | ၀ |
| ၁၁ | တောင်တွင်းကြီး | ၅ | ၆ | ၅ | ၆ | ၆ | | ၂၈၄ | ၂၁၉၁၁၂ | ၁၇၃၅၅၇ | ၂၄၇၄၈၃ | ၁၅၉၆၁၂ | ၈၇၈၇၁ | ၈၀၇၅၄ | ၇၁၁၇ | ၀ |
| ၁၂ | နတ်မောက် | ၄ | ၇ | ၄ | ၄ | ၄ | | ၂၈၁ | ၁၉၁၆၈၅ | ၁၈၂၆၂၆ | ၂၂၃၄၃၀ | ၁၃၉၆၆၄ | ၈၃၇၆၆ | ၇၉၈၀၃ | ၃၉၆၃ | ၀ |
| ၁၃ | မြို့သစ် | ၄ | | | ၅ | ၄ | | ၁၆၉ | ၁၃၆၆၉၆ | ၁၁၇၇၅၂ | ၁၅၆၉၇၆ | ၁၀၀၁၄၃ | ၅၆၈၃၃ | ၅၂၄၄၇ | ၄၃၈၆ | ၀ |
| ၁၄ | မကွေး | ၅ | ၈ | ၄ | ၄ | ၆ | | ၂၆၃ | ၂၄၂၁၉၉ | ၂၁၂၆၈၈ | ၂၇၀၅၆၉ | ၁၈၂၁၀၇ | ၈၈၄၆၂ | ၇၃၄၂၉ | ၁၅၀၃၃ | ၀ |
| ၁၅ | ငဖဲ | ၆ | ၉ | ၅ | ၄ | ၅ | | ၇၈ | ၃၉၆၂၆ | ၃၇၈၄၁ | ၄၆၆၈၂ | ၃၃၃၁၃ | ၁၃၃၆၉ | ၁၃၂၀၉ | ၃၆၀ | ၂၀၀ |
| ၁၆ | စလင်း | ၅ | ၉ | ၅ | ၄ | ၄ | ချင်း ၁၀ | ၂၇၉ | ၁၉၈၄၁၅ | ၁၉၇၁၀၆ | ၂၃၀၁၃၀ | ၁၅၅၇၅၁ | ၇၅၂၇၉ | ၇၁၉၄၃ | ၃၈၄၉ | ၅၁၃ |
| ၁၇ | စေတုတ္တရာ | ၅ | | | ၆ | ၅ | | ၆၉ | ၃၄၆၅၁ | ၃၃၂၄၃ | ၄၁၅၂၉ | ၂၉၁၈၄ | ၁၂၃၄၅ | ၁၂၃၂၈ | ၁၆၂ | ၁၄၅ |
| ၁၈ | ပွင့်ဖြူ | ၃ | ၁၀ | ၃ | ၃ | ၃ | | ၁၆၃ | ၁၃၆၁၃၆ | ၁၀၆၁၆၀ | ၁၅၅၁၄၀ | ၁၀၈၀၇၂ | ၄၇၀၆၈ | ၄၂၃၅၉ | ၄၇၉၆ | ၈၇ |
| ၁၉ | မင်းဘူး | ၆ | | | ၅ | ၆ | | ၁၇၁ | ၁၄၃၇၉၂ | ၁၃၅၅၁၀ | ၁၆၆၃၅၅ | ၁၁၃၇၆၆ | ၅၂၅၈၉ | ၅၀၀၆၆ | ၂၇၉၉ | ၂၇၆ |
| ၂၀ | ကံမ | ၃ | ၁၁ | ၃ | ၃ | ၃ | | ၉၇ | ၆၀၄၈၅ | ၅၀၃၀၇ | ၇၀၅၈၀ | ၅၀၃၉၃ | ၂၀၁၈၇ | ၁၉၆၁၃ | ၅၇၆ | ၂ |
| ၂၁ | မင်းတုန်း | ၄ | | | ၆ | ၅ | | ၁၀၄ | ၅၀၀၉၅ | ၅၀၇၀၁ | ၆၀၂၈၉ | ၄၀၉၆၄ | ၁၉၃၂၅ | ၁၈၉၇၅ | ၄၅၀ | ၁၀၀ |
| ၂၂ | မင်းလှ | ၄ | | | ၅ | ၅ | | ၁၂၀ | ၁၀၁၆၅၈ | ၁၀၆၀၂၈ | ၁၁၆၇၃၄ | ၇၉၃၈၁ | ၃၇၃၅၃ | ၃၆၄၀၃ | ၁၀၀၀ | ၅၀ |
| ၂၃ | သရက် | ၅ | | | ၅ | ၄ | | ၁၄၃ | ၈၅၇၈၁ | ၇၉၈၁၆ | ၁၀၁၂၀၂ | ၆၆၀၅၀ | ၃၅၁၅၂ | ၃၄၂၁၄ | ၉၃၈ | ၀ |
| ၂၄ | ဆင်ပေါင်ဝဲ | ၄ | ၁၂ | ၃ | ၃ | ၄ | | ၁၃၀ | ၉၅၉၄၈ | ၈၃၁၄၁ | ၁၁၁၉၂၉ | ၇၄၇၉၆ | ၃၇၁၃၃ | ၃၅၆၈၃ | ၁၄၅၀ | ၀ |
| ၂၅ | အောင်လံ | ၃ | | | ၃ | ၄ | | ၂၄၄ | ၁၈၈၆၇၅ | ၁၅၈၂၈၁ | ၂၁၈၂၅၃ | ၁၄၂၉၈၀ | ၇၅၂၇၃ | ၇၂၉၀၂ | ၂၇၇၈ | ၄၀၇ |
| | **စုစုပေါင်း** | ၁၁၀ | | ၄၉ | ၁၁၂ | ၁၁၀ | ၁၀ | ၄၅၄၈ | ၃၃၁၀၁၃၂ | ၃၀၄၂၆၇၄ | ၃၈၂၀၅၆၁ | ၂၅၅၁၆၈၁ | ၁၂၆၈၈၈၀ | ၁၁၉၀၅၃၃ | ၈၆၈၇၂ | ၈၅၂၅ |

**ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အလိုက်မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်စာရင်းများစိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | ပြည်သူ့လွှတ်တော် ယှဉ်ပြိုင်မှု(ဦးရေ) | အမျိုးသားလွှတ်တော် | | ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်(၁/၂) ယှဉ်ပြိုင်မှု(ဦးရေ) | | တိုင်းရင်းသား လူမျိုး ယှဉ်ပြိုင်မှု (ဦးရေ) | မဲရုံပေါင်း | မြို့နယ်ကော်မရှင် မဲဆန္ဒရှင်စာရင်း | လဝက လူဦးရေစာရင်း | ထုတ်ယူရရှိ မဲလက်မှတ် | အသုံးပြု မဲလက်မှတ် | ကျန်ရှိမည့် မဲလက်မှတ် | မြေပြင်လက်ကျန် မဲလက်မှတ် | ဆန္ဒမဲလက်မှတ်ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲဆန္ဒနယ် | ယှဉ်ပြိုင်မှု(ဦးရေ) | ၁ | ၂ | | | | | | | | | ပျောက်ဆုံး | အပို |
| ၁ | ကျောက်မဲ | ၆ | ၁ | ၆ | ၅ | ၅ | ဗမာ၊ ကချင်၊ လီဆူ၊ ကယန်း၊ အင်းသား၊ လားဟူ၊ အခါ ၃၆ | ၉၉ | ၁၁၈၀၉၅ | ၈၆၁၆၄ | ၁၄၄၈၂၂ | ၇၀၄၆၄ | ၇၄၃၅၈ | ၇၄၁၀၅ | ၁၂၀၇ | ၉၅၄ |
| ၂ | မဘိမ်း | ၃ | | | ၃ | ၃ | | ၄၄ | ၃၂၉၁၈ | ၂၄၃၅၂ | ၃၇၀၇၁ | ၂၇၅၅၂ | ၉၅၁၉ | ၉၅၃၆ | ၃၅၇ | ၃၇၄ |
| ၃ | မိုးမိတ် | ၅ | | | ၇ | ၆ | | ၆၈ | ၄၇၉၃၇ | ၃၇၁၄၇ | ၅၅၆၇၀ | ၃၅၃၃၈ | ၂၀၃၃၂ | ၁၉၆၅၅ | ၉၈၂ | ၃၀၅ |
| ၄ | သီပေါ | ၄ | | | ၄ | ၄ | | ၁၁၁ | ၁၃၆၀၂၁ | ၁၀၃၉၈၄ | ၁၅၄၈၅၃ | ၈၈၀၅၁ | ၆၆၈၀၂ | ၆၆၂၂၃ | ၉၄၁ | ၃၆၂ |
| ၅ | နောင်ချို | ၈ | | | ၉ | ၈ | | ၈၁ | ၁၀၅၄၂၆ | ၈၉၆၅၀ | ၁၁၄၀၁၄ | ၇၉၁၃၂ | ၃၄၈၈၂ | ၃၄၄၄၂ | ၆၅၀ | ၂၁၀ |
| ၆ | နမ္မတူ | ၆ | | | ၆ | ၅ | | ၄၈ | ၃၃၆၅၈ | ၃၂၉၃၆ | ၃၅၈၇၈ | ၂၄၃၈၉ | ၁၁၄၈၉ | ၁၁၃၉၈ | ၁၉၁ | ၁၀၀ |
| ၇ | ကျိုင်းတုံ | ၇ | ၂ | ၆ | ၆ | ၇ | | ၁၂၀ | ၁၂၈၆၁၂ | ၁၂၉၆၃၆ | ၁၄၀၄၉၈ | ၆၉၅၇၉ | ၇၀၉၁၉ | ၆၉၃၅၉ | ၃၈၀၉ | ၂၂၄၉ |
| ၈ | မိုင်းခတ် | ၃ | | | ၅ | ၃ | | ၂၇ | ၁၆၈၃၁ | ၂၃၀၁၅ | ၂၀၄၆၅ | ၇၉၈၆ | ၁၂၄၇၉ | ၁၁၆၂၃ | ၉၄၃ | ၈၇ |
| ၉ | မိုင်းယန်း | ၄ | | | ၃ | ၃ | | ၂၀ | ၆၅၈၇ | ၂၈၉၀၉ | ၉၅၀၇ | ၅၁၉၂ | ၄၃၁၅ | ၄၀၉၉ | ၂၁၆ | ၀ |
| ၁၀ | မိုင်းပျဉ်း | ၇ | | | ၅ | ၅ | | ၅၅ | ၄၅၄၇၆ | ၄၃၅၆၀ | ၅၀၂၁၂ | ၂၇၅၈၄ | ၂၂၆၂၈ | ၂၂၄၅၅ | ၃၄၆ | ၁၇၃ |
| ၁၁ | တာချီလိတ် | ၆ | ၃ | ၇ | ၆ | ၆ | | ၇၀ | ၁၃၄၉၂၃ | ၁၀၄၉၀၄ | ၁၃၆၉၉၀ | ၇၆၀၂၄ | ၆၀၉၆၆ | ၆၃၂၉၀ | ၉၉ | ၂၄၂၃ |
| ၁၂ | မိုင်းဖြတ် | ၄ | | | ၄ | ၅ | | ၃၉ | ၂၂၅၅၂ | ၂၁၆၈၄ | ၂၆၈၉၀ | ၁၅၉၂၄ | ၁၀၉၆၆ | ၁၀၉၁၀ | ၅၈ | ၂ |
| ၁၃ | မိုင်းယောင်း | ၅ | | | ၆ | ၅ | | ၆၈ | ၂၇၁၉၁ | ၄၆၀၈၀ | ၃၂၇၀၄ | ၂၁၃၉၁ | ၁၁၃၁၃ | ၁၀၀၅၉ | ၁၃၇၉ | ၁၂၅ |
| ၁၄ | မိုင်းဆတ် | ၅ | ၃ | ၇ | ၆ | ၆ | ဗမာ၊ ကချင်၊ လီဆူ၊ ကယန်း၊ အင်းသား၊ လားဟူ၊ အခါ ၃၆ | ၅၈ | ၅၉၇၀၃ | ၄၄၃၄၀ | ၆၈၁၆၉ | ၃၇၅၄၁ | ၃၀၆၂၈ | ၂၉၂၉၀ | ၁၆၉၁ | ၃၅၃ |
| ၁၅ | မိုင်းတုံ | ၄ | | | ၅ | ၅ | | ၆၄ | ၄၇၆၈၇ | ၄၁၉၂၅ | ၄၉၇၀၈ | ၂၉၇၈၆ | ၁၉၉၂၂ | ၁၉၉၀၁ | ၂၁၀ | ၁၈၉ |
| ၁၆ | မက်မန်း | ၂ | | | ၃ | ၂ | | ၄၃ | ၁၁၆၀၈ | ၁၂၉၄၁ | ၁၄၆၁၁ | ၉၄၃၁ | ၅၁၈၀ | ၄၉၃၃ | ၄၄၃ | ၁၉၆ |
| ၁၇ | ကလော | ၇ | ၄ | ၉ | ၇ | ၈ | | ၁၄၁ | ၁၃၈၇၁၉ | ၁၁၆၃၈၉ | ၁၅၁၃၇၀ | ၁၁၇၈၃၆ | ၃၃၅၃၄ | ၃၁၆၈၉ | ၃၅၈၃ | ၁၇၃၈ |
| ၁၈ | ညောင်ရွှေ | ၆ | | | ၇ | ၇ | | ၁၄၃ | ၁၃၇၅၈၃ | ၁၃၀၄၃၄ | ၁၅၄၅၇၁ | ၁၁၆၅၆၆ | ၃၈၀၀၅ | ၃၅၄၆၁ | ၂၅၄၆ | ၂ |
| ၁၉ | တောင်ကြီး | ၁၀ | | | ၁၃ | ၈ | | ၂၄၅ | ၃၂၄၉၁၃ | ၂၇၉၃၁၅ | ၃၄၃၆၇၁ | ၂၄၃၃၆၂ | ၁၀၀၃၀၉ | ၉၆၂၀၉ | ၇၈၇၀ | ၃၇၇၀ |
| ၂၀ | ဖယ်ခုံ | ၅ | | | ၆ | ၅ | | ၁၁၀ | ၆၆၇၇၃ | ၆၀၀၀၄ | ၇၇၉၅၉ | ၅၆၀၄၈ | ၂၁၉၁၁ | ၂၁၅၁၇ | ၄၆၈ | ၇၄ |
| ၂၁ | ရပ်စောက် | ၇ | | | ၉ | ၈ | | ၈၄ | ၁၁၀၄၇၈ | ၁၀၁၆၂၆ | ၁၂၂၃၂ | ၈၈၃၉၉ | ၃၃၈၃၃ | ၃၂၇၇၅ | ၁၁၅၂ | ၉၄ |
| ၂၂ | မူဆယ် | ၇ | ၅ | ၇ | ၇ | ၆ | | ၉၉ | ၁၁၅၇၁၆ | ၈၁၆၄၆ | ၁၂၀၅၅၀ | ၆၁၇၉၀ | ၅၈၇၆၀ | ၅၆၂၃၇ | ၄၅၇၈ | ၂၀၅၅ |
| ၂၃ | နမ့်ခမ်း | ၅ | | | ၆ | ၅ | | ၁၁၅ | ၈၆၆၃၄ | ၈၁၀၅၁ | ၉၇၃၅၀ | ၆၀၆၈၀ | ၃၆၆၇၀ | ၂၉၈၈၆ | ၇၆၅၁ | ၈၆၇ |
| ၂၄ | ကွတ်ခိုင် | ၄ | | | ၄ | ၃ | | ၁၂၈ | ၁၂၈၁၈၂ | ၈၂၈၉၈ | ၁၄၆၉၇၀ | ၅၉၄၅၂ | ၈၇၅၁၈ | ၈၅၅၆၀ | ၂၄၈၄ | ၅၂၆ |
| ၂၅ | လားရှိုး | ၉ | ၆ | ၉ | ၁၀ | ၉ | | ၁၄၅ | ၂၂၀၃၉၉ | ၁၃၈၉၆၅ | ၂၃၀၉၅၀ | ၁၁၈၁၃၀ | ၁၁၂၈၂၀ | ၁၀၄၇၂၀ | ၁၈၇၉၁ | ၁၀၆၉၁ |
| ၂၆ | သိန္နီ | ၄ | | | ၄ | ၅ | | ၆၀ | ၃၈၇၁၉ | ၃၅၃၈၁ | ၄၃၇၂၄ | ၂၇၁၅၅ | ၁၆၅၆၉ | ၁၆၁၃၈ | ၁၇၃၀ | ၁၂၉၉ |
| ၂၇ | တန့်ယန်း | ၄ | | | ၆ | ၅ | | ၇၉ | ၁၁၁၆၈၆ | ၉၁၁၁၈ | ၁၂၈၀၃၄ | ၅၈၂၁၅ | ၆၉၈၁၉ | ၆၇၇၂၅ | ၃၁၇၅ | ၁၀၈၁ |
| ၂၈ | မိုင်းရယ် | ၄ | | | ၄ | ၄ | | ၄၅ | ၄၈၆၇၉ | ၃၅၀၅၇ | ၅၄၃၂၇ | ၂၇၆၃၉ | ၂၆၆၈၈ | ၂၅၀၇၂ | ၂၅၂၇ | ၉၁၁ |

စာမျက်နှာ ၂၀ သို့ ☆

☆ စာမျက်နှာ ၁၉ မှ

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၉ | ကွမ်းလုံ | ၄ | ၆ | ၉ | ၄ | ၄ | ဗမာ၊ ကချင်၊ လီဆူး၊ ကယန်း၊ အင်းသား၊ လားဟူ၊ အခါ ၁၆ | ၅၈ | ၃၈၁၉၀ | ၃၆၅၀၇ | ၄၂၉၈၃ | ၁၉၄၇၃ | ၂၃၅၁၀ | ၂၂၃၃၃ | ၂၇၁၀ | ၁၅၃၃ |
| ၃၀ | ကွန်ဟိန်း | ၄ | ၇ | ၆ | ၄ | ၄ | | ၄၄ | ၄၅၇၅၀ | ၂၅၆၉၉ | ၅၀၅၄၆ | ၂၂၀၇၈ | ၂၈၄၆၈ | ၂၈၆၀၃ | ၈၆ | ၂၂၁ |
| ၃၁ | ကျေးသီး | ၄ | | | ၄ | ၅ | | ၆၀ | ၅၈၅၉၉ | ၃၅၂၆၄ | ၆၉၂၃၅ | ၂၈၉၀၂ | ၄၀၃၃၃ | ၃၉၄၆၃ | ၂၂၁၂ | ၁၃၄၂ |
| ၃၂ | နမ့်စန် | ၆ | | | ၈ | ၇ | | ၁၀၃ | ၉၂၃၆၄ | ၆၀၁၂၀ | ၁၀၃၅၆၃ | ၅၃၀၄၅ | ၅၀၅၁၈ | ၄၈၀၈၃ | ၄၇၀၄ | ၂၂၆၉ |
| ၃၃ | မိုင်းရှူး | ၄ | | | ၄ | ၄ | | ၄၅ | ၅၂၄၄၄ | ၂၉၂၉၆ | ၅၇၀၁၅ | ၂၅၃၈၅ | ၃၁၆၃၀ | ၃၁၈၄၂ | ၈၂၂ | ၁၀၃၄ |
| ၃၄ | လဲချား | ၄ | | | ၅ | ၄ | | ၃၆ | ၃၉၆၈၄ | ၂၉၃၆၄ | ၄၅၁၆၇ | ၁၈၇၉၈ | ၂၆၃၆၉ | ၂၅၉၃၁ | ၅၀၇ | ၆၉ |
| ၃၅ | လွိုင်လင် | ၅ | | | ၄ | ၆ | | ၈၁ | ၉၆၅၀၄ | ၈၀၆၅၁ | ၁၀၆၅၅၈ | ၄၈၀၅၆ | ၅၈၅၀၂ | ၅၅၆၃၇ | ၈၀၁၃ | ၅၁၄၈ |
| ၃၆ | လင်းခေး | ၄ | | | ၅ | ၄ | | ၃၉ | ၂၆၄၅၃ | ၄၀၆၁၄ | ၂၉၆၈၆ | ၂၂၁၈၅ | ၇၅၀၁ | ၇၅၀၁ | ၀ | ၀ |
| ၃၇ | မိုးနဲ | ၄ | | | ၅ | ၅ | | ၃၁ | ၂၈၈၁၇ | ၂၉၀၀၀ | ၃၁၃၈၃ | ၂၂၄၄၅ | ၈၉၃၈ | ၈၉၁၅ | ၅၁ | ၂၈ |
| ၃၈ | မိုင်းပန် | ၄ | | | ၄ | ၄ | | ၂၆ | ၁၃၃၄၆ | ၁၇၄၉၉ | ၁၅၆၆၄ | ၁၁၂၃၉ | ၄၄၂၅ | ၄၄၂၆ | ၀ | ၁ |
| ၃၉ | မောက်မယ် | ၄ | | | ၃ | ၄ | | ၃၂ | ၂၂၂၀၃ | ၁၉၈၈၈ | ၂၅၉၈၉ | ၁၈၃၈၁ | ၇၆၀၈ | ၇၅၂၄ | ၈၇ | ၃ |
| ၄၀ | နမ့်ဆန် | ၃ | ၈ | ၃ | ၄ | ၃ | | ၅၁ | ၄၀၃၈၈ | ၄၇၉၃၁ | ၅၁၀၀၀ | ၂၅၂၃၈ | ၂၅၇၆၂ | ၂၅၅၆၂ | ၂၀၀ | ၀ |
| ၄၁ | မန်တုံ | ၂ | | | ၂ | ၄ | | ၃၇ | ၂၄၃၉၃ | ၂၂၂၂၁ | ၂၈၃၀၀ | ၁၃၉၃၈ | ၁၄၃၆၂ | ၁၄၃၁၂ | ၅၀ | ၀ |
| ၄၂ | ပင်းတယ | ၆ | ၉ | ၆ | ၆ | ၇ | | ၇၈ | ၆၁၁၈၇ | ၅၂၄၆၈ | ၆၉၀၀၇ | ၅၆၆၀၃ | ၁၂၄၀၄ | ၁၁၄၃၀ | ၁၄၇၆ | ၅၀၂ |
| ၄၃ | ရွာငံ | ၆ | ၉ | ၆ | ၆ | ၇ | ဗမာ၊ကချင်၊ လီဆူး၊ ကယန်း၊ အင်းသား၊ လားဟူ၊ အခါ ၁၆ | ၅၂ | ၆၁၉၃၇ | ၅၆၉၆၃ | ၆၉၄၂၉ | ၅၆၆၉၈ | ၁၂၇၃၁ | ၁၃၅၁၇ | ၃၅၃ | ၁၁၃၉ |
| ၄၄ | ဆီဆိုင် | ၄ | ၁၀ | ၄ | ၄ | ၄ | | ၉၃ | ၁၀၆၁၆၃ | ၉၃၈၈၀ | ၁၁၀၄၀၈ | ၈၁၁၅၆ | ၂၉၂၅၂ | ၂၉၁၅၅ | ၇၉၅ | ၆၉၈ |
| ၄၅ | ပင်လောင်း | ၅ | | | ၄ | ၅ | | ၁၄၃ | ၁၃၃၃၀၃ | ၁၂၃၉၁၁ | ၁၄၈၈၉၇ | ၁၁၄၇၅၂ | ၃၄၁၄၅ | ၃၄၂၀၄ | ၁၁၈၁ | ၁၂၄၀ |
| ၄၆ | ဟိုပုံး | ၃ | | | ၄ | ၃ | | ၈၀ | ၈၂၅၇၂ | ၇၃၃၈၄ | ၈၉၉၁၈ | ၅၈၂၈၄ | ၃၁၆၃၄ | ၃၀၅၃၇ | ၁၈၈၂ | ၇၈၅ |
| ၄၇ | ဟိုပန် | ၄ | ၁၁ | ၃ | ၅ | ၃ | | ၄၃ | ၂၂၆၁၇ | ၂၂၃၈၁ | ၂၄၄၀၀ | ၁၃၄၀၄ | ၁၀၉၉၆ | ၁၀၂၈၇ | ၁၀၉၁ | ၃၈၂ |
| ၄၈ | လောက်ကိုင် | ၂ | ၁၂ | ၂ | ၂ | ၂ | | ၂၉ | ၅၆၀၆၁ | ၃၀၂၉၀ | ၆၁၂၂၆ | ၁၇၉၃၈ | ၄၃၂၈၈ | ၄၂၉၉၃ | ၂၉၅ | ၀ |
| ၄၉ | ကုန်းကြမ်း | ၂ | | | ၃ | ၂ | | ၂၁ | ၂၇၆၀၂ | ၂၃၁၅၅ | ၂၉၀၅၀ | ၁၀၅၉၁ | ၁၈၄၅၉ | ၁၈၃၈၅ | ၇၄ | ၀ |
| | စုစုပေါင်း | ၂၃၅ | | ၆၈ | ၂၅၆ | ၂၄၂ | ၁၆ | ၃၅၉၁ | ၃၆၃၄၂၈၃ | ၃၀၅၅၅၉၇ | ၄၀၂၃၁၉၄ | ၂၃၉၉၂၂၅ | ၁၆၂၃၉၆၉ | ၁၅၇၄၉၀၇ | ၉၆၆၆၆ | ၄၇၆၀၄ |

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက်မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်စာရင်းများစိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | ပြည်သူ့လွှတ်တော် ယှဉ်ပြိုင်မှု (ဦးရေ) | အမျိုးသားလွှတ်တော် | | တိုင်းလွှတ်တော် မဲဆန္ဒနယ်(၁/၂) ယှဉ်ပြိုင်မှု(ဦးရေ) | | တိုင်းရင်းသားလူမျိုး ယှဉ်ပြိုင်မှု (ဦးရေ) | မဲရုံပေါင်း | မြို့နယ်ကော်မရှင် မဲဆန္ဒရှင်စာရင်း | လဝက လူဦးရေစာရင်း | ထုတ်ယူရရှိ မဲလက်မှတ် | အသုံးပြု မဲလက်မှတ် | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် မဲလက်မှတ် | ဆန္ဒမဲလက်မှတ် ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲဆန္ဒနယ် | ယှဉ်ပြိုင်မှု(ဦးရေ) | ၁ | ၂ | | | | | | | | | ပျောက်ဆုံး | အပို |
| ၁ | ကန်ကြီးထောင့် | ၄ | ၁ | ၃ | ၅ | ၅ | ကရင်၊ ရခိုင် ၉ | ၁၃၉ | ၁၃၅၇၅၇ | ၁၃၃၂၀၆ | ၁၄၈၁၂၇ | ၁၀၉၄၆၇ | ၃၈၆၆၀ | ၃၇၉၂၆ | ၉၄၁ | ၂၀၇ |
| ၂ | ကျောင်းကုန်း | ၃ | | | ၆ | ၅ | | ၁၂၅ | ၁၂၈၂၇၃ | ၁၁၉၁၃၁ | ၁၄၅၉၁၉ | ၁၀၂၈၂၃ | ၄၃၀၉၆ | ၄၀၉၂၃ | ၃၈၈၅ | ၁၇၁၂ |
| ၃ | သာပေါင်း | ၆ | | | ၆ | ၅ | | ၂၀၃ | ၁၁၆၇၅၈ | ၁၁၀၉၁၄ | ၁၃၆၃၀၃ | ၈၉၉၀၈ | ၄၆၃၉၅ | ၄၅၄၇၃ | ၂၁၁၃ | ၁၁၉၁ |
| ၄ | ကျုံပျော် | ၈ | ၂ | ၄ | ၇ | ၇ | | ၂၃၃ | ၁၉၀၂၀၃ | ၁၇၁၄၅၈ | ၂၁၉၀၁၃ | ၁၄၃၆၁၈ | ၇၅၃၉၅ | ၇၂၁၃၂ | ၄၅၂၅ | ၁၂၆၂ |
| ၅ | ရေကြည် | ၅ | | | ၄ | ၄ | | ၁၁၉ | ၁၅၇၇၆၅ | ၁၄၀၂၇၄ | ၁၇၄၇၈၉ | ၁၁၈၂၉၀ | ၅၆၄၉၉ | ၅၃၁၀၅ | ၃၅၃၇ | ၁၄၃ |
| ၆ | ငပုတော | ၆ | ၃ | ၄ | ၆ | ၈ | | ၂၅၂ | ၂၃၅၄၂၈ | ၂၁၄၆၃၆ | ၂၅၆၀၆၃ | ၁၆၆၄၈၆ | ၈၉၅၇၇ | ၈၇၈၅၃ | ၃၉၀၉ | ၂၁၈၅ |
| ၇ | ပုသိမ် | ၈ | | | ၇ | ၁၀ | | ၂၀၀ | ၂၇၇၉၆၄ | ၂၂၄၁၄၈ | ၂၉၂၁၅၈ | ၂၀၄၄၂၆ | ၈၇၇၃၂ | ၈၂၈၁၇ | ၁၄၁၉၈ | ၉၂၈၃ |
| ၈ | ကျိုက်လတ် | ၄ | ၄ | ၃ | ၄ | ၅ | | ၂၆၀ | ၁၂၉၁၆၅ | ၁၂၈၅၇၈ | ၁၅၀၇၁၄ | ၁၀၄၀၂၅ | ၄၆၆၈၉ | ၄၅၇၄၈ | ၂၄၄၄ | ၁၅၀၃ |
| ၉ | ဘိုကလေး | ၄ | | | ၃ | ၅ | | ၃၆၁ | ၂၂၄၄၁၇ | ၂၁၄၇၃၇ | ၂၅၅၁၃၄ | ၁၅၆၅၃၉ | ၉၈၅၉၅ | ၉၄၀၀၂ | ၆၅၉၉ | ၂၀၀၆ |
| ၁၀ | ဒေးဒရဲ | ၃ | ၅ | ၃ | ၆ | ၆ | | ၁၈၁ | ၁၅၅၆၈၅ | ၁၅၅၉၅၈ | ၁၇၃၃၅၅ | ၁၀၅၄၂၉ | ၆၇၉၂၆ | ၆၄၉၁၇ | ၃၂၅၈ | ၂၄၉ |
| ၁၁ | ဖျာပုံ | ၃ | | | ၅ | ၅ | | ၂၄၉ | ၂၁၁၆၃၉ | ၁၈၈၄၄၇ | ၂၂၇၃၉၆ | ၁၄၉၂၃၃ | ၇၈၁၆၃ | ၇၁၈၅၆ | ၆၃၈၁ | ၇၄ |
| ၁၂ | ညောင်တုန်း | ၅ | ၆ | ၃ | ၆ | ၄ | ကရင်၊ ရခိုင် ၉ | ၂၄၄ | ၁၇၀၁၆၈ | ၁၃၅၃၇၆ | ၁၉၃၉၉၄ | ၁၃၅၆၀၇ | ၅၈၃၈၇ | ၅၅၂၂၀ | ၄၈၄၁ | ၁၆၇၄ |
| ၁၃ | မအူပင် | ၄ | | | ၅ | ၅ | | ၃၁၁ | ၂၄၇၈၄၄ | ၂၃၅၁၆၉ | ၂၇၇၈၉၇ | ၁၇၈၆၈၅ | ၉၉၂၁၂ | ၈၉၄၃၄ | ၁၀၅၂၇ | ၇၄၉ |
| ၁၄ | ဓနုဖြူ | ၅ | ၇ | ၃ | ၅ | ၄ | | ၁၆၄ | ၁၄၅၆၈၅ | ၁၄၁၆၅၆ | ၁၆၇၃၄၀ | ၁၁၁၂၁၉ | ၅၆၁၂၁ | ၅၅၉၃၅ | ၆၄၇ | ၄၆၁ |
| ၁၅ | ပန်းတနော် | ၆ | | | ၄ | ၇ | | ၂၀၇ | ၂၀၁၆၅၅ | ၂၁၂၃၉၁ | ၂၂၃၃၀၆ | ၁၅၉၆၅၄ | ၆၃၆၅၂ | ၆၀၉၉၂ | ၃၀၂၅ | ၃၆၅ |
| ၁၆ | မြောင်းမြ | ၅ | ၈ | ၅ | ၄ | ၆ | | ၃၀၀ | ၂၂၅၉၀၃ | ၂၀၆၇၁၂ | ၂၄၈၉၉၄ | ၁၆၉၆၆၇ | ၇၉၃၂၇ | ၇၃၇၅၉ | ၁၁၀၈၀ | ၅၅၁၂ |
| ၁၇ | ဝါးခယ်မ | ၅ | ၉ | ၄ | ၅ | ၄ | | ၃၃၃ | ၂၂၇၉၄၆ | ၂၀၄၃၃၇ | ၂၆၁၄၁၃ | ၁၆၅၇၉၉ | ၉၅၆၁၄ | ၈၅၇၁၅ | ၁၄၂၉၅ | ၄၃၉၆ |
| ၁၈ | အိမ်မဲ | ၈ | | | ၇ | ၇ | | ၁၆၂ | ၁၅၁၅၉၂ | ၁၄၁၂၀၈ | ၁၆၇၅၁၄ | ၁၁၄၅၂၉ | ၅၂၉၈၅ | ၅၀၆၄၂ | ၃၈၅၁ | ၁၅၀၈ |
| ၁၉ | မော်လမြိုင်ကျွန်း | ၅ | ၁၀ | ၃ | ၆ | ၅ | | ၃၂၂ | ၂၁၉၆၃၈ | ၂၀၆၉၇၅ | ၂၄၉၇၇၁ | ၁၆၃၃၈၄ | ၈၆၃၈၇ | ၈၀၇၆၃ | ၈၁၅၆ | ၂၅၃၂ |
| ၂၀ | လပွတ္တာ | ၄ | | | ၅ | ၅ | | ၂၆၃ | ၂၂၆၇၅၀ | ၂၂၁၉၆၂ | ၂၅၁၂၂၃ | ၁၄၅၂၁၀ | ၁၀၆၀၁၃ | ၉၄၀၉၆ | ၁၈၃၅၅ | ၆၄၃၈ |
| ၂၁ | ကြံခင်း | ၄ | ၁၁ | ၃ | ၄ | ၄ | | ၉၄ | ၇၅၆၄၀ | ၇၆၈၅၆ | ၈၅၅၆၆ | ၆၀၆၄၀ | ၂၄၉၂၆ | ၂၄၂၄၄ | ၂၀၅၁ | ၁၃၆၉ |
| ၂၂ | မြန်အောင် | ၄ | | | ၄ | ၅ | | ၂၁၁ | ၁၇၀၈၈၇ | ၁၈၂၃၀၆ | ၁၉၂၂၉၈ | ၁၃၀၃၇၂ | ၆၁၉၂၆ | ၅၇၃၄၂ | ၆၁၉၅ | ၁၆၁၁ |
| ၂၃ | အင်္ဂပူ | ၅ | | | ၄ | ၅ | | ၁၆၉ | ၁၆၄၈၅၅ | ၁၈၉၄၄၄ | ၁၈၄၇၆၁ | ၁၂၉၃၂၀ | ၅၅၄၄၁ | ၅၁၅၉၅ | ၅၄၅၄ | ၁၆၀၈ |
| ၂၄ | ဇလွန် | ၃ | ၁၂ | ၆ | ၄ | ၄ | ကရင်၊ ရခိုင် ၉ | ၁၆၆ | ၁၃၃၅၇၆ | ၁၁၀၉၁၃ | ၁၄၉၆၇၇ | ၁၀၁၀၄၇ | ၄၈၆၃၀ | ၄၁၉၆၀ | ၁၅၉၀၉ | ၉၂၃၉ |
| ၂၅ | လေးမျက်နှာ | ၄ | | | ၅ | ၄ | | ၁၈၈ | ၈၃၄၅၇ | ၇၁၉၉၆ | ၁၀၀၂၇၃ | ၆၃၂၀၂ | ၃၇၀၇၁ | ၃၅၃၂၁ | ၄၄၅၀ | ၂၇၀၀ |
| ၂၆ | ဟင်္သာတ | ၅ | | | ၄ | ၇ | | ၂၈၂ | ၂၇၂၅၀၂ | ၂၆၇၉၇၈ | ၃၀၅၂၀၇ | ၂၀၁၂၉၀ | ၁၀၃၉၁၇ | ၈၇၅၇၁ | ၂၂၀၉၃ | ၅၇၄၇ |
| | စုစုပေါင်း | ၁၂၆ | | ၄၄ | ၁၃၁ | ၁၄၁ | ၉ | ၅၇၄၈ | ၄၆၈၁၁၅၂ | ၄၄၁၆၇၆၆ | ၅၂၃၈၂၀၅ | ၃၄၇၉၈၆၉ | ၁၇၅၈၃၃၆ | ၁၆၄၁၃၄၁ | ၁၈၂၇၁၉ | ၆၅၇၂၄ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# သမိုင်းဒေဝီ - ဆရာမကြီးဒေါ်ကြန်

## မှုန်ရွှေရည် (စာပေဗိမာန်)

**(ယမန်နေ့မှအဆက်)**

၁၉၇၈ ခုနှစ်အတွက် အမျိုးသားစာပေဆုကို မြန်မာနိုင်ငံအခြေအနေ (၁၈၈၅-၈၆) စာအုပ်ဖြင့် ဆုရရှိသောအခါ ကြေးမုံသတင်းစာက ဆရာမကြီးနှင့် အင်တာဗျူးပြုလုပ်ပါသည်။ ဆရာမကြီးဒေါ်ကြန်က -

"မြန်မာ့သမိုင်းကို မြန်မာ့အမြင်ဖြင့် မြန်မာတို့က ရေးသားမှုနည်းပါးသေးကြောင်း၊ နိုင်ငံခြားသားသုတေသီများ ရေးသမျှနှင့်သာ တင်းတိမ်နေခဲ့ရကြောင်း၊ ယခုကဲ့သို့ မြန်မာ့သမိုင်းနှင့်ပတ်သက်၍ ကြိုးစားပြုစုခဲ့သော စာအုပ်ဆုရသဖြင့် ဂုဏ်ယူပါကြောင်း..." ပြောကြားခဲ့ပါသည်။

ဆရာမကြီးနှင့် နှစ်ပေါင်း ၆၀ ကျော်ရင်းနှီးခဲ့သည့် ဆရာကြီးဒေါက်တာသော်ကောင်းက "... ဆရာမကြီးသည် ပညာကိုတန်ဖိုးထားလျက် ဖွဲလုံ့လအပြည့် မလျှော့သောကြိုးစားမှုဖြင့် သမိုင်းဘာသာရပ် မဟာဝိဇ္ဇာဘွဲ့ကို ဆွတ်ခူးနိုင်သူ..." ဟု ဂုဏ်ပြုရေးသားခဲ့ပါသည်။ ဆရာကြီးဦးသော်ကောင်း၏ဖခင် ပညာမင်းကြီး ဦးကောင်းသည် ၁၉၃၄ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ ပညာဝန်အဖြစ် တာဝန်ယူစဉ် ဆရာမကြီးဒေါ်ကြန်က အထက်တန်းကျောင်းသူဘဝဖြင့် ဆုံတွေ့ခဲ့ဖူးသကဲ့သို့ ဆရာကြီးဦးကောင်း သမိုင်းကော်မရှင်ဥက္ကဋ္ဌ တာဝန်ယူသောအခါတွင်လည်း ဆရာမကြီးက သမိုင်းကော်မရှင်၌ ကျမ်းပြုအရာရှိ ဖြစ်လာခဲ့ပြန်ပါသည်။ ထို့ပြင် ၁၉၅၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဆရာမကြီး အင်္ဂလိပ်စာနည်းပြလုပ်ခဲ့စဉ် ဆရာဦးသော်ကောင်းက ဒုတိယနှစ်ကျောင်းသားအဖြစ် ဆုံတွေ့ခဲ့ရသည်ဟု သိရှိရပါသည်။

### တက်ကြွပျော်ရွှင်စွာ ပါဝင်ခဲ့

စာပေဗိမာန်သို့ ကျွန်မစတင်အလုပ်ဝင်စဉ် ဆရာမကြီးကို အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီဝင်၊ မြန်မာ့စွယ်စုံကျမ်းများထုတ်ဝေရေးကော်မတီဝင်အဖြစ် မိတ်ဆက်ခွင့်ရရှိသည်။ ၁၉၈၄ ခုနှစ်တွင် မြန်မာ့ရည်ညွှန်းစာအုပ်စာတမ်းဖတ်ပွဲ ကျင်းပသောအခါ စာပေဗိမာန်သို့ မကြာခဏ လာရောက်သဖြင့် သူနှင့် ပိုမိုရင်းနှီးလာခဲ့ပါသည်။ ၁၉၉၃ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေစာပေဆု ဖြစ်ပေါ်လာသောအခါ ဆရာမကြီးသည် စာပေဗိမာန်၏ ဝန်ထမ်းသဖွယ် ဖြစ်လာခဲ့ပါသည်။ ပခုက္ကူဦးအုံးဖေစာပေဆုကော်မတီတွင် ဆရာကြီး ဒေါက်တာသော်ကောင်း၊ ဆရာဦးသန်းထွတ် (တိုက်စိုး)၊ ဆရာဦးကျော်အောင် (ကျော်အောင်) တို့နှင့်အတူ ဆရာမကြီးသည် တက်ကြွပျော်ရွှင်စွာ ပါဝင်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ကြီးများနှင့် ယခင်က ဌာနတူလုပ်ကိုင်ခဲ့သဖြင့် ချစ်ခင်ရင်းစွဲရှိပြီး စည်းဝေးပြီးသည့်အခါ ချက်ချင်းမပြန်ကြဘဲ ရေးဟောင်းနှောင်းဖြစ်များ ပြောမဆုံးဖြစ်သည်ကို တွေ့ရပါသည်။ သူတို့၏ ပြောဆိုငြင်းခုံမှုများက ကျွန်မတို့အတွက် သုတ






ဘဏ်ရတနာသိုက် ဖြစ်ခဲ့ရသည်။

သူတို့အဖွဲ့သည် ကျမ်းနှင့်သုတေသနပြိုင်ပွဲဝင်စာမူများကို လိုအပ်သည်ထက်ပို၍ စိစစ်ရွေးချယ်ကြပါသည်။ စာမူအကြောင်းရပ်၊ အရေးအသား၊ အကိုးအကား မည်မျှပြည့်စုံစေကာမူ ဆရာမကြီးဒေါ်ကြန် ဖတ်ရှုစိစစ်လျှင် ဟာကွက်တွေ့သည်ချည်း။ ကျမ်းကိုးမှာ ဟိုစာအုပ်ကျန်နေတယ်၊ အက္ခရာဝလိမပြည့်စုံဘူး၊ အောက်ခြေမှတ်စုထည့်သင့်တယ် စသည်ဖြင့်။

"တခြားဘာသာရပ်ဆိုရင်တော့ လျစ်လျူရှုလို့ရတယ်။ ကျမ်းဘာသာရပ် သုတေသနဘာသာရပ်မှာတော့ အင်္ဂါပြည့်စုံစေချင်တယ်။ သူများရေးတာကို စုစည်းဖော်ပြတာမျိုးမဟုတ်ဘဲ အမှန်တကယ်ကိုယ်တိုင်သုတေသနပြုတာလည်း ပါရမယ်။"

ထို့ကြောင့်ပင် ထိုအချိန်က ပခုက္ကူဦးအုံးဖေစာပေဆုမှ ကျမ်းသုတေသနဆိုင်ရာ စာအုပ်လက်ရာကောင်းများစွာ ထွက်ပေါ်ခဲ့သည်။

### ကိုယ်တိုင်အားထုတ်မှု ပါဝင်စေချင်

စာပေဆုများတွင် ဆရာမကြီး ဖတ်ရှုစိစစ်သည့် စာမူစာအုပ်သည် ဆုချီးမြှင့်ခံရဖို့ မလွယ်ကူလှ။ သူကသုတေသနသမားဖြစ်သဖြင့် စိစစ်သည်။ တိကျသည်။ အကိုးအကားအမှားများကို မကျော်လွှားချင်၊ စုတုပြုလျှင် မကြိုက်၊ ကိုယ်တိုင်အားထုတ်မှု ပါဝင်စေချင်သည်။ အဖွဲ့ဝင်များဖတ်ရှုရန် စာမူများကို ခွဲဝေသည့်အခါ ဆရာမကြီးထံ ရောက်ရှိသွားသည့် စာမူလေးများကိုကြည့်ရင်း ကျွန်မစိတ်ထဲတွင် သနားနေမိလေ့ရှိခဲ့သည်။

အထူးသဖြင့် ကျမ်းကိုးပြည့်စုံစွာ မဖော်ပြခြင်းကို ကန့်ကွက်သည်။ "ကျမ်းကိုးတွင် မဖော်ပြဘဲ သူတစ်ပါးစာကို ကူးယူလျှင် Plagiarism ပဲ။" ဟု တွင်တွင်ပြောတတ်သည်။ စာမူစိစစ်ရေးအဖွဲ့အတွင်းရေးမှူး ဆရာမောင်ဆုရှင်က "အချို့စာမူလေးတွေမှာ အားနည်းချက်ရှိရင် စာအုပ်ထုတ်တဲ့အခါ စာတည်းများက တည်းဖြတ်ပြုပြင်နိုင်ပါတယ်။ စာရေးလက်သင်တွေကို အားပေးကြတာပေါ့ မမရယ်"ဟု ဆွေးနွေးသည်။

"ရှင်တို့ကြိုက်ရင် ရွေးလေ။ ကျွန်မကတော့ စာမူအရည်အသွေးမမီရင် မရွေးချင်ဘူး။ ပြိုင်ပွဲဝင်သူတွေကို ကျမ်းသုတေသနကို ဖြစ်သလိုမရေးဘဲ စာပေဘယ်လိုရေးရတယ်ဆိုတာ နားလည်စေချင်တယ်။ ကြိုးစားရေးသားစေချင်တယ်။ သူတို့ကို လမ်းညွှန်ပေးချင်တယ်" ဟု ပြန်၍တုံ့ပြန်တတ်သည်။ ဆရာမကြီးသည် သူမှန်တယ်ထင်လျှင် အလျှော့ပေးတတ်သူမဟုတ်။

ဆရာမောင်ဆုရှင်က "ဒါဆို အဲဒီအကြောင်းကို မမစာတမ်းရေးပေးပါ" ဟု အကြံပြုသဖြင့် ဆရာမကြီးသည် ကျမ်းသုတေသနပြုခြင်းစာတမ်းကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ပြုလုပ်သည့် သုတဘဏ်စာပေ စာတမ်းဖတ်ပွဲတွင် ရေးသားဖတ်ကြားပြီး စာအုပ်ထုတ်ဝေနိုင်ခဲ့ပါသည်။

ဆရာမကြီး၏ အသက် ၁၀၀ နေနည်းမှာ စည်းစနစ်ကျခြင်း ဖြစ်ပါသည်။ နေထိုင်မှု၊ စားသောက်မှု၊ ဝတ်စားဆင်ယင်မှုအားလုံးတို့ စနစ်တကျရှိသည်။ စာပေဗိမာန်အစည်းအဝေးများတွင် ရေနွေးကြမ်းသာ သောက်သည်။ ကော်ဖီ၊ လက်ဖက်ရည်မသောက်။ ခေါက်ဆွဲကြော်၊ မုန့်ဟင်းခါး စသည့် အပြင်စာကို လုံးဝမစား။ ပေါင်မုန့်မီးကင် ထောပတ်သုတ်သာ စားသည်။ ရုံးတွင်သာမဟုတ်၊ အိမ်တွင်လည်း ထွေလီကာလီစားသည်ကိုမတွေ့။ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း နံနက်ပိုင်းတွင် ကွေကာအုတ်နှင့် Ensure သောက်ပြီး ညစာကို ကြာဆံပြုတ်၊ ဆန်ပြုတ်သာ သောက်သည်။ အသီးအနှံ အနည်းငယ်စားသည်။ တစ်သက်လုံးစားလာခဲ့ပြီမို့ ကိုယ့်ကိုဒုက္ခဖြစ်စေနိုင်သည့်အရာများကို ရှောင်နိုင်သည်ဟု ဆိုပါသည်။

နေထိုင်မှုတွင်လည်း ပြောစရာမရှိ။ အားလုံးအသိပင် ဖြစ်ပါသည်။ ဝတ်စားဆင်ယင်မှုတွင်လည်း ရင်ဖုံး၊ လက်ရှည်၊ လက်စကနှင့် ချည်ထည်များကို မြတ်နိုးစွာ စွဲမြဲဝတ်ဆင်သည်။ ခေတ်မီပေါ်ပင်ကို မသုံးသော်လည်း ဆရာမကြီးကိုမြင်ရတိုင်း အမြဲသပ်ရပ်ဝင်းလက်လျက်ရှိသည်။ ဝင့်ဝါပလွှားမှုမရှိသည့် တည်ငြိမ်မှုအလှသည် အေးချမ်းပါသည်။

သူ၏ အပန်းဖြေမှုမှာ စာရေးစာဖတ်ခြင်း ဖြစ်သည်။ သူ့ကို စာရေးစားပွဲတွင် အမြဲလိုလိုတွေ့ရ၏။ Historical Dictionary ကို အလွန်ပြုစုချင်သည်။ ကွယ်လွန်ခါနီးအထိ "ရွှေတိဂုံဘုရားရှိ ကြေးအုတ်များ" စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးဆဲဖြစ်သည်။ မြန်မာစာအဖွဲ့ နေပြည်တော်သို့ ပြောင်းသည့်အချိန်တွင်လည်း ဆရာမကြီး လိုက်ပါတာဝန်ထမ်းခဲ့သည်။ မြန်မာစာအဖွဲ့တွင် အသက် ၉၅ ကျော်အထိ ရုံးတက်သည်။ အသက် ၉၀ ကျော်သည်အထိ အမေရိကန်နိုင်ငံတွင် နေထိုင်သည့် မွေးစားသားဖြစ်သူထံ နှစ်စဉ်အလည်သွားရောက်ပါသည်။

ဆရာမကြီး၏ အားသာချက်တစ်ခုမှာ ဖွဲ့သတ္တိနှင့် ကြံ့ခိုင်စွမ်းရည် ပြည့်ဝခြင်းဖြစ်သည်။ ဘဝတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် အချိုးအကွေ့ လှိုင်းတံပိုးများကို အောင်မြင်စွာ ဖြတ်ကျော်နိုင်သည်။ သမိုင်းသုတေသနပညာရှင်က မြန်မာစာအဖွဲ့တွင် တာဝန်ထမ်းဆောင်နေရသည်။ မာန်မာနထောင်လွှားမှုမရှိ။ စိတ်သဘောထားချင်း မတိုက်ဆိုင်သူများကို ရှောင်လွှဲနေထိုင်သည်။ ယုတ်စွအဆုံး သူတကာထက်ထူးစွာ သက်တမ်းရှည်ကြာနေခွင့်ရသည့် မိမိဘဝကို အားယူနေထိုင်သည်။ အထီးကျန်ခြင်းကို မိမိဘာသာ ခွန်အားဖြည့်တင်းသည်။

တစ်ခါတစ်ရံတွင်မူ "ကိုယ့်ကားကိုယ်မောင်းပြီး ရုံးတက်လာတဲ့ မကြန်တစ်ယောက် အခု မပျံ့နိုင်တော့ဘူး။ အတောင်ကျိုးနေပြီ။ လုပ်ချင်တာတွေလည်း မလုပ်နိုင်တော့ဘူး၊ ရေးစရာရှိတာတွေလည်း မရေးနိုင်ဘူး" ဟု ညည်းတွားလေ့ရှိသည်။

### ရာပြည့်သမိုင်းဒေဝီ

၂၀၁၈ ခုနှစ်တွင် အသက် ၁၀၀ ပြည့်မြောက်သည့် ဆရာမကြီး၏ ရာပြည့်မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပလျက် အမှတ်တရစာအုပ်ထုတ်ဝေရန် ဆရာဦးအေးချို (မဟာဝိဇ္ဇာ)၊ ဆရာသူရဇော်နှင့် ဆရာဦးမြင့်ကြိုင် (အောင်မိုးဆောင်း) တို့ စီစဉ်ခဲ့ကြသည်။ ရာပြည့်မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို၇-၇-၂၀၁၈ ရက်တွင် စာပေဗိမာန်၌ ကျင်းပခဲ့ရာ ဆရာမကြီးကိုယ်တိုင် တက်ရောက်လျက် မွေးနေ့မုဒိတာစကား ပြောကြားခဲ့ပြီး ထိုအချိန်က ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဆရာမကြီး၏ စာပေမိတ်ဆွေများ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။ သမိုင်းပညာရှင် စာရေးဆရာမကြီး မကြန် အသက် ၁၀၀ ပြည့် မွေးနေ့အမှတ်တရစာများကို စုစည်း၍ "ရာပြည့်သမိုင်းဒေဝီ" စာအုပ်ကို စိတ်ကူးချိုချိုစာပေတိုက်မှ ဦးစန်းဦးက ထုတ်ဝေပေးခဲ့သည်။ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် သမိုင်းသုတေသီတစ်ဦး၏ အသက်ရာပြည့်အခမ်းအနားကို ကျင်းပခွင့်ရသည့်အတွက် တပည့်သားမြေးများက ဝမ်းမြောက်ပီတိဖြစ်ခဲ့ကြလေသည်။

သူတတ်မြောက်သောပညာဖြင့် သမိုင်းဘာသာရပ်ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သည်သာမက မြန်မာနိုင်ငံ၏ သမိုင်းဘာသာရပ်နယ်ပယ်ဖွံ့ဖြိုးရေးကို နှစ်ပေါင်း ၆၀ နီးပါး မနားတမ်း တာဝန်ထမ်းဆောင်ခဲ့သည့် သမိုင်းဒေဝီ ဆရာမကြီးဒေါ်ကြန်သည် အသက် ၁၀၂ နှစ်၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၆ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။

**"ရွှေလိပ်ပြာ မအိပ်ပါ၊**
**တစ်ဆိတ်စာ ဘယ်ခါမှတစ်မေ့။**
**တဖျပ်ဖျပ်ကယ်နဲ့ အတောင်ခတ်ကာ၊**
**စုဖွေနှော၁ရတယ် သုတေတောမှာ**
**မောလှပြီလေး။"**

ဟု ဆရာမကြီးကိုယ်တိုင် စပ်ဆိုခဲ့သည့် ကဗျာလေးကို အမှတ်ရပြီး ကောင်းမွန်ရာ ဘုံဘဝမှာ အမောပြေနားနေလျက်ရှိသည့် သမိုင်းဒေဝီ ဆရာမကြီးကို လေးမြတ်စွာ ကန်တော့လျက် ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

**ကိုးကားသည့် စာအုပ်စာရင်း**

၁။ ရာပြည့်သမိုင်းဒေဝီ၊ သမိုင်းပညာရှင်စာရေးဆရာမကြီးမကြန် အသက် ၁၀၀ ပြည့်မွေးနေ့အမှတ်တရစာများ၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၈။

၂။ ဆရာမကြီး ရေးသားသည့် စာအုပ်များ။

**ဆရာမကြီး၏ အားသာချက်တစ်ခုမှာ ဖွဲ့သတ္တိနှင့် ကြံ့ခိုင်စွမ်းရည် ပြည့်ဝခြင်းဖြစ်သည်။ ဘဝတစ်လျှောက်ကြုံတွေ့ခဲ့ရသည့် အချိုးအကွေ့ လှိုင်းတံပိုးများကို အောင်မြင်စွာ ဖြတ်ကျော်နိုင်သည်။ သမိုင်းသုတေသနပညာရှင်က မြန်မာစာအဖွဲ့တွင် တာဝန်ထမ်းဆောင်နေရသည်။ မာန်မာနထောင်လွှားမှုမရှိ။ စိတ်သဘောထားချင်း မတိုက်ဆိုင်သူများကို ရှောင်လွှဲနေထိုင်သည်။ ယုတ်စွအဆုံး သူတကာထက်ထူးစွာ သက်တမ်းရှည်ကြာနေခွင့်ရသည့် မိမိဘဝကို အားယူနေထိုင်သည်။ အထီးကျန်ခြင်းကို မိမိဘာသာ ခွန်အားဖြည့်တင်း။**

# ဇူလိုင် ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၆၅၇ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၃-၇-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၄-၇-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၅,၃၅၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅,၆၅၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၀၆၄,၅၂၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၂၆၄,၅၂၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၄,၂၂၈)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၈၁,၂၄၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၂၉၇)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၆,၇၅၆) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၄-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၅၅၇) ခု | (၇၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၃) ခု | (၂၅) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၅၇) ခု | (၂၉၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၃၀) ခု | (၅၄၂) ဦး |
| လားရှိုးမြို့ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၃၂) ခု | (၃၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၁၄) ခု | (၁၇၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၉၂၉) ခု | (၁,၁၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၇၀၇) ခု | (၃,၄၀၂) ဦး |
| စုစုပေါင်း | (၁၅,၃၅၉) ခု | (၅,၆၅၇) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၂၈၃၀၇၅ | ၂၉၄၉၇၈၇၅ | ၆၂၆၆၅၈ |
| ၂။ | အိန္ဒိယ | ၃၁၃၃၂၁၅၉ | ၃၀၅၀၃၁၆၆ | ၄၂၀၀၄၃ |
| ၃။ | ဘရာဇီး | ၁၉၆၃၂၄၄၃ | ၁၈၃၃၁၄၆၂ | ၅၄၈၄၂၀ |
| ၄။ | ရုရှား | ၆၁၀၂၄၆၉ | ၅၄၇၁၉၅၆ | ၁၅၃၀၉၅ |
| ၅။ | ပြင်သစ် | ၅၉၅၃၀၇၁ | ၅၆၇၂၀၆၃ | ၁၁၁၅၉၁ |
| ၆။ | ဗြိတိန် | ၅၆၃၇၉၇၅ | ၄၄၃၄၉၃၉ | ၁၂၉၀၄၄ |
| ၇။ | တူရကီ | ၅၅၇၄၉၉၇ | ၅၄၁၀၅၅၄ | ၅၀၈၂၁ |
| ၈။ | အာဂျင်တီးနား | ၄၈၂၇၉၇၃ | ၄၄၆၄၉၈၇ | ၁၀၃၃၅၉ |
| ၉။ | ကိုလံဘီယာ | ၄၇၀၅၇၃၄ | ၄၄၆၂၅၇၉ | ၁၁၈၁၈၈ |
| ၁၀။ | အီတလီ | ၄၃၀၇၅၃၅ | ၄၁၂၀၈၄၆ | ၁၂၇၉၃၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၁၂၇၈၂၆ | ၂၄၇၁၆၇၈ | ၈၂၀၁၃ |
| ၂။ | ဖိလစ်ပိုင် | ၁၅၄၃၂၈၁ | ၁၄၆၁၇၄၉ | ၂၇၁၃၁ |
| ၃။ | မလေးရှား | ၉၉၆၃၉၃ | ၈၃၄၈၅၈ | ၇၉၀၂ |
| ၄။ | ထိုင်း | ၄၈၁၉၆၇ | ၃၂၇၇၈၉ | ၃၉၃၀ |
| ၅။ | မြန်မာ | ၂၆၄၅၂၇ | ၁၈၁၂၄၉ | ၆၇၅၆ |
| ၆။ | ဗီယက်နမ် | ၈၆၉၅၇ | ၁၅၅၃၆ | ၃၇၀ |
| ၇။ | ကမ္ဘောဒီးယား | ၇၂၁၀၄ | ၆၄၅၄၈ | ၁၂၅၄ |
| ၈။ | စင်ကာပူ | ၆၄၀၅၄ | ၆၂၅၈၇ | ၃၆ |
| ၉။ | လာအို | ၄၆၂၀ | ၂၁၇၄ | ၅ |
| ၁၀။ | ဘရူနိုင်း | ၃၁၃ | ၂၆၉ | ၃ |



## နေပြည်တော် ပုဗ္ဗသီရိ ခုတင် (၃၀၀) ဆေးရုံရှိ အောက်ဆီဂျင်စက်ရုံတည်ဆောက်မှု ဇူလိုင်လ နောက်ဆုံးပတ်တွင်ပြီးစီးမည်

**နေပြည်တော် ဇူလိုင် ၂၄**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်ရှိ ခုတင် (၃၀၀) ဆေးရုံတွင် အောက်ဆီဂျင် အရည်တန် (၂၀) ဆံ့ စက်ရုံတည်ဆောက်မှု ဇူလိုင်လနောက်ဆုံးပတ်တွင် ပြီးစီးမည်ဖြစ်ကြောင်း နေပြည်တော်ကောင်စီမှ သိရသည်။

အဆိုပါ စက်ရုံပြီးစီးပါက တစ်နေ့လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၄၄၀ ထွက်ရှိမည်ဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များ အပြင် အောက်ဆီဂျင်လိုအပ်သော နေရာများသို့ ဖြန့်ဖြူးသွားနိုင်မည်ဖြစ်သည်။ စက်ရုံကို နေပြည်တော်ကောင်စီ၏ကြီးကြပ်မှု၊ အလှူရှင်များ၏ မတည်လှူဒါန်းမှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၄)က တစ်လအတွင်း အပြီးတည်ဆောက်နေခြင်း ဖြစ်သည်။

**သန်းမင်းအောင်(သတင်းစဉ်)**

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခုနစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၇၄၃၄၄ ဦးနှင့် အတွင်းလူနာပေါင်း ၇၉၉၂၀ တို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၇၅၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၈၄၃ ဦး စုစုပေါင်း ၁၉၅၉၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၆၅၆၂ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၉၁၈၀ ကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၅၇၄၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း အောက်ဆီဂျင်အိုးများရောက်ရှိလာမှု ကြည့်ရှုစစ်ဆေး

**မုံရွာ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်ကျော်စွာဝင်း၊ တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့ ညှိနှိုင်းပေါင်းစပ်၍ အောက်ဆီဂျင်ဖြန့်ဖြူးပေးသည့် အစီအစဉ်အရ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ကပစ(၂၄) ပေါက်မြို့မှ ရောက်ရှိလာသော အောက်ဆီဂျင်အိုးများကို မုံရွာမြို့ ပြည်သူ့ဆေးရုံ ခုတင် (၅၀၀) သို့ ရွှေ့ပြောင်းသယ်ယူနေမှုအား ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး ခုတင် (၅၀၀) သို့ရောက်ရှိရာ ဆေးရုံမှတာဝန်ရှိသူများထံ အောက်ဆီဂျင်အိုး လီတာ ၄၀ ဆံ့ ၆၄ လုံးအား ထောက်ပံ့ပေးအပ်ကာ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး ခုတင် (၅၀၀) အတွင်း နယ်မြေခံတပ်ရင်းများရှိ တပ်မတော်သားများက အောက်ဆီဂျင်အိုးများ နေရာချထားပေးနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကပစ (၂၄) ပေါက်မြို့မှ ရောက်ရှိလာသော အောက်ဆီဂျင်အိုး လီတာ ၄၀ ဆံ့ အလုံး ၂၀၀ အား မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး ခုတင် (၅၀၀) သို့ အောက်ဆီဂျင်အိုး ၆၄ လုံး၊ စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ အောက်ဆီဂျင်အိုး အလုံး ၅၀ နှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အောက်ဆီဂျင်အိုး ၈၆ လုံးတို့အား ခွဲဝေဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**တက်ရောက်**

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ မုံရွာမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လူမှုရေး (ပရဟိတ) အသင်းအဖွဲ့များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် အောက်ဆီဂျင်အိုးများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တပ်မတော်က သွားရောက်ထောက်ပံ့လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ ပေးအပ်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၁ ရက်မှ ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများ၊ ဘာသာရေးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဒေသခံပြည်သူလူထုများသို့ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်အိုး ၄၇၆၆ လုံး၊ နှာခေါင်းစည်း ၃၂၄၄၈၂ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၈၀၀၊ လက်သန့်ဆေးရည် ၇၀၃ ဘူး၊ မျက်နှာအကာ အခု ၂၀၀၊ လက်ဆေးဆပ်ပြာရည် လေးပုံး၊ လက်အိတ် Surgical Gloves အစုံ ၂၀၅၀၊ ခေါင်းစွပ် အခု ၂၉၀၀၊ ဆေးပစ္စည်းများ၊ စက်သုံးဆီများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ အလှူငွေများကို သွားရောက်ပေးအပ်လှူဒါန်းနိုင်ခဲ့ကြောင်းနှင့် ဆက်လက်ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ပေးအပ်လှူဒါန်းလျက်ရှိ**

အလားတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အထောက်အကူပြုပစ္စည်းများ၊ အလှူငွေများကို စေတနာရှင် အလှူရှင်များက ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာ ဧည့်ခန်းမ၌ ဗိုလ်ချုပ်ဖော်ဝင်း(အငြိမ်းစား)က ၎င်း၏ ပင်စင်လစာငွေကျပ်သိန်း ၃၀ ကို လာရောက်လှူဒါန်းရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ)



**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၂၄**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ ကန့်သတ်စောင့်ကြည့်ရေးစခန်းများကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**အသီးသီးလက်ခံထားရှိ**

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၉၀ နှင့် အမျိုးသမီး ၆၃ ဦး စုစုပေါင်း ၁၅၃ ဦးကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၂၅ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၂၀၀ နှင့် အမျိုးသမီး ၁၇၄ ဦး စုစုပေါင်း ၃၇၄ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၅၂ ဦးနှင့် အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၆၉ ဦးကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာအမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၂၈ ဦးကိုလည်းကောင်း အသီးသီးလက်ခံထားရှိကြောင်းနှင့် ယနေ့တွင်ကျန်းမာရေးကောင်းမွန်လာသည့် စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၇၁ ဦးတို့ကို သက်ဆိုင်ရာ ရပ်ကွက်များသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

နှလုံးသားကို ဖြူစင်အောင်ထားပါ

# အချစ်၊ ငွေ၊ ဂုဏ်တို့ကို ခင်တွယ်တပ်မက်လွန်းရင် စိတ်ဒုက္ခနဲ့ပဲ ကြုံတွေ့ရပါမယ်

ကျော်ကျော်လှိုင်

### အရှုံးအမှုးလိုချင်လေ ရဖို့ခက်လေ

လိုက်လေပြေးလေပါပဲ။ ဒီနိယာမဟာ လောကနိယာမပါ။ ချစ်သူ၊ ငွေကြေး၊ အလုပ်...အားလုံးအတွက် မှန်ပါတယ်။ တစ်ခါတလေ ညှော်ခံပွဲတစ်ခုမှာ အလွန်လှတဲ့ အမျိုးသမီးတစ်ဦးနဲ့ဆုံပြီး မိတ်ဆွေဖြစ်ပါတယ်။ "နောက်တစ်ပတ်ထဲမှာ ဖုန်းဆက်လိုက်မယ်" ဆိုလို့ တစ်ပတ်လုံးဖုန်းမြည်တိုင်း ပြေးကိုင်ရတာ အမောပါပဲ။ တယ်လီဖုန်းနားမှာပဲ စောင့်နေမိတယ်။ အိမ်သာတောင် ဖြောင့်ဖြောင့်မသွားနိုင်ဘူး။ ခေါ်လား။ မခေါ်ပါဘူး။

ကိုယ့်ပစ္စည်းတစ်ခုကို ငွေလိုလို့ရောင်းချင်တဲ့အခါ ရောင်းလို့လွယ်သလား။

ဥပမာ– ကားပဲဖြစ်ဖြစ်၊ တိုက်ခန်းပဲဖြစ်ဖြစ် ဈေးလျှော့ရောင်းတာတောင် ရောင်းလို့မလွယ်ပါဘူး။ နိယာမကဘာလဲ။ အရှုံးအမှုးလိုချင်လေ ရဖို့ခက်လေပါပဲ။

ဈေးရောင်းတဲ့သူတွေကို မေးကြည့်ရင်လည်း ဒီအတိုင်းပါပဲ။ မီးစက်အကြီးကြီးကိုပဲ ရောင်းသည်ဖြစ်စေ၊ ဆပ်ပြာမှုန့်ကို ရောင်းသည်ဖြစ်စေ နိယာမကတော့ အတူတူပါပဲ။ ရောင်းချင်လေ ရောင်းရခက်လေပါပဲ။ မရောင်းရမှာစိုးလို့စိတ်ပူလေ ဝယ်သူမရှိလေပါပဲ။

စားသောက်ဆိုင်တစ်ခုမှာ အချိန်မရှိလို့ အမြန်ဆုံးရမယ့်ဟင်းကို ရွေးပြီးမှာလိုက်ပါတယ်။ အချိန်ကြာနေလို့ မေးတော့မှ ကိုယ်မှာတဲ့ Order ပျောက်သွားလို့ပါတဲ့။ အရေးကြီးပြီဆိုရင် ဖြစ်တတ်ပါတယ်။

စာရေးသူလည်း ခရီးသွားလေ့ရှိပါတယ်။ ပြည်တွင်းသွားသလို ပြည်ပလည်း သွားပါတယ်။ များသောအားဖြင့်တော့ လေယာဉ်ပျံတွေက အချိန်မှန်ထွက်လေ့ရှိပါတယ်။ တစ်ခါတော့ ပြည်ပကနေ အရေးကြီးအစည်းအဝေးတစ်ခုရှိလို့ ရန်ကုန်ကို ပြန်လာရပါတယ်။ မြန်မြန်ရောက်ချင်တဲ့နေ့ကျမှ လေယာဉ်ပျံက လေးနာရီနောက်ကျပြီး ထွက်ပါတယ်။

ဟုတ်ပါတယ်။ ဒါ နိယာမပါပဲ။ ကျွန်တော်တို့ အရှုံးအမှုးဖြစ်ချင်ပြီ၊ လိုချင်ပြီဆိုရင် အခက်အခဲတွေနဲ့ တွေ့တာပါပဲ။ ဒါဆိုရင် ဒီနိယာမကို ဘယ်လိုရှောင်လွှဲမလဲ။ ရှောင်လွှဲလို့တော့ မရပါဘူး။ ဒါပေမဲ့ ကျော်ဖြတ်နည်းတော့ ရှိပါတယ်။ စိတ်လျှော့လိုက်ပါ။ နည်းနည်းလောက် စိတ်လျှော့လိုက်ပါ။

လူငယ်တွေလည်း ဒီလိုပါပဲ။ တစ်နှစ်လောက် ချစ်သူရဖို့ကြိုးစားပါတယ်။ အရှုံးအမှုး ကြိုးစားပါတယ်။ ဖေ့စ်ဘွတ်လည်း မကူညီနိုင်ဘူး။ စိတ်ကြိုက်ကို မရပါဘူး။ နောက်ဆုံး စိတ်လျှော့ပြီး အတွေးအခေါ်

အရာရာတိုင်းကို ခင်တွယ်နေသူရဲ့ဘဝက အကောင်းတွေဖြစ်လာဖို့ကို ဟန့်တားနေရင်၊ ခုံမင်တပ်မက်နေမှုကို လျှော့လိုက်ရင် အကောင်းတွေ ဖြစ်လာပါလိမ့်မယ်။ မိမိတန်ဖိုးထားတဲ့ အရာအချို့ကို ပေးကမ်းဖို့ဝန်မလေးပါနဲ့။ ကိုယ်ပေးလိုက်တဲ့ အရာတွေနဲ့တန်းတူ သို့မဟုတ် သာတဲ့အရာတွေ ကိုယ့်ဆီပြန်ရောက်လာပါလိမ့်မယ်။



ပြောင်းလိုက်တယ်။ "ချစ်သူရှိဖို့ မလိုပါဘူး။ မရှိတော့ ပိုလွတ်လပ်သေးတယ်။ သူငယ်ချင်းတွေနဲ့ ပျော်ပျော်နေမယ်"လို့ စိတ်ထားလိုက်တာနဲ့ ကိုယ့်ကိုစိတ်ဝင်စားတဲ့ အချောအလှတွေ ကိုယ့်အနားမှာ အများကြီး ရောက်လာတယ်။

ငြင်းတဲ့ခုံတဲ့အခါလည်း ဒီလိုပါပဲ။ လူတစ်ယောက်ရဲ့ အတွေးအခေါ်အယူအဆကို ပြောင်းဖို့ကြိုးစားကြည့်ရင် သိနိုင်ပါတယ်။ ကိုယ်ကပြောလေ သူကလက်မခံလေပါပဲ။ မပြောဘဲ ရပ်လိုက်တဲ့နေ့ကျရင်ကိုယ့်အယူအဆကို လက်ခံလာတာကို အံ့ဩစရာတွေ့ရတတ်ပါတယ်။

တစ်ခုခုကို အရှုံးအမှုးလိုချင်ရင်၊ ဖြစ်ချင်ရင် မသိစိတ်ထဲမှာ မရမှာကို စိုးရိမ်တဲ့စွမ်းအားက လိုချင်တာ၊ ဖြစ်ချင်တာတွေကို ဝေးရာကို တွန်းထုတ်ပစ်လေ့ ရှိပါတယ်။

### စိတ်ဝင်စားမှုမရှိတာနဲ့ အရှုံးအမှုးမဖြစ်တာ

အရှုံးအမှုးမဖြစ်တော့ဘူးဆိုတာ စိတ်ဝင်စားမှုမရှိတော့တာမဟုတ်ပါဘူး။ ရအောင် လုပ်မယ်၊ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဆုံးဖြတ်ချက်ရှိတဲ့လူနဲ့ ရမှဖြစ်မယ်လို့ အရှုံးအမှုးဖြစ်နေတဲ့လူနဲ့ မတူပါဘူး။

ဥပမာ သင်ဘဏ်တစ်ခုမှာ အလုပ်လျှောက်တယ်ဆိုပါစို့။ ဘဏ်အကြောင်းကို လေ့လာပါတယ်။ အင်တာဗျူးမှာ မေးနိုင်တဲ့ မေးခွန်းတွေကို လေ့လာပြီး မှန်ရှေ့မှာဖြေတာကိုလေ့ကျင့်ပါတယ်။ ဆံပင်ညှပ်ပါတယ်။ အင်္ကျီသပ်သပ်ရပ်ရပ်ဝတ်စားပြီး အင်တာဗျူးကို အကောင်းဆုံး ဖြေပါတယ်။

ပြီးတော့ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ပါတယ်။ အင်္ဂလိပ်စာ သင်တန်းဆက်တတ်တယ်။ နောက်အလုပ်တစ်ခုလျှောက်ဖို့ စီစဉ်တယ်။ အင်တာဗျူးဖြေတဲ့ဘဏ်ကနေ အလုပ်ခန့်ရင်တော့ ပျော်ပြီပေါ့။ မခန့်လည်း ကိစ္စမရှိပါဘူး။ ကိုယ့်မှာ အခြားအစီအစဉ်တွေက စနေပြီပဲ။

ဒီအမျိုးအစားက ရအောင်လုပ်မယ်၊ ဖြစ်အောင်လုပ်မယ်ဆိုပြီး အစီအစဉ်ချလုပ်တဲ့လူပါ။

အရှုံးအမှုးအလုပ်လိုချင်တဲ့သူကတော့ အလုပ်လိုချင်တာပဲသိပြီး သူငယ်ချင်းတွေကို ကူညီပါဦးဆိုပြီး ပြောပါမယ်။ ဗေဒင်မေးပြီး ယတြာချေပါလိမ့်မယ်။ ဘဏ်မှာ အသိရှိမလားဆိုပြီး ရှာနေတာနဲ့ အချိန်ကုန်ပါလိမ့်မယ်။ "ဒီအလုပ်မရရင်ငါတော့သေမှာပဲ"လို့ ပြောပါလိမ့်မယ်။

"အလိုကြီးက အရနည်း၏"ဆိုတဲ့ စကားပုံလိုပါပဲ။ ငွေနောက်ကို လိုက်လေ ရဖို့ခက်လေပါပဲ။ အသက်ရှင်ရပ်တည်ဖို့အတွက် ငွေက အရေးကြီးသလို ငွေကြေးမြောက်မြားစွာ ပိုင်ဆိုင်တာလည်း အောင်မြင်မှုတစ်ခုပါပဲ။ လူတိုင်းလောက်နီးနီး ငွေနဲ့ကင်းကွာလို့မရပါဘူး။ ငွေကို လိုချင်ကြတာချည်းပါပဲ။ ငွေဟာ အရေးမကြီးပါဘူးလို့ ဆိုနေတဲ့လူတွေလည်း ငွေနဲ့ကင်းလို့မရပါဘူး။ ဒါပေမဲ့ ငွေနောက်ကို အရှုံးအမှုးလိုက်ရင်တော့ ဘဝပျက်ပါလိမ့်မယ်။

တစ်နည်းအားဖြင့်ပြောရရင် စိတ်ထဲက အရှုံးအမှုး တပ်မက်လွန်းတဲ့ အရာတွေကို ထိန်းချုပ်ဖို့ခက်ပါတယ်။ လူတော်တော်များများက ငွေကိုလိုချင်လွန်းတဲ့အတွက် မိမိကိုယ်မိမိ မထိန်းနိုင် ဖြစ်ကြရပါတယ်။

အချို့လူတွေ ချမ်းသာပြီးရင်း ချမ်းသာတယ်ဆိုတာ ငွေကို အရှုံးအမှုးမခင်တွယ်လို့ပါပဲ။ ငွေမရှိတဲ့အခါမှာ စိတ်အေးလက်အေးနဲ့ စိတ်လျှော့ထားပြီး ရမယ့်ငွေကို စောင့်နေဖို့ပါပဲ။ ငွေရှိတဲ့အခါမှာလည်း သုံးသင့်တာကိုသုံး ရင်းနှီးသင့်တာကိုရင်းနှီး၊ လှူသင့်တာကိုလှူပြီး ထပ်ဝင်လာဦးမယ်ဆိုတာ သိနေတာပါပဲ။ ဆင်းရဲတဲ့လူနဲ့ ချမ်းသာတဲ့လူ အဓိကကွာခြားချက်ကတော့ ဆင်းရဲတဲ့သူက ငွေရဖို့ ဆုတောင်းနေသူဖြစ်ပြီး ချမ်းသာတဲ့သူကတော့ ငွေရဖို့ ယုံကြည်နေသူဖြစ်ပါတယ်။

### အရှုံးအမှုးလိုချင်ဖြစ်ချင်နေတဲ့အခါ အရှုံးအမှုးမဖြစ်အောင်

တကယ်တော့စိတ်ပါပဲ။ ဘယ်တော့မှ "ဒါဖြစ်မှ ပျော်ရမယ်။ အောင်မြင်မယ်" ဆိုတဲ့ ထောင်ချောက်ထဲကို မကျပါစေနဲ့။

ကားရောင်းချင်တဲ့အခါ၊ ချစ်သူနဲ့တွေ့ဖို့ ချိန်းထားတဲ့အခါ၊ ဂေါက်သီးကို ကျင်းထဲဝင်အောင်ရိုက်တဲ့အခါ (အထူးသဖြင့် Birdie putt)၊ ရစရာရှိတဲ့ငွေကို စောင့်နေတဲ့အခါ စိတ်လျှော့ထားဖို့လိုပါတယ်။ လုပ်သင့်လုပ်ထိုက်တာ ကိုယ့်ဘက်က လုပ်ပြီးရင် စိတ်လျှော့ထားပြီး စောင့်ဖို့ပါပဲ။ မဖြစ်လာရင်လည်း စိတ်ထဲမှာ အလွန်အကျွံခံစားမှု မဖြစ်ဘဲ ရှေ့ဆက်လုပ်စရာရှိတာကို လုပ်ဖို့ပါပဲ။ အောင်မြင်မှုကို မလွဲမသွေ ရပါလိမ့်မယ်။

### ပေးကမ်းခြင်း

လိုချင်တာရှိရင် ပေးလိုက်ပါ။ နားရှုပ်သွားပါသလား။ ကိုယ့်မှာရှိတာအချို့ကိုပေးနိုင်ရင် ကိုယ်လိုချင်တာတွေ ရပါလိမ့်မယ်။ လယ်သမားက စပါးစေ့တွေ အလိုရှိတဲ့အခါ ပထမဦးဆုံး မျိုးစေ့တွေကို ကမ္ဘာမြေကြီးကို ပေးရပါတယ်။ ကိုယ်က စပြုံးမှ သူကပြုံးပြပါလိမ့်မယ်။ လူတွေကို ဂရုစိုက်မှုပေးရင် ကိုယ့်ကိုလည်း ပြန်ဂရုစိုက်ပါလိမ့်မယ်။ လူတွေကိုအကူအညီပေးရင် ကိုယ့်ကိုလည်း အကူအညီ ပြန်ပေးကြပါလိမ့်မယ်။ ငွေကိုလိုချင်ရင် ကိုယ့်ငွေကို စပေးရပါလိမ့်မယ်။

စဉ်းစားကြည့်ပါ အရာရာတိုင်းကို ခင်တွယ်နေသူရဲ့ဘဝက အကောင်းတွေ ဖြစ်လာဖို့ကို ဟန့်တားနေရင်၊ ခုံမင်တပ်မက်နေမှုကို လျှော့လိုက်ရင် အကောင်းတွေ ဖြစ်လာပါလိမ့်မယ်။ မိမိတန်ဖိုးထားတဲ့ အရာအချို့ကို ပေးကမ်းဖို့ဝန်မလေးပါနဲ့။ ကိုယ်ပေးလိုက်တဲ့ အရာတွေနဲ့တန်းတူ သို့မဟုတ် သာတဲ့အရာတွေ ကိုယ့်ဆီပြန်ရောက်လာပါလိမ့်မယ်။

တချို့လူတွေက ဆိုကြပါတယ်။ "ကျွန်တော့်ဘဝတစ်ခုလုံးကို ပေးဆပ်လိုက်တာပါ။ ကျွန်တော့်အတွက် ဘာမှမရပါဘူး" တကယ်တော့ ပေးလိုက်တာမဟုတ်လို့ပါ။ အလဲအလှယ်လုပ်တာဖြစ်နေလို့ပါ။ ပေးကမ်းတာနဲ့ အလဲအလှယ်လုပ်တာ ကွာခြားပါတယ်။

### ဘယ်သူ့ကိုမှ ဘာမှမပေးတဲ့ ဦးကပ်စေးများ

ဘယ်သူ့ကိုမှလည်း မပေး၊ ဘာကိုမှလည်း မလှူ၊ ကိုယ်စားဖို့တောင် ကိုယ့်ကိုယ်ကိုယ် မသဒ္ဓါတဲ့ ဦးကပ်စေးတစ်ယောက် ကွယ်လွန်သွားတဲ့အခါ ခုတင်အောက်က သိန်း ၁၀၀၀ တွေ့ရှိခြင်းဆိုတဲ့ သတင်းတွေကို အရပ်ထဲမှာ၊ ဂျာနယ်တွေထဲမှာ ကြားဖူး၊ ဖတ်ဖူးကြမှာပါ။ ဒီလိုသတင်းမျိုးတွေကိုကြားရတဲ့အခါ မေးစရာရှိလာပါတယ်။ "ကိုယ်လိုချင်ရင် ပေးရမယ်ဆိုတာ ဦးကပ်စေးကျတော့ ဘယ်လိုလုပ်ချမ်းသာတာလဲ"

ကိုယ့်မှာရှိတဲ့ငွေ သို့မဟုတ် ဘဏ်ထဲမှာရှိတဲ့ငွေက လူတစ်ယောက်ရဲ့ ကြွယ်ဝမှု၊ စိတ်ချမ်းသာမှုကို မပြပါဘူး။ ချမ်းသာကြွယ်ဝတယ်ဆိုတာ ဘဝမှာ သုံးချင်တာတွေသုံးနေတာ၊ လိုချင်တာတွေ ရနေတာ၊ ပေးချင်တာတွေပေးနေရတာ၊ လှူချင်တာတွေ လှူနေရတာ ဖြစ်ပါတယ်။ ချမ်းသာကြွယ်ဝမှုဆိုတာ ပေးခြင်းနဲ့ရရှိခြင်းတွေ အစဉ်မပြတ် စီးဆင်းနေတာ ဖြစ်ပါတယ်။ ဆွစ်ဇာလန်နိုင်ငံ ဘဏ်တစ်ခုမှာ ငွေအမြောက်အမြား ပိုင်ဆိုင်ချင် ပိုင်ဆိုင်ပါလိမ့်မယ်။ မသုံးဘူး။ မပေးဘူး။ မလှူဘူးဆိုရင်တော့ ချမ်းသာကြွယ်ဝတဲ့သူလို့ ပြောဖို့ခက်ပါတယ်။ ဆွစ်ဇာလန်နိုင်ငံရဲ့ ဘဏ်ထဲမှာ သင်ပိုင်တယ်ဆိုတဲ့ နာမည်ပဲ ရှိပါတယ်။ သင့်ဆီကိုတော့ ဒီငွေကြောင့် ဘာမှရောက်မလာနိုင်ပါဘူး။ ချမ်းသာကြွယ်ဝမှုကို မပေးတဲ့အပြင် တစ်နေ့ကြရင် ဒီငွေတွေက တစ်ယောက်ယောက်ဆီ ရောက်သွားနိုင်ပါတယ်။ ပေးခြင်းနဲ့ ပြန်ရခြင်း နိယာမကို လိုက်နာအသုံးချတဲ့လူကိုမှ ချမ်းသာကြွယ်ဝသူလို့ ဆိုရပါလိမ့်မယ်။

စာမျက်နှာ ၂၅ သို့ ○

❍ စာမျက်နှာ ၂၄ မှ

**ချစ်တယ်ဆိုတာ မျက်စိအောက်က အပျောက်မခံတာလား**

မိန်းကလေးတစ်ယောက်က သူ့ကိုတန်ဖိုးထားပြီး သစ္စာရှိရှိချစ်မယ့် ယောကျ်ားလေးတစ်ယောက်ကို အရူးအမူးလိုချင်တယ်ဆိုပါစို့။ ရမယ်ထင်ပါသလား။ အရူးအမူးလိုချင်ပြီဆိုရင် မရမှာဆိုးတဲ့ အသိစိတ်ရဲ့အတွင်းအားက ပထမဦးဆုံး ယောကျ်ားလေးတွေကို ဝေးရာကို တွန်းထုတ်ပါလိမ့်မယ်။ အရူးအမူးဖြစ်နေတဲ့အချိန်မှာ မူလကလှနေတဲ့ မိန်းကလေးတောင် ရုပ်ဆိုးသွားတတ်ပါတယ်။

ယောကျ်ားလေးတွေက သူတို့ရဲ့ချစ်သူတွေကို မင်းမရှိရင် ငါမနေတတ်ဘူး။ မင်းနဲ့ တစ်နေ့မတွေ့ရရင် မနေနိုင်ဘူးလို့ပြောလေ့ရှိပါတယ်။ မိန်းကလေးကိုလည်း ဒီမသွားရဘူး။ ဟိုမသွားရဘူးလို့ ထိန်းချုပ်လေ့ရှိပါတယ်။ ဒါချစ်တာမဟုတ်ပါဘူး။ အတ္တကြီးတာပါ။ ချစ်တယ်ဆိုရင် ကိုယ့်ချစ်သူကို လွတ်လပ်မှုပေးရပါလိမ့်မယ်။ ကိုယ့်ချစ်သူကို စိတ်ကြိုက်သွားလာလှုပ်ရှားခွင့်၊ စိတ်ကြိုက်လုပ်ပိုင်ခွင့်တွေ ပေးရပါလိမ့်မယ်။ လောကသဘာဝနိယာမအရ ထိန်းချုပ်လွန်းခံရတိုင်း လွတ်မြောက်မှုကို ရအောင်ကြိုးစားပါတယ်။ ကိုယ်တကယ်ချစ်ရင်၊ ကိုယ့်အနားမှာ ရှိစေချင်ရင် လွတ်လပ်မှုကိုပေးလိုက်ပါ။

**အမုန်းတွေကို မေ့ပစ်ပါ**

လူတွေကို မုန်းတာ သို့မဟုတ် အရာတစ်ခုခုကို မုန်းတာကလည်း ကိုယ့်ကို မကောင်းမှုသာ ဖြစ်စေပါတယ်။ မုန်းတယ်ဆိုတဲ့စိတ်ကြောင့် စိတ်ဆင်းရဲမှု ဖြစ်ရပါတယ်။ လူတစ်ယောက် သို့မဟုတ် အရာတစ်ခုခုကို မုန်းနေသရွေ့ ဒီစိတ်က ကိုယ့်ကိုပူလောင်မှုဖြစ်စေပါတယ်။

ဥပမာ –

သင့်မှာ အကြွေးတွေပတ်လည်ဝိုင်းနေပြီး သင်ကလည်း ဒီအခြေအနေကို အလွန် မုန်းတီးနေတယ်ဆိုပါစို့။ မုန်းတီးစိတ်က ဒေါသကိုလည်းဖြစ်စေပါတယ်။ ပူလောင်တဲ့ခံစားမှုတွေလည်း ဖြစ်စေပါတယ်။ မုန်းလေ ပိုဆိုးလေသာဖြစ်ပြီး အကြွေးတင်တဲ့ အခြေအနေက ထွက်ဖို့ခက်ပါတယ်။ အကြွေးတင်နေတာကို လက်ခံပေးပြီး စိတ်ထဲက ထုတ်နိုင်အောင် ကြိုးစားပါ။ စိတ်ထဲက မုန်းတီးခြင်းကိုမေ့နိုင်ပြီး စိတ်ထဲက ထုတ်နိုင်ပြီဆိုတာနဲ့ ပြဿနာတွေ တဖြည်းဖြည်း ပြေလည်လာပါလိမ့်မယ်။

ဒီလိုပါပဲ။

သင် လူတစ်ယောက်ကို မုန်းတီးပြီဆိုရင် သင်ပဲ စိတ်ဆင်းရဲရပါလိမ့်မယ်။ သင်ပဲခံစားရပါလိမ့်မယ်။ မုန်းတီးစိတ်ကြောင့် ဒေါသမောဟတွေများလာပြီး အမှားတွေ လုပ်နိုင်ပါတယ်။ မိမိကျန်းမာရေးကိုလည်း ထိခိုက်လာနိုင်ပါတယ်။ လူတစ်ယောက်ကို မုန်းမယ့်အစား မေ့ပစ်လိုက်ပါ။ စိတ်ထဲက ထုတ်ပစ်နိုင်အောင်ကြိုးစားပါ။ အမုန်းကို သံယောဇဉ် တွယ်မနေပါနဲ့။

(ဆရာကျော်ကျော်လှိုင်၏ "နှလုံးသားကို ဖြူစင်အောင်ထားပါ" စာအုပ်မှ "အချစ်၊ ငွေ၊ ဂုဏ်တို့ကို ခင်တွယ်တပ်မက်လွန်းရင် စိတ်ဒုက္ခနဲ့ပဲ ကြုံတွေ့ရပါမယ်" ဆောင်းပါးကို စာရေးသူ၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)

## အနုပညာ

အေးပြည့် – စုစည်းသည်

### ပန်းချီအသိုင်းအဝိုင်းအကြောင်း ဖွင့်ဟလာတဲ့ ဂိုဟေဆန်း

တောင်ကိုရီးယားမင်းသမီး ဂိုဟေဆန်းဟာ လက်ရှိမှာ သရုပ်ဆောင်တစ်ဦးအဖြစ်သာမက ဒါရိုက်တာနဲ့ ပန်းချီပညာရှင် တစ်ဦးအဖြစ်လည်း လှုပ်ရှားနေတာ ဖြစ်ပါတယ်။ သူ့ရဲ့ ပန်းချီလက်ရာတွေနဲ့ပတ်သက်ပြီး ပန်းချီအသိုင်းအဝိုင်းမှ ပြင်းထန်တဲ့ မှတ်ချက်ပြုပြောဆိုတာတွေ ခံခဲ့ရတဲ့ ဂိုဟေဆန်းက အဆိုပါပြောဆိုမှုတွေအပေါ် သူ့အနေနဲ့ ဂရုစိုက်သွားမှာမဟုတ်ကြောင်း လတ်တလောမှာ ပြောကြားခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၂၁ ရက်မှာ ဂိုဟေဆန်းက သူ့ရဲ့ အင်တာဗျူးတစ်ခုနဲ့ပတ်သက်ပြီး အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ အဆိုပါ အင်တာဗျူးမှာ သူ့ရဲ့ ပန်းချီလက်ရာတွေနဲ့ပတ်သက်ပြီး ပန်းချီအသိုင်းအဝိုင်းက ပြင်းထန်တဲ့ ပြောကြားမှုတွေအပေါ် သူ့ရဲ့ ခံစားချက်ကို မေးမြန်းခံခဲ့ရကြောင်း၊ သူ့အနေနဲ့ အဆိုပါ ပြောဆိုမှုတွေကို ဂရုစိုက်မှာမဟုတ်ကြောင်း ဖြေကြားခဲ့ပါတယ်။ ဒါ့အပြင် ဂိုဟေဆန်းက သူဟာ ပန်းချီဆွဲတဲ့ လူသားတစ်ဦးသာဖြစ်ကြောင်း၊ အနုပညာရှင်တစ်ဦးဖြစ်ခြင်းဟာ သူ့ရဲ့ပန်းချီလက်ရာတွေနဲ့ပတ်သက်မှုမရှိကြောင်း၊ သူဟာ ပန်းချီဆရာတစ်ဦးအဖြစ် လမ်းကြောင်းတစ်ခုပေါ်မှာ ရှေ့ဆက်နေခြင်းသာဖြစ်ကြောင်းလည်း ဖွင့်ဟပြောကြားခဲ့တယ်လို့ သိရပါတယ်။



### 2NE1 ပရိသတ်တွေကို ကျေနပ်စေခဲ့တဲ့ ဒါရာနဲ့ မင်ဇီ

တောင်ကိုရီးယားရဲ့ တစ်ချိန်က ကျော်ကြားခဲ့တဲ့ အမျိုးသမီး တေးဂီတအဖွဲ့ 2NE1 ရဲ့ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဒါရာနဲ့ မင်ဇီတို့နှစ်ဦး တွဲဖက်ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ပြီးနောက် အဖွဲ့ရဲ့ ပရိသတ်တွေအနေနဲ့ မတွေ့ရတာကြာပြီဖြစ်တဲ့ အဖွဲ့ဝင်နှစ်ဦး တွဲဖက်တွေ့မြင်ခဲ့ရတာကြောင့် အတော်ကျေနပ်ခဲ့ကြကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၂၃ ရက်မှာ မင်ဇီက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဒါရာနဲ့ တွဲဖက်ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ပါတယ်။ အဆိုပါ ဓာတ်ပုံနဲ့အတူ မင်ဇီက ဒါရာဟာ သူ့ရဲ့ ဂျီနီယာတစ်ဦးဖြစ်ကြောင်းနဲ့ ယခုအချိန်အထိပင် နုပျိုလှပနေကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

ဒီလိုဖော်ပြမှုအပေါ် ဒါရာကလည်း မင်ဇီဟာ သူ့ရဲ့ ဂျူနီယာတစ်ဦးဖြစ်ပြီး အဖွဲ့မှာ အသက်အငယ်ဆုံးဖြစ်တဲ့ မင်ဇီဟာ ယခုအချိန်အထိ ဆယ်ကျော်သက်တစ်ဦးလို့သာ သူ့စိတ်မှာ ထင်မိနေကြောင်းလည်း ပြန်လည်မှတ်ချက်ပြုဖော်ပြခဲ့တာ တွေ့ရပါတယ်။

❍ စပါးတိုက်စစ်မှူးမှ

တိုက်စစ်မှူး ဆွန်ဟောင်မင်ဟာ ၂၀၁၉ ခုနှစ်အတွင်းက စပါးအသင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ပထမဆုံးအကြိမ်တက်လှမ်းခွင့်ရရှိခဲ့ချိန်က စပါးအသင်းအတွက် အဓိကအရေးပါတဲ့ ကစားသမားအဖြစ် ရှိနေခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းနဲ့ စပါးအသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်မှာလည်း ဒုတိယအကျော့မှာ စပါးအသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာကြောင့် အဝေးဂိုးစည်းမျဉ်းအရ စပါးအသင်းက ဆီမီးဖိုင်နယ်တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

တောင်ကိုရီးယားကြယ်ပွင့် ဆွန်ဟောင်မင်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက စပါးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ ပွဲစဉ်စုစုပေါင်း ၅၁ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး စုစုပေါင်း ၂၂ ဂိုး သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ဘောလုံးရာသီက ပရီမီယာလိဂ် ပြိုင်ပွဲတစ်ခုတည်းမှာ စပါးအသင်းအတွက် သွင်းဂိုး ၁၇ ဂိုးအထိ သွင်းယူပေးခဲ့ပြီး ၂၀၂၀–၂၀၂၁ ဘောလုံးရာသီ ပိတ်သိမ်းချိန်မှာ ပရီမီယာလိဂ်ရဲ့ အဆင့်ခုနစ် နေရာနဲ့ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

ငွေကြယ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးဇော်မင်းအောင်**

**အသက်(၆၃) နှစ်**

**မြို့နယ်သတင်းထောက်(ကြေးမုံ)**

**လှိုင်သောက်ရေသန့်**

ပျဉ်းမနားမြို့နယ် ရွှေချီ(၈)လမ်းနေ (ဦးထွန်းအောင်–ဒေါ်မမလေး) တို့၏သား၊ (ဒေါ်တင်လှိုင်)၏ ခင်ပွန်း၊ ဦးဆက်ပိုင်မှူး–မသဲစုလှိုင်၊ ဒေါက်တာစိုးမိုးကျော်–မလှိုင်စံပယ်အောင်၊ (မောင်ထိန်လင်းအောင်) တို့၏ ဖွေးသဖခင် ကျေးဇူးရှင်၊ မဖြူစင်စိုးမိုး၊ မရွှေလမင်းအိမ်၊ မောင်ရွှေရောင်စိုးမိုးတို့၏ ဘိုးဘိုးကြီးသည် ၂၄–၇–၂၀၂၁(စနေနေ့) ည ၉:၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**ကုသရေးဦးစီးဌာန**

**နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်–၁၀၀၀)**

**ကြော်ငြာစာ**

၁။ ကုသရေးဦးစီးဌာန၏ (၉–၇–၂၀၂၁)ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၆၅၆/ဘဇ (စ)ဆေးဝါးရန်ပုံငွေ/ ၂၀၂၁ အရ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် –၁၀၀၀)၏ (၂၀၂၀–၂၀၂၁)ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော (FDA)အသိအမှတ်ပြု Consumable for Speciality၊ IHC Reagent၊ ကင်ဆာဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးနှင့် ဓာတ်မှန်ခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ Dialysis သုံး ဆေးနှင့်ဆေးပစ္စည်းများနှင့် အခြား Consumables များကို ဝယ်ယူရန်အတွက် ဆေးကုမ္ပဏီများ လျှောက်ထားနိုင်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်– ၂၆–၇–၂၀၂၁ရက် (တနင်္လာနေ့)
နေ့ရက်နှင့်အချိန် နံနက်(၉:၀၀)နာရီ
တင်ဒါပိတ်မည့်နေ့ရက်နှင့် – ၉–၈–၂၀၂၁ရက် (တနင်္လာနေ့)
အချိန် ညနေ(၄:၀၀)နာရီ

၃။ စံချိန်စံညွှန်းသတ်မှတ်ချက် (Envelope B)နှင့်ဈေးနှုန်းအတည်ပြုချက် (Envelope A)ဖွင့်ဖောက်မည့်ရက်ကို ထပ်မံကြေညာပါမည်။

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ အသေးစိတ်သိရှိလိုပါက ဖုန်း–၀၆၇၃–၄၂၁၄၆၄/၄၂၁၄၆၃သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**ဦးစီးရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင်**

**လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူးနေရာများအတွက်**

**ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (လစာနှုန်းကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) (၁၄၉)နေရာအတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

(က) B.Sc (Industrial–Chemistry / Chemistry/ Geology/ Marine Science/ Environmental Science/ Mathematics/ Meteorology/ Botany/ Micro–Biology) B.C Tech

(ခ) B.A (International Relations/ Geography/ Archaeology )

(ဂ) L.L.B

(ဃ) B.Sc (Forestry)/ B.Agri.Sc / B.V.S

(င) B.E(Chemical/ Civil/ Electrical Power/ Textile/ Information Science & Technology/ Petroleum/ Mining/ Materials & Metallurgy/)

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများဖြစ်ပါက ဘွဲ့တစ်ခုခုရရှိသူများအားလုံး လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်ထားသူများသည် –

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁–၇–၂၀၂၁ ရက်တွင် အမှတ်စဉ်(က)နှင့်(ခ) ရိုးရိုးဘွဲ့ရရှိသူများသည် အသက် (၂၅)နှစ်နှင့် အမှတ်စဉ် (ဂ)မှ (င)အထိ ရိုးရိုးဘွဲ့ရရှိသူများသည် အသက် (၂၇)နှစ်၊ မဟာဘွဲ့ရရှိသူဖြစ်ပါက အသက် (၂၈) နှစ်၊ ပါရဂူဘွဲ့ ရရှိသူဖြစ်ပါက အသက် (၃၀)နှစ် (ဝန်ထမ်းဖြစ်ပါက ၎င်းဘွဲ့အားလုံးအတွက် အသက် ၃၂ နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်၍ နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) ဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

၄။ ဝင်ခွင့်စာမေးပွဲများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံး စာစစ်ဌာနများ၌ ၂၂–၈–၂၀၂၁ ရက်(တနင်္ဂနွေနေ့)တွင် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ တစ်ပြိုင်နက်တည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၅။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ဌာန၏ Website ဖြစ်သော **www.ecd.gov.mm** တွင် download ရယူနိုင်ပြီး အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများပူးတွဲလျက် ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ်(၅၈)၊ နေပြည်တော်သို့ လိပ်မူ၍ အမြန်ချောပို့/စာတိုက်မှတစ်ဆင့် ၁၀–၈–၂၀၂၁ ရက် (အင်္ဂါနေ့) ရုံးချိန် အရောက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည် (လူကိုယ်တိုင် လာရောက်လျှောက်ထားရန်မလိုပါ) –

(က) တစ်လအတွင်း ရိုက်ကူးထားသော ၁ လက်မပတ်လည် ဓာတ်ပုံ (၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဃ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မူရင်းအား လူတွေ့လာရောက် ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)

(င) (၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း

(စ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် တစ်လအတွင်း ကျန်းမာရေးကောင်းမွန်ကြောင်း စစ်ဆေးထားသည့် ဆေးစစ်ထောက်ခံချက်မူရင်း

(ဆ) အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) မိတ္တူ


၆။ ဝန်ထမ်းဖြစ်ပါကလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ၁၀–၈–၂၀၂၁ ရက် (အင်္ဂါနေ့) နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကို (လုံးဝ) ထည့်သွင်း လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို ၁၆–၈–၂၀၂၁ ရက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Website ဖြစ်သော **www.ecd.gov.mm** နှင့် ဝင်ရောက်ဖြေဆိုမည့် စာစစ်ဌာနများ၌ ကြေညာပေးသွားမည်ဖြစ်၍ ၂၁–၈–၂၀၂၁ ရက်တွင် ဖြေဆိုခွင့် ကတ်ပြားများကို နိုင်ငံသားစိစစ်ရေးကတ်ပြသ၍ ထုတ်ယူနိုင်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ဦးစီးရုံးချုပ်၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ် ၀၆၇–၃၄၃၁၃၁၆၊ ၀၆၇–၃၄၃၁၃၄၂၊ ၀၆၇–၃၄၃၁၄၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# တမ္ဘူဝေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရန်နှိုးဆော်ခြင်း





၁။ [illegible]

၂။ [illegible]

[illegible]

၃။ [illegible] Account Transfer [illegible]

(က) [illegible]

(ခ) [illegible]

## ဒေါ်ခင်သန်းရွှေ

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၆)၊ ဗိုလ်ဖိုးစောလမ်း၊ ၂၈ ရပ်ကွက်၊ ဒဂုံမြောက်နေ (ဦးကျောက်လုံး)-(ဒေါ်မြသင်)တို့၏ သမီး၊ (ဒေါ်နှင်းရီ)၊ (ဒေါ်ကြည်ကြည်ဆွေ)၊ ( ဗိုလ်မှူးဘဟန်-ငြိမ်း)၊ ဗိုလ်မှူးသန့်စင် (ငြိမ်း)တို့၏ ညီမ၊ (ဗိုလ်မှူးစောသန်း-ငြိမ်း)၏ ဇနီး၊ ဦးသက်မိုး-ဒေါ်ကေသွယ်စော(ခေတ္တ USA)၊ ဦးစိုးသီဟစော-ဒေါ်ခင်သန္တာအောင်၊ ဦးကျော်မင်းသိမ်း- ဒေါ်အေးမြတ်မွန်စောတို့၏ မိခင်၊ မခင်ကြယ်စင်စော၊ မဆုမြတ်ဖြူဝင်းစော၊ မသွန်းသစ္စာထက်၊ မဆုရတီထက်တို့၏ ချစ်လှစွာသော အဘွား ဒေါ်ခင်သန်းရွှေသည် ၂၄-၇-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၂ ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒေါက်တာ အောင်ညွန့်

**မျက်စိအထူးကုဆရာဝန်ကြီး(ငြိမ်း)**

**ဦးဃောသိတ၊ သိက္ခာတော်(၂)ဝါ၊ သက်တော် (၇၃)နှစ်**

မြောင်မြို့နေ (ဦးကံဆောင်-ဒေါ်ရင်)တို့၏သား၊ တံတားဦးမြို့နေ (ဦးဘသော်-ဒေါ်ကြွယ်)တို့၏ သားသမက်၊ ပြင်ဦးလွင်မြို့နေ ဒေါ်ဝင်းကြည်၏ ခင်ပွန်း၊ ဦးအောင်စည်သူ-ဒေါ်မာမာဇင်၊ ဒေါက်တာဝင်းစည်သူ(ဆေးရုံအုပ်ကြီး(မြင်းခြံမြို့))-ဒေါ်ကျော့အိအိထွေး၊ ဗိုလ်မှူးမြတ်သူ-ဒေါ်ဖြူသန့်ပိုင်တို့၏ ဖခင်ကြီး၊ မြေး(၅)ယောက်တို့၏ အဘိုး ဒေါက်တာအောင်ညွန့်(မျက်စိအထူးကုဆရာဝန်ကြီး-ငြိမ်း) (ဦးဃောသိတ)သည် ၂၄-၇-၂၀၂၂ (စနေနေ့) နံနက် ၉:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ပြင်ဦးလွင်မြို့ (၈)မိုင်သုသာန်တွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးချုပ်သောင်းတင်(ရေ/ငြိမ်း)(တွံတေး)

**ရေ-၁၀၂၅**

**ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ/ငြိမ်း)**

**လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်**

**နိုင်ငံ့ဂုဏ်ရည်ပထမဆင့်**

**တော်လှန်ရေးကောင်စီအစိုးရအဖွဲ့ဝင်၊ သတ္တုတွင်းဝန်ကြီး(ငြိမ်း)**

**နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)**

**ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ (ငြိမ်း)**

**အသက်(၁၀၀)နှစ်**

ရန်ကုန်မြို့၊ အလယ်ရွှေဂုံတိုင် DELTA PLAZA တိုက်အမှတ်(D-2) အခန်း(၁၀၁)နေ (ဦးစံ-ဒေါ်သင်းကြိုင်)တို့၏သား၊ (ဒေါ်ခင်အေးသန်း၊ ဒေါ်ခင်မေအေး)တို့၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးတင်အောင်စံ-ဒေါ်ခင်မေသန်း)၊(ဒေါ်မြသန်း)တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ ဗိုလ်မှူးတင်ဝင်း(ရေ/ငြိမ်း) (ဒုအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်လွင်မာ၊ (Capt ဦးသက်ဇော်ဝင်း-ဒေါ်တင်စန္ဒာ)၊ ဗိုလ်မှူးကြီးချိုသန်းမောင်(ရေ/ငြိမ်း)(ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)) (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါက်တာတင်နွယ်ဝေ(OG) (ငြိမ်း)၊ (ဦးထိန်လင်းမောင်)-ဒေါ်တင်ကြည်တင်၊ (ဦးမျိုးသိန်း)၊ ဗိုလ်မှူးမိုးဟိန်းတင်(ငြိမ်း)-ဒေါ်မြသီတာ၊ ဗိုလ်မှူးမိုးသက်တင်(ရေ/ငြိမ်း)- ဒေါ်ယုနန္ဒာမြင့်၊ ဦးမိုးကျော်တင်- ဒေါ်ဝင်းမင်းထွန်း၊ ဒေါ်မိုးပပဝင်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသဖခင်၊ မြေး(၁၂)ယောက်၊ မြစ်(၈)ယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် (၂၄.၇.၂၀၂၂)ရက် ညနေ (၃:၃၅) နာရီအချိန်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့၌ပင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဇော်ထင်အောင်

**အသက်(၅၇)နှစ်**

နေပြည်တော်နယ်မြေ၊ လောမြို့နေ (ဦးလှအောင်)-ဒေါ်ခင်ကြည်တို့၏သား၊ လောမြို့နေ(ဦးအုန်းကြည်)-ဒေါ်ညွန့်တို့၏သားသမက်၊ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ကြူကြူ၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်စွမ်းထက်အောင်၊ မသိင်္ဂီစိုး၊ မရွှန်းလဲ့လဲ့အောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးဇော်ထင်အောင်သည် (၂၄-၇-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာ ဒေါ်မေမာလာ**

**အသက်(၇၀)နှစ်**

ချယ်ရီရိပ်ဖောင်ဒေးရှင်း၏ အမှုဆောင်အဖွဲ့ဝင် ဗိုလ်မှူးကြီးလင်းမောင်(ငြိမ်း)(စတသ-၁၄)၏ ချစ်လှစွာသောဇနီး ဒေါက်တာဒေါ်မေမာလာသည် ၂၄-၇-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် ပြင်ဦးလွင်မှ ညီနောင်များ**

## ဗိုလ်မှူးချုပ်သောင်းတင်(ရေ/ငြိမ်း)(တွံတေး)

**ရေ-၁၀၂၅**

**ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ/ငြိမ်း)**

**လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်**

**နိုင်ငံ့ဂုဏ်ရည်ပထမဆင့်**

**တော်လှန်ရေးကောင်စီအစိုးရအဖွဲ့ဝင်၊ သတ္တုတွင်းဝန်ကြီး(ငြိမ်း)**

**နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)**

**ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ (ငြိမ်း)**

**အသက်(၁၀၀)နှစ်**

ရန်ကုန်မြို့၊ အလယ်ရွှေဂုံတိုင်၊ DELTA PLAZA တိုက်(D-2)၊ အခန်း(၁၀၁)နေ (ဦးစံ-ဒေါ်သင်းကြိုင်)တို့၏ သား (ဒေါ်ခင်အေးသန်း၊ ဒေါ်ခင်မေအေး)တို့၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်ဖြိုးမော်-ဒေါ်မျိုးသူဇာမွန်၊ ဦးပြည့်ဖြိုးမော်-ဒေါ်ဆွေဇင်မြင့်၊ Capt အောင်ဖေစော-ဒေါ်ယုသက်စံ၊ Capt အာကာမောင်-ဒေါ်မြသီတာဝင်း၊ ဗိုလ်ကြီးချမ်းငြိမ်းသူ-ဒေါ်မေသက်ခိုင်ဝင်း၊ ဦးရဲသူလှကျော်-ဒေါ်ခိုင်နုသွယ်၊ ဦးအောင်သက်ပိုင်၊ ဦးဟိန်းထက်အောင်-ဒေါ်ဟေမာန်စုလှိုင်၊ ဦးဉာဏ်သုတ၊ ကိုခန့်ဇွဲဟိန်း၊ ကိုမင်းအလင်္ကာသက်တင်၊ မမြမျက်သွယ်ဟိန်းတို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး မြစ်(၈)ယောက်တို့၏ ဘိုးဘိုးကြီးသည် (၂၄-၇-၂၀၂၂)ရက် ညနေ (၃:၃၅) နာရီအချိန်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့၌ပင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးအောင်စိန် အသက်(၈၅)နှစ်**

**ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ညွန့်နွယ် အသက်(၈၂)နှစ်**

ရန်ကုန်မြို့ အမှတ်(၂၃၂) ကျေးတမာလမ်း ၁၄ ရပ်ကွက်တောင်ဥက္ကလာပမြို့နယ်နေ ဦးနေဝင်း(ဆိပ်ကမ်းအရာရှိချုပ်၊ မွန်ပြည်နယ်)-ဒေါ်နွယ်လေးညီတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးအောင်စိန် အသက်(၈၅)နှစ်သည် ၈-၇-၂၀၂၂ ရက်နေ့ ည ၇ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ ကျေးဇူးရှင် မိခင်ကြီး ဒေါ်ညွန့်နွယ် အသက်(၈၂)နှစ်သည် ၂၄-၇-၂၀၂၂ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ရန်ကုန်မြို့ အထက်ပါနေအိမ်၌ ကွယ်လွန်သွားကြကြောင်းသိရပါ၍ သူငယ်ချင်းနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၆) မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၁) ဒီနေ ဦးရဲမင်း ဥက္ကဋ္ဌ(Famous Group of co.,Ltd)-ဒေါ်ဒါလီသိန်းဝင်းတို့၏ မွေးသမိခင်ဖြစ်သူ ဒေါ်ကြင်ကြင် အသက်(၈၃)နှစ် (ပါမောက္ခ၊ သင်္ချာဌာန၊ အငြိမ်းစား)သည် ၁၃-၇-၂၀၂၂ နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**Famous Group of Co.,Ltd ဒုဥက္ကဋ္ဌနှင့် MD မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၁)ဒီနေ ဦးရဲမင်း ဥက္ကဋ္ဌ (Famous Group of Co.,Ltd)-ဒေါ်ဒါလီသိန်းဝင်းတို့၏ အစ်ကိုဖြစ်သူ ဒေါက်တာထွန်းမင်း (Director,MEN Co.,Ltd) အသက် (၅၄)နှစ်သည် ၂၄-၇-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Famous Group of Co.,Ltd ဒုဥက္ကဋ္ဌနှင့် MD မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၁) ဒီနေ ဦးရဲမင်း ဥက္ကဋ္ဌ(Famous Group of Co.,Ltd)-ဒေါ်ဒါလီသိန်းဝင်းတို့၏ ကျွေးသဖခင်ဖြစ်သူ ဦးစိုးမင်း အသက်(၈၄)နှစ် (အငြိမ်းစား၊ ကထိက၊ သင်္ချာဌာန)သည် ၂၃-၇-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Famous Group of Co.,Ltd ဒုဥက္ကဋ္ဌနှင့် MD မိသားစုများ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

မူး
ယစ်
ကို
ပစ်
ပန်း
တိုင်
သစ်
စိတ်
သစ်
လူ
သစ်
ဘဝ
သစ်

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးစိုးလေး**
**အသက်(၇၅)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကြီးဌေးဝင်း(ငြိမ်း)-ဒေါ်ဆုလှိုင်တို့၏ ဖခင်ဖြစ်သူ ဦးစိုးလေးသည် ၁၇-၇-၂၀၂၂ ရက် ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်ခဲ့ပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အပတ်စဉ်(၃၂)မှသူငယ်ချင်း မိသားစုများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်ကြီးစိန်မြင့်(ငြိမ်း)**
**လေ/၁၇၀၈(သူရဲကောင်းမှတ်တမ်းဝင်)**
**အသက်(၆၇)နှစ်**

စစ်တက္ကသိုလ်အမှတ်စဉ်(၁၈)မှ ဗိုလ်ကြီးစိန်မြင့်(ငြိမ်း)သည် ၁၇-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**သူငယ်ချင်းကောင်းမွန်ငြိမ်းချမ်းရာ ဘုံဘဝရောက်ပါစေ။**
**စစ်တက္ကသိုလ်အမှတ်စဉ်(၁၈)ကျောင်းဆင်းသူငယ်ချင်းများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး**
**ဦးမင်းစံ**
**နာယက(ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)**
**Hotel POPULAR Myanmar,Summit Plastic**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့နေ ဦးကျင်ဦး (Chairman–POPULAR Group)–ဒေါ်ချောစုလွင် (Vice Chairman– POPULAR Group)တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးမင်းစံ အသက်(၉၂)နှစ်သည် ၁၈-၇-၂၀၂၂ (တနင်္လာနေ့) ည ၇:၃၀ နာရီတွင် ရန်ကုန်မြို့၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Hotel POPULAR Myanmar Group**

**ဝမ်းနည်းကြေကွဲခြင်း**
**နန်းကောင်တစ်(ခ) ဒေါ်ခင်မြ**
**အသက်(၉၄)နှစ်**

သူငယ်ချင်း ဦးမင်းမင်း-ဒေါ်မာယာဖုန်းတို့၏ မိခင် နန်းကောင်တစ် (ခ) ဒေါ်ခင်မြသည် ၂၃-၇-၂၀၂၂ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၃)မှ သူငယ်ချင်းမိသားစုများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးဝင်းသောင်း**
**အသက်(၇၃)နှစ်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ကညန**

မောင်နှမ၊ တူ-တူမတွေအပေါ် အရမ်းချစ်ပြီး အမြဲကူညီပေးတတ်တဲ့၊ တူ-တူမတွေက လေးစား ချစ်ခင်ရတဲ့ လေးလေးတိုး ဘဝတစ်ပါးကိုပြောင်းသွားတဲ့အတွက်ကျန်ရစ်သူမိသားစုများအားလုံးမှ နှမြောတသဝမ်းနည်းကြေကွဲရပါတယ်၊ မြင့်မြတ်တဲ့ဘုံဘဝရောက်ပါစေ။

**(Dr.ဦးမြင့်သောင်း)–Dr.ဒေါ်ဝင်းဝင်းချို**
**ဦးတင်မျိုးကျော်–ဒေါ်စောစန္ဒာမြင့် မိသားစု**
**ဦးမျိုးမင်းဦး–ဒေါ်သဲမဉ္ဇူမြင့် မိသားစု**
**ဦးနေထွန်းသောင်း–ဒေါ်ခိုင်ဇာကို မိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးဝင်းသောင်း**
**အသက်(၇၃)နှစ်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ကညန**

ကညနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးဝင်းသောင်း အသက်(၇၃)နှစ်သည် ၂၃-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းမိပါကြောင်း။

**Bagan Myanmar Co.,Ltd.**

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်တင်ဝင်း (ဟသ်ာတမြို့)**
**အသက် (၇၄)နှစ်**

သူငယ်ချင်းဦးသောင်းနိုင်စိုးနှင့် ဒေါ်ဝင်းမင်းခိုင်တို့၏မိခင် ဒေါ်တင်ဝင်းသည် ၂၁-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ် (၃၃)မှ သူငယ်ချင်းမိသားစုများ**

**ဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးဝင်းသောင်း(ငြိမ်း)(ကြည်း ၁၂၃၂၃)**
**စစ်တက္ကသိုလ်အပတ်စဉ် (၁၄)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)(ကညန)**
**အသက်(၇၃)နှစ်**

၂၃-၇-၂၀၂၂ရက်တွင် ကွယ်လွန်သွားသော ဗိုလ်မှူးဝင်းသောင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခမရ(၁၀၈)မိသားစုများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါက်တာ ဒေါ်မြမြသန်း**
**(ကလေးအထူးကု ဆရာဝန်မကြီး)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့နေ(ဦးသန်း-ဒေါ်ကြည်)၊ မြင်းခြံမြို့နေ (ဦးပေါ်အေး-ဒေါ်ညိုသြ)တို့၏ သမီး၊ အမှတ်-၃(ခ) သစ္စာလမ်းမကြီး၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ(ဦးတင်သိန်း)၏ ချစ်လှစွာသောဇနီး၊ ဦးသိန်းသန်း(ဥက္ကဋ္ဌ၊ Diamond Palace Group of Co.,Ltd)–ဒေါ်အိရွှေဇင်တို့၏ ကျေးဇူးရှင် မွေးသမိခင်ကြီး ဒေါက်တာ ဒေါ်မြမြသန်းသည် ၂၃-၇-၂၀၂၂ ရက်(ဝါဆိုလပြည့်နေ့) ညနေ ၆:၂၀ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**
**Diamond Palace Group of Company.,Ltd**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လစ်လပ်လျက်ရှိသော ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်းကို (၂၀/၂၁/၂၂/၇-၂၀၂၂) ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံထုတ်သတင်းစာများတွင် ကြော်ငြာထည့်သွင်းခဲ့ပါသည်။

၂။ အဆိုပါ ကြော်ငြာစာပါ လျှောက်ထားလိုသူဝန်ထမ်းများ၏ အသက်ကန့်သတ်ချက်များအား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ပါသည်-

(က) လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး၊ အငယ်တန်းစာရေး၊ ဒုတိယလက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး လျှောက်ထားလိုသူများသည် ၂၀-၇-၂၀၂၂ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး၊ အသက်(၂၆)နှစ်ထက်မကျော်စေရ၊ **[ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်စေရ]**

**အစား**

၂၀-၇-၂၀၂၂ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက်မကျော်စေရ။ **[ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသက် (၄၀)နှစ်ထက်မကျော်စေရ]**

(ခ) အမှုတွဲထိန်း၊ ယာဉ်မောင်း-၅၊ ရုံးအကူ၊ အစောင့် လျှောက်ထားလိုသူများသည် ၂၀-၇-၂၀၂၂ ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်စေရ၊

**အစား**

၂၀-၇-၂၀၂၂ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၄၀)နှစ်ထက်မကျော်စေရ၊

၃။ ဝန်ထမ်းသစ်လျှောက်လွှာများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ်(၄၈)၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများအပြင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ခရိုင်ဦးစီးမှူးရုံးများတွင်လည်း ရယူနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**အထူးဝမ်းနည်းကြေကွဲခြင်း**
**နန်းကောင်တစ်(ခ)ဒေါ်ခင်မြ**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၁၀) မိုင်ကုန်းလေဆိပ်ရိပ်သာလမ်း၊ အမှတ်-၁၀၆ (န) နေ [ဗိုလ်ကြီးပီအင်ဒရူး(စ်)]၏ ချစ်လှစွာသောဇနီး၊ ဦးမင်းမင်း(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်)၊ (ဒါရိုက်တာအဖွဲ့ဝင်၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်)–ဒေါ်မာယာဖုန်းတို့၏မိခင် နန်းကောင်တစ်(ခ) ဒေါ်ခင်မြသည် ၂၃-၇-၂၀၂၂ ရက် မွန်းလွဲ ၂:၀၈ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ်ဒါရိုက်တာအဖွဲ့နှင့်ဘဏ်ဝန်ထမ်းများ**
**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

**မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း**
**ဦးကျော်ကြီး**
**မြို့မကျောင်းသားဟောင်း**
**အသက် (၅၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အခန်း (၂၀၂)၊ တိုက်(၃)၊ ကျိုက္ကဆံအိမ်ရာနေ (ဦးသန်းဝင်း–ဒေါ်ညွန့်ညွန့်)တို့၏သားသည် ၂၁-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွား ပါသဖြင့် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း မြို့မမိသားစုများအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

**ကန်ထရိုက်တာ ဒေါ်ခင်မေသက်နှင့် အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ယုဇန(၁)လမ်း၊ အမှတ် (၇၈) တွင် နေထိုင်သူ ဦးအုန်းမောင် [၁၂/လမန(နိုင်)၁၁၂၈၈၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ယုဇန(၁)လမ်း၊ အမှတ် (၇၈)၊ မြေကွက်အမှတ် (၀/၃၇)၊ (အလျားxအနံ)၊ ပေ(၂၂.၅ x ၅၀) အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် အဆောက်အဦဆောက်လုပ်ရန်အတွက် ကန်ထရိုက်တာ ဒေါ်ခင်မေသက်နှင့် မြေကွက်ပိုင်ရှင် ဦးအုန်းမောင်တို့သည် (၂၂-၇-၂၀၂၀)ရက်တွင် "၆ထပ်တိုက်ဆောက်လုပ်ရန်အတွက် မြေရှင်/အိမ်ရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူ နှစ်ဦးသဘောတူကတိစာချုပ်" ချုပ်ဆိုခဲ့ပြီးနောက်ပိုင်းတွင် ကန်ထရိုက်တာသည် ၎င်းအဆောက်အဦဆောက်လုပ်ရန်အတွက် ဆောက်လုပ်ခွင့်ပါမစ်ရရှိနိုင်ရန်အတွက် ယခုချိန်ထိ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် မြေရှင်မှ ကန်ထရိုက်တာထံသို့ ရှေ့နေမှတစ်ဆင့် အကြောင်းကြားစာ (၂)ကြိမ်ပေးပို့ခဲ့သော်လည်း ယနေ့အချိန်ထိ မြေပိုင်ရှင်ထံသို့ မဆက်သွယ်ခြင်း၊ ၎င်းတို့ချုပ်ဆိုထားသော ကန်ထရိုက်စနစ် အခန်းပေး၊ အခန်းယူ စာချုပ်တွင် ဖော်ပြထားသည့် ပဋိညာဉ်အချက်အလက်များကို လိုက်နာခြင်းမရှိသည့်အတွက် ကန်ထရိုက်တာ ဒေါ်ခင်မေသက်နှင့် မြေရှင် ဦးအုန်းမောင်တို့ ၂၂-၇-၂၀၂၀ ရက်တွင် ချုပ်ဆိုသော စာချုပ်ပျက်ပြယ်ပြီဖြစ်ကြောင်းနှင့် ကန်ထရိုက်တာအနေဖြင့် တိုက်ခန်းများ ကြိုပွဲပိုင်ခွင့်စနစ်ဖြင့် ရောင်းချထားရှိခဲ့ပါက ကန်ထရိုက်တာနှင့်သာသက်ဆိုင်ပြီး မြေပိုင်ရှင်မှ ၎င်းမြေကွက်အား အပြီးအပိုင်ရောင်းချခြင်း (သို့မဟုတ်) အဆောက်အဦဆောက်လုပ်ခြင်း ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ကျော်လှိုင် LL.B,D.B.L,W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၃၆၀)**
**အမှတ် (၆၈၆)၊ အနော်မာ (၁၆)လမ်းအရှေ့၊ ၁/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း –၀၉–၄၂၀၁၆၂၄၈၁**

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး**

**ဦးမင်းစံ**

**နာယက(ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)**

**Hotel POPULAR Myanmar,Summit Plastic**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့နေ ဦးကျင်ဦး (Chairman–POPULAR Group)–ဒေါ်ချောစုလွင် (Vice Chairman– POPULAR Group)တို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးမင်းစံ အသက်(၉၂)နှစ်သည် ၁၈-၇-၂၀၂၂(တနင်္လာနေ့) ည ၇:၃၀ နာရီတွင် ရန်ကုန်မြို့၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**A.A.K**
**ဒေါ်အေးအေးကျော်နှင့် မောင်နှမများ**

# သင့် သွေးဖြင့် အသက်ကယ်ပါ

## ဝမ်းနည်းကြေကွဲခြင်း
# ဦးစိုးတင့်
## အသက် (၉၄) နှစ်

Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH) ဥက္ကဋ္ဌ ဦးဝင်းအောင် + ဒေါက်တာမိုးမြမြ တို့၏ ဖခင်ဖြစ်သူ ဦးစိုးတင့် အသက် (၉၄) နှစ်သည် ၂၃-၇-၂၀၂၂ (သောကြာနေ့) နံနက် (၀၅း၃၀) နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် အတူ ထပ်တူ ထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ
Myanmar Thilawa SEZ Holdings Public Co., Ltd.
(MTSH)

## ဝမ်းနည်းကြေကွဲခြင်း
# ဦးစိုးတင့်
## အသက် (၉၄) နှစ်

Thilawa Property Development Limited. (TPD) ဥက္ကဋ္ဌ ဦးဝင်းအောင် + ဒေါက်တာမိုးမြမြ တို့၏ ဖခင်ဖြစ်သူ ဦးစိုးတင့် အသက် (၉၄) နှစ်သည် ၂၃-၇-၂၀၂၂ (သောကြာနေ့) နံနက် (၀၅း၃၀) နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် အတူ ထပ်တူ ထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ
Thilawa Property Development Limited.
(TPD)

## ဝမ်းနည်းကြေကွဲခြင်း
# ဦးစိုးတင့်
## အသက် (၉၄) နှစ်

Myanmar Japan Thilawa Development Limited. (MJTD) ဥက္ကဋ္ဌ ဦးဝင်းအောင် + ဒေါက်တာမိုးမြမြ တို့၏ ဖခင်ဖြစ်သူ ဦးစိုးတင့် အသက် (၉၄) နှစ်သည် ၂၃-၇-၂၀၂၂ (သောကြာနေ့) နံနက် (၀၅း၃၀) နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့ နှင့် ဝန်ထမ်းများ
Myanmar Japan Thilawa Development Limited.
(MJTD)

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သိန်းသိန်းကြည်
### အသက်(၅၅)နှစ်

New Link Marketing Ltd.,တွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်သိန်းသိန်းကြည်သည် ၂၂-၇-၂၀၂၂ (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။
(ဒေါ်သိန်းသိန်းကြည် ကောင်းရာသုဂတိလားပါစေ)

**New Link Marketing Ltd.,(မန္တလေး) ရုံးမှဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သိန်းသိန်းကြည်
### အသက်(၅၅)နှစ်

New Link Marketing Ltd.,တွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်သိန်းသိန်းကြည်သည် ၂၂-၇-၂၀၂၂ (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။
(ဒေါ်သိန်းသိန်းကြည် ကောင်းရာသုဂတိလားပါစေ)

**New Link Marketing Ltd.,(ရုံးချုပ်) မန်နေးဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
# ဦးစိုးတင့်
## အသက် (၉၄) နှစ်

ဦးဝင်းအောင် (Chairman-Dagon Group of Companies) + ဒေါက်တာမိုးမြမြ တို့၏ ဖခင်ဖြစ်သူ ဦးစိုးတင့် အသက် (၉၄) နှစ်သည် ၂၃-၇-၂၀၂၂ (သောကြာနေ့) နံနက် (၀၅း၃၀) နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် အတူ ထပ်တူ ထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့,
Shwe Me Group of Companies

## ဝမ်းနည်းကြေကွဲခြင်း
# ဦးစိုးတင့်
## အသက် (၉၄) နှစ်

Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH) ဥက္ကဋ္ဌ ဦးဝင်းအောင် + ဒေါက်တာမိုးမြမြ တို့၏ ဖခင်ဖြစ်သူ ဦးစိုးတင့် အသက် (၉၄) နှစ်သည် ၂၃-၇-၂၀၂၂ (သောကြာနေ့) နံနက် (၀၅း၃၀) နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် အတူ ထပ်တူ ထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုး
တိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက် (MAGDPL)

## ဝမ်းနည်းကြေကွဲခြင်း
# ဦးစိုးတင့်
## အသက် (၉၄) နှစ်

Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH) ဥက္ကဋ္ဌ ဦးဝင်းအောင် + ဒေါက်တာမိုးမြမြ တို့၏ ဖခင်ဖြစ်သူ ဦးစိုးတင့် အသက် (၉၄) နှစ်သည် ၂၃-၇-၂၀၂၂ (သောကြာနေ့) နံနက် (၀၅း၃၀) နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် အတူ ထပ်တူ ထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့,
မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း

### ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း၏ ရွှေကောက်ပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌဖြစ်သူ ဦးကျော်မွေး၊ အသက် (၈၃)နှစ် [ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆေးသိပ္ပံပညာဦးစီးဌာန] သည် ၂၂-၇-၂၀၂၂ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း**

## သင့်သွေးဖြင့်
## အသက်
## ကယ်ပါ

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးစိုးတင့်
# အသက် (၉၄) နှစ်

ဦးဝင်းအောင် (ဥက္ကဋ္ဌ၊ Dagon Group of Companies)၏ ဖခင် ဦးစိုးတင့် အသက်(၉၄)နှစ်သည် ၂၃-၇-၂၀၂၂ ရက်(သောကြာနေ့)၊ နံနက် ၅း၃၀ နာရီတွင် ဘ၀တစ်ပါးသို့ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကွယ်လွန်သူ ဦးစိုးတင့် ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးထွန်းမြင့်နိုင်(ဥက္ကဋ္ဌ)**
**Asia World Group of Companies**

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကျော်ညွန့်(မဲဇလီကုန်းမြို့)

စတိုမှူး(ငြိမ်း)၊ ဗိုလ်တထောင်သတင်းစာတိုက်

### အသက်(၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မဲဇလီကုန်းမြို့နယ်နေ (ဦးမောင်ရွှင်-ဒေါ်ပု)တို့၏သား၊ (ဦးဥာဏ်-ဒေါ်လေးစိန်)တို့၏ သားသမက်၊ ဦးလှကြည်-ဒေါ်အေးသန်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၄၈)၊ သုံးလွှာ၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်နေ (ဒေါ်တင်လှ)၏ခင်ပွန်း၊ ဦးသိန်းထွဋ်-ဒေါ်နီလာဝင်း၊ ဒေါ်ကြည်ကြည်ညွန့်၊ ဦးမင်းနိုင်-ဒေါ်သိင်္ဂီထွေး(ရွှေငါးမုန့်)၊ ဒေါ်စိုးစိုးညွန့် (လှထိပ်ခေါင်အထည်ဆိုင်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဝင်းထွဋ်ကျော်၊ မောင်ဇွဲခန့်ဝင်း၊ မောင်မြတ်မင်းသူတို့၏ အဘိုး ဦးကျော်ညွန့်သည် ၂၃-၇-၂၀၂၂ ရက် နံနက်၁၁:၄၀ နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ စွယ်တော်စီးတီးကွန်ဒိုတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်ဝင်နီစိန်

### အသက်(၈၄)နှစ်

St.Albert's ဆရာမ(ငြိမ်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်-ပြည်သာယာ၊ (၁၆)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၂)နေ [ဦးဘစိန်(မီးရထား)]-ဒေါ်စိန်စိန်(St. Paul, St.Albert's)တို့၏သမီးကြီး၊ (ဦးမောင်မောင်ကြီး-ဒေါ်စဝ်ခင်နန်းနွယ်) တို့၏သမီးချွေးမ၊ [ဗိုလ်မှူးတင်မောင်လှ(ငြိမ်း) လ/ထ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူး]၏ ချစ်လှစွာသောဇနီး၊ ဒေါ်မိုးသန္တာလှ၊ ဒေါ်မိုးနန္ဒီလှ(ခေတ္တ-U.S.A)-ဦးလင်းစောမြင့်(ခေတ္တ-U.S.A)၊ ဦးအောင်သူရ၊ ဦးအောင်တေဇ-ဒေါ်နွေးမီမီဇင်တို့၏ ကျေးဇူးရှင်မိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားသည် ၂၃-၇-၂၀၂၂(သောကြာနေ့) နံနက် ၆:၃၀နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မူးယစ်
## ကို
## ပစ်
## ပန်း
## တိုင်
## သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်

## ဦးကျော်တင့်(ပန်းချီ)

### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၁၇)၊အခန်း(၂၁)၊ ရန်ကင်းမြို့နယ်နေ (ဦးမြသောင်း-ဒေါ်ခင်အေး)တို့၏ သားကြီး၊ ဒေါ်စီစီငြိမ်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဇော်တင့်-ဒေါ်ခင်ဖုန်းဝင်း၊ ဦးခိုင်တင့်-မသင်းသင်းဦး၊ ဦးမျိုးတင့်- ဒေါ်သက်မွန်ခိုင်တို့၏အစ်ကို၊ မဖြိုးသန္တာတင့်၊ မောင်ဖြိုးဟိန်းထွဋ်တို့၏ချစ်လှစွာသောဖခင်၊ မထက်ကျွန်းကြော့ကျော်၊ မခင်ကျွန်းစံ၊ မအောင်ကြင်းစံ၊ မကျွန်းရှင်းသန့်၊ မောင်လင်းထွဋ်ခေါင်တို့၏ ချစ်လှစွာသော ဘကြီးသည် ၂၄-၇-၂၀၂၂(စနေနေ့) နံနက် ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁:၄၅နာရီတွင် ကျီစုသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသန်းအေး(မြိတ်)

BSc 71-72 (မော်လမြိုင်တက္ကသိုလ်)

### အသက် (၇၄) နှစ်

(ဦးချစ်ရင်-ဒေါ်သင်းလှိုင်)တို့၏သားကြီး၊ (ဦးသန်းညွန့်)-ဒေါ်ဟန်မြင့်တို့၏သားသမက်၊ ဒေါ်သန်းညွန့်၊ ဆရာမ ဒေါ်ရှုကြည်တို့၏ မောင်၊ (ဦးသန်းအောင်)၏အစ်ကို၊ ဒေါ်ခင်မေငွေး၏ချစ်လှစွာသော ခင်ပွန်း၊ ကိုမင်းမင်းထွေး-မမေသူအေး၊ ကိုဇော်သန်းဦး-မမဥ္ဇူအေး၊ ကိုညီညီလွင်တို့၏ မွေးသဖခင်၊ မခေတ်ဆုဟေကို၏ ချစ်လှစွာသော ဘိုးဘိုးသည် ၂၄-၇-၂၀၂၂ (စနေနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်မြင့်

### အသက် (၆၄) နှစ်

ဦးစီးအရာရှိ(စုံစမ်းရေး)(ငြိမ်း) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ကိုယ်ပိုင်အမှတ် (စ-၀၇၅၂)
ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၇/၈၆)

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်း၊ အမှတ် (၁၇၇/၄)နေ (ဦးကြိုင်-ဒေါ်မြသွယ်)တို့၏သားကြီး၊ ဒေါ်တင်တင်သိန်း (လက်ထောက်ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန) ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာစောယုမြင့် (စုစံဝင်းဆေးခန်း)၊ [ဦးစိုးဝင်း (ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန)]-ဒေါ်ခင်သီတာစိုး(မသက်)တို့၏ ချစ်လှစွာသောအစ်ကို၊ ကိုစိုးပြည့်ထွန်း B.E(EC)-မမေဇင်ဦး (Starlight)၊ မောင်ရဲပြည့်အောင် (Fourth year Computer- UCSY)တို့၏ ဘကြီးသည် ၂၃-၇-၂၀၂၂ (သောကြာနေ့) နံနက် ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁:၁၅ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

## ဦးဥက္ကာ(မုံရွာ)

### အသက်(၉၇)နှစ်

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)(ရှေးဟောင်း/သုတေသန)
(ရဲမှူးကြီး-ငြိမ်း)

မုံရွာမြို့နေ (ဦးဘဘ-ဒေါ်ဒေါ်သန်း)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၉၄) အခန်း(၄)နေ (ဒေါ်ခင်အေးဆွေ)၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်မီမီဂါ-ဒေါက်တာသက်မြင့်မောင်၊ ဦးကျော်သူဂါ-ဒေါ်ခင်မေမြင့်၊ ဒေါ်ဂီဂီဂါ-ဦးခင်မောင်မောင်အုန်း၊ ဦးဘိုမင်းဂါ-ဒေါ်ကြည်ကြည်စိန်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး ဦးဥက္ကာ(ညွှန်/ချုပ်- ငြိမ်း၊ ရဲမင်းကြီးဟောင်း)သည် ၂၁-၇-၂၀၂၂(ဗုဒ္ဓဟူးနေ့) ညနေ ၅:၄၅နာရီတွင် နေအိမ်၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၂-၇-၂၀၂၂ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးအောင်ကြီး(အိုးဘို)

### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးမြမောင်-ဒေါ်သန်းကြည်) တို့၏သားကြီး၊ (ဦးသန်းတင်- ဒေါ်အေးကြည်)တို့၏သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုလမ်း၊ အမှတ်(၁၇-ဘီ)နေ (ဒေါ်ခင်ခင်ဆွေ)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဒါန)-ဒေါ်ညွှန့်ညွှန့်ဝေ၊ ဒေါ်ခင်မြင့်၊ (ဦးထွန်းအောင်ကျော်)-ဒေါ်တင်တင်ဝင်း၊ (ဦးစိုးဝင်း)-ဒေါ်အောင်ကြည်၊ (ဦးမိုးဇော်-ဒေါ်ခင်ကြူ)၊ ဦးဇော်မောင်၊ ဦးသက်မော်-ဒေါ်အုန်းအုန်းမွန်တို့၏ အစ်ကိုကြီး၊ (ဦးဝင်းမောင်)-ဒေါ်မြတ်သူ၊ ဒေါ်မြင့်သူ၊ ဦးငွေရအောင်- ဒေါ်ခင်စန်းဦး၊ ဦးသူရအောင်-ဒေါ်ထွေးထွေးမာ၊ ဦးကျော်စိုးလွင်-ဒေါ်ဝင့်သူအောင်၊ ဦးအောင်လေး၊ ဒေါ်ခိုင်သူအောင်၊ ဦးကျော်နိုင်ထူး-ဒေါ်တင့်သူအောင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၃-၇-၂၀၂၂ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး

## ဦးဘိုးညွန့်

ဒုရဲအုပ်(ငြိမ်း)၊ သတင်းတပ်ဖွဲ့

### အသက်(၇၉)နှစ်

မြောက်ဦးမြို့နေ (ဦးနီကြီး-ဒေါ်မတ်ကျား)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ အောင်မြေလမ်း၊ အမှတ်(၃၁၁/က)နေ (ဦးဘဝင်း-ဒေါ်လှငွေ)တို့၏သားသမက်၊ (ဦးဘစံ)- ဒေါ်သိန်းညွန့်၊ ဦးညွန့်ရှင်-ဒေါ်မြင့်မြင့်မောင်တို့၏ညီ/မောင်၊ ဦးသန်းထွန်း-ဒေါ်ထားသီ၊ (ဦးအောင်မြင့်)- ဒေါ်ခင်ခင်လေး၊ (ဦးမြင့်သန်း)-ဒေါ်ခင်ငြိမ်းကြည်၊ (ဦးအောင်ဗန်း)-ဒေါ်သန်းသန်းနွဲ့တို့၏အစ်ကို၊ ဒေါ်ထားတင်၏ ခင်ပွန်း၊ ဦးထွန်းညွန့်အောင်-ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ဝေဝေနိုင်၊ ဦးအောင်ဇော်၊ ဒေါ်မြတ်မြတ်စိုး၊ ဒေါ်မေသက်ထား၊ ဦးသန်းထိုက်-ဒေါ်စန်းစန်းမြင့်တို့၏ဖခင်၊ မြေးနှစ်ယောက်၊ မြစ် နှစ်ယောက်တို့၏အဘိုးသည် ၂၃-၇-၂၀၂၂(သောကြာနေ့) ည ၉:၃၀နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၂(စနေနေ့) နံနက် ၉:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသန်းအေး

### အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄) တောင်ရပ်ကွက်၊ အောင်သစ္စာ(၃)လမ်း၊ အမှတ် (၈၄၆)နေ (ဦးဘကြူး-ဒေါ်ရန်)တို့၏သား၊ ဦးအေးမင်းဦး၊ ဒေါ်ချမ်းဝင်းလဲ့ရည်-ကိုနေလင်း၊ ဒေါ်ပန်းယမုံဖူးတို့၏ ကျေးဇူးရှင် ဖခင်၊ မောင်မင်းသူခန့်၊ မောင်မြတ်သူခန့်တို့၏ အဘိုးသည် ၂၁-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ည ၇:၁၅ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၂-၇-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ဖြူသွဲ့နွယ်

### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇) ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၇၈၃-A)နေ ဦးဆွေနွယ် (Legal Advisor)-[ဒေါ်ဆွေဆွေမာ(ခ)ခင်ပိုက်ဆွေ(ပြည်)] တို့၏ ချစ်လှစွာသောသမီးငယ်၊ ဦးလွင်မင်းသော်၊ ဦးချစ်မင်းသစ်(ဥပဒေအကျိုးဆောင်)-ဒေါ်ဖြူလဲ့နွယ်(ဥပဒေအကျိုးဆောင်)တို့၏ ညီမ၊ မငွေစင်မင်းသစ်(ခ)Dara (University of Sheffield, England) ၏ အဒေါ် ဒေါ်ဖြူသွဲ့နွယ်သည် ၂၀-၇-၂၀၂၂ ရက် နံနက် ၆:၅၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ယင်းနေ့တွင်ပင် ကျန်ရစ်သော ရုပ်ကလာပ်အား ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး၊ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

## ဒေါ်သောင်းသောင်းအေး(ခ)ဒေါ်သောင်း

### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကွက်သစ်လမ်း၊ အမှတ်(၁၂)၊ လေးလွှာနေ [Capt. ဦးစောလွင်(BAC လေယာဉ်မှူးချုပ်-ငြိမ်း)]၏ဇနီး၊ (ဒေါက်တာဦးမင်းထွဋ်-ဒေါ်လွင်လွင်မြင့်)၊ ဦးမောင်မောင်လွင်(M.O.G.E-သုတေသန အရာရှိချုပ်-ငြိမ်း)-ဒေါ်အေးမူ၊ [ဦးညီညီလွင်(ဒုရဲမှူး-ငြိမ်း)]၊ ဒေါက်တာဦးမိုးထွန်း-ဒေါ်ရီရီလွင်တို့၏မိခင်၊ Capt. ဦးအောင်မိုးဆက်မင်းထွဋ်(Raffles Shipping)- ဒေါ်သင်းသင်းခိုင်၊ ဦးသူရိန်မင်းထွဋ် (C/O-Raffles Shipping)-ဒေါ်ကေဇင်ကျော်၊ ဦးလင်းသန့်ဇင်-ဒေါ်ရတနာ၊ ဦးကျော်ဇာဏီ၊ ဦးသူဟန်သန့်တို့၏အဘွား၊ မောင်သွင်ထူးအောင်(ခ)Arthur၏ဘွားဘွားသည် ၂၄-၇-၂၀၂၂(စနေနေ့) နံနက် ၁၀:၂၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူ အားရည်စူး၍ ၃၀-၇-၂၀၂၂(သောကြာနေ့)တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါသည်။]
ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်သန်း

### အသက်(၉၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မာန်ပြေ(၁၅)လမ်းအနောက်၊ အမှတ်(၁၉)နေ (ဦးစံသိန်း-ဒေါ်ပု)တို့၏သား၊ (ဒေါ်နှင်းရီ)၏ခင်ပွန်း၊ ဦးစိုးသန်း- ဒေါ်နီနီ(အထက-၄၊ အလုံ-ငြိမ်း)၊ ဒေါ်ဝါဝါ (အထက-၃၊ သာကေတ)၊ ဦးသိန်းထွန်းအောင်-ဒေါ်လိမ္မော်(အထက-၆၊ ဗိုလ်တထောင်)၊ ဦးစိုးမိုးကျော်(CEO, MNL)-ဒေါ်ညိုညိုစမ်း(ဦးစီးမှူး-ငြိမ်း၊ သစ်တောစီမံ/စာရင်းအင်း)၊ (ဦးပြည့်ငွေး)-ဒေါ်အေးအေးသန်းတို့၏ ချစ်လှစွာသောဖခင်၊ မောင်အောင်မိုးဟိန်း-မမေဝမ်းအောင်၊ မမေပြည့်စုံ၊ မောင်ဘုန်းမြတ်ခိုင်@Beckham၊ မောင်ရဲရင့်ထွန်း၊ မောင်ပြည့်ဖြိုးအောင်တို့၏အဘိုး ဦးအောင်သန်းသည် ၂၄-၇-၂၀၂၂ ရက် နံနက် ၄:၃၀ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်ခင်မမအေး (ခ) Pamela Aye Maung

လက်ထောက်ဌာနေကိုယ်စားလှယ်(ငြိမ်း) UNFPA Myanmar
အကြံပေး(ငြိမ်း) WHO Myanmar, Executive Director
Colors Rainbow

### အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ (စက်ရှင်တရားသူကြီး ဦးအေးမောင်-ဒေါ်သင်သင်)တို့၏ ချစ်လှစွာ သောသမီးကြီး၊ မအူပင်မြို့နေ (ဦးမောင်ဝ-ဒေါ်သန်း)တို့၏ ချစ်လှစွာသောသမီးချွေးမ၊ ဒေါ်ယဉ်အေးစိန်- ဦးတင်ထက်စိန် (USA)၊ ဦးဝင်းခိုင်-ဒေါ်လှလှမူ၊ ဒေါက်တာသစ်သစ်လွင် (USA)၊ ဦးကျော်မြတ်-ဒေါ်မဥ္ဇူ (USA) တို့၏ချစ်လှစွာသောအစ်မကြီး၊ တူ/တူမကိုးယောက်တို့၏ ချစ်လှစွာသောအဒေါ်၊ မြေးနှစ်ယောက်တို့၏ ချစ်လှစွာသောအဘွား၊ ဦးမြင့်ကျော်ဦး(ခ)ဦးဖိုးကျော်၏ ချစ်လှစွာသော ဇနီး ဒေါ်ခင်မမအေး(ခ) Pamela Aye Maung သည် ၂၃-၇-၂၀၂၂ ရက် ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၄-၇-၂၀၂၂ရက် နံနက် ၁၀:၂၅ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း အလှူ့ဒါယိကာမကြီး

## ဒေါ်ဝင်းကြည်

### အသက်(၇၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ သာစည်ရပ်ကွက်၊ အတွင်းသာစည်လမ်း၊ အမှတ်(၇၈)နေ (ဦးစံမင်း-ဒေါ်သန်း ရီ)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၁၀)၊ ငါးလွှာ (B)နေ (ဦးတင်ထွန်း)၏ဇနီး၊ ဦးကျော်မိုး-ဒေါ်ဝင်းဝင်းထွန်း၊ ဒေါ်သင်းသင်းထွန်း၊ ဒေါ်မင်းမင်းထွန်း၊ဒေါ်မျိုးမျိုးထွန်း၊ ဦးတင်မောင်ထွန်းတို့၏မိခင်၊ မြေးလေးယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၇-၂၀၂၂ ရက် ည ၈:၅၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၃-၇-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိုးအောင်(2/E)

(CDC-8793)

### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ပုသိမ်လမ်း၊ အမှတ်(၁၆)၊ ခုနစ်လွှာနေ (ဦးထင်အောင်-ဒေါ်သန်းသန်း)တို့၏သား၊ [ဦးထွန်းလှအောင် (ဦးစီးမှူးပြည်တွင်းအခွန်)]-ဒေါက်တာလှလှတင်၊ [ဦးခင်စိုး(ကျောင်းအုပ်)-ဒေါ်ခင်ညွန့်အောင်(မူ/ပြ)]တို့၏ ညီ/မောင်၊ (ဦးဝင်းအောင်)-ဒေါ်ဆွေဆွေဟန်၊ [ဦးကျော်အောင်(တရားရေး)]-ဒေါ်ဝင်းမြင့်၊ ဗိုလ်မှူးဇော်အောင်(ငြိမ်း)-ဒေါ်ညိုညိုထွန်း(လယ်/ပြ)တို့၏ အစ်ကို၊ ဒေါ်ဖြူဖြူဝင်း (လဝကမှူး-ငြိမ်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲမင်းဦး (IT W.H.K Co.Ltd)၏ဖခင်၊ [ဦးကျော်ကျော်လင်း(A/B)]-ဒေါ်မို့မို့၊ ဒေါ်မော်မော်ဝင်း (ဦးစီး-အထူးစုံစမ်းစစ်ဆေးရေး)၊ ဦးဘိုဘို(Manager fujitrans Myanmar Co., Ltd)-ဒေါ်ဝါဝါညို (လဝကမှူး/လေဆိပ်)၊ ဦးနေထွန်းမင်း (DIRECTOR NAWARAT Co.,Ltd)-ဒေါ်မေစန္ဒာအောင် (လယ်/ပြ)၊ ဒေါ်ယဉ်မင်းထွေး၊ (Golf Co.,Ltd)တို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၇ ယောက်တို့၏ ဦးလေး ဦးစိုးအောင်သည် ၂၃-၇-၂၀၂၂ (သောကြာနေ့) နံနက် ၄:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးဝင်းသောင်း(ငြိမ်း)(ကြည်း-၁၂၃၂၃)
**စစ်တက္ကသိုလ်အပတ်စဉ်(၁၄)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)(ကညန)**
**အသက်(၇၃)နှစ်**

အမှတ်(၈၆)၊ သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ (ဒုတိယဗိုလ်မှူးကြီး ဗိုလ်သောင်း-ဒေါ်တင်ရွှေ)တို့၏သား၊ (ဦးထွန်းစံ)-ဒေါ်မြမြတို့၏သားသမက်၊ ဒေါ်စိုးစိုးမြင့်(SAT ငြိမ်း၊ အထက-၅၊ဗိုလ်တထောင်)၏ခင်ပွန်း၊ ဦးအောင်မင်း (ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ရခိုင်ပြည်နယ်)-ဒေါက်တာ ဒေါ်မာလာမျိုးညွန့်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီ များညွှန်ကြားမှုဦးစီးဌာန)၊ ဦးတင်မျိုးကျော်-ဒေါ်စောစန္ဒာမြင့်(Golden View Hotel ညောင်ဦး)၊ ဦးသီဟမျိုးညွန့်၊ ဒေါ်လင်းလင်းထွန်း၊ (ဦးဝင်းထွန်းသောင်း)၊ ဦးမျိုးမင်းဦး-ဒေါ်သဲမဉ္ဇူမြင့်(Bagan Myanmar)၊ ဦးနေထွန်းသောင်း-ဒေါ်ခိုင်ဇာကို(N.T.T Travel)၊ ဗိုလ်ကြီးဝင့်ထူးအောင်-ဒေါ်သီရိထက်ကို၊ ဦးရဲမာန်-ဒေါ်တင်အေးခိုင်၊ ကိုလင်းထက်၊ ဒေါက်တာကျော်ကျော်မျိုးညွန့်-ဒေါက်တာကေခိုင်ဝင်း၊ မမွန်ရည်တို့၏ ဦးလေးသည် ၂၃-၇-၂၀၂၁ရက် ညနေ ၃:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူတူ/တူမများ

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမောင်မောင်ဌေး(ခ) ဦးဌေး
**လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း(၇)လမ်း၊ အမှတ်(၈၉၂) နှင့်ရေနံချောင်း တွင်းကုန်းရပ်ကွက်နေ (ဦးခင်ဦး-ဒေါ်ကြည်တင်)တို့၏ သားငယ်၊ ဒေါ်နုနုထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သက်ဇော်ဝင်း၊ (မအိမွန်ဌေး)၊ မသုသုညိမ်း(Japanese Teacher)၊ မယုမိုဦး (ဦးစီးအရာရှိ၊ DICA)တို့၏ ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင် ဦးမောင်မောင်ဌေး [လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊ အမှတ်(၁၄)သစ်စက်၊ ပြည်ပရောင်း/စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း] သည် ၂၂-၇-၂၀၂၁ ရက် နံနက် ၁:၅၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၇-၂၀၂၁(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးအောင်
**အသက်(၅၉)နှစ်**
**General Manager (MAG Holding Co.,Ltd)**

ရန်ကုန်မြို့၊ (ဗိုလ်မှူးချုပ်ဝင်းရှိန်)-ဒေါ်ခင်မေသန်းတို့၏သားကြီး၊ သုဝဏ္ဏ၊ (၃၀)ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်း၊ အမှတ်(၂၃၂)နေ ဒေါ်အေးအေးမွန်၏ ချစ်လှစွာသောခင်ပွန်း၊ မခင်မျိုးပြည့်စုံ B.Sc(Chem;)၊ မောင်အောင်ထူးခိုင် (နည်းပညာတက္ကသိုလ်-စတုတ္ထနှစ်-မော်လမြိုင်)တို့၏ ဖခင်သည် ၂၃-၇-၂၀၂၁ရက် နံနက်၈:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်ကြီးညီညီအေး(ငြိမ်း)၏ ချစ်လှစွာသော ဇနီး ဒေါ်တင်တင်နွယ်၊ အသက်(၄၉)နှစ်သည် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ စီးပွားရေးရပ်ကွက်(တောင်ပိုင်း)၊ အမှတ်(၄၁၄/က) အောင်စကြာလမ်းနေအိမ်၌ ၂၄-၇-၂၀၂၁ ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရ(၉၈)ကျောင်းဆင်းသူငယ်ချင်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးစန်း
**အသက်(၆၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ကမာကြည် ကမ်းသာယာလုံးချင်းအိမ်ရာ၊ ခြံအမှတ်(၁)နေ (ဦးညိုကြီး-ဒေါ်ညို)တို့၏သမီး၊ (ဦးမြသိန်း)၏ ဇနီး၊ (ဒေါ်ခင်ခင်ဦး)၊ ဦးကိုကိုသိန်း(အထွေထွေအတွင်းရေးမှူး၊ MFF)၊ ဦးဗိုလ်ဗိုလ်သိန်း-ဒေါ်နှင်းလဲ့ရည်ဝင်း၊ ဦးအောင်သန်းဦး-ဒေါ်အေးသန္တာသိန်း၊ ဒေါ်အေးမြနန္ဒာသိန်းတို့၏ ချစ်လှစွာသောမိခင်၊ မမေသူထွန်း၊ မောင်မင်းထက်သူရ၊ မမြတ်သွန်းသီရိစံတို့၏ ချစ်လှစွာသောအဘွား ဒေါ်အေးစန်းသည် ၂၄-၇-၂၀၂၁ ရက် ညနေ ၃:၄၅ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်းနှင့် ၂၅-၇-၂၀၂၁ ရက်တွင် သာကေတ ကြည်စုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မီးဘေးရှောင် မလောင်ခင်တား

# လူသား တို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## ဦးပါလေး (ခ) ဦးပါလေးမောင်
**စန္ဒာရပ်ရှင်မဂ္ဂဇင်းပုံနှိပ်(တာဝန်ခံ)**
**ရုပ်ရှင်သက်ကြီးကန်တော့ခံ**
**ဘိုကလေးမြို့**
**အသက် (၉၁)နှစ်**

ဘိုကလေးဈေးခေါင်း (ဦးဘအေး-ဒေါ်စိန်ဥ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃလမ်း၊ အမှတ် (၇၁၈)နေ (ဦးမောင်ကြီး-ဒေါ်သန်းသန်း)တို့၏အစ်ကို၊ (ဒေါ်သိန်းသိန်း)၏ ခင်ပွန်း၊ ဦးမင်းအောင်-ဒေါ်မြင့်မြင့်သန်း၊ ဦးသက်နိုင်-ဒေါ်မီမီသွင်၊ ဦးသန်းငြိမ်း (Myanmar V-Pile Co.,Ltd)-ဒေါ်ရီရီမြင့်၊ ဒေါ်အေးအေးသိန်း (အထက-၄၊ ဒဂုံတောင်)၊ ဦးဇေယျာမျိုး(ဝါဝါဝင်းထီပေါက်စဉ်)-ဒေါ်ရီရီဝင်း တို့၏ဖခင်ကြီး၊ ကိုဝင်းထွန်း-မဂျူလိုင်အောင်သင်း၊ မဖူးပွင့်ခိုင်၊ မယမင်းပိုင်၊ မအိသဉ္ဇာမြတ် တို့၏အဘိုး ဦးပါလေးသည် ၂၃-၇-၂၀၂၁ရက် နံနက် ၁၁:၃၀ နာရီတွင် အမှတ် (၇၁၈)၊ မာဃလမ်း၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၁ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ဆွေ
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ မြောင်းကြီးလမ်း၊ အမှတ်(၁၂)၊ သုံးလွှာနေ (ဦးဘရီ-ဒေါ်ခင်မြင့်)တို့၏ ချစ်လှစွာသော သမီး၊ (ဦးကျော်ငြိမ်း)-ဒေါ်တင်တင်၊ ဦးဝင်းမြင့်-(ဒေါ်ခင်ပြုံးရီ)တို့၏ အစ်မ၊ ဦးခင်မောင်တာ၏ ချစ်လှစွာသောဇနီး၊ ဒေါ်ဝေမာဝင်းတာ၊ ဒေါ်သက်မာဝင်းတာ၊ ဒေါ်တင်မာဝင်းတာတို့၏ ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား ဒေါ်မြင့်မြင့်ဆွေသည် ၂၄-၇-၂၀၂၁ရက် နံနက် ၆:၂၀နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးဝင်းသောင်း(ငြိမ်း)(ကြည်း-၁၂၃၂၃)
**စစ်တက္ကသိုလ်အပတ်စဉ်(၁၄)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)(ကညန)**
**အသက်(၇၃)နှစ်**

အမှတ်(၈၆)၊ သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ (ဒုတိယဗိုလ်မှူးကြီး ဗိုလ်သောင်း-ဒေါ်တင်ရွှေ)တို့၏သား၊ (ဦးထွန်းစံ)-ဒေါ်မြမြတို့၏သားသမက်၊ ဒေါ်စိုးစိုးမြင့်(SAT ငြိမ်း၊ အထက-၅၊ ဗိုလ်တထောင်)၏ခင်ပွန်း၊ ဒေါက်တာမြတ်သောင်းထွန်း-ဒေါ်ဘေးရစ်ထွန်း၊ (ဒေါက်တာ ဦးမြင့်သောင်း)-ဒေါက်တာဒေါ်ဝင်းဝင်းချို၊ (ဒေါက်တာ ဒေါ်ကြည်ယဉ်သောင်းညွန့်)တို့၏ ညီ/မောင်၊ (ဦးလင်းသောင်း)-ဒေါ်သီတာမြင့်၊ (ဒေါက်တာ ဦးတင်အောင်မြင့်)-ဒေါ်အေးအေးသောင်းတို့၏ အစ်ကိုသည် ၂၃-၇-၂၀၂၁ရက် ညနေ ၃:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၂၁ရက်တွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်နိုင်နိုင်ဦး
**မြို့နယ်ပညာရေးမှူး(ငြိမ်း)အုတ်တွင်းမြို့နယ်**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ်(၇၂/A)၊ ပထမထပ်နေ (ဦးသန်းစိန်)-ဒေါ်ခင်ကြည်တို့၏ သမီး၊ ဦးဖုန်းကျော်-ဒေါ်ချိုနွယ်ဦးတို့၏ ညီမ၊ ဒေါ်သန့်ဇင်၊ ဦးတင်ကိုကိုတို့၏ အစ်မသည် ၂၂-၇-၂၀၂၁(ကြာသပတေးနေ့) ညနေ ၄:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၂၁ ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း
**B.Sc(Zoology)**
**ကြည်း-၁၇၆၄၃၊ ဗသက(၆၄)**
**အသက်(၆၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သာယာအေးလမ်းသွယ်(၃)၊ အမှတ်(၂/၀)နေ [ဦးသိန်း (စက်ရုံမှူး-ငြိမ်း-BPI)-ဒေါ်ကျင်မြင့်]တို့၏သားကြီး၊ စစ်ကိုင်းမြို့နေ [ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)-ဒေါ်ဌေးဌေးရီ]တို့၏သားသမက်၊ ဒေါ်သီတာသိန်း (လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန-ငြိမ်း)၏ မောင်၊ ဒုတိယဗိုလ်မှူးကြီး တင်မြင့်သိန်း-ဒေါ်မြင့်မြင့်စိုး၊ ဒေါ်စန္ဒာသိန်းတို့၏အစ်ကို၊ ဒေါ်သင်းသင်းမြင့် ၏ခင်ပွန်း၊ ကိုအောင်သီဟသိန်းစိုး၊ ကိုထက်ဝဏ္ဏစိုးသိန်းတို့၏ဖခင်၊ ကိုအောင်စည်သူသိန်း၊ မခိုင်တင်ဇာသိန်းတို့၏ဘကြီး ဦးမြင့်သိန်းသည် ၂၃-၇-၂၀၂၁(သောကြာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးယုလွင်ဦး(ကိုပေါက်)
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကန်ရိပ်သာလမ်းနေ (အငြိမ်းစားသမ္မတဦးစိန်လွင်-ဒေါ်တင်တင်လှိုင်)တို့၏သား၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ နှင်းဆီဖြူလမ်းနေ (ဦးအုန်းထွန်း)-ဒေါ်စောလွင်တို့၏ သားသမက်၊ (ဦးရဲလွင်ဦး)၊ (ဦးမင်းလွင်ဦး)၊ ဒေါ်ချိုလွင်ဦး၊ (ဒေါ်ခင်သူဇာထွန်း)၊ ဒေါ်ခင်ဆွေဆွေထွန်း-ဦးအောင်ဝင်းဦးတို့၏ ညီ/မောင်၊ ဒေါ်စောသုမာလာလွင်ဦး၏အစ်ကို၊ ဒေါ်ခင်ယဉ်ယဉ်ထွန်း၏ခင်ပွန်း၊ မခင်ဦးသဇင်၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ၁၀ ယောက်တို့၏ ဦးလေး ဦးယုလွင်ဦး (ကိုပေါက်) သည် ၂၂-၇-၂၀၂၁ (ကြာသပတေးနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်းအမ**
## ဒေါ်လှေ (၉၃) နှစ်
**(မြောက်ဦး)**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ကုန်သည်တန်း၊ နန်းရာကုန်းနေ (ဦးမောင်ကျော်ဖံ-ဒေါ်မကြီး) တို့၏သမီး၊ (ဌာနာအုပ် ဦးထွန်းအောင်ကျော်)၏ ချစ်လှစွာသော ဇနီး၊ (ဦးသိန်းမောင်)-ဒေါ်ကြည်လေး၊ (ဦးလှသိန်းအောင်)-ဒေါ်မြစိန်၊ (ကိုမောင်ကြီး)တို့၏မွေးသမိခင်၊ ကိုထိန်လင်း၊ ကိုဘုန်းဇော်အောင်- မလင်းသန္တာလှိုင်တို့၏ အဘောင်ရှင်၊ မောင်ထူးဇော်အောင်၊ မဆုမွန်အောင်၊ မောင်အောင်ဖုန်းမြတ်တို့၏ အဖီးရှင် ဒေါ်လှေသည် ၂၃-၇-၂၀၂၁ရက်တွင် အာရှတော်ဝင်ဆေးရုံ၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ထွေး (ထီးတန်း)
**အသက် (၇၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေအင်ကြင်းရိပ်မွန် (N-1)နေ (ဦးတက်ထွန်း-ဒေါ်ခင်တုတ်) တို့၏ သား၊ ဒေါ်မေမြင့်သိန်း၏ခင်ပွန်း၊ ဦးအောင်နိုင်ဝင်း-ဒေါ်မိုးသဇင်မြင့်၊ ဒေါ်ယဉ်ယဉ်မာတို့၏ဖခင် ဦးခင်မောင်ထွေးသည် ၂၄-၇-၂၀၂၁(စနေနေ့) နံနက် ၅:၃၀ နာရီတွင် အထက်ပါနေအိမ်၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၁ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်း ဒါယကာကြီး**
## ဦးသန်းအေး (ခ) ကိုပေါက်
**CDC-၁၅၈၇၇**
**အသက် (၆၆)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄) တောင်ရပ်ကွက်၊ အမှတ်(၈၄၆-ခ)၊ အောင်သစ္စာ(၃)လမ်းနေ (ဦးဘကြူ-ဒေါ်ရန်)တို့၏သား၊ ဒေါ်ဌေးဌေးတင်၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းအေးသည် ၂၁-၇-၂၀၂၁ရက် ည ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၂၁ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၂၁ရက်တွင် ရက်လည်ဆွမ်းကပ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများ သိစေအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူခြင်း**
## ဟာဂျီနူမာမက်(ခ)ဦးကြည်မင်း
**အသက်(၇၄)နှစ်**
**(ခိုင်ရွှေဝါ)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၂၅၄)၊ အနော်ရထာလမ်း၊ (၂၉)လမ်းအထက်လမ်းထိပ်၊ (၈)ရပ်ကွက်နေ (ဦးဟေဒူများ-ဒေါ်အာဘေရာဘီဘီ)တို့၏သား၊ မစမ်းစမ်းထွေး၊ ကိုခိုင်ဇော်ဝင်း၊ ကိုခိုင်ဇော်မင်း၊ ကိုအောင်ကျော်လွင်၊ ကိုထိန်လင်း၊ ကိုအောင်မင်းဦးတို့၏ ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊ ဒေါ်ခင်ထွေး(ခ)ခတီဂျားဘီဘီ၏ ချစ်လှစွာသောခင်ပွန်း ဟာဂျီနူမာမက်(ခ)ဦးကြည်မင်း(ခိုင်ရွှေဝါ)သည် ၂၂-၇-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၅:၃၀နာရီတွင် အလ္လာဟ်အရှင်မြတ် အမိန့်ခံယူသွားပါသဖြင့် နံနက် ၁၀:၃၀နာရီတွင် ဒဖ်နာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## မလေးရှားနိုင်ငံမှ ထွက်ခွာလာသည့် တွဲဆွဲရေယာဉ် TUG BRANTAS 1301 မှ ဆွဲလာသော တွဲရေယာဉ် BARGE SINGAA BESAR 2801 သည် ဆွဲလာသည့်ကြိုးပြတ်၍ သံဖြူဇရပ်မြို့နယ်၊ ပင်ကျေးရွာအနီး သောင်တင်မှုဖြစ်ပွားခြင်း

၂၄-၇-၂၀၂၁ (နေပြည်တော်)

၁။ တွဲဆွဲရေယာဉ် TUG BRANTAS 1301 မှ ဆွဲလာသော တွဲရေယာဉ် BARGE SINGAA BESAR 2801 သည် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် မလေးရှားနိုင်ငံ၊ လူမွတ်(Lumut) ဆိပ်ကမ်းမှ ကွန်ကရစ်ပိုင်တိုင် (Spun Concrete Piles) ၄၆၆ တိုင် (မက်ထရစ်တန် ၂၆၈၁ တန်ခန့်)ကို တင်ဆောင်၍ ထွက်ခွာခဲ့ရာ ရန်ကုန်ဆိပ်ကမ်း၊ သီလဝါတံတားသို့ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် ဝင်ရောက်ဆိုက်ကပ်ရန် စီစဉ်ဆောင်ရွက်ခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် တွဲဆွဲရေယာဉ်နှင့်

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✻

## စပါးတိုက်စစ်မှူး ဆွန်ဟောင်မင် လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆို

စပါးအသင်းတိုက်စစ်မှူး ဆွန်ဟောင်မင်ဟာ ပွဲက်ဟက်ဒ်လိန်းမှာ ၂၀၂၅ ခုနှစ်အထိ ဆက်ရှိနေမယ့် လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆွန်ဟောင်မင်ဟာ ၂၀၁၅ ခုနှစ်အတွင်းက ဂျာမန်ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းကနေ စပါးအသင်းဆီကို ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း စပါးအသင်းနဲ့အတူ ပွဲပေါင်း ၂၈၀ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးစုစုပေါင်း ၁၀၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။

တိုက်စစ်မှူး ဆွန်ဟောင်မင်ဟာ တောင်ကိုရီးယားနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ် ၉၃ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၂၇ ဂိုးအထိသွင်းယူပေးခဲ့ကာ ကမ္ဘာ့ဖလားပြိုင်ပွဲနှစ်ကြိမ် ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်ပါတယ်။

စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ○




ကြေးမုံ ယနေ့ ဖတ်စရာ

**တတ်အားသမျှ ပါဝင်ကူသိုလ်ဒါန ပြုခြင်းဖြင့် တိဟိတ်ပုဂ္ဂိုလ်များ ဖြစ်ကြပါစေ**
ဆောင်းပါး စာမျက်နှာ » ၆

**ဗီရီယွန်အမှုန်ပိုးမွှားလေးနှင့် ယှဉ်တွဲနေထိုင်ခြင်း**
ဆောင်းပါး စာမျက်နှာ » ၈

**အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၀၉၇ ဦး ထပ်မံတွေ့ရှိ**
စာမျက်နှာ » ၁၃

## တိုကျိုအိုလံပစ်သေနတ်ပစ်အားကစားပြိုင်ပွဲ ရဲထွန်းနောင် အဆင့်(၁၄)သာရရှိ



**နေပြည်တော် ဇူလိုင် ၂၄**

ဂျပန်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် 2020 Tokyo Olympic အားကစားပြိုင်ပွဲတွင် ၁၀ မီတာ လေပစ္စတိုသေနတ်ပစ်ပြိုင်ပွဲကို Asaka သေနတ်ပစ်ကွင်းတွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပပြီး မြန်မာနိုင်ငံမှ သေနတ်ပစ်အားကစားသမား ရဲထွန်းနောင်က ကျည်အတောင့် ၆၀ ဝင်ရောက်ယှဉ်ပြိုင်ပစ်ခတ်ရာ (၉၂၊ ၉၅၊ ၉၈၊ ၉၆၊ ၉၈၊ ၉၇) ပျမ်းမျှ (၉.၆၀) စုပေါင်းရမှတ် ၅၇၆ မှတ်ဖြင့် အဆင့်(၁၄)ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲကို အားကစားသမား ၃၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲသို့ ရှစ်ဦးသာ တက်ရောက်ခွင့်ရရှိခဲ့ပြီး အဆင့်(၁)အဖြစ် အိန္ဒိယအားကစားသမားက ၅၈၆ မှတ်၊ အဆင့်(၈)အဖြစ် ဆားဘီးယားအားကစားသမားက ၅၇၈ မှတ် ရရှိသည်။

သတင်းစဉ်

ကြေးမုံ
အထူးကဏ္ဍ
ဇူလိုင် ၂၅၊ ၂၀၂၁ (တနင်္ဂနွေနေ့)

# လေ့လာစရာ အင်္ဂလိပ်စာ

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြု လေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် စာမျက်နှာအချပ်ပို လေးမျက်နှာဖြင့် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6 (စနစ်သစ်)

အရင်အပတ်က Unit 2: Lesson 3 My best friend အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson 4: Daily routine အကြောင်းကို ရှင်းပြသွားမှာဖြစ်ပါတယ်။

### Unit 2: Lesson 4: Daily routine

**Writing about your daily life**

**Vocabulary**

Verbs for daily activities (နေ့စဉ်လုပ်ဆောင်ချက်ဆိုင်ရာ ကြိယာများကို အလွတ်ကျက်မှတ်ထားပါ။)

| | |
|---|---|
| get up | – အိပ်ရာထသည်။ |
| make the bed | – အိပ်ရာသိမ်းသည်။ |
| wash face and hands | – မျက်နှာသစ်၊ လက်ဆေးသည်။ |
| take a shower | – ရေချိုးသည်။ |
| brush teeth | – သွားတိုက်သည်။ |
| make breakfast | – နံနက်စာချက်သည်။ |
| have breakfast | – နံနက်စာစားသည်။ |
| offer Soon to the Buddha | – ဘုရားဆွမ်းတော်ကပ်သည်။ |
| prepare for school | – ကျောင်းသွားဖို့ပြင်သည်။ |
| pack the school bag | – စာအုပ်များထည့်သည်။ |
| go to school | – ကျောင်းသွားသည်။ |
| study the lessons | – စာသင်ယူသည်။ |
| listen to teachers | – ဆရာ၊ ဆရာမ စကားနားထောင်သည်။ |
| have snacks | – မုန့်စားသည်။ |
| go to the library | – စာကြည့်တိုက်သွားသည်။ |
| play with friends | – သူငယ်ချင်းများနှင့် ကစားသည်။ |
| clean the classroom | – စာသင်ခန်းသန့်ရှင်းရေးလုပ်သည်။ |
| sweep the floor | – တံမြက်စည်းလှည်းသည်။ |
| take the rubbish out | – အမှိုက်ကောက်သည်။ |
| have lunch | – နေ့လယ်စာစားသည်။ |
| go back home | – အိမ်ပြန်သည်။ |
| help parents | – မိဘများကို ကူညီပေးသည်။ |
| play outside | – အပြင်ထွက်ကစားသည်။ |
| water the plants | – သစ်ပင်ရေလောင်းသည်။ |
| lay the table for dinner | – ညစာခင်းကျင်းသည်။ |
| have dinner with family | – မိသားစုနှင့်အတူ ညစာစားသည်။ |
| do the washing up | – ပန်းကန်ဆေးသည်။ |
| watch the TV | – တီဗွီကြည့်သည်။ |
| do homework | – အိမ်စာလုပ်သည်။ |
| study lessons | – စာကျက်သည်။ |
| pay homage to the Buddha | – ဘုရားရှိခိုးသည်။ |
| pay respects to my parents | – မိဘများကို ကန်တော့သည်။ |
| drink a glass of milk | – နွားနို့သောက်သည်။ |
| go to bed | – အိပ်ရာဝင်သည်။ |

**(1) Write a paragraph about your daily activities using the above expressions.** မိမိရဲ့ တစ်နေ့တာလုပ်ဆောင်ချက်တွေကို ရေးပါ။

______________________________________________

______________________________________________

______________________________________________

**(2) Reading**

Haythar is a young girl. She likes sports. She is interested in walking, cycling and playing volleyball. On weekdays, she always gets up early. She has breakfast and goes out for a walk. She walks in the park for half an hour. Then she comes home and has a shower. She wears her school uniform and leaves home at half past eight for school. She goes to school on foot. She has got four lessons in the morning. At half past twelve she has her lunch at the canteen near her school. She has two lessons in the afternoon. Her school finishes at half past three. After school she comes home, takes off her school uniform and wears her sports suit and trainers. She rides her bike and plays volleyball with her friends. She is always very happy while she is with her friends. At six o'clock she comes home and does her homework. She has dinner at seven o'clock. After dinner she reads book or studies her lessons. She watches the TV from 8:30 to 9:30. She wears her pajamas, brushes her teeth and goes to bed at half past ten.

**Answer the questions.**

1. Does Haythar like sports?
2. What is she interested in?
3. Does she get up early or late on weekdays?
4. What does she do in the park?
5. What time does she go to school?

**Practice**

**Student A and Student B အပြန်အလှန် အမေးအဖြေလေ့ကျင့်ပါ။**

**A: What time do you get up?**
B: at 6 o'clock.
**A: What do you have for your breakfast?**
B: Mohingha
**A: When do you go to school?**
B: at 8: 30.
**A: What do you do before you go to school?**
B: I review my lessons, pack my back bag, pay respects to my parents.
**A: How do you go to school?**
B: by bike.
**A: What do you do at school?**
B: I study my lessons, go to the library, and play with my friends.
**A: When do you go back home?**
B: at 3:30.
**A: When do you study your lessons?**
B: at 7 o'clock.
**A: What do you do before dinner?**
B: I help my parents with housework, lay the table for dinner.
**A: When do you go to sleep?**
B: at 10 o'clock.

**(လာမည့်အပတ်တွင် Unit 3 Lesson 1: Talking about your city အကြောင်းကို ဖော်ပြပါမည်)**

## Grade 7 (စနစ်သစ်)

အရင်အပတ်က Lesson 2: Getting rid of bad habits (အကျင့်ဆိုးများကို ဖယ်ရှားခြင်း)အကြောင်းကို မြန်မာဘာသာပြန်ဆို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ သင်ခန်းစာနဲ့သက်ဆိုင်တဲ့ လေ့ကျင့်ခန်းတွေကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Lesson 2: Getting rid of bad habits အကျင့်ဆိုးများကို ဖယ်ရှားခြင်း

**(ယခင်အပတ်မှအဆက်)**

**(1) Match the words with their meanings.** စကားလုံးများကို ၎င်းတို့၏ အဓိပ္ပာယ်များနှင့် ယှဉ်တွဲပါ။

| | |
|---|---|
| 1. blink<br>မျက်တောင်ခတ်သည် | (a) damage<br>ပျက်စီးသည် |
| 2. munch<br>ပြင်းပြင်းထန်ထန်စားသည် | (b) With no people or things inside<br>လူ(သို့) အရာဝတ္ထုများအထဲမှာ မရှိ |
| 3. harm<br>ထိခိုက်သည် | (c) not allowed by the law<br>ဥပဒေက ခွင့်မပြုထားသော |
| 4. disturb<br>နှောင့်ယှက်သည် | (d) a white carbohydrate food substance found in potatoes, rice |
| 5. empty<br>ဘာမှမရှိသော | (e) eat something steadily and often noisily<br>တစ်စုံတစ်ခုကို တဖြည်းဖြည်းနှင့် တစ်ခါတစ်ရံ ကစားခြင်း |
| 6. illegal<br>ဥပဒေနှင့် ဆန့်ကျင်သော | (f) giving or willing to give freely<br>အလကားပေးရန်ဆန္ဒရှိခြင်း |
| 7. starch<br>ကစီဓာတ် | (g) make someone stop doing something for short time<br>အချိန်တိုအတွင်း တစ်စုံတစ်ယောက်ကို တစ်စုံတစ်ခုပြုလုပ်နေခြင်းကို ရပ်စေခြင်း |
| 8. fat<br>အဆီ | (h) shut and open your eyes quickly<br>မျက်လုံးများကို လျင်မြန်စွာ အဖွင့်အပိတ် လုပ်ခြင်း |
| 9. generous<br>သဘောထားကြီးသော | (i) a solid or liquid substance from animals or plants<br>တိရစ္ဆာန် သို့မဟုတ် အပင်များမှ ရရှိသော အစိုင်အခဲ(သို့မဟုတ်) အရည်တစ်မျိုး |

**Answer:** 1. h 2. e 3. a 4. g 5. b 6. c 7. d 8. i 9. f

**(2) Match the phrases (1–5) with their meaning (a–e)below.** စကားစု(၁-၅)ကို အောက်ပါပေးထားသော၎င်းတို့၏ အဓိပ္ပာယ်(အေမှ အီး) နှင့် ယှဉ်တွဲပါ။

| | |
|---|---|
| 1. now and then<br>လတ်တလော | (a) eat as much as we like<br>ကြိုက်သလောက်စားသည် |
| 2. on end<br>ဆက်တိုက် | (b) throw away<br>စွန့်ပစ်သည် |
| 3. have a good feed<br>အစားကောင်းစားသည် | (c) rude language<br>ရိုင်းစိုင်းသောစကားလုံး |
| 4. dirty language<br>ညစ်ညမ်းသောစကားလုံး | (d) continuously<br>အဆက်မပြတ် |
| 5. get rid of<br>ဖယ်ရှားသည် | (e) sometimes<br>တစ်ခါတစ်ရံ |

**Answer:** 1. e 2. d 3. a 4. c 5. b

**(3) Complete each sentence with a suitable word from (1–9) in Exercise 3.** စာကြောင်းအသီးသီးကို သင့်လျော်သော စကားလုံးများဖြင့် ဖြည့်စွက်ပါ။

1. Myanmar people eat rice, which is rich in ____.
မြန်မာလူမျိုးများသည် ကစီဓာတ်ကြွယ်ဝသော ဆန်ကို စားကြသည်။
2. Don't ____ your dad. He is very busy now.
အဖေ့ကို မနှောင့်ယှက်ပါနှင့်။ သူ အခု အလွန်အလုပ်များနေတယ်။
3. My grandmother is ____. She always gives food and clothing to the poor.
ကျွန်ုပ်အဘွားသည် ရက်ရောသူဖြစ်သည်။ သူသည် အမြဲတမ်း အစားအစာနှင့် အဝတ်အထည်များကို ဆင်းရဲသားများအား ပေးသည်။
4. Clever students avoid taking ____ drugs. They know that it will destroy their life.
လိမ္မာသောကျောင်းသားများသည် ဥပဒေမဲ့ ဆေးဝါးများသုံးခြင်းကို ရှောင်ကြသည်။ အဲဒါက သူတို့ဘဝကို ဖျက်ဆီးလိမ့်မယ်ဆိုတာ သိကြသည်။
5. There is nothing inside the bottle. It is ____.
ပုလင်းထဲတွင် ဘာမှမရှိပါ။
6. Don't ____ your eyes very often. It's a bad habit you should get rid of.
သင့်မျက်လုံးများကို မကြာခဏ မျက်တောင်မခတ်ပါနှင့်။ အဲဒါ သင်ရှောင်ကြဉ်ရမည့် အကျင့်ဆိုးဖြစ်သည်။
7. I often ____ potato chips while doing my homework.
ကျွန်ုပ်အိမ်စာလုပ်နေစဉ်တွင် အာလူးကြော်များကို မကြာခဏ အလွန်အကျွံ စားသည်။
8. You should stop smoking. It can ____ your health.
သင် ဆေးလိပ်သောက်ခြင်းကို ရပ်သင့်သည်။ ၎င်းသည် သင့်ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။
9. Eating food containing too much ____ can cause heart diseases.
အဆီဓာတ်များသော အစားအစာကို စားခြင်းသည် အသည်းနှင့်ဆိုင်သော ရောဂါများကို ဖြစ်စေနိုင်သည်။

**Ans: 1. starch; 2. disturb; 3. generous; 4. illegal; 5. empty; 6. blink; 7. munch; 8. harm; 9. fat;**

**(4) Give a short answer to each question below.**

1. According to the text, what do some people do while thinking seriously about something?
2. Is eating a lot of potato chips good or bad? Why?
3. What can lead to loss of hearing?
4. What do people usually leave behind after a picnic?
5. Write down two habits that you have. Are they good or bad?

**Ans:** (1) According to the text, some people twiddle a pen or pencil while thinking seriously about something.
(2) Eating a lot of potato chips is not good. Because it can harm our health.
(3) Listening to loud music for a long time can lead to loss of hearing.
(4) People usually leave all the litter behind after a picnic.
(5) I have two habits. They are eating a lot of potato chips and listening to loud music. They are bad.

**(လာမည့်အပတ်တွင် Unit 2: Lesson: 3 What an annoying habit! အကြောင်းကို ဖော်ပြသွားပါမည်)**

## Grade 8 (စနစ်ဟောင်း)

အရင်အပတ်က Wh questions ပြုလုပ်နည်းတွေကို ရှင်းပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Wh မေးခွန်း ပြန်လည်ဖြေဆိုနည်းတွေကို ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖြေပုံဖြေနည်းတွေသိမှသာ သင်ခန်းစာနဲ့သက်ဆိုင်တဲ့မေးခွန်းတွေကို တိကျမှန်ကန်စွာ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

Wh မေးခွန်းတွေဖြေတဲ့အခါမှာ (၁) **ဘာကိုမေးတာလဲ။** (၂) **ဘာကို ဖြေရမှာလဲ။** (၃) **ဘယ်လိုပြန်ဖြေရမှာလဲ**ဆိုတဲ့ အချက်သုံးချက်ရှိပါတယ်။

(၁) ဘာကိုမေးတာလဲဆိုတာ မေးခွန်းနားလည်ဖို့လိုတာကို ပြောတာပါ။ ဘာအကြောင်းအရာကို မေးထားတာလဲဆိုတာ သေချာသိဖို့လိုပါတယ်။
(၂) ဘာကိုဖြေရမှာလဲဆိုတာ သားတို့သမီးတို့ကျက်မှတ်ထားတဲ့ သင်ခန်းစာပါ အကြောင်းအရာတွေထဲကမှ ဘယ်အချက်အလက်ကို ဖြေရမှာလဲဆိုတာ သေချာသိဖို့၊ အဖြေပြန်ထုတ်နိုင်ဖို့ လိုပါတယ်။
(၃) ဘယ်လို ပြန်ဖြေရမှာလဲဆိုတာ ကိုယ်ဖြေရမယ့်အဖြေကို သိပြီဆိုရင် အဲဒီအဖြေကို သဒ္ဒါနည်းကျကျ ဘယ်လိုပြန်ဖြေရမှာလဲဆိုတာ သိဖို့လိုပါတယ်။

Wh မေးခွန်းဖြေဆိုနည်းတွေကို အောက်မှာဖော်ပြထားပါတယ်။ သေချာလေ့လာကြည့်ပါ။

### Wh …မေးခွန်းများ ဖြေဆိုနည်း

**(1) Who** မေးခွန်းကို ပြန်ဖြေတဲ့အခါ

Who main verb …? ပုံစံဆိုရင် Who နေရာ အဖြေထည့်ပါ။

Who helping verb Subject main verb? ပုံစံဆိုရင် Subject main verb ပြန်ရေးပြီးမှ Object နေရာမှာ အဖြေထည့်ပါ။

ဥပမာ။ Who stole my wallet? (Who main verb…? ပုံစံ၊ Who နေရာ အဖြေထည့်။)

ဥပမာ။ Who did you see on the bus? (Who helping verb Subject main verb? ပုံစံ၊ Subject main verb ပြန်ရေး Object နေရာ အဖြေထည့်ပါ။)

e.g. Who bought a new car yesterday?
**U Kyaw** bought a new car yesterday.

e.g. He saw **Ko Min** this morning.
Who did he see this morning?

**(2) Whom** မေးခွန်းကို ပြန်ဖြေတဲ့အခါ

လူပုဂ္ဂိုလ် (Object) ခံရသူကိုမေးတဲ့အတွက် Subject main verb ပြန်ရေးပြီးမှ Object နေရာမှာ အဖြေထည့်ရပါတယ်။

e.g. Whom do you select as our team leader?
We select Aung Aung as our team leader.

e.g. Whom did Mee Lay hate?
Mee Lay hated Ko Moe.

**(3) Whose** မေးခွန်းကို ဖြေတဲ့အခါ

Whose က ပိုင်ဆိုင်မှုကို မေးတဲ့အတွက် ပိုင်ဆိုင်မှုပုံစံတွေနဲ့ ဖြေပေးရမှာဖြစ်ပါတယ်။ 's / s' / of စသည်တို့နဲ့ ဖြေပေးရပါတယ်။ ('s နဲ့ s' တို့က တိုက်ရိုက်ဘာသာပြန်ရတယ်။ of က နောက်ကနေပြီး ဘာသာပြန်ရပါတယ်။ ဥပမာ။ **U Ba's son** ဦးဘ၏သား၊ **the teachers' meeting** ဆရာတွေရဲ့ အစည်းအဝေးပွဲ၊ **The son of U Ba** ဦးဘ၏သား၊ **The meeting of the teachers** ဆရာတွေရဲ့အစည်းအဝေးပွဲ)

e.g. **Whose dictionary** is this? (or) **Whose** is this dictionary?
This is Mya Mya's dictionary.

**(4) What** မေးခွန်းကို ဖြေဆိုတဲ့အခါ

What **main verb** …? ပုံစံဆိုရင် What နေရာ အဖြေထည့်ပါ။

What **helping verb** Subject **main verb**? ပုံစံဆိုရင် **Subject main verb** ပြန်ရေးပြီးမှ Object နေရာမှာ အဖြေထည့်ပါ။

**အရာဝတ္ထု၊ တိရစ္ဆာန်၊ အကြောင်းအရာ၊ အလုပ်အကိုင်တို့ကို ဖြေဆိုရမှာဖြစ်ပါတယ်။**

e.g. **What** do you like? (**Object** ကို မေးသည်။)
I like **apples**. (**Subject main verb** ပြန်ရေးပြီးမှ အဖြေထည့်)

e.g. **What** makes us ill? (**Subject** ကိုမေးသည်။)
**Eating too much** makes us ill. (**Subject** နေရာ အဖြေထည့်ပါ။)

e.g. **What** are you? (or) What do you do? (အလုပ်အကိုင်ကိုမေးသည်။)
I am **a teacher**.

**(5) Which** မေးခွန်းကို ဖြေဆိုတဲ့အခါ

ရွေးချယ်မှုကို ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းမှာပေးထားတဲ့ လူ၊ အရာဝတ္ထုတွေထဲက ဘယ်တစ်ခုလဲဆိုတာကို ဖြေဆိုရမှာပါ။

Which noun main verb …? ပုံစံဆိုရင် Which noun နေရာမှာ အဖြေထည့်ပါ။

Which noun helping verb Subject main verb? ပုံစံဆိုရင် Subject main verb ပြန်ရေးပြီးမှ အဖြေထည့်ဖြေပါ။

e.g. Which one made her babysit her sister, her mother or her aunt? ဘယ်တစ်ယောက်က သူ့ကို ကလေးထိန်းခိုင်းတာလဲ သူ့အမေလား၊ အဒေါ်လား။
**Her mother** made her babysit her sister.

e.g. Which colour do you like most, black or white?
I like white.

ဒီအပတ်မှာ **Who, whom, whose, what, which** ပါတဲ့မေးခွန်းတွေကို ဘယ်လိုပြန်ဖြေရသလဲဆိုတာ ရှင်းပြခဲ့ပါတယ်။ လေ့ကျင့်ခန်းတွေ ဖြေဆိုကြည့်ပါ။

1. Who wrote this book? (Ko Maung)
   ___________________.
2. Whom do you love? (Your parents)
   ___________________.
3. Whose umbrellas are those? (the students')
   ___________________.
4. What are you doing now? (listening to music)
   ___________________.
5. Which car do you like among these? (the blue one)
   ___________________.
6. Who tells a story to you every night? (your grandpa)
   ___________________.
7. Who did you help today? (U Hla)
   ___________________.
8. Whom did the teacher punish this morning? (Aung Bu)
   ___________________.
9. Whose dictionary is this? (Mi Mi's)
   ___________________.
10. What do you usually eat for your breakfast? (fried rice)
   ___________________.

(ဆက်လက်ဖော်ပြပါမည်)

## Grade 9 (စနစ်ဟောင်း)

အရင်အပတ်က Present Perfect Continuous Tense အကြောင်း ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Simple Past Tense နဲ့ Past Continuous Tense အကြောင်းဖော်ပြသွားမှာဖြစ်ပါတယ်။

### Simple Past Tense (V2)

အကြောင်းအရာကိစ္စတစ်ခုဟာ အတိတ်တစ်ချိန်မှာ စတင်ပြီးတော့ အတိတ်မှာပဲ ပြီးဆုံးသွားတယ်။ အခု စကားပြောဆိုတဲ့အချိန်မှာ အဲဒီအကြောင်းကိစ္စနဲ့ပတ်သက်ပြီးတော့ အကျိုးဆက်ဘာမှ မရှိတော့ဘူးဆိုရင် (အကျိုးဆက်ပြတ်တဲ့သဘောဆိုရင်) Simple Past Tense ကို သုံးရပါတယ်။ **"ခဲ့တယ်"**လို့ ဘာသာပြန်ရမှာဖြစ်ပါတယ်။

### Simple Past Tense အသုံးပြုပုံ

- **အတိတ်အကျိုးဆက်ပြတ်တဲ့ဖြစ်ရပ်**
- **အတိတ်မှာ လုပ်လေ့လုပ်ထရှိတဲ့ ဖြစ်ရပ်**
- **"wish" အနောက်မှာလည်း Simple Past Tense (V2) လိုက်ပါတယ်။**

e.g. He bought a new car yesterday. (အတိတ်အကျိုးဆက်ပြတ်တဲ့ဖြစ်ရပ်)
(သူ မနေ့က ကားသစ်တစ်စီးဝယ်ခဲ့တယ်။)

ကားသစ်တစ်စီးဝယ်ခဲ့တာ မနေ့ကပါ။ မနေ့ကဆိုတာ အတိတ်အချိန် ဖြစ်ပါတယ်။ အတိတ်မှာစတင်ပြီး အတိတ်မှာပဲ ပြီးဆုံးခဲ့တဲ့ဖြစ်ရပ်။ ဒါကြောင့် Simple Past Tense (V2) ကို သုံးရပါတယ်။

e.g. **I went** for a walk every day **for two years.** (အတိတ်မှာ လုပ်လေ့လုပ်ထရှိတဲ့ဖြစ်ရပ်)

(ကျွန်တော်နေ့တိုင်း လမ်းထွက်လျှောက်တာ နှစ်နှစ်ရှိပြီ။) V2 သုံးထားတဲ့အတွက် ယခုအချိန်မှာတော့ လမ်းထွက်မလျှောက်တော့ဘူးလို့ အဓိပ္ပာယ်ရပါတယ်။

e.g. I **wish I had** a new dress. ("wish" အနောက်မှာ V2 လိုက်တယ်)
(အင်္ကျီအသစ်တစ်ထည် ရှိရင်ကောင်းမှာပဲ။) ဆန္ဒပြု တောင်းတတဲ့သဘော။ လက်တွေ့အခြေအနေမှာ မဖြစ်နိုင်သေးဘူးလို့ ဆိုလိုပါတယ်။

**Simple Past Tense ပုံစံများ**

| | |
|---|---|
| Positive form | I played football today. |
| Negative form | I did not/ didn't play football today. |
| Question form | Did you play football today? |

(Subject singular (အနည်း) (or) Subject plural (အများ) V2 ကိုသာ သုံးသည်။)

**Time expressions: အချိန်ညွှန်းကိန်းများ**

ago အကြာက (two years ago, one week ago… etc.)
last လွန်ခဲ့သော (last three years, last week … etc.)
yesterday, today, just now, at specific time (အတိတ်ကာလအချိန်), …etc.

**လေ့ကျင့်ခန်းများ ဖြေဆိုပါ။**

(1) Fill in the blanks with the Simple Past Tense of the verbs in brackets.

1. The train _____ (arrive) an hour ago.
2. I _____ (find) my pen yesterday.
3. I _____ (stay) with my grandparents for a year.
4. He _____ (hang) the picture on the wall an hour ago.
5. Ko Ko _____ (wear) a white shirt last Monday.
6. Mi Mi _____ (take) a bus to school for two years.
7. The police _____ (catch) the thief last week.
8. Maung Gyi _____ (meet) his old friends two days ago.
9. The wind _____ (blow) strongly last night.
10. Our grandpa _____ (tell) us a story two days ago.

### Past Continuous Tense (was, were + Ving)

အကြောင်းအရာကိစ္စတစ်ခုကို အတိတ်တစ်ချိန်ချိန်မှာ လုပ်ဆောင်နေတဲ့ အကြောင်း ဖော်ပြရာတွင် **Past Continuous Tense** ကို သုံးရသည်။ **"နေခဲ့တယ်"**ဟု ဘာသာပြန်ရသည်။

**Past continuous tense အသုံးပြုပုံ**

**(၁) အတိတ်တစ်ချိန်မှာ လုပ်ဆောင်နေဆဲ**

e.g. I was writing at 7 o' clock last night. (မနေ့ည ၇နာရီမှာ ကျွန်တော် စာရေးနေခဲ့တယ်။)

e.g. While Mi Mi **was reading**, her brother **was drawing** at 3 o' clock yesterday.

(မနေ့က မွန်းလွဲ ၃ နာရီမှာ မိမိက စာဖတ်နေပြီး သူ့အစ်ကိုက ပုံဆွဲနေခဲ့တယ်။)

e.g. My mother **was sewing** all yesterday afternoon. (မနေ့ညနေခင်းတစ်ခင်းလုံး ကျွန်တော့်အမေ အင်္ကျီချုပ်နေခဲ့တယ်။)

**(၂) ကိစ္စတစ်ခုဖြစ်ပျက်တဲ့အခါမှာ အခြားကိစ္စတစ်ခု ဖြစ်ပျက်နေဆဲ**

(ဒီလိုကိစ္စရပ်နှစ်ခုပါလာရင် **ဖြစ်ပျက်နေဆဲ**ကိစ္စရပ်ကို **Past Continuous Tense** နဲ့ ဖော်ပြရပြီး ဖြစ်ပျက်သွားတဲ့ကိစ္စရပ်ကို Simple Past Tense နဲ့ ဖော်ပြရမှာဖြစ်ပါတယ်။)

e.g. While Ko Min was running, he fell down. (ကိုမင်း ပြေးနေစဉ် ချော်လဲခဲ့တယ်။)

e.g. While I was studying, the light went out. (ကျွန်တော်စာကျက်နေစဉ် မီးပျက်သွားခဲ့တယ်။)

e.g. While our family was having dinner, my friend Zaw Min came to us. (ကျွန်တော်တို့မိသားစု ညစာစားနေစဉ် သူငယ်ချင်း ဇော်မင်း အိမ်ကိုလာခဲ့တယ်။)

**Forms**

| | | |
|---|---|---|
| Positive form | – | He **was playing** football at 4 o' clock in the afternoon.<br>They **were reading** in the library at 9 o' clock in the morning. |
| Negative form | – | He **was not/ wasn't playing** football at 9 o'clock in the morning.<br>They **were not/ weren't reading** in the library at 2 o' clock in the afternoon. |
| Question form | – | **Was he playing** football at 10 o'clock this morning?<br>**Were they reading** in the library at 9 o' clock this morning? |

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

(1) **Fill in the blanks with the Past Continuous tense of the verbs in brackets.**

1. While I _____ (watch) the game, Thu Thu called me.
2. While he _____ (run) down the stairs, he fell.
3. While U Moe _____ (dig) in the garden, he saw a snake.
4. While we _____ (talk) to him, the bus came.
5. When I left my house, it _____ (rain).
6. When mother came in, I _____ (sleep).
7. When they entered the house, we _____ (have) dinner.
8. As they _____ (dress) up, the phone rang.
9. When she _____ (leave) the house, she heard a loud scream.
10. As Zaw Zaw _____ (rush) for the bus, someone called him.

(2) Fill in the blanks with **the Simple Past or Past Continuous tense** of the verbs in brackets.

1. As he _____ (fill) his pen, he ____ (knock) the ink–pot over.
2. When he ___ (reach) the house, they ___ (quarrel) loudly.
3. His dog ___ (bite) him while he ___ (play) with it.
4. While she ___ (shop) yesterday afternoon, she ___ (lose) her handbag.
5. We ___ (play) games when Ko Gyi ___ (rush) into the room.
6. As we ___ (wave) goodbye, she ___ (break) into tears.
7. When I ___ (look) for my lost pen, I ___ (find) yours.
8. While Min Min ___ (play), his sister ___ (do) her homework.
9. When mother ___ (go) back home, we ___ (read).
10. While uncle ___ (go) for a swim, aunt ___ (shop).

Ans: (1) was filling/ knocked; (2) reached/ were quarreling; (3) bit/ was playing; (4) was shopping/ lost; (5) were playing/ rushed; (6) were waving/ broke; (7) was looking/ found; (8) was playing/ was doing; (9) went/ were reading; (10) was going/ was shopping;

(လာမည့်အပတ်တွင် Past Perfect Tense အကြောင်း ဖော်ပြပါမည်)

## Grade 10 (စနစ်သစ်)

အရင်အပတ်က Present Simple Tense နဲ့ Present Continuous Tense အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Present Simple နဲ့ Present Continuous Tense တွေနဲ့ပတ်သက်တဲ့ လေ့ကျင့်ခန်းတွေ ပေးထားပါတယ်။ ပြီးတော့ Unit 3: Zero သင်ခန်းစာမှာပါရှိတဲ့ Subject and Predicate အကြောင်းကို ရှင်းပြထားပါတယ်။

### Exercises on Present Continuous Tense

**Study the examples below:**

(1) Mi Mi is cooking the rice. She can't come here. (**an activity that is happening now** ယခုဖြစ်ပျက်နေသည့် အကြောင်းအရာ)

(2) I am staying at this hotel. (**a temporary action** ယာယီအခိုက်အတန့်ဖြစ်ပျက်နေသည့် အကြောင်းအရာ)

(3) I am leaving for Mandalay at about 10 a.m tomorrow. (**a planned future arrangement** အနာဂတ်တွင် လုပ်ဆောင်ဖို့ စီစဉ် ထားပြီးသော အကြောင်းအရာ)

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

(1) **Choose one of the three facts from the following sentences. The first one is given for you.**

1. She is going to school now.(an activity that is happening now)
2. We are watching the TV now. (______________)
3. They are doing homework at present. (______________)
4. I am preparing for breakfast. (______________)
5. She is coming back home at this time tomorrow.(______________)
6. They are playing football at the moment. (______________)
7. She is cooking rice. (______________)
8. We are holding a party tomorrow night. (______________)
9. Ko Ko is reading a novel now. (______________)
10. May Lay is washing the clothes. (______________)

**(2) အောက်ပါဝါကျများကို အင်္ဂလိပ်လိုရေးပြပါ။**

၁။ ကလေးတွေ အိမ်ရှေ့မှာ ဘောလုံးကစားနေကြတယ်။ ________.
၂။ သူတို့ နံနက်စာ စားနေကြတယ်။ ________.
၃။ ဆရာကြီး ကျွန်တော်တို့ကို စာသင်နေတယ်။ ________.
၄။ မေမေ အိမ်သန့်ရှင်းရေးလုပ်နေတယ်။ ________.
၅။ ဖေဖေ ရေဒီယိုနားထောင်နေတယ်။ ________.
၆။ ဦးဘ မနက်ဖြန် ပဲခူးကို သွားပြီ။ ________.
၇။ ဒေါ်လေး လာမယ့် အင်္ဂါနေ့မှာ ရန်ကုန်သွားနေပြီ။ ________.
၈။ ကျွန်တော်တို့ အခု အိမ်စာလုပ်နေပါတယ်။ ________.
၉။ သူ အခု သတင်းစာဖတ်နေပါတယ်။ ________.
၁၀။ ဦးလှ ဒီလမ်းထဲမှာ အိမ်တစ်လုံးဆောက်နေပါတယ်။ ________.

**(2) Put the words in brackets in the Present Simple or Present Continuous.**

1. Look at the moon. It ____ (shine) brightly.
2. Please listen to me. I ___ (talk) to you.
3. ____ (go) there during the holidays.
4. She ____ (get) up and ____ (walk) to the front of the classroom.
5. He seldom ___ (work) hard, but he ___ (work) now.
6. Our flight ___ (depart) at 5 a.m. tomorrow.
7. ___ you ____ (know) that man who ____ (talk) with her?
8. Ma Ma ____ (wait) for the train. She often ____ (go) to Mandalay by train.
9. He ___ (go) to the library once a week.
10. Mother always ____ (get) up early. But now she _____ (sleep).

*******************

### Subject and Predicate (ကတ္တားနှင့် ဝါစက (ခေါ်) ကြိယာပုဒ်)

- **Subject (ကတ္တား)**

The **subject** of the sentence is what (or whom) the sentence is about. In the sentence "The cat is sleeping in the sun," the word cat is the subject.

ကတ္တားဆိုတာ ဝါကျမှာပါရှိတဲ့ အကြောင်းအရာကို ပြောပြပေးတဲ့ ပုဒ်ဖြစ်ပါတယ်။

ဥပမာ။ The cat is sleeping in the sun.
Subject

ဒီစာကြောင်းမှာ The cat သည် Subject (ကတ္တား) ဖြစ်သည်။

- **Predicate (ဝါစက (ခေါ်) ကြိယာပုဒ်)**

The predicate is the part of a sentence, or a clause, that tells what the subject is doing or what the subject is.

ဝါစက (ခေါ်) ကြိယာပုဒ်ဆိုသည်မှာ ကတ္တားဘာဖြစ်သလဲ၊ ဘာလုပ်နေသလဲ ဆိုသည်ကို ပြသသည့် ဝါကျ၏အစိတ်အပိုင်း (သို့) ပုဒ်စုကို ခေါ်သည်။

ဥပမာ။ The cat is sleeping in the sun.
Predicate

ဒီစာကြောင်းမှာ is sleeping in the sun သည် ဝါစက (ခေါ်) ကြိယာပုဒ်ဖြစ်သည်။ ကတ္တား The cat ဘာလုပ်နေသလဲဆိုသည်ကို ပြသသောကြောင့်ဖြစ်သည်။

**ကတ္တား နှင့် ဝါစက (ခေါ်) ကြိယာပုဒ်တို့ရဲ့ ကွာခြားချက်**

Subject and Predicate ကတ္တားနှင့် ဝါစက (ခေါ်) ကြိယာပုဒ်တွေကြားက ခြားနားချက်မှာ ကတ္တားသည် Noun (နာမ်) သို့မဟုတ် Pronoun (နာမ်စား)ဖြစ်ပြီး ဝါစက (ခေါ်) ကြိယာပုဒ်မှာ Verb (ကြိယာ) ပါဝင်သော ပုဒ်စုဖြစ်သည်။

> Subject ဆိုတာ Noun or Pronoun
> Predicate ဆိုတာ Verb ပါတဲ့ပုဒ်စု လို့ အလွယ်မှတ်ပါ။

(ကဲဒီလောက်ဆို နားလည်သဘောပေါက်ပြီလို့ ထင်ပါတယ်။ အောက်က လေ့ကျင့်ခန်းလေးတွေ ကြိုးစားလုပ်ကြည့်ကြရအောင်... )

**Exercise:**

Choose the **subject** and the **predicate** from the following sentences.

1. He reads.
   "He" is the __________.
   "reads" is the __________.
2. He reads the book.
   "He" is the __________.
   "reads the book" is the __________.
3. He reads the book in the park on Tuesdays.
   The subject is __________.
   The predicate is __________.

**(လာမည့်အပတ်မှာ Unit 3: Zero သင်ခန်းစာအကြောင်း ရှင်းပြသွားမှာဖြစ်ပါတယ်)**

## Grade 11 (စနစ်ဟောင်း)

အရင်အပတ်က မေးခွန်းနံပတ် VII (A) မှာမေးလေ့ရှိတဲ့ Connectives (စကားဆက်)အကြောင်းတွေကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 2: Too Much Knowledge Maketh Fools အကြောင်းကို ဖော်ပြသွားမှာ ဖြစ်ပါတယ်။

### Unit 2: Too Much Knowledge Maketh Fools

**ဒီအခန်းကလည်း မေးခွန်း နံပါတ် (I) နဲ့ (VII B) မှာ မေးလေ့မေးထရှိပါတယ်။ သေချာဂရုစိုက်လေ့လာမှတ်သားကြပါ။**

တစ်ခါတုန်းက တက္ကသီလပြည်မှာရှိတဲ့ ကျော်ကြားတဲ့ ဒိသာပါမောက္ခကြီးဆီမှာ ပညာသင်ယူနေတဲ့ လူငယ်လေးယောက်ရှိတယ်။ သူတို့အားလုံးဟာ ချမ်းသာတဲ့မိသားစုတွေကနေ ဆင်းသက်လာကြတယ်။ လာတဲ့နိုင်ငံတွေကတော့ မတူကြပါဘူး။ သူတို့တွေဟာ ဝါသနာအပေါ်အခြေခံပြီး မတူညီတဲ့ ဘာသာရပ်တွေကို လေ့လာလိုက်စားကြတယ်။ သဘင်ပညာ (ဂီတနဲ့အက)၊ ဆေးပညာ၊ နက္ခတ်ဗေဒ (ဗေဒင်ပညာ)နဲ့ ဒဿနိကဗေဒတွေကို အထူးပြု လေ့လာကြတယ်။

- There were four youths studying under the famous professor Disaparmauk of Taxila.
- They all/ All of them came of rich families (Their parents were rich.)
- But they came from different lands (countries).
- Each specialized in different branches of study according to their natural bents.
- Their subjects were music and dancing, medicine, astrology and philosophy.
- The one who studied music and dancing was the man of music and dancing.
- The one who studied medicine was the medico (doctor).
- The one who studied astrology was the astrologer.
- The one who studied philosophy was the philosopher.

ဆရာကြီးဆီမှာ သုံးနှစ်တိုင်တိုင် လေ့လာသင်ယူပြီးတဲ့အခါမှာ သူတို့ လေ့လာတဲ့ဘာသာရပ်တွေကို ကျွမ်းကျင်တတ်မြောက်ပြီလို့ ထင်မြင်ခဲ့ကြတယ်။ ဒါကြောင့် နေရပ်ပြန်ကြဖို့ စီစဉ်ခဲ့တယ်။

ဆရာကြီးက လူငယ်တွေကို ခွဲခွာလက်ဆောင်နဲ့ အိမ်ပြန်လက်ဆောင် ဆိုပြီး ပေးခဲ့တယ်။ ခွဲခွာလက်ဆောင်က ချက်ပြုတ်စားသောက်ဖို့ အိုးတစ်အိုးနဲ့ ဆန်အချို့ကို ပေးခဲ့တယ်။ ရိက္ခာခြောက်တွေကို ပေးလိုက်ပေမယ့် အိမ်ပြန်မရောက်သေးမီ လမ်းခုလတ်မှာ ပြတ်လပ်သွားခဲ့သည်ရှိသော်ဆိုတဲ့ အမြော်အမြင်နဲ့ အိုးနဲ့ဆန်ကို ထပ်ပေးခဲ့တာပါ။ အိမ်ပြန်လက်ဆောင်ကတော့ ဩဝါဒစကားတစ်ခွန်းပြောခဲ့ပါတယ်။ အဲဒီစကားကတော့ **တည်နေရာတစ်ခုရဲ့ အခြေအနေနဲ့ အချိန်အခါကို လိုက်လျောညီထွေစွာ မပြုလုပ်နိုင်ဘူးဆိုရင် မင်းတို့ ထမင်းငတ်ကြလိမ့်မယ်ဆိုပြီး** ပြောခဲ့ပါတယ်။ ဒီလိုပြောတော့ လူငယ်တွေက နားမလည်ခဲ့ကြပါဘူး။ ဆရာကြီး ဘာကိုဆိုလိုသလဲဆိုတာ မသိကြတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေခဲ့ကြတယ်။ စကားတစ်ခွန်းမှ မပြောခဲ့ကြပါဘူး။ ဒီလိုနဲ့ ဆရာကြီးကို အရိုအသေပေးပြီး သူတို့ရဲ့အိမ်ပြန်ခရီးကို စတင်ခဲ့ပါတယ်။

- After studying for three years, they were considered proficient in their respective subjects./ the time came to say good-bye to their professor and return to their respective parents.
- A parting gift was a cooking pot and some grain in order that they would have something to cook and eat should their dry rations run out before they reached home.
- The professor's final gift was a piece of advice.
- His advice was to act suitably to the time and circumstance of a situation.
- The four youths did not understand/comprehend their professor's advice.

ရက်အတော်ကြာ ခရီးထွက်ခွာလာပြီးတဲ့နောက်မှာ ဆရာကြီး ပေးခဲ့တဲ့ ရိက္ခာခြောက်တွေ ကုန်သွားပါတယ်။ သူတို့ကိုပေးလိုက်တဲ့ အိုးနဲ့ ဆန်ဟာ ဒီအချိန်မှာ အသုံးဝင်လာပါတယ်။ အဲဒီတော့မှ ဆရာကြီးက ဉာဏ်အမြော်အမြင် တော်တော်ရှိတာပါလားလို့ သူတို့ သိခဲ့ကြတယ်။ အခုအချိန်မှာ ထမင်းချက်ဖို့ ဆန်နဲ့အိုးတော့ရှိပြီ။ ဟင်းလျာအတွက် တစ်ခုခုစီစဉ်ရမယ်ဆိုပြီး အလုပ်တွေကို မဲနှိုက်ပြီး တာဝန်ခွဲယူခဲ့ကြပါတယ်။

သဘင်ပညာသည်က ထမင်းချက်တဲ့အလုပ်ကို လုပ်ရတယ်။ ဆေးဆရာက အသားနဲ့ငါးဝယ်ရတယ်။ ဗေဒင်ဆရာက ဟင်းသီးဟင်းရွက်တွေ ခူးရတယ်။ အတွေးအခေါ်ပညာရှင်ကတော့ ထမင်းထဲထည့်ချက်ဖို့ သန့်စင်ထားတဲ့ ထောပတ်ဝယ်ရပါတယ်။ ဒီလိုနဲ့ သူတို့တစ်ယောက်ဆီက သူတို့ရဲ့ အလုပ်တွေကို ထမ်းရွက်ဖို့ အသီးသီးထွက်ခွာသွားကြတယ်။

- After travelling for a number of days, their dry rations ran out.
- The pot and the grain were very useful after they had travelled for a number of days.
- The youths felt how thoughtful their great teacher was because the pot and the grain were useful in deed.
- The youths had enough rice but no curry.
- To get a decent meal, the youths drew lots for the different tasks.
- The man of music and dancing was to cook the rice.
- The medico was to buy meat and fish. The astrologer was to gather vegetables and the philosopher was to get some ghee (which is clarified butter) to cook the curry in.

ဆေးဆရာက အနီးဆုံးရွာကိုသွားပြီး ရွာဈေးထဲမှာ လှည့်ပတ်ကြည့်တယ်။ ဘာအသား၊ ငါးတွေ ဝယ်ရမလဲဆိုပြီး လိုက်လံကြည့်ရှုတယ်။ အချိန် တော်တော်ကြာတဲ့အထိ ဝယ်ရမယ့်ငါးကို ရှာမတွေ့ဘူး။ ဘာလို့ဆိုရင် သူ့အတွေးထဲမှာ သူ့ရဲ့ဆေးပညာအသိတွေက သူ့ကို ဘာမျှမဝယ်ဖို့ တွန်းအားပေးနေခဲ့တယ်။ ဒါကြောင့် သူလည်း ဘာမျှမဝယ်ဘဲ ရွာဈေးက ပြန်လာခဲ့တယ်။

- The medico went to the bazaar in the nearest village to buy meat and fish.
- He found various kinds of meat and fish.
- But he didn't buy any meat or fish because of his medical knowledge.

အတွေးအခေါ်ပညာရှင်က သန့်စင်ထားတဲ့ထောပတ်ကို သစ်ရွက်နဲ့ ထုပ်ပိုးလာပြီး လာတဲ့လမ်းအတိုင်း ပြန်လာခဲ့တယ်။ လမ်းခုလတ်မှာ သူက အတွေးပင်လယ်ထဲ နစ်မျောသွားတယ်။ ထောပတ်က နွားနို့ကရတယ်။ နွားက မြက်စားတယ်။ ဒါဆို ထောပတ်နဲ့ မြက်တွေ၊ အသီးအရွက်တွေက ဆက်စပ်မှု ရှိရမယ်ဆိုပြီး တွေးရင်းနဲ့ သူ့လက်ထဲမှာ ကိုင်ထားတဲ့ ထောပတ်တွေဟာ အရည်ပျော်ပြီး တစ်စက်ချင်းထွက်ကျခဲ့တယ်။ သူသတိရတဲ့အချိန်မှာ လက်ထဲမှာ သစ်ရွက်နဲ့ထုပ်ပိုးထားတဲ့ထောပတ်တွေ ဘာမျှမကျန်တော့ဘူး။

အတွေးအခေါ်ပညာရှင်ဟာ ရွာဈေးက ပြန်လာတဲ့ ဆေးဆရာနဲ့တွေ့တဲ့ အချိန်မှာ နှစ်ယောက်စလုံး လက်ဗလာချည်းဖြစ်နေပါပြီ။ သူတို့လုပ်ရမယ့် အလုပ်တွေကို အောင်မြင်အောင် မလုပ်နိုင်ခဲ့ကြပါဘူး။ အဲဒီအချိန်မှာ ထမင်းချက်ဖို့ တာဝန်ယူရတဲ့ သဘင်ပညာသည်သူငယ်ချင်းကို သတိရခဲ့တယ်။ ဒါကြောင့် ထမင်းချက်နေမယ်လို့ ယူဆရတဲ့နေရာကို သူတို့နှစ်ဦး သွားခဲ့ကြတယ်။ လမ်းမှာ သူတို့ လုပ်ငန်းတာဝန်တွေ ဘာလို့ မအောင်မြင်ခဲ့တာလဲ ဆိုတာကို တစ်ယောက်ကိုတစ်ယောက် ပြန်ပြောခဲ့ကြတယ်။

- The philosopher got the required ghee and he packed it in a green leaf.
- He became lost in philosophical speculations on the way.
- He philosophized the relationship between ghee and grass.
- He was unaware of the ghee in the leaf melting and dripping.
- By the time he met the medico, he was empty-handed too.
- Each recounted to the other what had happened to him.

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ အချပ်ပိုစာမျက်နှာများတွင် ဖော်ပြထားသည့် ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် အချပ်ပိုစာမျက်နှာများကို ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# အင်္ဂလိပ်စာဖတ်စွမ်းရည်မြှင့်တင်ရေး ကဏ္ဍ

အင်္ဂလိပ်စာလေ့လာသူများ စာဖတ်စွမ်းရည် တိုးတက်စေရန် ရည်ရွယ်ပြီး စာဖတ်စွမ်းရည်မြှင့်တင်ရေးကဏ္ဍကို ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။ စာဖတ်ခြင်းဖြင့် ဗဟုသုတလည်း ရရှိနိုင်သလို အင်္ဂလိပ်စာဝေါဟာရများ၊ သဒ္ဒါအသုံးအနှုန်းများ၊ စာရေးနည်းပုံစံများကို လေ့လာနိုင်မည်ဖြစ်ပါသည်။ စာဖတ်အားနည်းသူများပါ လေ့လာသိရှိနိုင်ရန် အင်္ဂလိပ်-မြန်မာ ဘာသာနှစ်မျိုးဖြင့် ဖော်ပြထားပါသည်။ စာပိုဒ်များကို ရွေးချယ်ရာတွင်လည်း စာဖတ်သူများ စိတ်ဝင်စားဖွယ်ရှိသော အကြောင်းအရာများကို ဦးစားပေး ရွေးချယ်ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသည်။

ယခုအချပ်ပိုစာမျက်နှာတွင် စာဖတ်စွမ်းရည်မြှင့်တင်ရေးကဏ္ဍအတွက် **PYRAMIDS** အကြောင်းကို ဖော်ပြထားပါသည်။ စာပိုဒ်ဖတ်ပြီးပါက နားလည်နိုင်စွမ်းမည်မျှရှိသလဲဆိုသည်ကို သိရှိနိုင်ရန် လေ့ကျင့်ခန်းများကို ဖြေဆိုနိုင်ပါသည်။



## PYRAMIDS

The pyramids were built as a resting place and to protect the Kings and queens of Egypt and other important people. Around were 130 pyramids built, the biggest one was the Great Pyramid of Giza. The Great Pyramid of Giza is one of the world's most amazing landmarks. Rising high above the Sahara Desert in the Giza region of northern Egypt, the Great Pyramid stands some 450 feet into the burning desert sky and occupies an area of 13 acres. The rough climate of the Sahara has actually caused the pyramid to shrink 30 feet from its original height.

The pyramid was such an amazing feat of engineering that it remained the tallest structure in the world for over 3,800 years! Most Egyptologists, scientists who study ancient Egypt, agree that the Great Pyramid was built around 2560 BC, a little more than 4,500 years ago. It took tens of thousands of workers twenty years to build.

The pyramid contains over two million stone blocks. Although most of the blocks weigh two or three tons, some weigh up to eighty tons!

It was built for the Pharoah Khufu and took 20 years to build it! They were built next to the River Nile, this was because it was easier for the builders to move the large stones by boat and then they were pulled to the building area. Scientists today are still not completely sure how the ancient Egyptians moved the massive stones. Once a pyramid was finished it was covered with white stone and gold was put on the top. In the bright Egyptian sunshine, the white and the gold would have gleamed brightly.

The ancient Egyptian engineers planned the pyramids so that there were many rooms and tunnels. It was thought that the pyramid rooms were for the pharaohs and all of their valuables. The engineers knew that the thieves would try to steal the gold and jewels, so they made traps and false rooms.

The Egyptians believed that people would move on to another life, so they filled the pyramids with many jewels, gold and even food. They thought that the pharaoh would need these things in their next life. The body was cleaned and wrapped in bandages to protect it and put into a stone case. They also have many of their things buried with them and people drew beautiful pictures on the walls which told the story of their lives. The ancient Egyptians used a language called "Hieroglyphics" which was a mixture of drawings and signs. So we can discover how these kings and Queens lived.

## ပိရမစ်များ

ပိရမစ်များကို အီဂျစ်ဘုရင်နှင့် ဘုရင်မများအပါအဝင် အခြားသော အရေးကြီးပုဂ္ဂိုလ်များ၏ ရုပ်အလောင်းများ မပျက်စီးစေရန် ရည်ရွယ်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ တည်ဆောက်ခဲ့သည့် ပိရမစ်ပေါင်း ၁၃၀ ဝန်းကျင်ရှိသည့်အနက် အီဂျစ်နိုင်ငံမြောက်ပိုင်း ဂီဇာဒေသရှိ ဂီဇာပိရမစ်ကြီးသည် အလွန်ကြီးမားသည်။ ၎င်းသည် ကမ္ဘာပေါ်တွင် အထင်ရှားဆုံးသော အထင်ကရနေရာတစ်ခုဖြစ်သည်။ အဆိုပါပိရမစ်များသည် အီဂျစ်နိုင်ငံမြောက်ပိုင်း ဂီဇာဒေသရှိ ဆာဟာရသဲကန္တာရတွင်တည်ရှိပြီး အမြင့်ပေ ၄၅၀ ခန့် မြင့်မားကာ ၁၃ ဧက ကျယ်ဝန်းသည်။ ဆာဟာရသဲကန္တာရ၏ ဆိုးရွားသော ရာသီဥတုဘေးကြောင့် ပိရမစ်များသည် မူလအမြင့်မှ ပေ ၃၀ ခန့် ပျက်စီးနိမ့်ပါးသွားသည်။

ပိရမစ်များသည် အလွန်အံ့သြဖွယ်ကောင်းသော အင်ဂျင်နီယာနည်းပညာဖြင့် တည်ဆောက်ထားသည့်အတွက် နှစ်ပေါင်း ၃၈၀၀ ကျော်တိုင် ကမ္ဘာ့အမြင့်မားဆုံးအဆောက်အအုံအဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။ အဆိုပါပိရမစ်များကို ဘီစီ ၂၅၆၀ ဝန်းကျင်(နှစ်ပေါင်း ၄၅၀၀ အကြာ)ခန့်က တည်ဆောက်ခဲ့သည်ဟု ရှေးဟောင်းအီဂျစ်ဘာသာစကား လေ့လာသူများက ဆိုကြသည်။

ပိရမစ်များတွင် ကျောက်တုံးနှစ်သန်းကျော်ပါဝင်သည်။ ကျောက်တုံးအများစုသည် အလေးချိန်အားဖြင့် နှစ်တန် သို့မဟုတ် သုံးတန်သာ အလေးချိန်ရှိသော်လည်း အချို့ကျောက်တုံးများသည် တန် ၈၀ ခန့် လေးလံကြသည်။

၎င်းကို ဖာရိုဘုရင် ခူဖူအတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဂီဇာပိရမစ်ကြီးကို နှစ်ပေါင်း ၂၀ ကြာ တည်ဆောက်ခဲ့ရသည်။ ပိရမစ်တည်ဆောက်ရာတွင် အသုံးပြုသည့် ကျောက်တုံးကြီးများကို သင်္ဘောများဖြင့် အလွယ်တကူ သယ်ဆောင်နိုင်ရန်အတွက် ဂီဇာပိရမစ်ကြီးကို နိုင်းမြစ်ဘေးတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တည်ဆောက်သူများက အဆိုပါ ကျောက်တုံးကြီးများကို နိုင်းမြစ်တစ်လျှောက် သင်္ဘောများဖြင့် သယ်ဆောင်လာပြီး ပိရမစ်တည်ဆောက်သည့်နေရာအထိ ဆွဲသွားကြရသည်။ ကျောက်တုံးကြီးများကို ဆောက်လုပ်ရေးနေရာသို့ ဆွဲရာတွင် မည်သည့်နည်းလမ်းကို အသုံးပြုသလဲဆိုသည်ကိုမူ သိပ္ပံပညာရှင်များ ယနေ့ထိတိုင် မသိနိုင်ကြသေးပေ။ ပိရမစ်များတည်ဆောက်ပြီးစီးသည့်အခါ နေရောင်တွင် ထွန်းလင်းတောက်ပမှုရှိစေရန် ကျောက်တုံးဖြူများနှင့် ရွှေများကို ထည့်သွင်းတည်ဆောက်ခဲ့သည်။

ရှေးဟောင်းအီဂျစ်အင်ဂျင်နီယာများက ပိရမစ်များအတွင်း၌ ဖာရိုဘုရင်များ၏ ရုပ်အလောင်းများနှင့် ပိုင်ဆိုင်မှုများကို ထည့်သွင်းမြှုပ်နှံနိုင်ရန် အခန်းများနှင့် ဥမင်လိုဏ်ခေါင်းများစွာ ထည့်သွင်းတည်ဆောက်ခဲ့သည်။ ပိရမစ်များအတွင်းသို့ မသမာသူများ ဖောက်ထွင်းဝင်ရောက်မှုမရှိစေရန် အခန်းပေါင်းများစွာနှင့် ထောင်ချောက်များကို ပြုလုပ်ခဲ့သည်။

လူများသေဆုံးလျှင် ဘဝတစ်ပါးသို့ ပြောင်းသွားမည်ဖြစ်ပြီး ၎င်းတို့၏ ပိုင်ဆိုင်မှုများကိုပါ သယ်ဆောင်သွားနိုင်သည်ဟု ရှေးဟောင်းအီဂျစ်များက ယုံကြည်ကြသည်။ ထို့ကြောင့် ရွှေ၊ ငွေ၊ လက်ဝတ်ရတနာပစ္စည်းများနှင့် အစားအစာများကိုပါ ထည့်သွင်းလေ့ရှိကြသည်။ ဖာရိုဘုရင်များ သေဆုံးပြီးနောက် ဘဝတစ်ပါး၌ ၎င်းတို့၏ ပိုင်ဆိုင်မှုများကို လိုအပ်လိမ့်မည်ဟု အီဂျစ်များက ယူဆကြသည်။ ဖာရိုဘုရင်များ၏ အလောင်းများကို သန့်ရှင်းမှုပြုလုပ်ပြီး ပတ်တီးများဖြင့်စည်းကာ ကျောက်ခေါင်းတလားကြီးများထဲသို့ ထည့်သွင်းခဲ့ကြသည်။ ၎င်းတို့နှင့်အတူ ၎င်းတို့၏ ပိုင်ဆိုင်မှုပစ္စည်းများကိုပါ တစ်ပါတည်း မြှုပ်နှံပေးကြသည်။ ဖာရိုဘုရင်များ သက်ရှိထင်ရှားရှိစဉ် မည်သို့နေထိုင်ခဲ့သလဲဆိုသည်ကို နံရံများပေါ်တွင် ပန်းချီရေးဆွဲကြသည်။ ယင်းသို့ ရေးဆွဲရာတွင် ရှေးဟောင်း အီဂျစ်များက "ရုပ်စာ"ဟုခေါ်သည့် ရုပ်ပုံများနှင့် သင်္ကေတများကို အသုံးပြုကြသည်။ ထို့ကြောင့် အီဂျစ်ဘုရင်မင်းဆက်များ၏ ဘဝနေထိုင်မှုပုံစံများကို ကျွန်တော်တို့ လေ့လာသိရှိနိုင်ခြင်းဖြစ်သည်။

**Answer the questions.**

1. Where are the Egyptian pyramids?
_______________________________________.
2. How did the engineers bring the large stones to the building sites?
_______________________________________.
3. What happened when the sun shone on these Pyramids?
_______________________________________.
4. What is "hieroglyphics"?
_______________________________________.
5. How was the body prepared for its burial in the Pyramid?
_______________________________________.
6. Why did they take food and valuables?
_______________________________________.

+ + + + + + + + + +

# အင်္ဂလိပ်စာစွမ်းရည် တိုးတက်ရေးကဏ္ဍ

အရင်အပတ်က To talk about the weather (ရာသီဥတု)အကြောင်း ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Verb to be ကို အသုံးပြုပြီး တည်နေရာဝါကျတွေ ရေးသားပုံကို ဖော်ပြမှာဖြစ်ပါတယ်။

တည်နေရာဝါကျတွေ ရေးတတ်ဖို့အတွက် အရင်ဦးဆုံး နေရာပြဝိဘတ်တွေကို သိဖို့လိုပါတယ်။ ဒါကြောင့် နေရာပြဝိဘတ်တွေကို လေ့လာမှတ်သားပါ။

**Prepositions of place (နေရာပြဝိဘတ်)**

in = အထဲမှာ (နေရာကျဉ်းလျှင်)
at = အထဲမှာ (နေရာတိကျမှုရှိလျှင်)
on = အပေါ်မှာ (မျက်နှာပြင်ထိ)
above = အပေါ်မှာ (မျက်နှာပြင်မထိ)
over = အပေါ်မှာ (အပေါ်တည့်တည့်)
between = နှစ်ခုကြားမှာ
among = အများကြားထဲမှာ
inside = အတွင်းထဲမှာ
into = အတွင်းသို့ (ရွေ့လျားမှုရှိ)
near = အနီးမှာ
by = အနီးမှာ(ပိုနီး)
beside = ဘေးမှာ
amidst = ကြားတွင်၊အလယ်တွင်
amid
beyond = အလွန်မှာ
around = အနီးတစ်ဝိုက်မှာ၊ ပတ်ပတ်လည်မှာ
behind = အနောက်မှာ
in back of = အနောက်မှာ
in front of = အရှေ့မှာ
before = အရှေ့မှာ
under =အောက်တည့်တည့်မှာ
below = အောက်မှာ (ကြမ်းပြင်နဲ့မထိ)
beneath =အောက်ခြေတစ်ဝိုက်မှာ (ကြမ်းပြင်နဲ့ထိ)
on the left = ဘယ်ဘက်အခြမ်းမှာ
on the right =ညာဘက်အခြမ်းမှာ
in the middle = အလယ်မှာ
at the corner = ထောင့်မှာ
next to = ဘေးမှာကပ်လျက်
against = မှီလျက်၊ဆန့်ကျင်လျက်
along = တစ်လျှောက်မှာ
across from =မျက်နှာချင်းဆိုင်မှာ
opposite = မျက်နှာချင်းဆိုင်မှာ

နေရာပြဝိဘတ်များတွင် အသုံးအများဆုံးဖြစ်သည့် in နှင့် at တို့၏ အသုံးပြုပုံကို လေ့လာကြည့်ပါ။

| in | at |
|---|---|
| in a box သေတ္တာထဲမှာ | at the door တံခါးမှာ |
| in a store စတိုးဆိုင်ထဲမှာ | at the traffic light မီးပွိုင့်မှာ |
| in a room အခန်းထဲမှာ | at the bus stop ကားမှတ်တိုင်မှာ |
| in a park ပန်းခြံထဲမှာ | at the top of the page စာမျက်နှာထိပ်ဆုံးမှာ |
| in a town မြို့ထဲမှာ | at the bottom အောက်ခြေမှာ |
| in the city center မြို့လယ်ကောင်မှာ | at work အလုပ်မှာ |
| in Myanmar မြန်မာနိုင်ငံမှာ | at the station ဘူတာရုံမှာ |
| in Yangon ရန်ကုန်မှာ | at the airport လေဆိပ်မှာ |
| in the water ရေထဲမှာ | at the end of the street လမ်းရဲ့အဆုံးမှာ |
| in the sea ပင်လယ်ထဲမှာ | at the doctor's ဆေးခန်းမှာ |
| in my coffee ကော်ဖီထဲမှာ | at the dentist's သွားဆေးခန်းမှာ |
| in the kitchen မီးဖိုချောင်ထဲမှာ | at Ko Ko's (house) ကိုကိုရဲ့အိမ်မှာ |
| in the garden ဥယျာဉ်ထဲမှာ | at my uncle's ဦးလေးဆီမှာ |
| in the ocean ပင်လယ်ထဲမှာ | at a concert ကဇော်ရုံမှာ |
| in bed အိပ်ရာထဲမှာ | at a conference အစည်းအဝေးမှာ |
| in college ကောလိပ်မှာ | at a party ပါတီပွဲမှာ |
| in prison/ jail ထောင်ထဲမှာ | at a soccer match ဘောလုံးပွဲမှာ |
| in the hospital ဆေးရုံမှာ | at home အိမ်မှာ |
| in the sky ကောင်းကင်ယံမှာ | at a hotel ဟိုတယ်မှာ |
| in the world ကမ္ဘာပေါ်မှာ | at school ကျောင်းမှာ |
| in a newspaper သတင်းစာမှာ | |
| in a magazine မဂ္ဂဇင်းထဲမှာ | |
| in a book စာအုပ်ထဲမှာ | |
| in a photograph ဓာတ်ပုံထဲမှာ | |
| in a picture ရုပ်ပုံထဲမှာ | |
| in a car (on a bus/ on a train/ on a plane) ကားထဲမှာ | |
| in the middle of အလယ်မှာ | |

**မှတ်ချက်။ at school နှင့် in school** သည် ကွဲပြားမှုရှိသည်။ **at school** က ကျောင်းမှာရှိသည်ဟု အဓိပ္ပာယ်ရသည်။ **in school** က ကျောင်းမပြီးသေးဘူး။ စာသင်ယူနေရဆဲဖြစ်သည်ဟု အဓိပ္ပာယ်ရသည်။

(A) Write **in** or **at.**

1. "Where's my mother?" "She's __________ work."
2. I usually do my shopping __________ the city center.
3. I looked at the list of names. My name was ________ the bottom of the list.
4. My granny is __________ the hospital. She's going to have an operation tomorrow.
5. "Is your sister home yet?" "No, she's still __________ school."
6. I studied for a year ______Yangon, the commercial city of Myanmar.
7. "Where does your sister live?" "__________ Taunggyi."
8. I am waiting for you __________ the station.
9. Go straight ______the traffic light and turn right ______the gas station.
10. What is the longest river ________ the world?


(ဆက်လက်ဖော်ပြပါမည်)

ကြေးမုံ
အထူးဂဏ္ဍ
ဇူလိုင် ၂၅၊ ၂၀၂၁
(တနင်္ဂနွေနေ့)

# မျိုးဆက်သစ်ပျိုးခင်း

ဝတ္ထုတို

## ကောလင်းအောင်




"ချိုတယ်.. အေးတယ်.. မွှေးတယ်.. ကောင်းတယ်ဗျာ.. အေးအေးလေးနဲ့ မွှေးမွှေးလေးဗျာ.. တကယ်ချို အဟုတ်ကောင်းတော့ အမယ်အိုတောင်ရုပ်ပြောင်းတယ်ဗျာ... စားကြည့်ပါ.. စားကြည့်ပါ.. အများသိအောင် ကြေညာချင်တာက.. ဒီက အေးသွင်ကြီးရဲ့ ချစ်သဒ္ဓါဆောင်ကြည် မသွေလွဲ ကောင်းပါတဲ့ မေတ္တာရောင်ခြည် ရေခဲချောင်းတွေပါဗျာ..."

ရှေ့သွားနှစ်ချောင်း ကျိုးနေ၍ သွားကျိုးလေထွက်သံနှင့် နဘေကာရန်ထပ်ကာ မပီတပီအော်၍ ရွာစဉ်ထိုးရေခဲချောင်းရောင်းတတ်သူကတော့ ကသာမြို့နယ်ထဲက နတ်မှော်ရွာသား ကိုအေးသွင်ပင်ဖြစ်တော့၏။

ကိုအေးသွင်က ဒီရွာမှာမွေး ဒီရွာမှာကြီးသူ။ အမေတစ်ခုသားတစ်ခု။ အရွယ်ရောက်ကတည်းက ရေခဲချောင်းရောင်း၍ မိခင်ကို အလုပ်အကျွေးပြုသူ။ သူ့ရွာကို သူချစ်သည်။ သူ့ရွာသူ ရွာသားတွေကို သူချစ်သည်။ အထူးသဖြင့် ကလေးတွေကို ပိုချစ်သည်။ ပြီးတော့ ကိုအေးသွင် ချစ်တာတစ်ခုရှိသေး၏။ ထိုအရာက အရက်။ ဒေသထွက် တောအရက်ကို ငယ်ငယ်ကတည်းက အစွဲသောက်သူ။ အရက်ကိုချစ်ကြောင်း ရှေ့သွားနှစ်ချောင်း မရှိခြင်းက သက်သေထူနေ၏။ တစ်ခါ နံနက်ရေချိန်သောက်အပြီး သူ့ရွာနှင့် ငါးမိုင်ဝေးသော မိုးတားရွာရေခဲစက်သို့ ရေခဲချောင်းဖောက်သည် သွားအယူ မိုးတားကုန်းအဆင်းမှာ အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်လဲကျသည်။ ပြန်ထလာတော့ ရှေ့သွားနှစ်ချောင်း ပါမလာတော့။ ဒါလည်း ကိုအေးသွင်တစ်ယောက် အသောက်မပျက်။

ကိုအေးသွင်သည် အရက်သမားဖြစ်သော်လည်း ဇာတိ နတ်မှော်ရွာလေးကို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေချင်သည်။ တစ်နည်းနည်းနဲ့တော့ ကောင်းကျိုးပြုမည်ဟု ဆုံးဖြတ်ထားသည်။ ဒီအကြံ သူ့ရင်ထဲမှာ အမြဲရှိသည်။

ကိုအေးသွင်တို့အိမ်မှာ အမေတစ်ခုသားတစ်ခုရှိသော်လည်း ညနေတိုင်း သူတို့အိမ်မှာ ဆူညံနေတတ်၏။ ထိုသို့ဖြစ်ရခြင်းမှာ ရွာထဲမှ ကလေးများသည် ညနေတိုင်း ကိုအေးသွင်တို့အိမ်ကို လာနေကြ၊ ဆော့နေကြ။ ကိုအေးသွင် ရွာစဉ်ရောင်း၍ ကျန်ခဲ့သော ရေခဲချောင်းများကိုစားချင်၍ ဖြစ်သလို ကိုအေးသွင် သူတို့အတွက် ဖန်တီးပေးထားသော စာကြည့်စင်မှ ပုံပြင်စာအုပ်များကို ဖတ်ချင်၍လည်းဖြစ်သည်။

ကိုအေးသွင်ကသည် ကသာမြို့သို့ ဈေးဝယ်ရောက်သောအခါ ကောင်းနိုးရာရာ ပုံပြင်စာအုပ်များကို ဝယ်လာတတ်သည်။ ကိုအေးသွင်က စာမဖတ်ချင်သော ကလေးများကို မုန့်ပေး၍ စာဖတ်ချင်အောင် ချော့မြူတတ်သည်။

ချန်ခဲ့သော ရေခဲချောင်းများကိုဝေငှပေးပြီးလျှင် စာဖတ်ဖို့ တိုက်တွန်းသည်။ ပြီးလျှင် ကိုအေးသွင်သည် ကလေးများကို ဆုံးမစကားပြောတတ်၏။ သို့သော်ကလေးများကို ဆုံးမစကားပြောတိုင်း သူ့ကိုယ်သူ လိပ်ပြာမလုံ။ အရက်သမားစကား ကလေးများအပေါ်လည်း ထင်သလောက်လည်း ဩဇာမသက်ရောက်။

တစ်ခါတစ်ခါသော်လည်း "ဟဲ့ကောင်တွေ ဟဲ့ကောင်မတွေ နင်တို့တွေ ငါခိုင်းသလိုလုပ် ငါလုပ်သလိုမလုပ်နဲ့" ဟု အရှက်ပြေ ရယ်ကျဲကျဲလုပ်ရသည်။ သို့သော် စိတ်ထဲက ဘဝင်မကျ။

နောက်ဆုံး ကိုအေးသွင် သူ့ကိုယ်သူ သုံးသပ်သည်။ သူချစ်တဲ့ကလေးတွေကို လူကောင်းလူမွန်ဖြစ်ဖို့ မြေတောင်မြှောက်ပေးဖို့ရာ သူကိုယ်တိုင် စံပြကောင်းနေမှဖြစ်မည်။ သူ့ကိုယ်သူမေးသည်။ ကလေးတွေကို ချစ်မလား။ အရက်ကို စွန့်မလား။

ကိုအေးသွင် အရက်မသောက်တော့ဟု ဆုံးဖြတ်ချက်ချပြီးနောက်နေ့ ရေခဲချောင်း သွားရောင်းသည်။ အဲဒီမှာ ဒုက္ခစတော့၏။ ရင်ထဲကတလှပ်လှပ်နှင့်။ အရက်ဆာသောဒုက္ခသည် မသေးငယ်လှ။ သို့သော် သူ့ဆုံးဖြတ်ချက်ကို သူမပြင်။ နောက်တစ်နေ့ သူရေခဲချောင်း မရောင်းနိုင်တော့။ အိမ်ရှေ့ကွပ်ပျစ်မှာ ရေနွေးကြမ်းခါးခါးကို တစ်ခွက်ပြီးတစ်ခွက် မော့လျက် ကလေးများ စာဖတ်ကြ၊ ဆော့မြူးကြသည်ကို မှုန်ငေးငေးကြီးကြည့်နေ၏။ အမေအို ဒေါ်ကြည်သန်းကတော့ သူ့သားအဖြစ်ကို ကြည့်ရင်း ဝမ်းနည်းဝမ်းသာဖြစ်နေသည်။ သူ့သားသိပ်ကြိုက်သော ကင်ပွန်းချဉ်နှင့် ငါးရံ့ရော၍ချက်သောဟင်းကို နေ့တိုင်း ခံတွင်းသာအောင် ချက်ကျွေးသည်။

ငယ်ငယ်ကတည်းက အရက်စွဲသောက်လာသူမို့ တုံးတိကြီးဖြတ်လိုက်သောအခါ ခံစားရသော ဒုက္ခသည် တော်တော်ပြင်းထန်၏။ တစ်ပတ်၊ ဆယ်ရက် အလူးအလဲခံရ၏။

ဆယ့်ငါးရက်၊ ရက်နှစ်ဆယ်နေတော့ ကိုအေးသွင် အရက်ဒဏ် တဖြည်းဖြည်းငြိမ်လာသည်။ အရက်နာဒုက္ခမှ လွတ်တော့မည်။ ကလေးများကလည်း နှင်းနှိပ်ပေးကြသည်။ ကိုအေးသွင်ကတော့ အပြုံးတစ်ဝက်နှင့်။ သူ့အပေါ် ကြင်နာကြသောကလေးများကို ပို၍ သံယောဇဉ်တွယ်လာသည်။ ညနေတိုင်း ကလေးများ သူ့အိမ်လာပြီး စာဖတ်ကြ၊ ဆော့ကစားကြသည်ကိုကြည့်ပြီး ကိုအေးသွင် တစ်ခု စဉ်းစားမိသည်။ သူတို့ရွာမှာ စာကြည့်တိုက်လေးရှိလျှင် ဘယ်လောက်ကောင်းလိမ့်မလဲဟူ၍။ တစ်ခါ သူဖတ်ဖူးသည့် "စာကြည့်တိုက်တစ်ခုရှိတာဟာ ထောင်တံခါးတစ်ချပ်ပိတ်တာပဲ"ဟူသော စကားလေးကိုလည်း ဆက်စပ်သတိရလာ၏။ သူနေကောင်းလာလျှင် ရပ်ရွာလူကြီးတွေနှင့် တိုင်ပင်ပြီး စာကြည့်တိုက်လေးဖြစ်အောင် ထူထောင်မည်ဟု စိတ်ကူးထား၏။

တစ်လကျော်လောက် ကြာတော့ ကိုအေးသွင် အရက်ပြတ်၍ ပုံမှန်လူတစ်ယောက်အဖြစ်နှင့် ရေခဲချောင်း ပြန်ရောင်းနိုင်သည်။ ယခင်က အရက်သောက်သည့်ပိုက်ဆံကို စာအုပ်တွေဝယ်ဖို့စုသည်။ သူ့ရွာမှာ စာကြည့်တိုက်ဖြစ်အောင်၊ ကလေးတွေ စာဖတ်အောင် သူကြိုးစားသည်။ ကျန်ရှိနေသော သူ့ဘဝသက်တမ်းကို သိက္ခာရှိရှိနေတော့မည်။ ရပ်ရွာလူကြီးတွေနှင့် စာကြည့်တိုက်ဖြစ်မြောက်ဖို့ တိုင်ပင်သည်။ ကျေးရွာသဘာဝ ရပ်ရွာကောင်းဖို့ဆို အကြောင်းအရင်းကို အတွင်းကျကျ သိပ်မသိကြသော်လည်း ကူညီပြီးသားဖြစ်သည်။ စာကြည့်တိုက်ကိုတော့ ရွာက ဝိုင်းဆောက်မည်။ စာအုပ်တွေဝယ်ဖို့အတွက် ငွေကိုတော့ ကျောင်းထိုင်ဆရာတော်နှင့် ရွာသူကြီး ဦးသာစိန်က မှူး၍တာဝန်ယူသည်။ စာကြည့်တိုက်နေရာကိုတော့ ရွာအလယ်မှာရှိသော ယခင် စပါးသလင်းဟောင်းနေရာ မြေကွက်လပ်ကို ရွေးချယ်ကြသည်။ ရပ်ရွာကာလသားတွေက ရွာအနောက်တောတန်းမှ တိုင်လုံးများ၊ ဝါးများ ခုတ်ယူသယ်ဆောင်ကြမည်ဖြစ်သည်။

အစီအစဉ်ဆွဲပြီးသည်နှင့် တိုင်ခုတ်သူခုတ်၊ ဝါးခုတ်သူခုတ်၊ မြေနေရာရှင်းလင်းသူ ရှင်းလင်းနှင့် စာကြည့်တိုက်ဖြစ်ဖို့ တစ်ရွာလုံးကူညီကြသည်။ အပျော်ဆုံးကတော့ ကိုအေးသွင် တစ်ယောက်ဖြစ်သည်။ ရေခဲချောင်း နေ့တစ်ပိုင်းရောင်းပြီး စာကြည့်တိုက်ဆောက်ရာသို့ ပြန်ပြေးရသည်။ တစ်ရွာလုံးဝိုင်းဆောက်၍ နှစ်ရက်နှင့် စာကြည့်တိုက်လေးဖြစ်မြောက်အောင်မြင်ပြီးစီးသွားသည်။ စာအုပ်တွေကိုတော့ ကျေးရွာတာဝန်ကျကျောင်းအုပ်ဆရာကြီး ဦးတင်ထွဋ်နှင့် ဆရာ ဆရာမများက ကသာမြို့ စာအုပ်ဆိုင်များသို့ တာဝန်ယူသွားဝယ်ပေးသည်။ စာကြည့်တိုက်လေးကို ဝါးထရံကာ၍ ရေနံချေးသုတ်သည်။ ဝယ်ယူလာသော စာအုပ်များကို စာကြည့်စင်မှာ စီစီရီရီထားသည်။

ကိုအေးသွင်တစ်ယောက် နံနက်ပိုင်း ရေခဲချောင်းရောင်းပြီး စာကြည့်တိုက်ဆောက်ရာသို့ အပြေးတစ်ပိုင်းအလာ စာကြည့်တိုက်တံစက်မြိတ်မှာ ချိန်ထားတဲ့ ဆိုင်းဘုတ်တစ်ခုကြောင့် သူ့ရင်အစုံ ဒုန်းဒုန်းခုန်၍ မျက်ရည်များပင် လည်လာသည်။ သူမြင်လိုက်သော ဆိုင်းဘုတ်မှာ "မေတ္တာရောင်ခြည် စာကြည့်တိုက်" "ကသာမြို့နယ် နတ်မှော်ကျေးရွာ" ဟူ၍ဖြစ်သည်။ သူ့ရေခဲပုံးမှာ ရေးထားတဲ့ မေတ္တာရောင်ခြည် ဟူသော နာမည်ကိုလည်း သတိရလာ၏။ ဝမ်းသာလွန်းလို့ ဒီနာမည်ကို ဘယ်သူစိတ်ကူးရ၍ ပေးသလဲ မေးရသည်။ ရွာလူကြီး ဦးသာစိန်က

"ဒီမှာ မောင်အေးသွင် ဒီစာကြည့်တိုက်ကိုဆောက်ဖို့ မင်းပဲ စိတ်ကူးစတင်ခဲ့တာလေ။ အခုတော့ တို့ရွာမှာစာကြည့်တိုက် အောင်မြင်သွားပြီ။ မင်းပြောဖူးသလိုပဲ ထောင်တံခါးတစ်ချပ်ကို မင်းက ပိတ်ပေးလိုက်တာပဲ။ ကလေးတွေ စာဖတ်ဖို့တော့ မင်းက ပိုတိုက်တွန်းရမယ်။ စာကြည့်တိုက်မှူးကိုတော့ ကျောင်းဆရာလေး မောင်ကျော်ညွှန့်ကို ယာယီခန့်ထားတယ်။ ရွာက ဆယ်တန်းအောင်ပြီးသား ကလေးတွေလည်း ကူလိမ့်မယ်။ စာကြည့်တိုက်အမည်ကိုတော့ ငါလည်း အစက မတွေးမိဘူး။ ဒီက ကျောင်းအုပ်ဆရာကြီးက အသိပေးမှ စာကြည့်တိုက်အမည်ကို ဘယ်လိုပေးကြမလဲ စဉ်းစားမိတယ်။ ဒါနဲ့ တိုင်ပင်ကြတော့ ဒီစာကြည့်တိုက်ဖြစ်မြောက်ဖို့ ကိုအေးသွင်ကစခဲ့တာမို့ သူ့ကိုလည်း ဂုဏ်ပြုရာရောက် နာမည်လည်း လှတဲ့ သူ့ရေခဲပုံးက မေတ္တာရောင်ခြည်ဆိုတဲ့ နာမည်ကို ပေးလိုက်ပါလားတဲ့။ ဆေးမှူးဆရာလေး ကိုငြိမ်းမောင်က အကြံပေးတယ်။ အားလုံးကလည်း လက်ခံတယ်။ ဒါနဲ့ တို့ ဒီနံနက်ပဲ မင်းရောက်လာရင်အံ့သြသွားအောင် အမြန်စီစဉ်ကြတာဟေ့" ဟု အားရပါးရပြောပြရှာ၏။ ကိုအေးသွင် ပျော်လိုက်သည့်ဖြစ်ခြင်း။

ဆယ်ရက်ခန့်ကြာသောအခါ နတ်မှော်ရွာတစ်ရွာလုံးပျော်ရွှင်နေကြ၏။ ကလေးများအားလုံးလည်း အဝတ်အစားအသစ်တွေနှင့် ပြုံးလို့ရွှင်လို့။ လော်စပီကာမှ ထွက်လာသော ရွာသူကြီး ဦးသာစိန်၏ အဖွင့်အမှာစကားပြောသံမှာ ဝမ်းသာမှုများရောလျက်။ ကျောင်းအုပ်ဆရာကြီးမှာလည်းထိုနည်းတူ။ ထိုနေ့ကား နတ်မှော်ရွာ၏ စာကြည့်တိုက်ဖွင့်ပွဲနေ့ဖြစ်သည်။ ရှေ့က အမှာစကားပြောသူတွေကို ကြည့်ရင်း ကိုအေးသွင် တွေတွေကြီးငေးကြည့်နေသည်။ မျက်ဝန်းမှာတော့ မျက်ရည်တွေဝေ့လျက်။

"ခုတစ်ဖန် အမှာစကားပြောဖို့ အလှည့်ကျသူကတော့ မေတ္တာရောင်ခြည်စာကြည့်တိုက်ဖြစ်ဖို့ ဦးဆောင်စတင်ခဲ့တဲ့ မေတ္တာရောင်ခြည်စေတနာရှင် ကိုအေးသွင် ဖြစ်ပါတယ်ရှင့်..။ ကိုအေးသွင်ရှင် အမှာစကားပြောဖို့ ရှေ့သို့ကြွပေးပါ.."

အခမ်းအနားမှူး ဆရာမလေး ဒေါ်နှင်းမေ၏ ဖိတ်ခေါ်သံကြားမှ ကိုအေးသွင်သည် တွေတွေကြီးကြည့်နေရာမှ အသိပြန်ဝင်လာ၏။

"သား ဟဲ့ အေးသွင် သွားပြောလေ"ဟု သူ့အမေ ဒေါ်ကြည်သန်း လက်တို့ပြောမှ နေရာမှထရပ်ကာ ရှေ့သို့လျှောက်သွား၏။ အားလုံးရဲ့ လက်ခုပ်သံများက ညံစီသွားသည်။ ကိုအေးသွင် စိတ်ထဲ ငိုချင်သလိုလိုဖြစ်လာသည်။ သူ့ရည်မှန်းချက်အောင်မြင်ခဲ့ပြီ။ ရင်ကလည်းခုန်နေ၏။

စကားပြောစင်ရှေ့ ရောက်သည်နှင့် "အားလုံးပဲ.. မင်္ဂလာပါ.. တစ်ချိန်က ကျွန်တော်ဟာ အရက်သမားပါ.. ကျွန်တော်.. ကျွန်တော်....." ကိုအေးသွင် စကားရပ်နေ၏။ ပရိသတ်အားလုံးလည်း ငြိမ်ကျနေသည်။ ကိုအေးသွင်ကို ကြည့်နေကြ၏။ နှစ်မိနစ်လောက်နေမှ ကိုအေးသွင် စကားပြန်ထွက်လာသည်။

"ကျွန်တော် အရက်သမားဘဝက လွတ်အောင် ကူညီပေးခဲ့တာဟာ ဟောဒီရှေ့မှာ ထိုင်နေကြတဲ့ ကလေးတွေပါပဲ။ သူတို့လေးတွေရဲ့အပြစ်ကင်းစင်တဲ့အပြုံးတွေ၊ ရယ်သံတွေကြောင့် ကျွန်တော် အရက်ဖြတ်ဖို့ အားတွေရှိလာတာပါ။ အရက်သမားဘဝနဲ့ ကလေးတွေကို ဆုံးမခဲ့ဖူးပါတယ်။ ဒါပေမယ့် အရက်သမားစကားဟာ ဘယ်လောက်မှန်မှန် လူကြီးမပြောနဲ့ ကလေးတွေတောင် အလေးမထားဘူးဆိုတာ ကိုယ်တွေ့သိခဲ့ရပါတယ်။ ကျွန်တော် ခုကလေးတွေကို ဆုံးမစကားလေးပြောချင်ပါတယ်"ဟု ဆိုကာ ကိုအေးသွင် ကလေးများကို ဝေ့ကြည့်လိုက်သည်။ ပြီးမှ

"သားတို့ သမီးတို့ရေ ဦးအေးသွင် အရက်စွဲတုန်းက ကိုယ့်ခန္ဓာထဲမှာ အရက်ရှိနေမှ ကိုယ့်ခန္ဓာဟာ အင်္ဂါပြည့်စုံသလိုပဲ။ အရက်ဖြတ်လိုက်တော့ ကိုယ့်ခန္ဓာက ခြေလက်အင်္ဂါတစ်ခု ဖြုတ်လိုက်သလိုပဲ ခံစားရတယ် သိပ်ကိုခံစားရကျပ်တယ်။

ပြီးမှ တဖြည်းဖြည်း ပုံမှန်ဖြစ်လာတယ်။ အဲဒီလိုပဲ သားတို့ သမီးတို့လည်း မကောင်းတဲ့အကျင့်တွေ၊ မကောင်းတဲ့စရိုက်တွေကို ငယ်ငယ်ကတည်းကမစွဲဖို့ အသိမှန်လမ်းမှန်ဖြစ်အောင် စာပေတွေကို ဖတ်ရှုလေ့လာကြပါ။ အသိပညာတိုးပွားအောင်လုပ်ကြပါ။ မကောင်းတဲ့အကျင့်တွေကို ဝါသနာအဖြစ်မဖန်တီးပါနဲ့။ ပြီးတော့ ကိုယ့်တိုင်းပြည်အတွက် အားကိုးရတဲ့ လူငယ်လူကောင်းတွေဖြစ်ဖို့ ပညာတတ်ကြီးတွေဖြစ်အောင် ကြိုးစားကြပါလို့ ဦးအေးသွင် ပြောချင်တယ်ကွယ်"ဟူသော ကိုအေးသွင်၏ရင်ထဲက လှိုက်ဖိုလာသော စကားနှင့်အတူ လက်ခုပ်သြဘာသံများ ထွက်ပေါ်လာ၏။ ထိုသြဘာလက်ခုပ်သံများသည် နတ်မှော်ရွာ၏ အနာဂတ်ကောင်းဖို့ အားပေးမှုထောက်တိုင်များဖြစ်သည်ဟု ကိုအေးသွင်နှလုံးသားထဲမှာ ယူဆလျက်.....။ ။

## မိုးရာသီနှင့်လယ်တောအလှ

မှိုင်းပျအုံ့ဆိုင်း ထက်ကောင်းကင်
ရေဖွေးလယ်ကွင်းပြင်။
စိုက်ပျိုးပင်တွေ စိမ်းစိုမြ
မိုးရာသီအလှ။
တိမ်စိုင်ကြားက လျှပ်ပန်းနွယ်
ဝင်းပအသွယ်သွယ်။
ဝမ်းရေးတွက်ကွယ် လယ်ခွင်ဆင်း
ကြိုးစားရုန်းကန်ရင်း။
ထွန်ရေးကိုခင်း ရွှံ့နွံမှာ
စပါးပျိုးထောင်ကာ။
ဟင်းရွက်စုံစွာ ဝေဆာဖူး
ဖား၊ ကြွက်တွေပျော်မြူး။
ပြုံးရွှင်ကြည်နူး မမောပန်းပေ
စနောက်ပြောင်လို့နေ။
မိုးစို့ရွှဲစေ လုပ်ကိုင်စား
တောသူတောင်သားများ။ ။

လှိုင်းမိုး(ခင်ဦး)

## အားတင်းလို့သာ ကျော်ဖြတ်ပါ

တို့ပြည်တစ်ဝန်း ထိတ်လန့်စရာ
ထပ်ပွားကိုရိုနာ။
စိုးရိမ်ကာပင် ဖိအားများ
အားလုံးသတိထား။
ရပ်ဆိုင်းထားရ စီးပွားတွေ
ရောဂါကင်းဖို့လေ။
သွေးမကွဲစေ သည်းခံလျက်
ရိုင်းပင်းလက်ချင်းဆက်။
စိတ်မပျက်နဲ့ နားမယောင်
စည်းကမ်းကိုသာဆောင်။
ပြန်လည်ထူထောင် လုပ်ငန်းတို့
ဝိုင်းဝန်းဆောင်ရွက်စို့။
ရည်မြော်တွေးလို့ ဖေးမကူ
ကြိုးစားကြညီတူ။
တွေးမပူနဲ့ ရောဂါကင်း
စိတ်ဓာတ်အားကိုတင်း။

မိုးဝသန်(ပညာရေး)

ဆောင်းပါး

# စာဖတ်ခြင်းအနုပညာ

■ ရွှေရောင်ထွဏ်း(ကန့်ဘလူ)

လူတစ်ဦးနှင့်တစ်ဦးသည် မတူညီသော ဝါသနာများရှိသလို တူညီသောဝါသနာများလည်းရှိကြပေသည်။ ဝါသနာဟူသည် ကိုယ့်အကြိုက်တည်းသာ မှတ်ယူ၍ မရပေ။ ဝါသနာဟူသည်က မလုပ်ရင်မနေနိုင်သည့် အဖြစ်မျိုးဟု ကျွန်ုပ်ယူဆမိပါ၏။ ဝါသနာများသည် စာပေဖတ်ခြင်း၊ စာရေးသားခြင်း၊ အားကစားလုပ်ခြင်းနှင့် ကခုန် သီဆို တီးမှုတ်ခြင်း စသည်တို့ရှိကြပါသည်။ အချို့သောသူများမှာ စာပေဖတ်ခြင်းကို ဝါသနာပါကြပြီး အချို့သောသူများမှာ စာပေဖတ်ခြင်းကို ဝါသနာမပါကြပေ။ အချို့သောသူများမှာ အားကစားများကို ဝါသနာပါကြပြီး အချို့သောသူများမှာ အားကစားကို ဝါသနာမပါကြပေ။ အစုံစုံသောလူတို့သည် အစုံစုံသော ဝါသနာတို့ ကိုယ်စီကိုယ်စီရှိနေကြသည်မှာ မလွဲကေန်ပေ။ ဝါသနာပါခြင်းဆိုသည်က ကိုယ်ဝါသနာပါတဲ့အရာကို အသုံးချတတ်လျှင် အသုံးချတတ်သလောက် အကျိုးရှိပါ၏။ အသုံးမချတတ်ပါက ဆုံးရှုံးပျက်စီးမှုများ ကြုံရတတ်သည်ကိုလည်း သတိပြုစရာကောင်းပါ၏။

စာရေးသူသည် အသက်တစ်ဆယ့်ငါးနှစ်အရွယ်လောက်မှာ စာပေဖတ်ခြင်းကို ဝါသနာပါခဲ့ပေသည်။ အချိန်အားလျှင် အားသလောက် စာပေကိုဖတ်ဖြစ်ခဲ့သည်။ အဲဒီအချိန် အဲဒီအရွယ်လောက်မှာ လုံးချင်းဝတ္ထုစာအုပ်တွေကို အများဆုံးဖတ်ခဲ့ပြီး အချစ်ဟာသ ဝတ္ထုစာအုပ်တွေ အလွန်အကျွံ ဖတ်ခဲ့ဖူးပါ၏။ အခြားဘာသာရေးဆိုင်ရာ စာအုပ်များကို တစ်ခါတစ်ရံသာ ဖတ်ခဲ့ဖူးပြီး အချစ်ဟာသ လုံးချင်းဝတ္ထုစာအုပ်များသာ အများဆုံးဖတ်ခဲ့သည်။ အချစ်ဟာသလုံးချင်းဝတ္ထုစာအုပ်တွေ ဖတ်ခြင်းက စိတ်ရဲ့မွန်းကျပ်မှုတွေကို ခဏတာဖယ်ရှားပေးသည်ဖြစ်၍ ဖတ်ရတာစိတ်ကျေနပ်မှုရှိခဲ့ပါသည်။ တစ်ခါတစ်ရံ စာအုပ်ဖတ်နေစဉ်အတွင်း ရယ်စရာဟာသများပါခဲ့လျှင် တစ်ယောက်တည်း ရယ်နေရသည်။ တစ်ခါတစ်လေ စာပေဖတ်ခြင်းကို အာရုံနစ်သွားပါက သတိလွတ်ပြီး အသံကျယ်ကြီး ရယ်မိတာလည်းရှိ၏။ စာရေးသူသည် အားလပ်ရက်တွေမှာ ဟာသလုံးချင်းဝတ္ထုတွေသာ ဖတ်ပြီး နေ့ရက်များနှင့် အချိန်တွေကိုကုန်ဆုံးစေခဲ့သည်။ လုံးချင်းဝတ္ထု၏ ဆွဲဆောင်မှုအားကောင်းရင် အားကောင်းသလို အလုပ်ပျက်အကိုင်ပျက်နှင့် အအိပ်ပျက်အစားပျက် ဖတ်ခဲ့ဖူးသည်။ စာအုပ်ထဲတွင် ရယ်စရာဟာသများပါလာလျှင် ရယ်ခဲ့ရပြီး ဝမ်းနည်းစရာများပါခဲ့လျှင်လည်း စိတ်ချမ်းမြေ့မှုမရှိခဲ့ပေ။ တစ်ခါတလေ ဇာတ်လိုက်ဇာတ်ကောင်ဘက်ကနေ လိုက်ခံစားပေးမှုမျိုးတွေလည်း ဖြစ်ခဲ့ဖူးသေးသည်။ အချစ်ဝတ္ထုစာအုပ်ဖတ်ပြီး မင်းသားနှင့်မင်းသမီး မပေါင်းရလျှင်လည်း စိတ်ထဲတွင်မကျေနပ်ခဲ့ဖူးပါ။ သည်အချက်တွေကလွဲ၍ စာပေဖတ်ပြီး စာပေ၏အနှစ်သာရကို ဘာတစ်ခုမျှ မယ်မယ်ရရမရရှိခဲ့သလို စာပေ၏အနှစ်သာရကိုလည်း ဘာတစ်ခုမျှယူတတ်မှု မရှိခဲ့ပေ။ စာရေးသူသည် စာဖတ်သောပုံစံ နည်းစနစ် မမှန်ကန်ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်မြင်မိလာသည်။ စာဖတ်ခြင်းဖြင့် အချိန်တွေသာ ကုန်လွန်သွားပြီး ကိုယ့်အတွက်အကျိုးမရှိခဲ့ပေ။ သို့အတွက်ကြောင့် စာဖတ်ခြင်းကို အရင်ကပုံစံကဲ့သို့ မဟုတ်ဘဲ ပုံစံသစ်နှင့်စာဖတ်ဖို့ ဆုံးဖြတ်ခဲ့သည်။ ရသစာအုပ်ဘက်သို့ ကူးပြောင်းပြီး စာပေများလေ့လာဆည်းပူးလိုက်သည်။ စာရေးသူစာဖတ်ခြင်းဆိုသည်မှာ အချိန်ပြည့် စာကိုဖတ်နေခြင်းမဟုတ်။ စာအုပ်နှင့်မျက်နှာ အချိန်ပြည့်ကပ်နေခြင်းလည်း မဟုတ်ပါ။ တစ်ရက်ကို တစ်နာရီခွဲနှစ်ကြိမ်သာ စာပေဖတ်ဖြစ်ပါ၏။ ဒါနေ့စဉ်ပုံမှန်လုပ်သောအလုပ် ဖြစ်သည်။ စာဖတ်ချိန်ကို ကိုယ်အားတဲ့အခါမျိုးမှာ အချိန်သတ်မှတ်ပြီးဖတ်ပါ၏။ ကိုယ်သတ်မှတ်ထားတဲ့စာဖတ်နေချိန်မှာ စိတ်ကိုနှစ်ပြီး စာဖတ်သည်။ ဟိုတစ်ချိန်ကလို စာအုပ်တစ်အုပ်ကို ပြီးစလွယ် စာဖတ်ခြင်းမျိုးမဟုတ်တော့ပေ။ စာဖတ်နေချိန်တွင် မှတ်စုစာအုပ်နှင့်ဘောလ်ပင်ကို အရန်သင့် ဘေးနားတွင်ချထားပြီး ဖတ်လက်စ ရသစာအုပ်ထဲတွင် မှတ်သားစရာ အချက်အလက်များ တွေ့ရှိခဲ့လျှင် ချက်ချင်းကောက်ရေးသားလေ့ရှိသည်။ မှတ်စုစာအုပ်ထဲ၌ ရေးမှတ်သားချိန်မှာ ရက်စွဲ၊ စာရေးဆရာအမည်၊ စာအုပ်နာမည်များအပါအဝင် ချမှတ်ရေးသားသည်။ မှတ်သားထားသော အချက်အလက်များကို အချိန်အားသည့်အခါမျိုးတွင် ကွန်ပျူတာစာစီပြီး မှတ်တမ်းစာရွက်များ ထုတ်ထားတတ်သည်။ ထုတ်ထားပြီးသော မှတ်တမ်းစာရွက်များ များပြားလာပါက သီးသန့်ကိုယ်ပိုင်စာအုပ်လေး ချုပ်ထားလိုက်သည်။ ကိုယ်လိုအပ်တဲ့အခါ အလွယ်တကူ အသုံးချဖို့အတွက် အဆင်ပြေပါ၏။

ရသစာပေဖတ်ခြင်းသည် ဘဝအတွက် ခွန်အားတစ်ရပ်ဖြစ်စေပါ၏။ စိတ်ဓာတ်ရေးရာ အားနည်းမှုများကို အထူးမြှင့်တင်ပေးပြီး ဆေးကောင်းတစ်ခွက်ကို ဖော်စပ်ပေးသော သမားကောင်းတစ်ဦးသဖွယ်လို့ ဆိုရပေမည်။ လူကြီးသူမများနှင့် အသိုင်းအဝိုင်းများကြား စကားပြောဆိုသည့် အချိန်မျိုးတွင် အပြောအဆိုများကို လိမ္မာပါးနပ်စွာ ပြောဆိုတတ်ခြင်းကို အထောက်အကူပေးသည့်အပြင် အမှားအမှန်ကို မသဲကွဲသည့် အခါမျိုး ကြုံတွေ့လာပါက အမှားလား အမှန်လားဟု ပိုင်းခြားဆုံးဖြတ်နိုင်သည့် အသိပညာကို ပေးစွမ်းနိုင်သည်မှာ ရသစာအုပ်အမျိုးစုများကသာ ပေးစွမ်းနိုင်သည်ဟု စာရေးသူလက်ခံထားပါ၏။ အခြားဝတ္ထုစာအုပ်များမှာလည်း သူ့နေရာနှင့်သူ ဘဝအတွက်ခွန်အားဖြစ်စေမည့် နည်းလမ်းများနှင့် ဘဝအတွက် သင်ခန်းစာရစေမည့် အတွေ့အကြုံများကိုလည်း ထည့်သွင်းဖော်ပြထားကြပါ၏။ ကိုယ်ယူတတ်လျှင် ယူတတ်သလောက် ကောင်းကျိုးများစွာရှိကြပါသည်။ အရင်က ကိုယ်မယူတတ်လို့ မရခဲ့ဟုပြောရပါမည်။ စာပေဖတ်ပြီး စာပေ၏အနှစ်သာရကို မယူတတ်ခဲ့သည့် ကိုယ့်ကိုယ်ကိုယ်သာ အပြစ်ဆိုရပေမည်။ စာပေကို စနစ်တကျဖတ်ပြီး စာပေထဲကနည်းလမ်းကောင်းတွေကို လိုက်နာတတ်မည်ဆိုပါက ဘဝအတွက် အထောက်အကူဖြစ်စေသည်။ စာပေဖတ်ခြင်းကို နည်းစနစ်ကျကျ ဖတ်ပေးခြင်းသည် ကိုယ့်ဘဝတစ်လျှောက်လုံးအတွက် ကောင်းကျိုးများပေးစွမ်းသော ကျေးဇူးများစွာရှိသော ဘဏ္ဍာတိုက်ကြီးတစ်ခုဖြစ်သည်ဟု စာရေးသူ လုံးဝယုံကြည်နေမိတော့သည်။ ။

## တို့ကျေးရွာဝါဆိုဦး

✻ ချိန်မှန်မပျက်
ဆွမ်းချက်ထရန်၊ နှိုးဆော်သံနှင့်
ရွာဓမ္မာရုံလမ်း၊ ရောင်နီသန်းချိန်
ကြွမြန်းမကြာ၊ မြတ်သံဃာသို့
ညီညာစုပေါင်း ဆွမ်းလှူလောင်း
လှူပြောစည်သံ ငြိမ့်ငြိမ့်ညောင်း။

✻ တောရိပ်မှာပျော်
ပျိုဖော်တစ်သင်း၊ ရွာသားချင်းတို့
စိတ်ရင်းကဖြူ၊ ဖေးမကူလျက်
အတူတကွ၊ ပန်းခူးကြ
ပြုံးမျက်နှာများ ကြည့်လို့လှ။

✻ ရွှင်ရွှင်မြူးမြူး
ဦးဦးရွှေရိုး၊ ဒေါ်ဒေါ်မိုးတို့
ရွှေဒိုးနှင့်က၊ ကြည့်မဝနိုင်
ဆုချအားပေး၊ လက်ခုပ်တေးနှင့်
ချစ်မွေးပုံဖော်၊ သည်ချိန်နော်
တို့ရွာသားတို့ကခုန်ပျော်။

✻ နေညိုရိပ်စောင်း
ရွာကျောင်းပရိဝုဏ်၊ စေတီစုံလျက်
တူဆုံလှူဒါန်း၊ ဝါဆိုပန်းနှင့်
ရေချမ်းဖယောင်းတိုင်၊ တံခွန်တိုင်နှင့်
မွှေးတိုင်ဆီမီး ထိန်ထိန်ညီး
လရောင်ဝင်းဝင်း ပေါင်းဖွဲ့စည်း။

✻ ဓမ္မစကြာ
ညီညာဖြဖြ၊ ရွတ်ဆိုကြ၍
ဗုဒ္ဓတရား၊ အဦးဖျားတည့်
မှတ်သားကြည်ညို သဒ္ဓါလို
ဝတ်သင်းသူတို့ မျှကုသိုလ်။


✻ သြော်.. အလှူဒါန
ပြုကြသူငါ၊ တို့ကျေးရွာဝယ်
ဝါဆိုသင်္ကန်း၊ ကပ်လှူဒါန်းချိန်
ရည်မှန်းအမှန်၊ မြတ်နိဗ္ဗာန်တည့်
ထက်သန်ကောင်းမှု၊ အစုစုလျှင်
သာဓုခေါ်စေ၊ အမျှဝေ
မေတ္တာလွှမ်းခြုံ ဤရပ်မြေ။ ။

ဖိုလေးလုံးသောင်းကိုကို

ဝတ္ထုတို

လင်းလက်ကြယ်(လက်ပံလှ)

# အစွန်းနှစ်ဖက်ကြားကလူ



(၁)

သားငယ်နဲ့ ဖုန်းပြောပြီးတော့ ကျွန်မ စိတ်ထဲမှာ မပျော်နိုင်ခဲ့ဘူး။ သားသမီးလေးယောက်ရှိတဲ့အထဲမှာ သားငယ်တစ်ယောက်ပဲ မိသားစုနဲ့ခွဲပြီး အဝေးမှာ အလုပ်သွားလုပ်တာ။ ကျန်တဲ့သားသမီးတွေက ကျွန်မနဲ့အတူတူ ဘဝကို ရုန်းကန်နေကြတာ။

သားအမိလေးယောက် မနက်စာ အတူစားနေတုန်း သားသမီးတွေကို ကျွန်မ အကဲခတ်နေလိုက်တယ်။ သားငယ်ပြဿနာကို သုံးယောက်စလုံးကို တစ်ပြိုင်တည်း ပြောသင့်မပြောသင့် စဉ်းစားနေမိတယ်။ အိမ်မှာ ကျွန်မက အမေဆိုပေမယ့် အိမ်ရဲ့တာဝန်တွေကို ဦးဆောင်တာဝန်ယူနေတာက သားကြီးဖြစ်တယ်။ သားကြီးက အခရာကျနေတာ။ သားကြီးနဲ့ အဆင်ပြေရင် သားလတ်တို့မောင်နှမနှစ်ယောက်နဲ့လည်း အဆင်ပြေသလောက်ဖြစ်တယ်။ သူတို့နှစ်ယောက်က သားကြီးစကားကို နားထောင်ကြတယ်။ ဒီကိစ္စကို ကျွန်မ အနေနဲ့ အမေဆိုတဲ့ပါဝါကို သိပ်မသုံးချင်ဘူး။ တကယ်တမ်း အသက်အရွယ်အရ တွေးမယ်ဆိုရင် ကျွန်မက အရင်သေလူ ဖြစ်နေပြီ။ နောင်တစ်ချိန် ကျွန်မ မရှိတော့တဲ့အခါ ကျွန်မသားသမီးတွေကို ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးလေးနဲ့ ဖြစ်စေချင်တာ။ အဲဒါကြောင့် သူတို့တစ်တွေနဲ့ ညှိညှိနှိုင်းနှိုင်းလေးလုပ်ဖို့ ဆုံးဖြတ်ထားတာ။

"အမေ ...ထမင်း မစားဘဲနဲ့ ဘာတွေ တွေးနေတာလဲ။ နေမကောင်းလို့လား"

သားကြီးက ထမင်းစားနေရင်း ကျွန်မ ပုံစံကိုကြည့်ပြီး မေးလိုက်တယ်။ သားကြီး အမေးကြောင့် ကျွန်မလည်း သတိဝင်လာပြီး–

"ဘာမှမဖြစ်ပါဘူး သားကြီးရယ်"

အလေသုံးဆယ်နဲ့ သားကြီးကို ဖြေလိုက်တယ်။ ကျန်တဲ့နှစ်ယောက်ကလည်း ကျွန်မကို ကြည့်နေတာ။ သားသမီးသုံးယောက်ရဲ့ အကြည့်တွေအောက်မှာ လိပ်ပြာမလုံသလို ဖြစ်သွားတယ်။ အဲဒီနောက် ခေါင်းငုံ့ကာ ထမင်းစားနေလိုက်တယ်။

( ၂ )

"ဟဲလို...အမေ...ကြားလား...သူတို့ဘက်က သားကို ငါးရက် အချိန်ပေးမယ်တဲ့။ အဲဒီအချိန် ငါးရက်ပြည့်လို့မှ အဖြေမပေးရင် သားကို ရဲစခန်းတိုင်မှာတဲ့"

ဖုန်းထဲက ကြားနေရတဲ့ သားငယ်ရဲ့ စကားတွေဟာ ကျွန်မအတွက်တော့ အသည်းနှလုံးကို ဓားနဲ့မွှန်းနေသလို ခံစားနေရတယ်။ ဒုက္ခရောက်နေတဲ့ သားက အမေဖြစ်သူကို ကယ်ခိုင်းနေတာ။ အမေဖြစ်သူကလည်း ကြောင်အိုဖြစ်နေတဲ့အချိန်။ သားငယ်ဟာ မိဘအပေါ် ဘယ်လောက်ဥပေက္ခာပြုပြီး မသိတတ်ခဲ့ပေမယ့် ကျွန်မအနေနဲ့ အမေဖြစ်နေတော့ ဥပေက္ခာမပြုနိုင်ခဲ့ဘူး။

"အမေက အမေ့ကိုလုပ်ကျွေးနေတဲ့ သားသမီးတွေကျ မကြည့်ဘူး။ လုပ်မကျွေးတဲ့သားကျ ပြန်ကြည့်နေတယ်"

သားငယ်အကြောင်း ပြောပြတော့ သားကြီးက ကျွန်မကို အပြစ်မြင်ပြောခြင်း ဖြစ်တယ်။ ဒါပေမယ့် သားကြီးကို အပြစ်မမြင်ရက်ဘူး။ စိတ်လည်းမဆိုးမိဘူး။ သားကြီး နားလည်နိုင်အောင် ပြောပြနိုင်ဖို့က ကျွန်မရဲ့တာဝန်။

"အမေ့ကို အဲဒီလို အထင်မလွဲပါနဲ့ သားကြီးရယ်။ အမေ့အတွက်တော့ ကိုယ့်ကိုလုပ်ကျွေးနေတဲ့ သားသမီးရော၊ လုပ်မကျွေးတဲ့ သားသမီးရော အတူတူချစ်တာပါ။ အားလုံးဟာ အမေ့ရင်သွေးတွေဖြစ်နေလို့လေ။ အမေ့ရင်ထဲမှာ ဘယ်သားသမီးမှ သာစေ၊ နာစေဆိုတဲ့စိတ် မရှိပါဘူး။ အခုဟာကလည်း အမေ့ရင်သွေးတစ်ယောက်ဖြစ်တဲ့ မင်းတို့ညီလေး ဒုက္ခရောက်နေတော့ အမေတစ်ယောက်အနေနဲ့ ထိုင်ကြည့်မနေနိုင်လို့ပါ သားရယ်..."

"အမေ့သားက သွားချင်တဲ့ဆီသွား၊ နေချင်တဲ့ဆီနေ၊ လုပ်ချင်တာတွေလုပ်ပြီး ဒုက္ခရောက်မှမိဘကိုတမ်းတနေတာလား။ သူ့ပြဿနာကို သူ့ဘာသာရှင်းပါစေ။ သားတို့ကတော့ ကိုယ့်ချွေးနဲ့စာကို သူ့အတွက် အကုန်မခံနိုင်ဘူး။ အလကားကောင် ...မိဘအတွက်လည်း အသုံးမကျ၊ ညီအစ်ကို မောင်နှမတွေအတွက်လည်း ထောက်ပံ့မှုမရတဲ့ အကောင်"

"အဲဒီလိုပြောပြီး ဥပေက္ခာမပြုလိုက်ပါနဲ့သားကြီးရယ်။ အမေတို့မိသားစုမှာ အမေပြီးရင် သားကြီးက အကြီးဆုံးပါ။ မင်းညီလေးဒုက္ခရောက်မှာကို မင်းကြည့်ရက်လား"

"အဲဒါတော့ သူ့လုပ်ရပ်ကြောင့် သူ့အကျိုးပေးတာပဲ" ငိုနေရင်း သားကြီးကိုပြောပြနေပေမယ့် သားကြီးက အခုချိန်ထိ လက်မခံနိုင်ဖြစ်နေတယ်။ကျွန်မလည်း သားကြီးကို ဘာမှမပြောတော့ဘဲ ထိုင်ငိုနေလိုက်တယ်။

"အမေ့သားကို အမေကယ်ချင်တယ်ဆိုရင် သားတို့ရှာထားတဲ့ ပိုက်ဆံတွေတော့ အထိမခံနိုင်ဘူး။ ကျန်တာ အမေဘာသာ ဘာလုပ်လုပ်။ နေစရာမရှိတော့လည်း တောထဲမှာနေရုံပေါ့"

သားကြီးက ပြောပြောဆိုဆိုနဲ့ ကျွန်မအနားက ထွက်သွားလိုက်တယ်။ ကျွန်မအတွက်တော့ ငိုနေရုံပဲရှိတယ်။ သားကြီးက ကျွန်မအပေါ် အထင်လွဲသွားပြီဆိုတာ ကျွန်မသိလိုက်တယ်။ သူတို့ထက် သားငယ်အပေါ် ကျွန်မကပိုတယ်လို့ ထင်သွားတာပဲ။ ဒါတွေကလည်း သားသမီးနဲ့ မိဘတိုင်းရဲ့ မေတ္တာလောဘတိုက်ပွဲမှာ ဖြစ်တတ်တဲ့ သဘောဆိုတာ ကျွန်မနားလည်မိတယ်။ သားကြီးကိုလည်း အပြစ်မဆိုနိုင်ဘူး။

( ၃ )

သားငယ်က ဖုန်းထဲကနေ လှမ်းမေးနေတော့ ဘာဖြေလို့ဖြေရမှန်း မသိဘူး။ သားငယ် ဘယ်လောက်ကြောက်နေမလဲဆိုတာ ကျွန်မနားလည်တယ်။ သူဖြစ်ခဲ့တဲ့ ပြဿနာက ကံမကောင်းရင် လူသတ်မှုနဲ့ပါ တရားအစွဲခံရမှာ။ ဖြစ်ပြီးမှတော့ သားငယ်ကို အရမ်းမိုက်တယ်လို့ မပြောရက်နိုင်ဘူး။

"အမေ...သားပြောတာကြားလား...ဟဲလို...အမေ......"

တစ်ဖက်က သားငယ်ရဲ့ ခေါ်သံကြားမှ ကျွန်မ သတိဝင်လာမိတယ်။

"ဟဲလို...အမေ...ဘာတွေဖြစ်နေတာလဲ။ သားပြောတာကြားလား...။ အစ်ကိုတို့၊ အစ်မတို့က ဘာတဲ့လဲ..."

"အေး ...အေး ... ကြားတယ် သားငယ်... အမေ သားကြီးကိုတော့ ပြောထားတယ်။ သားကြီးက ဘာမှမပြောသေးဘူး"

"အမေကလဲဗျာ...အမေက အမေတစ်ယောက်ဖြစ်ပြီး မဆုံးဖြတ်နိုင်ဘူးလား...သားကောင်မလေးက အခု ဆေးရုံမှာ။ သူ့မိဘတွေက သားကို အမေတို့ခေါ်ပြီး လာတွေ့လှည့်တဲ့။ သူတို့ထင်နေတာက သားက သူ့သမီးကို အပျော်ကြံလို့ ဒီလိုလုပ်တာလို့ ထင်နေတာ။ မြန်မြန်လုပ်ပါ အမေရာ...။ ဘာလဲ...အမေက အမေ့သားသမီးတွေဖြစ်တာမဟုတ်လို့ အေးအေးဆေးဆေး နေနေတာလား"

"အဲဒီလိုမဟုတ်ပါဘူး သားငယ်ရယ်...။ အမေ စီစဉ်နေပါတယ်"

အားကိုးရာမဲ့နေတဲ့ သားငယ်ရဲ့စကားသံတွေကို ကြားရတာ အရမ်းသနားနေမိတယ်။သားငယ်ကလည်း ကျွန်မအပေါ်ကို အမြင်လွဲနေတာ။ ကျွန်မက သူ့အတွက် ဘာမှမလုပ်ပေးဘူးလို့ ထင်နေတာ။ တကယ်တော့ ကျွန်မရဲ့အနေအထားကို သူတို့လေးတွေ နားမလည်နိုင်ကြသေးတာ။ ဘာပဲဖြစ်ဖြစ် သူတို့လေးတွေကို အပြစ်မမြင်နိုင်ခဲ့ဘူး။ ကျွန်မရဲ့ အနေအထားက သူတို့ထင်ရင်လည်း ထင်လောက်စရာ။ ကျွန်မရဲ့ ရင်သွေးအငယ်ဆုံးလေး ဒုက္ခရောက်နေတာကို ပိုင်ပိုင်စိုးစိုး မဆောင်ရွက်နိုင်သူ ဖြစ်နေတာ။

အခုလို ပြဿနာတွေ ဖြစ်လာတာလည်း အမေဖြစ်တဲ့ ကျွန်မရဲ့ အပြစ်လည်း မကင်းနိုင်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သားငယ်ကို ကျွန်မနဲ့အဝေးမှာ ပစ်ထားခဲ့မိတာ။ အခုတော့ သားငယ်က ထိန်းကွပ်မှုမဲ့တဲ့ဘဝမှာ သူ့ကောင်မလေးနဲ့ လူငယ်သဘာဝချစ်ကြိုက်လို့ လွန်ကျူးခဲ့ကြတယ်။ နောက်တော့ မဖုံးနိုင် မဖိနိုင်တော့ သူတို့အတွေးနဲ့ လျှောက်လုပ်ခဲ့ကြတယ်။ စဉ်းစားဆင်ခြင်မှုမရှိ၊ ရူးရူးမိုက်မိုက် လုပ်ခဲ့ကြတယ်။ အခုကောင်မလေးက ဆေးရုံရောက်နေပြီ။ ကောင်မလေးမိဘတွေကလည်း သမီးဇောနဲ့ သားငယ်ကို အပြစ်တင် ပြောဆိုနေကြတာ။ ခုတော့ အပ်နဲ့ထွင်းရမယ့်အရာကို ပုဆိန်နဲ့ ပေါက်နေရပြီ။

"ဟဲလို...အမေ...ကြားလား..."

ကျွန်မဆီက စကားပြောသံမကြားတော့ သားငယ်က ထပ်မေးနေတာ။ ကျွန်မလည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး သားငယ်ကို ကတိပေးလိုက်တယ်။

(၄)

"ငါတို့ကတော့ လုပ်မပေးနိုင်ဘူး။ ဒီကောင် သူ့ဘဝသူ ကျောင်းလိမ့်မယ်။ ဒါ...သူရွေးတဲ့လမ်းပဲ"

ဈေးကအပြန်၊ ခြံထဲအဝင်၊ အိမ်ထဲက ထွက်ပေါ်လာတဲ့ သားကြီးရဲ့စကားကြောင့် ကျွန်မခြေလှမ်းတို့ ရပ်နေလိုက်တယ်။

"အဲဒီလို လက်လွှတ်စပယ် ပြောလို့တော့ မရဘူးလေ။ သူက ညီမလေးတို့ရဲ့ မောင်လေးပဲ"

"အေး... အဲဒါကြောင့်မို့ ငါတို့က ဒီကောင့်ကိုဆုံးမတာပေ့ါ။ဒါကို ဒင်းက လက်မခံဘူး။ အမေကလည်း သူ့သားကို ငါတို့ဆူရင် အရှေ့ကနေ ကာဆီးကာဆီးနဲ့။ သူလည်း သူ့သားကိုမနိုင်ဘူး။ အခုလို ပြဿနာဖြစ်တော့ အရှုံးမကြီးကျနေတာ။ အဲဒီကောင်ကို ဘာမှမကူညီကြနဲ့။ တစ်ခါတလေမှာ ဘဝနောင်ကြဉ်ဖို့အတွက် ဒုက္ခဆိုတာ တွေ့ပေးမှဖြစ်မှာ အထူးသဖြင့် အဲဒီလိုကောင်မျိုးတွေအတွက်ပေ့ါ"

"ဒါပေမယ့် အစ်ကိုကြီးရယ်...အခု မောင်လေးကိုပေးမယ့် သင်ခန်းစာက မကြီးလွန်းဘူးလား။ သူဆိုးလို့ ပေလို့မှ မဟုတ်တာ။ သူတို့ဘာသာ လူငယ်သဘာဝဖြစ်သွားတာ။ ပြီးတော့...မောင်လေးဘဝ"

"အဟင့်...ဟင့်..."

ငိုနေတဲ့ သမီးငယ်ရဲ့ အသံကိုကြားရတော့လည်း စိတ်ထဲကမကောင်း။ သူလည်း အကြီးနှစ်ယောက်ကို လွန်ဆန်နိုင်မှာ မဟုတ်ဘူး။ သားကြီးတို့ကလည်း သူတို့မှန်တယ်ထင်ရင် အလွန်ခေါင်းမာတတ်တဲ့သူတွေ။ သမီးငယ်ကတော့ သူ့အစ်ကိုတွေကို မရရအောင်ပြောပေးမယ်လို့ မနေ့က ကျွန်မကိုပြောတယ်။ ကျွန်မလည်း သားကြီးကိုပြောတာ အဆင်မပြေတော့ သမီးငယ်ကို အားကိုးတကြီးနဲ့ သားငယ် ကိစ္စကို ပြောပြလိုက်တာ။ သမီးငယ်က သားကြီးတို့လိုမဟုတ်ဘူး။ မိန်းမသားတစ်ယောက်ဖြစ်လို့လား၊ ဒါမှမဟုတ် မိခင်တစ်ယောက်ရဲ့ ခံစားချက်ကို သိလို့လားမသိဘူး ကျွန်မပြောပြတာကို သဘောပေါက်တယ်။ ဒီနေ့တော့ ကျွန်မကိုပေးထားတဲ့ ကတိအတိုင်း သမီးငယ်က သားငယ်ရဲ့ ပြဿနာကို ဖြေရှင်းပေးဖို့ သူ့အစ်ကိုနှစ်ယောက်ကို ပြောနေတာ။ သူတို့မောင်နှမသုံးယောက် ပြောနေတာကို နားထောင်ရင်း ကျွန်မသဘောပေါက်လိုက်ပြီ။ သားငယ်ကို ကယ်တင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ ပြီးတော့ သားငယ်လေးကြောင့် တည့်နေတဲ့သူတို့မောင်နှမသုံးယောက် စိတ်ဝမ်းကွဲမှာလည်း စိုးရိမ်မိတယ်။ အဲဒါကြောင့် အိမ်ထဲကို ဝင်မယ့်ခြေလှမ်းတွေကို ခြံအပြင်ဘက်ကို ဦးတည်လိုက်တော့တယ်။

( ၅ )

"ဦးလေး သံလုံး အမေဘယ်လို ဖြစ်တာလဲ"

သားကြီးက ရောက်ရောက်ချင်း ကိုသံလုံးကို မေးလိုက်တာ။ ကျွန်မလည်း သားကြီးတို့ကို မျက်နှာပူတာနဲ့ ခေါင်းငုံ့နေလိုက်တယ်။ အဲဒီလိုတွေဖြစ်မှာစိုးလို့ ကိုသံလုံးကို ဖုန်းမဆက်ပါနဲ့ တောင်းပန်ပေမယ့် မရဘူး။ ကိုသံလုံးက ဖုန်းဆက်ပြီး သားကြီးတို့ကို လှမ်းခေါ်လိုက်တာ။ ကျွန်မလည်း အကြံအစည်ကလည်းပျက်၊ သားကြီးတို့ကိုလည်းရင်ဆိုင်ရမှာဆိုတော့ စိတ်ပျက်ပျက်နဲ့ ငိုနေလိုက်တယ်။

"ငါက နွားပျောက်လို့ မင်းတို့ အကွက်ထဲမှာ ရောက်နေလားဆိုပြီး လာကြည့်တာ။ အဲဒါ ဆီးပင်အောက်က လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဘာလဲလို့လာကြည့်ရင်း မင်းတို့အမေကိုတွေ့တာပဲ။ မင်းတို့အမေက သူ့ကိုယ်သူ ကြိုးဆွဲချဖို့ လုပ်နေတာ"

"ဖြစ်မှဖြစ်ရလေ အမေရယ်"

ကိုသံလုံးပြောပြတော့ သားကြီးတို့က ကျွန်မကိုဖက်ပြီး ဝိုင်းငိုနေကြတယ်။ ကျွန်မလည်း သောကကြောင့် လုပ်မိလုပ်ရာ လုပ်လိုက်ပေမယ့် သားသမီးတွေကို ပြန်တွေ့တော့ နောင်တရနေမိတယ်။

"သားတို့ မောင်နှမတစ်တွေ ဒီနေ့ တစ်နေ့လုံး အမေ့ကို လိုက်ရှာနေတာ။ အိမ့်ရှေ့မှာ ဈေးခြင်းလေးပဲတွေ့ပြီး အမေ့ကို မတွေ့လို့ စိုးရိမ်သွားတာ။ သားတို့ မှားသွားပါတယ် အမေရယ်။ ညီလေး ပြဿနာကိုလည်း အမေနဲ့အတူ သွားဖြေရှင်းကြမယ်လေ။ မနက်ဖြန် တစ်ခါတည်း သားတို့သားအမိတွေ ညီလေးရှိတဲ့ဆီ သွားကြမယ်နော်"

သားကြီးက ကျွန်မကို ပြောရင်းနဲ့ ကန်တော့လိုက်တယ်။ သားကြီးကန်တော့တော့ သမီးငယ်နဲ့ သားလတ်ကလည်း ကျွန်မကို ကန်တော့နေကြတယ်။ ကျွန်မလည်း ကျွန်မကို ကန်တော့နေတဲ့ သားသမီးတွေကို ထူလိုက်ရင်း မတ်တတ်ရပ်လိုက်တယ်။

"ကျေးဇူးတင်ပါတယ် သားကြီးရယ်။ အမေကတော့ အမေ့သားသမီးတွေ စည်းစည်းလုံးလုံးလေး ဖြစ်နေရင်ကို ကျေနပ်ပါတယ်ကွယ်။ တကယ်တော့ အမေဟာ ဘယ်သားသမီးမှ ပိုတာ၊ သာတာ မရှိပါဘူးကွယ်။ အားလုံးကို အတူတူချစ်တာပါ။ ဒါဟာလည်း မိခင်တိုင်း၊ မိဘတိုင်းပါပဲ။ တကယ်တမ်းတော့ အမေတို့လို မိဘတွေ ရပ်နေတဲ့နေရာက သားတို့ သမီးတို့ရဲ့ အစွန်းနှစ်ဖက်ကြားမှာ ရပ်နေတာဆိုတော့ ဟိုသားသမီးကလည်း ဒီဘက်ပါတယ်ထင်၊ ဒီသားသမီးကလည်း ဟိုဘက်ပါတယ်ထင်နေတာပါ။ အမှန်တော့ အမေက ဘယ်သားသမီးမှ သာပါစေဆိုတဲ့စိတ် မထားပါဘူးကွယ်။ အားလုံးကို ညီတူညီမျှ မေတ္တာတွေပေးနေတာပါကွယ်"။

ဆောင်းပါး

# လူငယ်တွေကို ရွေချဖို့လိုသည်

■ တက္ကသိုလ်လင်းနိုင်

ဆရာကြီးဦးအောင်သင်းက စာအုပ်တစ်အုပ်၌ စာဖတ်ပရိသတ်တို့အား ပြောဖူးရာတွင် 'လူငယ်တွေကို ရွေချဖို့လိုသည်'ဟု မိန့်ထားဖူးသည်။'လူငယ်တွေကို ရွေမချရင် ရွေချထားသော စေတီများလည်း မှေးမှိန်သွားလိမ့်မည်' ဟု ဆိုထားပြန်သည်။ ဆရာကြီး၏ ပြောစကားကို ကြည့်ခြင်းအားဖြင့် လူငယ်တို့သည် မည်မျှအရေးပါအရာရောက်ကြောင်းကို သိမြင်နိုင်သည်။လူငယ်ဆိုသည်မှာကား နောင်တစ်ချိန်တွင် တိုင်းပြည်၏အနာဂတ်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ရမည့် မျိုးဆက်သစ်လေးများပင်ဖြစ်သည်။ သို့ဖြစ်၍ ဆရာကြီး၏ဆိုလိုချက်မှာ လူမျိုးတစ်မျိုး၏ကိုးကွယ်ရာဘာသာတရား ဆက်လက်တည်တံ့ထွန်းကားနိုင်ရေးသည် ထိုလူမျိုး၏ လူငယ်များအပေါ်၌သာမူတည်သည်ဟု အဓိပ္ပာယ်ထင်ရှားနေပေသည်။ ဘာသာတရားတစ်ခုတည်းပင်မဟုတ် ထိုလူမျိုးထိုတိုင်းပြည်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များသည် ထိုတိုင်းပြည်၏လူငယ်များနှင့်သာ သက်ဆိုင်ပေသည်။

**ပခုံးပြောင်းတာဝန်လွှဲယူ**

'ယနေ့လူငယ်၊ နောင်ဝယ်လူကြီး' ဆိုသည့်အတိုင်း ယနေ့ခေတ်လူငယ်များသည် နောင်အခါတွင် တိုင်းပြည်၏တာဝန်ကို တစ်ထောင့်တစ်နေရာမှ ပါဝင်ထမ်းဆောင်ကြရမည့်သူများဖြစ်သည်။ နောင်တစ်ချိန်တွင် ပခုံးပြောင်းတာဝန်လွှဲယူကြရမည့် လူငယ်များအနေဖြင့် ပခုံးကောင်းများ ပိုင်ဆိုင်ထားဖို့လိုပေသည်။ တိုင်းပြည်တစ်ပြည်ကို ဦးဆောင်သောသူများ မကောင်းလျှင် ထိုပြည်သည် ဆင်းရဲဒုက္ခနှင့် ကြုံတွေ့ခံစားရပေမည်။ ဤသို့လျှင် တိုင်းပြည်၏ တာဝန်ကိုထမ်းဆောင်ကြရမည့် လူငယ်များသည် ထိုတိုင်းပြည်၏တာဝန်များကို ကောင်းစွာဆောင်ရွက်နိုင်မည့်သူများဖြစ်ဖို့လိုပေသည်။ ထိုသို့လွှဲပြောင်းပေးရသည့်အချိန်၌ လူငယ်တို့အား စိတ်ချနိုင်ရအောင် လူကြီးများအနေဖြင့် ထိုလူငယ်များကို ယခုအချိန်မှပင် ရွေချပေးကြရမည်။

ဆရာကြီးဦးအောင်သင်း၏ လူငယ်များကို ရွေချပေးသော အကောင်းဆုံးနည်းတစ်ခုသည် စာအုပ်စာပေ ဖတ်ရှုခြင်းပင်ဖြစ်သည်။ 'စာအုပ်စာပေ လူ့မိတ်ဆွေ'ဆိုသော ဆိုရိုးအတိုင်း စာအုပ်စာပေတို့သည် စာဖတ်သူလူငယ်တို့အား လမ်းကောင်းလမ်းမှန်ကို ညွှန်ပြပေးနိုင်သော မိတ်ဆွေကောင်းများပင်ဖြစ်သည်။ စာအုပ်စာပေတို့သည် စာဖတ်သူတို့၏ ဦးနှောက်နှင့် နှလုံးသားကို ဖွံ့ဖြိုးတိုးတက်စေသည်။ လူတို့အတွက် အရေးကြီးသော စိတ်ဓာတ်ဖွံ့ဖြိုးမှုကို စာဖတ်ခြင်းမှ ရနိုင်သည်။ ရသနှင့်သက်ဆိုင်သော စာအုပ်များကို ဖတ်ရှုခြင်းဖြင့် နှလုံးသားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာပြီး လူအချင်းချင်းကြား ကိုယ်ချင်းစာတရား စိတ်ဓာတ်ရှိလာတတ်သည်။ ရသပါသော ဝတ္ထုများဆိုလျှင် ဇာတ်လမ်းဇာတ်ကွက်တို့ဖြင့် လူ့လောကကို ပုံဖော်ရေးဖွဲ့ထားသောကြောင့် စာဖတ်သူတို့အား လူကဇာတ်ခုံနှင့်ပတ်သက်၍ အသိအမြင်အမှန်တရားများကို ရသွားစေနိုင်သည်။ ဇာတ်လမ်းပါ ဇာတ်ကောင်များ၏စရိုက်ကို ဖတ်ရှုသုံးသပ်မိကြခြင်းဖြင့် စရိုက်ကောင်း၊ စရိုက်ဆိုးများကို ခွဲခြားသိမြင်နိုင်သည်။ မကောင်းသောစရိုက်ကို တွေ့မိကြခြင်းဖြင့် စက်ဆုပ်ဖွယ်ကောင်းမှန်း သိလာကာ မိမိတို့ကိုယ်တိုင်က ထိုစရိုက်မျိုး ရှိနေလျှင်လည်း ပြုပြင်ရန် ကြိုးစားတတ်ကြသည်။ စာပေသည် လူတို့အတွက် မိမိကိုယ်ကိုပြန်ကြည့်သုံးသပ်နိုင်မည့် မှန်တစ်ချပ်လည်း ဖြစ်သည်။ သနားစရာကောင်းသော ဇာတ်ကောင်များကို တွေ့လျှင်လည်း ထိုဇာတ်ကောင်တို့၏နေရာ၌ ကိုယ်တိုင်ဝင်ခံစားမိကြ၍ သနားကရုဏာ စိတ်ဖြစ်မိကြသည်။ ထိုမှစ၍ ကိုယ်ချင်းစာတရားတို့သည် စာဖတ်သူတို့ထံသို့ အစပြု ဝင်ရောက်လာတတ်သည်။ စာပေသည် လူတို့အား နှလုံးသားလှပအောင် ဖန်တီးပေးနိုင်စွမ်းရှိသည်။ နှလုံးသားအလှမှတစ်ဆင့် စိတ်ဓာတ်အလှကိုလည်း မွေးဖွားပေးနိုင်သည်။ နှလုံးသွင်းမှန်ကန်ရာမှ စိတ်ဓာတ်ကောင်းမွန်လာပေမည်။

**စာပေနှင့် ထိတွေ့ပေးနေဖို့လို**

ဤသို့လျှင် စာအုပ်စာပေတို့သည် လူငယ်များ၏ နှလုံးသားနှင့်စိတ်ဓာတ်ကို ပိုမိုလှလာအောင်ဖန်တီးနိုင်ပေသည်။ နှလုံးသားနှင့်ရင်းပြီး ထမ်းဆောင်သော သူတို့၏ ဆောင်ရွက်မှုသည် အေးငြိမ်းသာယာမှုကို ပေးနိုင်သည်။ စိတ်ကောင်းစိတ်မြတ်ရှိသော သူတို့၏ ဦးစီးဦးဆောင်ပြုမှုသည် အများအတွက် စိတ်ချမ်းသာစရာပင်ဖြစ်သည်။ စိတ်သည် လူတို့၏ ဦးဆောင်လမ်းညွှန်ဖြစ်သည်။ စိတ်၏ ဆုံးဖြတ်ရာအတိုင်း ကျွန်ုပ်တို့ ဆောင်ရွက်တတ်ကြသည်။ မြက်ရိုင်း၊ ချုံနွယ်တို့ ဖုံးအုပ်သွားသော အပင်လေးတစ်ပင်သည် ကောင်းစွာရှင်သန်မဖွံ့ဖြိုးနိုင်သလို စိတ်ရိုင်းဝင်နေသော လူတို့သည်လည်း ပတ်ဝန်းကျင်အား ကောင်းကျိုးမပြုနိုင်ဘဲ ဆိုးကျိုးဒုက္ခတို့ လာပေးတတ်သည်။စိတ်အရိုင်းကြောင့် ကျိုးကြောင်းဆီလျော်စွာ မဆင်ခြင်နိုင်ဘဲ စိတ်ထင်ရာအတိုင်း မိုက်ရူးရဲဆန်ကြသည်။ တိုင်းပြည်၏အနာဂတ်ကို ထမ်းဆောင်မည့် လူငယ်တို့၌ ထိုကဲ့သို့စိတ်ရိုင်းဝင်မလာနိုင်အောင် လူငယ်တို့အား စာပေနှင့် ထိတွေ့ပေးနေဖို့လိုသည်။ စာပေကို ချစ်မြတ်နိုးရမှန်းမသိသေးသော လူငယ်များကို စာအုပ်စာပေတို့ကြား၌ ပျော်မွေ့လာအောင် စာအုပ်များနှင့်မိတ်ဆက်ပေးကြရမည်ဖြစ်သည်။

ရသပါသောစာအုပ်တစ်မျိုးတည်းပင်မဟုတ် အမျိုးမျိုးသော စာအုပ်တို့သည် စာဖတ်သူတို့အား ဆိုင်ရာဆိုင်ရာ အသိအမြင်များ ကောင်းကျိုးများကို ပေးစွမ်းနိုင်သည်။ ရသစာပေဖတ်ရှုခြင်းဖြင့် နှလုံးသားအလှမှတစ်ဆင့် စိတ်ဓာတ်အလှဖြစ်တည်လာနိုင်သလို သုတစာပေများကို ဖတ်ခြင်းဖြင့်လည်း စာဖတ်သူတို့အား စိတ်ဓာတ်သန်မာရင့်ကျက်စေနိုင်သည်။ လက်မြှောက်အရှုံးမပေးလိုသော စိတ်ဓာတ်ကြံ့ခိုင်မှုများ ရှိလာနိုင်သည်။ လက်တွေ့ဘဝအတွက်လည်း အရေးပါသောဗဟုသုတများကို သိရှိနိုင်သည်။ သမိုင်းနှင့်သက်ဆိုင်သော စာအုပ်များကိုဖတ်ရှုခြင်းဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းနောက်ခံကိုသိရှိလာကာ အမျိုးကိုချစ်သော ဝံသာနုစိတ်ဓာတ်များဝင်ရောက်လာပေမည်။ မိမိတို့၏တိုင်းပြည်နှင့် လူမျိုးကို ထိန်းသိမ်းကာကွယ်လိုသော မျိုးချစ်စိတ်များ ပေါ်ပေါက်လာတတ်သည်။ မိမိလူမျိုး၏ ဓလေ့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးလာတတ်သည်။ ဘာသာရေးစာအုပ်များကို ဖတ်ရှုကြခြင်းဖြင့်လည်း မိမိဘာသာအား တန်ဖိုးထားတတ်လာပေမည်။

**မျိုးချစ်စိတ်ရှိရန် လိုအပ်**

တိုင်းပြည်၏တာဝန်ကိုထမ်းဆောင်ရမည့်သူတို့သည် မိမိလူမျိုး၊ မိမိနိုင်ငံအပေါ် မျိုးချစ်စိတ်ရှိရန် လိုအပ်ပေသည်။ မျိုးစိတ်ရှိသောသူများသည် မိမိလူမျိုးတိုးတက်ရေးကို ရှေးရှု၍ တိုင်းပြည်နှင့်လူမျိုးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြသည်။ မိမိလူမျိုးနှင့် တိုင်းပြည်ကိုချစ်တတ်ကြမှသာ မိမိလူမျိုးနှင့် သက်ဆိုင်သော ဓလေ့ရိုးရာယဉ်ကျေးမှုနှင့် ကိုးကွယ်ရာဘာသာတရားတို့ကို ထိန်းသိမ်းမြတ်နိုးတတ်ကြပေမည်။ ကိုယ့်လူမျိုးကိုယ့်ဘာသာကို ထိန်းသိမ်းရကောင်းမှန်းမသိလျှင် မိမိတို့လူမျိုးသည် တိမ်မြုပ်ပျောက်ကွယ်သွားနိုင်သည်။ ကိုးကွယ်ရာဘာသာတရားသည်လည်း ဆိတ်သုဉ်းသွားနိုင်သည်။ သို့ကြောင့် ဆရာကြီးက 'လူငယ်တွေကို ရွေမချရင် ရွေချထားသော စေတီများလည်း မှေးမှိန်သွားနိုင်သည်' ဟု ဆိုထားသဖြင့် လူငယ်တို့အားမျိုးချစ်စိတ်ဓာတ်များရှိလာအောင် စာအုပ်များကြားထဲသို့ ထိုးသွင်းပေးကြရပေမည်။ မျိုးချစ် စိတ်ဓာတ်ဖြင့် မိမိလူမျိုးကို ကာကွယ်ပေးနိုင်သောသူများဖြစ်ဖို့လိုသည်။

တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတက်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များလိုအပ်သည်။ အသိပညာကို လေ့လာဆည်းပူးကြရမည်ဖြစ်သလို အတတ်ပညာကိုလည်း လေ့လာဆည်းပူးကြရပေမည်။ အတတ်ပညာတတ်ရုံနှင့်လည်း မပြီးပေ။ အသိပညာကိုလည်း လေ့လာဆည်းပူးကြရပေမည်။ အတတ်ပညာတတ်ပြီး အသိပညာမရှိလျှင်လည်း အချည်းနှီးသာဖြစ်သည်။အတတ်ပညာ၌ အသိပညာကို ယှဉ်တွဲနိုင်ပါမှ အကျိုးရှိပေမည်။ အတတ်ပညာတတ်ပြီး မိမိလူမျိုးနှင့် တိုင်းပြည်ကိုချစ်သော မျိုးချစ်စိတ်မရှိပါလျှင် ထိုတိုင်းပြည်ကိုတိုးတက်ရန် ဘယ်သို့ဆောင်ရွက်ကြပါမည်နည်း။ မိမိတတ်မြောက်သော အတတ်ပညာနှင့် မိမိဘဝ မိမိတိုင်းပြည်ကို အကျိုးပြုလိုသော အသိစိတ်ဓာတ်ရှိဖို့လိုသည်။ စာဖတ်သောသူတို့သည်ကား အသိအမြင်ကျယ်ပေသည်။ အသိအမြင်ကျယ်သောသူတို့သည် ဘဝလည်းကျယ်သည်။ အသိအမြင်ကျဉ်းလျှင် ဘဝလည်း ကျဉ်းတတ်သည်။ အသိအမြင်ကျယ်သော သူများ အုပ်ချုပ်သောတိုင်းပြည်သည် ဖွံ့ဖြိုးတိုးတက်နိုင်ပေမည်။ သို့ဖြစ်၍ အတတ်ပညာတတ်ရုံနှင့်လည်း မပြီးသေးဘဲ အသိပညာအမြင်ကျယ်အောင်လည်း စာဖတ်ကြရပေမည်။ စက်မှုလုပ်ငန်း အင်မတန်ထွန်းကားသော ဂျပန်နိုင်ငံသည် ကမ္ဘာ့စာဖတ်အား အကောင်းဆုံးနိုင်ငံဖြစ်သည်ဟု ဆိုသည်။ ဂျပန်လူမျိုးတို့သည် ရထားစီးရင်းပင် စာဖတ်ကြသည့်လူမျိုးဖြစ်သည်။ ဦးသန့်ကမူ 'စာဖတ်လူမျိုးသည် တိုးတက်၍၊ တိုးတက်သောလူမျိုးသည် စာဖတ်ကြလေသည်'ဟု ဆိုထားသည်။

ထို့ကြောင့် စာဖတ်ရကောင်းမသိသေးဘဲ ဖုန်းတစ်လုံးဖြင့်သာ အချိန်ကုန်နေကြသော ယခုခေတ်လူငယ်များကို စာအုပ်စာပေတို့နှင့်ထိတွေ့ပေးကြရပေမည်။ လူကြီးမိဘတို့အနေဖြင့် စာပေနှင့်သက်ဆိုင်သောအရာများကို အခြားသောအရာတို့ထက် ပိုမိုတွင်ကျယ်လာအောင်ပြုလုပ်ပေးနိုင်ကြရမည်။ စာပေဟောပြောပွဲများ၊ စာအုပ်ပွဲတော်များ၊ စာဖတ်စွမ်းအားမြှင့်တင်ခြင်း စသောစာပေ လုပ်ငန်းများကို လူငယ်များကြားထဲသို့ ထိုးသွင်းပေးကြရပေမည်။ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးကို အခြားသောအရာတို့ထက် ဦးစားပေးလုပ်ဆောင်နိုင်ပါလျှင် စာဖတ်ခြင်းဆိုသော အလေ့အကျင့်တစ်ခုသည် လူငယ်များထံသို့ ဝင်ရောက်လာနိုင်ပေသည်။ မိဘတို့အနေဖြင့်လည်း လူငယ်များလက်ထဲသို့ ဖုန်းတစ်လုံးပြီးတစ်လုံး ဝယ်ထည့်ပေးခြင်းထက် သားသမီးတို့ လိမ္မာရေးကို ထည့်တွက်၍ စာအုပ်များဝယ်ယူထည့်ပေးကြခြင်းဖြင့် မိမိတို့၏ သားသမီးများ စာဖတ်လာအောင် ပျိုးထောင်ပေးကြရပေမည်။ လိမ္မာရေးခြားရှိသော သားသမီးတို့သည် သူတို့အတွက်သာမက မိဘနှင့်တိုင်းပြည်အတွက်ပါ အားအင်တစ်လက်ဖြစ်ကြပေသည်။ တိုင်းပြည်၏အနာဂတ်အား ပခုံးပြောင်းထမ်းရမည့် လူငယ်တို့၏ စိတ်ဓာတ်နှင့် နှလုံးသားကို စာဖတ်ခြင်းဆိုသော ရွေချနည်းဖြင့် ရွေချပေးကြရမည်။ စာပေမှရရှိလာသော ရွှေရောင်အသိဖြင့် ရွှေရောင်အနာဂတ်ကို ပုံဖော်ဖန်တီးနိုင်ကြစေလိုပါသည်။ ။

**ကိုယ့်လူမျိုး ကိုယ့်ဘာသာကို ထိန်းသိမ်းရကောင်းမှန်းမသိလျှင် မိမိတို့လူမျိုးသည် တိမ်မြုပ်ပျောက်ကွယ်သွားနိုင်သည်။ ကိုးကွယ်ရာဘာသာတရားသည်လည်း ဆိတ်သုဉ်းသွားနိုင်သည်။ သို့ကြောင့် ဆရာကြီးက 'လူငယ်တွေကို ရွေမချရင် ရွေချထားသောစေတီများလည်း မှေးမှိန်သွားနိုင်သည်' ဟု ဆိုထားသဖြင့် လူငယ်တို့အား မျိုးချစ်စိတ်ဓာတ်များရှိလာအောင် စာအုပ်များကြားထဲသို့ ထိုးသွင်းပေးကြရပေမည်။ မျိုးချစ်စိတ်ဓာတ်ဖြင့် မိမိလူမျိုးကို ကာကွယ်ပေးနိုင်သောသူများ ဖြစ်ဖို့လို**

## စည်းကမ်းလိုက်နာ ကာကွယ်ပါ

**တတိယလှိုင်း အန္တရာယ်**
**စုပေါင်းလို့ကာကွယ်။**
**စည်းကမ်းရှိမယ် တို့အများ**
**သွားလာခြောက်ပေခြား။**
**အပြင်မသွား အိမ်မှာနေ**
**လက်ကိုဆေးပါလေ။**
**မဖြစ်မနေ အပြင်ထွက်**
**မက်စ်ကိုသေချာတပ်။**
**စိတ်ဓာတ်မကျနဲ့ တို့တစ်တွေ**
**တိုက်ဖျက်ကြမယ်လေ။**
**ကိုယ်ခံအားတွေ မကျရေး**
**ပုံမှန်စားသောက်ပေး။**
**အလေးထားလို့ ဆောင်ရွက်ကာ**
**စည်းကမ်းလိုက်နာပါ။**
**သို့မှသာကွယ် ပြည်တစ်ဝှမ်း**
**အေးချမ်းမှုတွေလွှမ်း။ ။**

သာကီနွယ်(ညောင်ရမ်း)